www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပညာရွှေတောင် စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ


| | | |
|---|---|---|
| ၁၃၂ | ထက်စေ့ အင်္ဂလိပ်စာ | ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား) |
| ၁၃၃ | ထွင့်ပျော့နေသောခြပ်စင်များနှင့် အခြားဝတ္ထုတိုများ | မိုးကျော့ |
| ၁၃၄ | သုရဇ္ဇ ကံထလှလှအောင်တော်မူ(ကိုယ်တွေ့တန်ခိုး ထက်မြက်သော ဂါထာမန္တန်ပရိတ်တော်များ) | တက္ကသိုလ်တင်ဟန်ကျော် |
| ၁၃၅ | (၂၀)ရာစု အင်္ဂလိပ်စာဆောင်းပါးများပေါင်းချုပ် (ဒုတိယတွဲ) | ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား) |
| ၁၃၆ | အုံ့ပွားနှင့် ဆန်းကြယ်ရင်ဖိုဝတ္ထုတိုများ | မောင်ညိုမြိုင်(သန်လျင်) |
| ၁၃၇ | မိစ္ဆာဝိုး | မောင်မြင့်ကြွယ် |
| ၁၃၈ | မြမကိုင်း ဂန္ထဝင်ဆန်းကြယ်ဝတ္ထုကြီး | မာယာ |
| ၁၃၉ | ပုလဲနက် ဝက်ပါ | မိုးကျော့ |
| ၁၄၀ | ကျားအေးနှင့် ရွှေအိုကြီး | ပေါ်ကျာရစ် |
| ၁၄၁ | သစ်မိဇ္ဈာနှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ | တစ်ကြွပ်ကြီးမောင်ကို |
| ၁၄၂ | သူတော်စေတ၏ ပိတုန်းတစ်ကောင်နှင့် အခြားဝတ္ထုတိုများ | ဝေယံလင်းခေါင် |
| ၁၄၃ | မြန်မာပြည်အရပ်ရပ်မှ လူဝင်စားများ | တိုးထက် |
| ၁၄၄ | သူရဲကောင်းတို့၏ စိတ်ဓာတ်ပုံပြင်များ | မကြွယ်ကြွယ် |
| ၁၄၅ | မရထာကုန်သည် | မောင်မြင့်ကြွယ် |
| ၁၄၆ | ရနောင်မောင်မောင်တုတ်(ရတနာပုံလျှို့ဝှက်ဓာတ်လစ်များ) | မောင်ဖေငယ် |
| ၁၄၇ | သမိုင်းကပြောသော ဂန္ထဝင်ရှုနယ်မြေများ | လှမိုး(ပညာရေး) |
| ၁၄၈ | ပုန်းမကြည် | မာယာ |
| ၁၄၉ | သုရိယဂန္ထဝင်နှင့် ဆန်းကြယ်ရသဝတ္ထုတိုများ | ပညာဇလ |
| ၁၅၀ | အမြိုးကျောက်အမောက်ကျောက်နှင့် လူစွမ်းစားမင်းခင် | သိန်းမဟ(ကချင်ပြည်နယ်) |
| ၁၅၁ | ကျားအေးနှင့် ဝိယဝိဇ္ဇာ | ပေါ်ကျာရစ် |
| ၁၅၂ | ရွှေဘော်မကြေ | အထောက်တော်လှအောင် |
| ၁၅၃ | မိုးဆန်းပန်းလိုလန်းပါစေနှင့် လက္ခဏာအထူးဆောင်းပါးများ | (မြိတ်)ဆရာကျော်လင်း |
| ၁၅၄ | ကျားအေးနှင့် ဓာတ်လိုက်ကြီး | ပေါ်ကျာရစ် |
| ၁၅၅ | တားပင်သုံးပင် ဆေးဖက်ဝင် | ဦးလှခင် |
| ၁၅၆ | ယုန်ထောင်ကြောင်မိနှင့် ဂန္ထဝင်ဝတ္ထုများ | တစ်ကြွပ်ကြီးမောင်ကို |
| ၁၅၇ | ဒုတိယကမ္ဘာစစ်နှင့် ဂန္ထဝင်ဖြစ်ရပ်ဆန်းများ | လှမိုး (ပညာရေး) |
| ၁၅၈ | အိမ်ကြီးပေါ်မှ ခြေသံများနှင့် သည်းထိတ်ရင်ဖိုဝတ္ထုတိုများ | ကြည်ဦး |
| ၁၅၉ | သူတော်စေတနှင့် ကျောက်ဖားမြည်သံ | ဝေယံလင်းခေါင် |
| ၁၆၀ | မီးကိုတိုးတဲ့ ပိုးဖလံ | အထောက်တော်လှအောင် |
| ၁၆၁ | တူရကီတွင်းကပါလာသူ | ခင်(တောင်ကြီး) |
| ၁၆၂ | ကန္တာရမုဆိုးနှင့် ဂန္ထဝင်မြို့တော် | မိုးကျော့ |
| ၁၆၃ | နဂါးကြိုက်နှင့် အတိတ်မှလောကီလွန်ဖြစ်ရပ်များ | လှမိုး (ပညာရေး) |
| ၁၆၄ | ရွှေမည်းတောင်ကြား | ဝေယံလင်းခေါင် |
| ၁၆၅ | ပဲခူးမြို့မဆရာတော်ဘုရားကြီး | မကြွယ်ကြွယ် |
| ယခု | | |
| ၁၆၆ | ဥမ္မာတကော | ပေါ်ကျာရစ် |
| ဆက်လက်၍ | | |
| ၁၆၇ | တစ်ဝန်းပြန်၍မနိုးသောဝေဒနာ | နတ်နွယ် |


ပညာရွှေတောင်စာအုပ် ၁၆၆

# ပေါ်ကျာရစ်

# ဥမ္မာတကော

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ဒုဿတဓော

ခေါ်ရာရှ်

အတွင်းစာသားခွင့်ပြုချက်အမှတ်
၈၈၀ / ၂၀၀၄ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၉၁၇ / ၂၀၀၄ (၉)
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ
၅၀၀
အဖုံးပန်းချီနှင့် အတွင်း
ကိုထက်မိုး
ဖလင်
ကိုလှဝင်း၊
စာအုပ်ချုပ်
ယမိုး
ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြ- ၀၃၉၄၅)
၁၁၄၊ ၆၈ လမ်း၊
ရတနာကျွန်းဆိုင်သာ၊သုနန္ဒာ
မြောက်ဥက္ကလာပ
မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်
ဦးဆင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)၊
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့၊
တန်ဖိုး
၇၀၀- ကျပ်

## အဖွင့်

ဘဝဟူသည် ပြာလိုက် ဝါလိုက် မည်းလိုက် ညိုလိုက်နှင့် အရောင်မျိုးစုံ ပြောင်းလဲနေသည့် ကောင်းကင်ကြီးပါကလားဟု ဦးတိမ်ပေါ်စံတစ်ယောက် တွေးတောမိ၏။ အရာရာသည် မတည်မြဲမှု ဆိုသော လောင်းရိပ်ကြီးအောက် ၌ ပေါက်ဖွားရှင်သန်နေသည်ကို သတိထားမိလာသောအခါ ဦးတိမ်ပေါ်စံ တစ်ယောက် သူကိုယ်သူပင် သေးငယ် ကျုံ့တွသွားသလို ခံစားလိုက်ရပေ၏။

လောကကြီးကို နားလည်အောင် ဘယ်တော့မှ ဦးတိမ်ပေါ်စံ မကြိုးစား။ ကြိုးစားလည်း ဘယ်သူမှ နားလည်လိမ့်မည်ဟု သူ မထင်ပါချေ။ စကြဝဠာကြီး ၏ ဖြစ်တည်မှုသည် ကြောင်းကျိုးတရားပေါ်တွင် မူတည်၏ဟု မြတ်ဗုဒ္ဓ ဘုရားရှင် က ဟောကြားခဲ့ပေ၏။ ထိုအကျိုးကြောင်းတရားများကို သူ မကြာခဏ တွေးရင်း ကိုယ့်ဘဝ၏ ဖြစ်တည်မှုကိုပင် သံသယစိတ်များ စွန်းထေးကပ်ငြိခဲ့ရပေ၏။

ထို့ကြောင့် လောကကြီး၏ ဖြစ်စဉ်၊ သံသရာ၏ အကျိုးအကြောင်း၊ ဘဝ ဖြစ်တည်မှုများကို တွေးရင်း တွေးရင်း တစ်ယောက်တည်း တွေးလုံးပတ်ချာ သည်ကာ ဒတ်လဘိုင်လိုက်သွားတတ်သဖြင့် ခေါင်းစားရသည်မှာလည်း အခါခါ ပင်။

ထိုအခါ ကြီးကျယ်လွန်းလှသော ဖြစ်စဉ်ကြီးများကို ဘေးချိတ်၍ ဘာမှ မဟုတ်သည့် သူ့မိသားစုလေး အကြောင်းကို တွေးမိ၏။ ဖြစ်စဉ်တို့သည် အနှေး မြန်ကွက်အလား တစ်ကွက်ပြီးတစ်ကွက် ပေါ်လာလေတော့၏။

သူ့နာမည် ဦးတိမ်ပေါ်စံ၊ နာမည်နှင့်လိုက်အောင် မျိုးရိုးစဉ်ဆက်ကလည်း ဘိုးကျိတက် ချမ်းသာခဲ့၏။ ဘိုးဘွားဘီဘင်အားလုံး၏ နာမည်ရှေ့တွင် 'တိမ်' ဆိုသော ဝိသေသကို တပ်ခဲ့ကြ၏။

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း သူ့နာမည် 'တိမ်ပေါ်စံ' ဖြစ်ခဲ့ရ၏။ သူလက်ထက် အရောက်တွင် တိမ်မျိုးဆက်ကို အပြတ်မခံနိုင်။ တိမ်မျိုးနွယ်၏ ဂုဏ်သိက္ခာကို ဆက်လက် ထိန်းသိမ်းလိုသည့်ဆန္ဒနှင့် လျော်ညီစွာ မွေးလာသမျှ သားသမီးတွေ အားလုံးတို့လည်း ရှေ့မှ 'တိမ်'တွေတပ်ခဲ့လေ၏။

အကြီးကောင် တိမ်မြင့်စံ

အလတ်ကောင် တိမ်မိုးစံ

အငယ်ကောင် တိမ်ထွန်းစံ

သားသုံးယောက်ကို တိမ်ဘွဲ့တွေ ပေးခဲ့သလို သမီးသုံးယောက်ကိုလည်း တိမ်ဘွဲ့များ ပေးခဲ့၏။

အကြီးမကို တိမ်မမ

အလတ်မကို တိမ်လှလှ

အငယ်ဆုံးအထွေးဆုံးကို တိမ်မြမြ

ဟူ၍ အမည်သညာများ အပ်နှင်းခဲ့လေ၏။ နောက် သူနေထိုင်ရာ ဂေဟာ ကြီးကိုပင် တိမ်ဂေဟာဟူ၍ အမည်မှည့်ခေါ်ခဲ့လေ၏။ လူချမ်းသာရပ်ကွက်တွင် တိမ်ဂေဟာကြီးသည် ထိတ်ထိတ်ကြဲ။ ဘယ်သူ့မေးမေး တိမ်ဂေဟာက ဆိုလိုက် သည်နှင့် အရှိန်အဝါကြီးလွန်းလှသဖြင့် ကြားရသူအားလုံး ရှိန်းခနဲ ဖိန်းခနဲ ကြောက် ရွံ့သွားရချေမည်သာ ဖြစ်၏။

ထိုမျှလောက် ဩဇာတိက္ကမ ကြီးမားလွန်းလှသည့် တိမ်ဂေဟာကို အမိက ကြီးကိုင်အုပ်ချုပ်သူမှာ သူပင် ဖြစ်လေ၏။ တစ်နည်းအားဖြင့် တစ်အိမ်လုံး ပင်တိုင်စံမင်းသားကြီး ဆိုလျှင်လည်း မမှားနိုင်ပါချေ။

တစ်ချိန်က နယ်ပိုင်ဝန်ထောက်မင်း လုပ်လာခဲ့သဖြင့် အစစအရာရာ ကြွရှုကြွပ်ဆတ်နေပေ၏။ အဝတ်အစားကမူ အိမ်နေရင်းပင် မီးပူမတိုးဘဲ ဘယ် တော့မှ မဝတ်၊ ခေါင်းက ဖြူဆွတ်ဆွတ်ဘိုကေကိုလည်း ဆေးဆိုးကာ အမြဲတမ်း တသသလုပ်ခဲ့ရ၏။ အရွယ်က ခြောက်ဆယ့်ငါးထဲ ရောက်လုပြီ ဖြစ်သော်လည်း တစ်ကိုယ်လုံး အနုအရွ ဆင်ယင်တတ်ပေ၏။

ကလေးတို့အမေ ဒေါ်စိန်ရွှေနန်း ရှိစဉ်က သူ့ကို ခြေသည်း လက်သည်း လှီးသည်ကအစ ခေါင်းကဆံပင်ဆိုးသည်အဆုံး ပြုစုယုယခဲ့၏။ အစားအသောက် ကိုလည်း သတိကြီးကြီး စားသောက်ခဲ့၏။ အဆီအဆိမ့် ဘယ်တော့မှမစား ငါးခြောက်ငါးခြမ်းစားလျှင် အသားအရေ ခြောက်သွေ့မည်ထင်ပြီး ကိုင်တောင် မကြည့်ခဲ့။





နှာတံပေါ်ပေါ် မျက်ခုံးထူထူ မေးရိုးကားကားကြီးနှင့် မဟာနဖူးပြေ ပြောင်ကြီးမို့ သူ့ကို တချို့က မင်းမျိုးမင်းရိုးက ဆင်းသက်လာသူဟု ထင်ကြ၏။ ထိုအထင်ကို သူ ဘယ်တော့မှ မချေဖျက်။ သွားလေရာ လာလေရာတွင်လည်း ကိုယ်ပိုင်ကားပေါ်က ဆင်းသည်မဟုတ်။

ခေတ်အဆက်ဆက် စီးခဲ့သည့်ကားအမျိုးမျိုးက မနည်းလှတော့။ ဘဲ အဲလ်လျှား၊ ဖိယက်၊ ဒေါ့စတင်၊ နောက်ဆုံး မာစီဒီးအထိ ပါ၏။ ထို့ပြင် အိမ် တွင် အပျင်းပြေစီးရန် ပြိုင်မြင်းပင်မွေးခဲ့၏။

ဖခင်ကလည်း သူ့လို အရေးပိုင်ကြီးတစ်ဦး ဖြစ်ခဲ့၍ ဖခင်ကြီးခြေရာကို ထပ်တူထပ်မျှ နင်းခဲ့ပေ၏။ ကိုယ်ပေါ်တွင် သက္ကလတ်ကုတ်အင်္ကျီရောင်စုံကို ဘယ်တော့မှ မချွတ်။ ပုဆိုးကလည်း အင်းလေး၊ ဘန်ကောက် ပိုးထည်များသာ ဝတ်ခဲ့၏။ အိမ်နေရင်း ချည်ထည်ပုဆိုး ဘယ်တော့မှ မဝတ်။ ကုလားပြည်မှ လာသည့် ပလေကတ်လုံချည်က သူ့မှာ ဒါဇင်လိုက်ရှိ၏။ လူဘစ်ရပ် ကျွန်းစီရို ကြီးငါးလုံးက ဧည့်ခန်းမှာ ဟီးဟီးထနေ၏။

ကိုယ်လုံးပေါ် မှန်ကြီးများကိုလည်း နေရာအနှံ့ တွေ့မြင်နိုင်၏။

အိမ်ကြီးက နှစ်ထပ်အိမ်ကြီးဖြစ်ပြီး ကျွန်းသားအတိနှင့် ဆောက်လုပ် ထား၏။ အိမ်ကြီးဘေး ဂိုဒေါင်ကြီးက ငါးဆယ်ပတ်လည်ရှိကာ ခေတ်အဆက် ဆက်က စီးခဲ့သော ကားကြီးကားငယ် ငါးစီးရှိ၏။

ဧည့်ခန်းကြမ်းပြင်တွင် ပေါ်လစ်တင်ထားသော ကျွန်းသားပါကေးရှင်းများ ခင်းထား၏။ တစ်တောင်လောက်ရှိသည့် ဆိုဖာခုံကြီးများကလည်း ဧည့်ခန်းအ လယ်တွင် တခမ်းတနား။ ဆိုဖာကြီးများအလယ်တွင် ကြွေပန်းအိုးကြီးရှိပြီး ပန်း ပေါင်းစုံ ဝေဆာနေတတ်ပေ၏။

ထို့ပြင် ပန်းကနုတ်များ ဖော်ထားသော မျက်နှာကြက်ကြီးများ၊ ရွှေဖလာ ရောင် မီးဆိုင်းကြီးများ၊ တစီစီလည်လည်ပတ်နေသည့် ပန်ကာကြီးများ စသည် ဖြင့် အိမ်ယောင်ပရိဘောဂများကလည်း အမြဲတမ်း ပြောင်းလက်ခန့်ညားလှ၏။

အိမ်ကြီးအပေါ်ထပ်တွင် သူနှင့် သားသုံးယောက်က တစ်ခန်းစီ နေခဲ့၏။ အောက်ထပ်တွင် သမီးသုံးယောက်နှင့် အိမ်ဖော်နှစ်ဦး အိပ်ခန်းများ ရှိလေ၏။

တော်ရုံ ဧည့်သည်ဝင်လာသည်နှင့် ပရိဘောဂများ ကြည့်ကာ ချောက်ချား သိမ်ငယ်သွားနိုင်ပေ၏။ ထိုမျှ ကြီးကျယ်လှသော၊ အခမ်းနားလှသော အိမ်ကြီး၏ အရှင်သခင်ဖြစ်ရသည်ကို ဦးတိမ်ပေါ်စံ အကျေနပ်ကြီး ကျေနပ်ခဲ့၏။ ပလူးခြင်း၊ ခမောက်မာခြင်း၊ ဝံ့ကြွားခြင်း စသည်ဖြင့် သူ့ဘဝ၊ သူ့မိသားစု တစ်ခုလုံးကို ပကာသနများနှင့် ထုဆစ်မွမ်းမံမထားပေ။



www.burmeseclassic.com

www.burmeseclassic.com

သားသမီးခြောက်ယောက် မွေးထားပေရာ အကြီးကောင် တိမ်မြင့်စံက ဆရာဝန်ကြီး၊ သူလည်းကလည်း ဆရာဝန်မကြီး ဒေါ်သူဇာမိုး၊ တစ်ချိန်က တိမ်ပေယာတွင် နေထိုင်ခဲ့ကြသော်လည်း မကြာမီ ရပ်ကွက် အရှေ့ဘက်က တိုက်ကြီးတစ်ခုလုံးကို ဝယ်ကာ ပြောင်းရွှေ့သွားကြ၏။

တိမ်မြင့်စံက အထူးကုပါရဂူကြီး၊ မြို့ထဲတွင်လည်း 'မေတ္တာရှင်'မည်သော ဆေးခန်းတစ်ခု ဖွင့်ထား၏။ လင်မယားနှစ်ယောက်စလုံး ဆရာဝန်ပါရဂူကြီးများ ဖြစ်ကြ၍ ပိုက်ဆံက သောက်သောက်လဲ ဝေါလှ၏။ သားသမီးသုံးယောက်နှင့် ထိပ်တန်းကျကျ နေထိုင်ပေ၏။

ဒုတိယအလတ်ကောင် တိမ်မိုးစံက အင်ဂျင်နီယာကြီး။ သူကလည်း တိမ်မြင့်စံလိုပင် အိမ်ထောင်ကျသည်နှင့် တစ်ထီးတစ်နန်း ထူထောင်သွား၏။

ဇနီးသည်ကလည်း မင်းမျိုးမင်းနွယ်က ဆင်းသက်လာသည်မို့ အမူအရာ ကအစ နွဲ့နွဲ့အိအိ၊ အနေအထိုင်ကလည်း ထိပ်တကာထိပ်၊ သားသမီးနှစ်ယောက် ရှိကာ မြေမနင်း သားသမီးများဟုပင် ဆိုနိုင်၏။

ငွေကြေးဥစ္စာကလည်း စိန်တွေရွှေတွေဆိုလည်း ပြည်တောင်းနှင့်တောင် ချိန်ယူ၍ ရ၏။ ချမ်းသာလိုက်သမှ လက်ညှိုးညွှန်ရာ ရွှေဖြစ် ငွေဖြစ် အခြေအနေ ဖြစ်၏။

အငယ်ကောင် တိမ်ထွန်းစံက တက္ကသိုလ်ကြီးတစ်ခုက လက်ထောက် ကထိကကြီး။ သူ့မိန်းမကလည်း သူနည်းတူ လက်ထောက်ကထိကကြီး။ နေတော့ အစိုးရ ချပေးသည့် လုံးချင်းတိုက်ကြီးပေါ်တွင် နေ၏။ သားသမီးက တစ်ယောက် တည်း။ မိန်းမက မိုးကုတ်သူ၊ တွင်းသူဌေးကြီးတစ်ဦး၏ တစ်ဦးတည်းသောသမီး။

အကြီးမ တိမ်မမကျတော့ ခင်ပွန်းသည်နှင့် အတူလိုက်နေ၏။ ခင်ပွန်း သည်က လေယာဉ်မှူးကြီး။ တိုင်းတစ်ပါးသို့ သုံးလေးခေါက် သွားဖူး၍ ငွေကြေး ဥစ္စာကလည်း ပေါမှပေါ။

အလတ်မ တိမ်လှလှနှင့် အငယ်မ တိမ်မြမြတို့က အပျိုကြီးများ ဖြစ်ကြ ၏။ တိမ်လှလှက ကျောင်းဆရာမ၊ တိမ်မြမြက မြို့ထဲ ရတနာရွှေဆိုင်ဖွင့်၍ ရောင်းဝယ်နေသူ။

သားသမီးခြောက်ယောက်စလုံး၏ အခြေအနေက ထိပ်မှထိပ်၊ ဘယ်သူ မဆို မော်ကြည့်ရမည့် အခြေအနေ။ ထိုသို့ ပြီးပြည့်စုံလှသောဘဝတွင် ဇနီး သည် စိန်ရွှေနန်း ကွယ်လွန်သွားပြီးကတည်းက ဦးတိမ်ပေါ်စံ အထီးကျန်ဆန် ခဲ့ရလေ၏။





ဘဝမှာ လိုလေသေးမရှိအောင် ပြည့်စုံလှသော်လည်း ဇနီးသည် ကွယ် လွန်သွားသည့် အချိန်မှစ၍ တစ်ခုခု လိုနေသလိုပင်။ ရင်ထဲ ဟာလာဟင်းလင်း ကြီးဖြစ်ကာ မျက်စိနှစ်လုံး ပွင့်သည်နှင့် အိမ်ကြီးအပေါ်ထပ်တွင် လင်းတအို ကြီး မှိုင်သလို မှိုင်နေရပေ၏။ ထိုသို့ ငူငူငေါင်ငေါင်ဖြစ်နေသည့် အသွင်ကို မကျေ ချမ်းဖြစ်နေသူက အငယ်ဆုံးသမီး တိမ်မြမြ၊ သူ့လုပ်ငန်းက ရတနာရွှေဆိုင် ရောင်းဝယ်ရေးဖြစ်သဖြင့် မိုးလင်းသည်နှင့် တစ်အိမ်လုံး မင်္ဂလာတွေ မြောက်မြား စွာဖြင့် ပြည့်ကျပ်ရောင်ကိုင်းစေချင်၏။

တိမ်မြမြသည် မင်္ဂလသုတ် သက်စေ့ရွတ်ပြီးသောအခါ တစ်အိမ်လုံး ရွှေ အလားနှင့် မင်္ဂလာရေချမ်းရေစင်များ ပက်ဖျန်းတတ်ပေ၏။ ထိုအခါ ... ရှေ့ ဇနိတာရှိ ထရင်းဘက်ချ်ပေါ်တွင် ငေါင်စင်းစင်း လုပ်နေသောသူ့ကို မြင်လိုက် သည်နှင့် ခွက်ထဲနှစ်ထားသော မင်္ဂလာသပြေခက်ကို ထုတ်ကာ သူ့ကိုယ်ပေါ် ပက်ဖျန်းလိုက်လေ့ရှိပေ၏။ ထိုစဉ် သူ့ရင်ထဲရှိနေသည့် အတွေးကလေး ပျောက် သွားသဖြင့် တိမ်မြမြကို ရန်လုပ်မိလေ၏။

"ဟဲ့ ဘယ်လိုဖြစ်သတုံး အငယ်မ"

"ဟာ၊ ဒယ်ဒီကြီးကလည်း ကျက်သရေ မရှိလိုက်တာဗျာ။ စောစောစီးစီး အိမ်ဦးခန်းထိုင်ပြီး လင်းတအိုကြီးကျနေတာဗျ"

"ဟော၊ နင်ကများ ငါ့ကို လင်းတအို။ ဟုတ်တယ် ငါခွေးသေကောင် ပုပ် စောင့်. . . အဲလေ ငါဘာတွေပြောမိပါလိမ့်၊ ဟဲ့ အငယ်မ"

"ဘာလဲ၊ ဒယ်ဒီကြီးရ"

"အဖေကို ဒီလိုပဲ ပြောရသလား။ ဟင်း ဟင်း ငါနော် ငါ့ဘာသာ ငါထိုင် တာ နင်တို့ခေါင်းပေါ် ထိုင်တာ မဟုတ်ဘူးဟဲ့"

"ရော်၊ ခက်ပါ့ ဒယ်ဒီကြီးရာ။ ဒါ မင်္ဂလာ အချိန်လေး၊ မင်္ဂလာရှိရှိ နေ တတ်ရမှာပေါ့။ ကြည့်စမ်းပါဦး မာမီမရှိကတည်းက ခေါင်းတောင် ဆံပင်မဆီးတော့ ဘူးဗျာ။ ဘယ်မိုက်မလဲဗျ"

"အွန်း၊ ဘာစကားတွေလဲ။ သွားစမ်း နင်တို့ဘာသာ နင်တို့ မင်္ဂလာယူ။ ငါကတော့ ငါ့စတိုင် မပြင်ဘူး"

"ဟူး၊ ခက်တယ် ဒယ်ဒီကြီးရာ။ ဘဝကို နောက်ပြန်မကြည့်နဲ့တဲ့။ ဒယ်ဒီ ကြီးရေ ကဲရီအွန်လေ"

"ဟော၊ ကဲရီအွန်ဆိုတာ ရှေ့မှာ တံတိုင်းခံနေလည်း တိုးရမှာလား။ တော် စမ်းတော့ အငယ်မရယ်၊ ငါ အေးအေးလူလူ နေပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါကြောင့် ဈေးရောင်းမကောင်းတာ။ ဒယ်ဒီလုပ်ပုံက လာဘ်မခေါ်ဘဲ လာဘ်ကျော် လုပ်နေတာကိုး"

"ဟာတွာ၊ လာဘ်ပဲကျော်ကျော် လာဘ်လည်ပင်းပဲ တက်နင်းနင်း ငါမသိဘူး။ ငါသိတာ ခုချိန် ငါတစ်ယောက်တည်း နေချင်တယ် သွား သွား"

အငယ်မ တိမ်မြမြက မလွယ်။ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက အလိုလိုက်မိသဖြင့် အဖေကို အဖေမှန်းသိသူမဟုတ်။ သူငယ်ချင်းတစ်ယောက်လို ပိုးခနဲပက်ခနဲ ပြန်ပြောတတ်၏။ ဦးတိမ်ပေါ်စံခမျာ အသက်ကြီးလာခါမှ အလိုလိုက်မိတာ မှားလေခြင်းဟု နောင်တကြီးစွာ ရမိလေ၏။

ယခုလည်း သူ့ကို ပြောကာ ထွက်သွားသဖြင့် ပွစိပွစိနှင့် ကျန်ခဲ့လေ၏။ ဒရင်ဘတ်ချိုပေါ် စမြှုပြန်နေသည့် အတွေးများပင် ကြက်ပျောက် ငှက်ပျောက်။ ထို့ကြောင့်လည်း နံဘေးရှိ စားပွဲပုပုလေးပေါ်မှာ မာဘိုရိုစီးကရက်ဘူးကို လှမ်းယူရင်း စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်၏။

ပြာလဲ့လဲ့ မီးခိုးငွေ့များက ဝရန်တာတစ်လျှောက် လွင့်မျောပျံ့ဝဲသွား၏။ စိတ်ထဲ တိုတိုဖြစ်မိ၍ စီးကရက်ကို အားပါးထရဖွာကာ အငွေ့များကို တဖူးဖူးနှင့် မှုတ်ထုတ်လိုက်၏။

"အောင်မလေး အဟွတ်. . . ဟွတ်"

"ဟဲ့၊ ဘာလဲဟ"

"အဟွတ်. . . အဟွတ်၊ ဒယ်ဒီကြီး ဒယ်ဒီကြီး"

"ဟေ၊ ဘယ်သူအော်သတုံး၊ ဒီလောက် အော်ဟစ်နေရအောင် ငါ ရေဇေးရောက်နေတာ မဟုတ်ဘူးဟ"

"အဟွတ်. . . အဟွတ်"

"ဟင် အလတ်မ"

နှာသီးဖျားကို အတင်းပိတ်၍ ဝရန်တာသို့ ရောက်ရှိလာသော အလတ်မ တိမ်လှလှ၊ သူ့ကို မျက်လုံးပြူး မျက်ဆန်ပြူးနှင့်ကြည့်ပြီး စကားလုံးကြီးများနှင့် ပစ်လေ့ရှိတော့၏။

"ခုတွေ့ပါပဲ ဒယ်ဒီကြီးရာ၊ ဒီစီးကရက်ကို မသောက်ပါနဲ့ ပြောထားရက်သားနဲ့"

"ဟေ ဘာဖြစ်လို့တုံးကွ၊ ငါဆေးလိပ်သောက်တာ တစ်အိမ်လုံး မီးလောင်နေလို့လား"

"အို ခက်ပါ့ ဒယ်ဒီကြီးရာ၊ ဒယ်ဒီကြီးလုပ်ပုံက တစ်အိမ်လုံးကို မီးလောင်တိုက်သွင်းနေသလိုပဲ"





"အလို၊ ဟဲ့ အလတ်မ ဟိုမှား မှားနေပြီ။ ငါက ဘာကို မီးရှို့နေလို့လဲဟ။ ဒုက္ခပါပဲ"

"ဩော်၊ ဒယ်ဒီ စဉ်းစားကြည့်လေ။ အဲဒီ ဆေးလိပ်ငွေ့ဟာ တစ်အိမ်လုံး မိုးမှုန်နေပြီ။ ဒီအငွေ့ကြောင့် တစ်အိမ်လုံး သွေးကြောတွေ ပိတ်ကုန်မှာပေါ့"

"ဟင်၊ ဒါဒါ တရုတ်သိုင်းဆရာခေါ်ပြီး ငါသွေးကြောဖွင့်ပေးမယ်။ ဘာမှ မပူနဲ့။ လမ်းထိပ် အရှောင်က သိုင်းဆရာဟ"

"အို၊ ဘာတွေ ပြောနေတာတုံး ဒုက္ခပါပဲ။ ဖူး. . . သေတောင် သေချင်ပြီ။ မသောက်ပါနဲ့ ပြောလည်းမရဘူး။ မာမီ မရှိကတည်းက ဒယ်ဒီကြီးလည်း ပျက်စီးနေပြီ"

"ဟုတ်တယ် ဘာဖြစ်သလဲဟေ့၊ နင်တို့ဘာမှ ငါ့ကို ဆရာမလုပ်နဲ့။ ငါက နင်တို့ကို မွေးလာတာဟဲ့။ သွားကြ သွားကြ"

သူ ထဟောက်တော့မှ တိမ်လှလှတစ်ယောက် နှာခေါင်းပိတ်ကာ ပါးစပ်က ဖျစ်တောက်ဖျစ်တောက် ပြောဆိုရင်း အိမ်ဖောက်ထပ်သို့ ဆင်းသွားလေတော့၏။

မှန်တာပြောရလျှင် တိမ်လှလှပြောသလို ဇနီးသည် မရှိကတည်းက သူ့အကျင့်စာရိတ္တ ပျက်စီးလေပြီဟု ပြောရမလားပင်။ တစ်ချိန်က စနစ်စည်းကမ်းကို ဘုရားလို ကိုးကွယ်ခဲ့သော လူတစ်ယောက်။ အဝတ်အစား၊ အစားအသောက်၊ အအိပ်အနေကအစ စည်းကမ်းတကျ အဆင့်မြင့်မြင့် နေတတ်ထိုင်တတ်ခဲ့၏။ ဆီးကရက်၊ ဘီယာ၊ အရက် ဝေလာဝေး။ ခန္ဓာကိုယ် ရင့်ထော်စေသည်ဟု ဆိုကာ အားလုံးကို ပစ်ပစ်ခါခါ ပြောခဲ့ဆိုခဲ့ဖူး၏။

ယခုတော့ ဦးတိမ်ပေါ်စံတစ်ယောက် အပြောင်းအလဲကြီး ပြောင်းလဲသွားခဲ့ပြီ ဖြစ်၏။ စီးကရက်ကလည်း သောက်၏။ ဘီယာလည်း စုပ်၏။ အရက်လည်း ခုဖန်ရံခါ သောက်တတ်၏။ ထို့ပြင် အသည်းကွဲသီချင်း၊ အမျှော်စိုက်သီချင်း၊ အလွမ်းသီချင်းများပင် သူ့ရင်ထဲ စိုးမိုးဖမ်းစားလာ၏။

အိပ်တော့လည်း အချိန်မရှိ အချိန်ရှိ အိပ်၊ စားချင်သလို စား၊ ဝတ်ချင်သလို ဝတ်၊ အစစအရာရာသည် ပြောင်းပြန်အနေအထားသို့ ရောက်ရှိသွားသလိုပင်။ ယခုလည်း အိမ်မှာ အပျိုကြီးလုပ်နေကြသော သမီးနှစ်ဦးနှင့် နောင်ကျိန်ာလေးပြီးပြီ ဖြစ်၏။

သူ့စိတ်ထဲ မွေးထားသည့် သားသမီးများကို တစ်ခါတစ်ခါ အလွန်အငြင်းအမြင်ကပ်မိ၏။ တစ်ချိန်က သူ့စည်းစနစ်အောက်တွင် ပြားပြားဝပ်ခဲ့ကြသော သမီးသားများ (အငယ်မမှ လွဲ၍) ယခုတော့ သူ့ကို ပြန်ပြီး စာချနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် သူက တခွေသရဲထက် ကြီးသော စည်းကမ်း သဘာက်ကြီး။ အရာရာကို စက်ခလုတ်ဆန်ဆန် ကျင့်သုံးခဲ့၏။ ယခုတော့ သူတို့က သဘာက်ကြီးကို စာလာချနေသည်မို့ အော်ဟစ် ရယ်မောပစ်လိုက်ချင်ပါဘိ။ ထိုသို့ သမီးလတ်ကတစ်မျိုး၊ သမီးငယ်ကတစ်မျိုး လာလာ ကလိနေကြသဖြင့် ဦးတိမ်ပေါ်စံ ပေါက်ကွဲကာ အရှုံတိုက်ချင်စိတ်များ တဖွားဖွားပေါ်လာ၏။

အိပ်ရာ ထထချင်း မျက်နှာမသစ်၊ အိပ်ရာလည်း မသိမ်း၊ ခေါင်းလည်းမဖြီး ညဝတ်အင်္ကျီလည်း မလဲ။ အုတ်အုကြောင် လုပ်ပြလိုက်၏။ သမီးနှစ်ယောက်စလုံးက တဖျစ်ဖျစ်၊ ညဝတ် ဖလန်နယ် အင်္ကျီအရှည်ကြီးနှင့် အိမ်ပေါ်မှ ဆင်းခဲ့ပြီး ဧည့်ခန်းထဲ မျက်လုံးကစားလိုက်ပြီး အခြေအနေကို နားစွင့်လိုက်၏။ အားလုံးကိုယ့်အလုပ်နှင့်ကိုယ်မို့ မေ့နေကြပုံပင်။

ထိုအခါ အိမ်ကြီးပေါ်မှ ဖိုးရိုးဖားရားနှင့် ဆင်းလာခဲ့လေ၏။ သူ့အသွင်ကို ကြည့်ပြီး မာလီမှုတူးပင် ပြုံးကြောင်ကြောင် လှမ်းကြည့်နေ၏။

"အို၊ ဆရာကြီး ဟို မှုတွေမိုးတွေ မထုတ် . . ."

"ဟေ့ကောင် တိတ်စမ်း။ မင်းကိုယ်မင်း ဘာများ အောက်မေ့နေသလဲကွ"

"အို ဆတ် ကျွန်ဒေါ် ပြောတာ ဂျင်းတန်းမန်းစတိုင် ဝတ်တဲ့ . . ."

"ဟာကွာ နားညည်းတယ်၊ မင်းအလုပ် မင်းလုပ်စမ်း"

"အားရိုးရိုး၊ လောကကြီးဟာ တယ်လည်း ဖောက်ပြန်လွယ်ပါတကား"

"ဟာ . . . ဒီကုလားတော့"

မှုတူးက သူ့ကိုကြည့်ပြီး အတော်ကလေး အံ့အားသင့်သွားပုံရ၏။ သူကတော့ ထွက်လာကတည်းက ဘာကိုမှ မှုပုံမပေါ်။ ခြံလမ်းကလေးအတိုင်း ဆက်လျှောက်သွားရာ အနီရောင် ပြိုင်ကားလေးတစ်စီး ဝေါခနဲ ကွေ့ဝင်လာ၏။

သူ့ကိုမြင်တော့ ကားလေးသည် ပုဏ္ဏရိက်ပင်ဘေး ရပ်သွား၏။ အထဲမှ ဆံပင် တိုနံ့နံ့၊ ထိုးထောင်ထောင် ချာတိတ်ကလေးတစ်ဦး ခေါင်းပြူထွက်လာ၏။

"ဟလို၊ အန်ကယ်ပေါ် ဝှဲအားယူ ဂိုးရင်း"

"ဟေ့ ဘာလဲ မင်းက ဘယ်သူတုံး။ ဧကန္တ မီးနင်းပွဲက လာတာထင်ပဲ"

"ဗျာ၊ ဝုပ် ဝုပ်အားယူ ဆေးရင်း"

"အလို ဘာတွေတုံး၊ ဘာစကားလဲ ဟေ့ကောင် ငါ့ခြံထဲ မီးနင်းပွဲရှိလို့ လာတာလား"

"ဟင်၊ လုပ်ချလိုက်ပြီ အန်ကယ်ပေါ်ရာ၊ ကျွန်တော် ရော်ကီအံ့လေ၊ အငြိမ်းစား တရားသူကြီး ဦးထူးကျော်အံ့ရဲ့ သားလေ"





"အလို မင်းပုံက တစ်မျိုးပါလား"

"ဟဲဟဲ ဒါစတိုင်လေ၊ ဟို မြကလေးရှိလား။ သူ ကျွန်တော့်ကို ဖုန်းဆက်ခေါ်ထားလို့ဗျ။ ရွှေဆိုင်သွားမယ် လိုက်ပို့ဆိုတာနဲ့ ဒီကို ရောက်လာတာ"

"သွား သွား မြန်မြန်ကွ၊ မြကလေးရော မြကြီးရော ရှိသကွ။ ဟူး ဘယ်လို သတ္တဝါတွေပါလိမ့်။ မျက်စိထဲ စပါးမွေးစူးပါဘိ"

ဦးတိမ်ပေါ်စံတစ်ယောက် ရော်ကီအံ့ကို ဘုတောတောလိုက်ပြီး ခြံအပြင်သို့ ထွက်ခဲ့လေ၏။ ယခုမှပဲ သူ့ကိုယ်သူ အသက်ရှူချောင်သွားသည့် လူတစ်ယောက်နှယ်ပင်။ တဝေ့ဝေ့တဝဲဝဲ တိုက်ခတ်လာသော လေနုကလေးကို အဆုတ်ထဲ ရောက်သွားအောင် အားပါးတရ ရှိုက်သွင်းရင်း ခြံရှေ့ လမ်းမကြီးအတိုင်း တုတ်ကောက်ကလေး လွှဲကာ အားပါးတရ လျှောက်ခဲ့လေ၏။

လမ်းမကြီး၏ တစ်ဖက်တစ်ချက်တွင် ခရမ်းနုရောင် စိန်ပန်းပင်ကြီးများ၊ ဝေဆာစွာနှင့် ပေါက်ရောက်နေ၏။ ရပ်ကွက်က လူကုံထံရပ်ကွက်ဖြစ်၍ လူအသွားအလာ နည်းလှ၏။ ဦးတိမ်ပေါ်စံသည် နံနက်ခင်း ကြည်နူးဖွယ်ကောင်းလှသော သဘာဝများကိုကြည့်ရင်း လမ်းမကြီးအတိုင်း လျှောက်ခဲ့ရာ မကြာမီ စတိုးဆိုင်လေးတစ်ဆိုင်ရှေ့အရောက် ခြေစုံတန့်ခနဲ ဖြစ်သွား၏။

"အလို၊ တယ်လည်း နိပ်လှပါကလား"

ဆိုင်ရှေ့ရပ်ရင်း ကောင်တာအနောက်ဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်ရာ ဖြူဖြူခန့်ခန့်နှင့် လုံးကြီးပေါက်လှပိုင်ရှင်ကလေး ဝင်းဝါဝါကို မြင်လိုက်ရလေ၏။ တစ်ချိန်က ဝင်းဝါဝါတစ်ယောက် ငနီးသည်ဖြစ်သူထံ မကြာခဏ လာရောက် လည်ပတ်ဖူး၏။

အရွယ်က သမီးအကြီးမ တိမ်မမ၏ အရွယ်။ ငနီးသည်ရှိနေစဉ်အခါက သတိမထားမိ။ ယခုတော့ ဝင်းဝါဝါ၏အလှကို သတိထားမိသဖြင့် စိတ်ထဲ ဘာလိုလို ညာလိုလိုပင်။

ဝင်းဝါဝါက သူ့ကို ပြုံးတုံ့တုံ့။ ထိုအပြုံးကလေးများကြောင့် ဦးတိမ်ပေါ်စံ မနိုးမရှ ဖြစ်လာ၏။ သူ့ကို ညှို့ငင်ဖမ်းစားနေသလိုပင်။ ထို့ကြောင့်လည်း စတိုးဆိုင်ထဲ တန်းတန်းမတ်မတ် ဝင်ခဲ့လေ၏။

"အန်ကယ်ပေါ် ပါလား"

"ဟင်၊ အဲ ဟုတ် ဟုတ်တယ်"

"ဘာအလိုရှိသလဲ အန်ကယ်၊ နို့မှုန့်၊ ပေါင်ဒါ၊ အနီး ကလေးပစ္စည်းတွေ စုံတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ၊ ကလေးပစ္စည်း"

ဝင်းဝါဝါ၏ စကားကြောင့် အူတိအချာ ဖြစ်သွားပြီး ဆိုင်ထဲရှိ ပစ္စည်းများကို ကြည့်လိုက်၏။ အားလုံး ကလေးပေါက်စလေးများအတွက် အဓိက ရည်ရွယ်ရောင်းချသော စတိုးဆိုင်ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် ဦးတိမ်ပေါ်စံတစ်ယောက် ဖင်ကုတ်ခေါင်းကုတ် ဖြစ်နေ၏။

ထိုစဉ် ဝင်းဝါဝါ၏ ချိုလွင်ကြည်မြသော စကားသံလေးက စီခနဲ ထွက်လာပြန်၏။

"အန်ကယ်ပေါ် မြေးတွေအတွက် လာဝယ်တာလား။ ဝယ်လေ နို့သီးခေါင်း နို့ပုလင်း၊ နို့ဘူး အကုန်ရှိတယ်။ ဟို ပြင်သစ်ကလာတဲ့ စပါယ်ရှယ် နို့ဘူး နို့မှုန့်ရှိတယ် ယူမလား"

"ဟော၊ ဟို အဲဒါ လူကြီးသောက် . . ."

"အို၊ ဘယ်လိုတွေ ပြောတာတုံး၊ ကလေးတွေအတွက်ပါဆို အန်ကယ်ပေါ်ကလည်း နောက်နေပြန်ပြီ"

"ဩော်၊ ကလေးတွေအတွက်ကိုး၊ ဒါဆို အဲဒီဟာ တစ်စုံပေး ဝါဝါဝင်းရယ်"

"ဝင်းဝါဝါ အန်ကယ်လ်ရဲ့"

"ဩော်၊ ဝါဝင်းဝင်း အဲလေ ဝါဝင်းဝါ"

"အို၊ ဝင်းဝါဝါပါ အန်ကယ်လ်ရဲ့ ဟီးဟီး . . ."

"အဲ အဲ ဝင်းဝါဝါ၊ နာမည်က နည်းနည်း ခေါ်ရတာ နင်နေသလိုပဲ"

"အို၊ အန်ကယ်လ်ကြီးကလည်း ကဲရော့ ဒီမှာ"

"ပေး ပေး"

ဝင်းဝါဝါက နို့ပုလင်း၊ နို့ဘူး၊ နို့သီးခေါင်း၊ နို့မှုန့်ပါသော ကလေးနို့တိုက်ပစ္စည်းတစ်စုံကို ထုတ်ပေးလိုက်ပြီး ဈေးပြောလိုက်၏။ ဦးတိမ်ပေါ်စံ ဘာမှမစဉ်းစား၊ အိတ်ထောင်ထဲမှ ပိုက်ဆံထုတ်ကာ ဘတ်ခနဲ ယူလိုက်၏။ သူ့အကြည့်များက ဝင်းဝါဝါတစ်ကိုယ်လုံးကို မွှေမွှေနှောက်နှောက် လျှောက်ကြည့်နေဆဲ။ ထိုစဉ် ဝင်းဝါဝါဘေးသို့ အမျိုးသမီးလေးတစ်ဦး ထပ်မံ ရောက်လာသဖြင့် ဦးတိမ်ပေါ်စံတစ်ယောက် ဆိုင်ထဲမှ အီလည်လည်နှင့် ထွက်ခဲ့ရ၏။

သူ့စိတ်ထဲ ဝင်းဝါဝါ၏ မျက်နှာဝင်းစိုစိုလေးကို ဖျောက်ဖျက်၍ မရ။ အနုအရွ အလှအပကလေးများနှင့် လှချင်တိုင်းလှနေသော ဝင်းဝါဝါလေးကို မြင်လိုက်ရသောအခါ သူ့ရင်ထဲ ငြိမ်လုလု အချစ်မဟာမီးတောက်ကြီး မီးကျိုးခဲများ ရဲရဲတောက်လာသလိုပင်။





www.burmeseclassic.com

www.burmeseclassic.com



လျှော့ရဲပျော့ဖပ်နေသော စိတ်ခွန်အားများ မာကျောကျစ်လျစ်လာသလိုပင်။ တိမ်ဂေဟာမှ ထွက်ခဲ့စဉ်အခါက သူ့အသွင်သည် လင်းတအိုကြီးအသွင်နယ်။ ယခုတော့ ဝင်းဝါဝါရောင်းနေသည့် ဘောဘီလေးစတိုးမှအထွက် နှံ့ပြည့်ပယ်လိုလို စာကလေးလိုလို ဖြစ်သွား၏။

သွက်လိုက်သမှ ရှေ့ခြေလှမ်းကို နောက်ခြေလှမ်းမမီ။ ကြည်နူးခြင်း၊ ယစ်မူးခြင်း၊ သာယာခြင်း စသော အချစ်၏ ရိုက်ချက်များက ပြင်းထန်လှပါဘိ။ နိုးသည် စိန်ရွှေနန်း ဆုံးစဉ်က ဘဝကို ခြောက်တီးခြောက်ကပ် ကာလကြီးနယ်လို့ မြင်ခဲ့ထင်ခဲ့မိ၏။ ယခုတော့ ဝင်းဝါဝါလေးကြောင့် ဘဝက စိုတိုတိုဖြစ်လာသလိုပင်။

တက်ကြွလိုက်သည်မှာ လမ်းတွင် အပြေးကလေးတစ်ပိုင်းပင် လျှောက်ခဲ့၏။ ကျော့ကင်ပြေးသလို ခုန်ဆွဆွနှင့်လည်း လုပ်မိ၏။ လက်တွေ ခြေတွေ ချောက် ခေါင်းတွေခါ၊ တစ်ကိုယ်လုံး ဟိုခါခါဒီခါခါနှင့် သွေးပူလေ့ကျင့်ခန်းများ တရစပ် လုပ်မိ၏။

သူ စိန်ရွှေနန်းနောက်ကို လိုက်လို့မဖြစ်တော့။ ဝင်းဝါဝါကို မြင်လိုက်ပြီးသည့်အချိန်မှစ၍ စိတ်ကူးစိတ်သန်းများသည် အသစ်တဖာတ်များ ပူးယှက်ကိန်းဝပ်လာသလိုပင်။

လမ်းတစ်လျှောက် ဖျိုင်းလိုဖျံလိုက် မျောက်လိုခုန်လိုက်၊ မြင်းလို ပြေးလိုက်နှင့် အရမ်းကို တက်ကြွနေပေ၏။ သူ့လုပ်ရပ်ကို ကားပေါ်မှ မြင်လိုက်သူတချို့က ပြုံးစိစိဖြစ်သွားကြသလို တချို့ကလည်း ရူးများရူးသွားလေပြီလားဟု အထင်နှင့် စိုးရိမ်ကြီးနေကြလေ၏။

ဦးတိမ်ပေါ်စံကတော့ အချစ်ကိုတွေ့ရှိပြီးသည့်နောက် ပတ်ဝန်းကျင်ကြီးထဲ သူ့မျက်စိရှေ့မှောက်မှ ဖြုတ်ခနဲ ပျောက်ကွယ်သွားသလိုပင်။

အချစ်၏ စွမ်းအားက အနိုင်းမဲ့ပေစွ။ သို့နှင့် ချွေးကလေးတစိုစို ဖြစ်သာသောအခါ ဦးတိမ်ပေါ်စံတစ်ယောက် အိမ်ကြီးဘက်သို့ ခပ်သွက်သွက်ကလေး ပြန်လာလေ၏။ ခြံဝအရောက်တွင် မတ်ခ်တူးကားကြီးတစ်စီး ခြံထဲမှ ထွက်လာသဖြင့် ရပ်စောင့်လိုက်ရ၏။

"ဒယ်ဒီ . . ."

"ဟေ၊ သွားတော့မလား သမီးလတ်"

"ဟို၊ ဒယ်ဒီ့လက်ထဲက ဘာတွေတုံး"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကားပြတင်းမှ ခေါင်းထုတ်ကာ ပြုံးပြုံးပြုံးပြုံး လုပ်၍ မေးလာသော တိမ်လွှလွှ မေးခွန်းကြောင့် ဘာဖြေလို့ ဖြေရမှန်း မသိ။ နို့မှုန့်ဘူးကြီး ထောင်ပြကာ-

"ဟဲဟဲ ဒယ်ဒီသောက်မလို့လေ"

"အို၊ နို့ဘူးတွေပါလား၊ ဘာတွေတုံး ဘာတွေ လျှောက်လုပ်နေတာလဲ ဒယ်ဒီ"

"ဟာ၊ ငါ့ဘာသာငါ ဘာလုပ်လုပ် နင်တို့သွားစရာရှိတာသွားစမ်း"

"ရှင်"

တိမ်လွှလွှ ကြောင်အမ်းအမ်း ဖြစ်သွား၏။ ထိုစဉ် ဒရိုင်ဘာခန်းတွင် ခန့်ခန့်ကြီး ထိုင်နေသော တိမ်လွှလွှ၏ ချစ်သူ စကြာထက်က ဦးတိမ်ပေါ်စံ၏ လက်ထဲက ပစ္စည်းများကို ကြည့်ရင်း ပြုံးစစနှင့် ပြောလိုက်၏။

"ဩော်၊ အန်ကယ်က ဘဝကို တစ်က ပြန်စမလို့ထင်တယ်"

"အေး၊ ဟာ ဟုတ်ပကွာ။ မောင်စကြာပြောတာ မှန်တယ် သမီးရေ၊ ဘဝကို တစ်ကတောင် မဟုတ်ဘူး သုညက ပြန်စမှာကွ။ ဟီးဟီး ခုမှ ဘဝဆိုတာ ပျော်စရာကြီးပါလားလို့ တွေးမိသကွာ"

"ဗျာ အံ့ဩစရာပဲ၊ အသက်ခြောက်ဆယ်ကျော်မှ ဘဝစတယ်ဆိုတော့ အနောက်တိုင်းအယူအဆထက်ပိုပြီး ခေတ်မီလာပါလား"

"ဒါပေါ့ကွ၊ ကဲ သွားကြ သွားကြ"

တိမ်လွှလွှမှာ ဖခင်ကြီး၏လုပ်ရပ်ကို ကြည့်ပြီး ကြောင်စီစီဖြစ်နေ၏။ ထို့ကြောင့်လည်း ကားထွက်သည်နှင့် ချစ်သူကို လှမ်းပြောလိုက်၏။

"မောင်"

"ဗျာ၊ ဘာလဲ အလှလေးရယ်"

"ဟို ဒယ်ဒီဟာ ရိုးမှရိုးရဲ့လား"

"ဘာဖြစ်လို့တုံး အလှလေးရယ်၊ သူ့အယူအဆနဲ့ သူမှန်တယ်ထင်လို့ လုပ်တာပဲကွယ်။ ဘာဖြစ်လို့တုံး"

"အို နို့သီးခေါင်းတွေ၊ နို့မှုန့်ဘူးတွေ ဝယ်လာပြီး သူ့ကိုယ်သူ ကလေးများ ပြန်လုပ်မလို့လား မသိဘူး"

"ဟာ လုပ်ပါစေကွာ။ ဒါ အသက်ကြီးလာလေလေ နုပျိုအောင် နေတတ်လေလေ ကောင်းလေပဲကွ။ ဒါကို အဲ အနောက်တိုင်း သမားတော်ကြီးတွေတောင် သူ့ကုထုံးကို အံ့ဩသွားနိုင်တယ်။ မှတ်ထား အလှလေးရဲ့ ဟို စာချိုးတောင် ရှိသေးတယ်"





"ဟင် ဘာစာချိုးလဲ"

"ဒီလိုလေ၊ နားထောင်နော် ကဗျာနာမည်က အနေတတ်ပါစေတဲ့။ ရေးဖွဲ့သူကတော့ အမည်မသိ စာဆိုပေါ့ကွာ။ ကဲ နားထောင်-

အရွှီးရင့်ပြီမို့
ညှိုးလွှင့်ကာ အဆင်းမလှရင်ဖြင့်
လင်းတတို့နှယ်။
ကင်းပကာကွယ်
တွယ်တာသူ ပျောက်ဆုံး
ဘဝမှာ အနေမတတ်ရင်ဖြင့်
မကျေနပ်စရာ တစ်ပုံတစ်ပင်ရယ်မို့
ခုံမင်ဖွယ် ပျော်စရာရှာကာပ
ဖော်သဟာ ဝဲဩယမှာ
တလွဲသောက ဖယ်ကာ ဖြေတတ်ရင်ဖြင့်လေ
သေလည်း ပြုံးပြုံး. . .

တဲ့ အလှလေးရဲ့"

"အို ဘာတွေတုံး ဒါဆို မောင့်ကဗျာက ဒယ်ဒီသေရင် ပြုံးပြုံးကြီး သေမယ်လို့ ပြောတာလား"

"အင် ဒုက္ခပါပဲ၊ မောင်ရွတ်တဲ့ ကဗျာကို ခံစားကြည့်။ လူတွေဟာ အသက်ကြီးပြီဆိုရင် အားလုံး သတိလက်လွှတ် ငှက်တောင်ကျွတ်ဖြစ်ကုန်ကြတယ်။ ငါတော့ အိုပြီ၊ ရှေ့လည်း ဘာမှ မမြင်တော့ဘူး။ သချိုင်းနဲ့ လက်တစ်ကမ်းရောက်နေပြီ၊ မြန်မြန်သေ မြန်မြန်အေးဆိုတဲ့ သေကြီးလက်ကိုင်ထားကြတယ်။ မပြင်မဆင် ဖိုးရိုးဖားရား၊ ကိုးရိုးကားရားနဲ့ ဘဝကို ကောင်းကွက်တစ်ခုမှ မကြည့်တော့ဘဲ အရှုံးပေးလိုက်ကြတယ် မဟုတ်လား"

"အဲဒါ ဘာဖြစ်လဲ မောင်ရယ်"

"ဟာ ဘာဖြစ်ရမလဲ အလှလေးရယ်၊ နိုင်ငံခြားသားကြီးတွေကို ကြည့်၊ ဘောင့်ဘောင့်တင်းတင်း မာမာကျောကျော၊ သူတို့စာဆိုက အသက်လေးကျော်မှ ဘဝစတယ်တဲ့။ ဒီတော့ ကိုယ့်ကိုယ်ကိုယ် အသက်ကြီးလာပြီလို့ ဘယ်တော့မှ မတွက်ဘူး။ အားကစားလုပ်တယ်၊ လေ့ကျင့်ခန်းလုပ်တယ်၊ ကောင်းကောင်းဝတ် ကောင်းကောင်းစားကြတယ်။ ဒီတော့ သူတို့ကိုကြည့်ရင် အမြဲတမ်း နုပျိုနေသလိုပဲ။ တချို့ဆို အသက်ကြီးမှ အိမ်ထောင်ပြု သားမွေးတောင် လုပ်လိုက်-



www.burmeseclassic.com

www.burmeseclassic.com



သေး။ ခုလည်း မင်းဒယ်ဒီကြီးက သူ့ကိုယ်သူ နုပျိုအောင် ကြိုးစားတယ်လေ။ ဒါပေမယ့် ဟဲဟဲ မင်းဒယ်ဒီကြီးက နည်းနည်းလွန်သွားတယ်ကွ"

"ဘာဖြစ်လို့တုံး"

"ဟာ၊ အသက်ကြီးလာလေ သချိုင်းကုန်းနဲ့ နီးလာလေလေဆိုတဲ့ စာဆိုကို ပြောင်းပြန်လှန်ပြီး သူက ပုခက်ထဲ ပြန်ဝင်မယ့်ပုံကွ"

"ဟုတ်သား။ ဒယ်ဒီကြီးကလည်း အတွေးအခေါ်တွေက တအားတစ်ဖက်စွန်းကျတာပဲ"

"သူပျော်သလို နေပါစေ အလုလေးရယ်။ ကိုယ်တို့လည်း ကြီးရင် . . ."

"ဘာလဲ ရှင်ကော ပုခက်ထဲ ပြန်ဝင်မလို့လား"

"ဟဲဟဲ၊ စိတ်ပျို့ချင်ရင် အတိတ်ကို မတွေးနဲ့တဲ့"

"တော်စမ်းပါ။ ကဲပါ ရှေ့လည်းကြည့်မောင်းပါ မောင်ရယ်"

ပြောပြောဆိုဆိုနှင့် တိမ်လှလှတို့ချစ်သူနှစ်ဦး တိမ်ဂေဟာကြီးမှ ထွက်ခွာခဲ့ကြလေ၏။ ထိုအချိန်တွင် ဦးတိမ်ပေါ်စံမှာ ဝယ်ယူလာသော ကလေးပစ္စည်းပစ္စယများကို စားပွဲပေါ်တင်ကာ ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ရင်း စိတ်ကူးအယဉ်ကြီး ယဉ်နေပေ၏။

ထိုအချိန်တွင် သူ၏ လက်စွဲတော် ပြာတာ ပုချို ရောက်ရှိလာလေ၏။ ပုချိုသည် ဦးတိမ်ပေါ်စံ၏ ဝေယျာဝစ္စမှန်သမျှ လုပ်ကိုင်ရပေ၏။ ယခုလည်း ဂိုဒေါင်ထဲမှ ထွက်လာ အိမ်ကြီးပေါ်သို့အရောက်တွင် ဦးတိမ်ပေါ်စံ၏ အဖြစ်ကိုကြည့်ကာ အူချာချာရပ်နေ၏။

ဦးတိမ်ပေါ်စံကတော့ သူ့အနားတွင် ပုချိုရပ်နေသည်ကို သတိမထားမိ။ ဆိုဖာကြီးနောက်မှီပေါ် ခေါင်းတင်ကာ မျက်စိစုံမှိတ်၍ ပြုံးတုံ့တုံ့လုပ်နေလေ၏။ ပုချိုမှာ ဦးတိမ်ပေါ်စံကိုကြည့်ပြီး ဘာပြောလို့ ပြောရမှန်းပင် မသိ။ ထို့ကြောင့်လည်း ချောင်းဟန့်သံ ပေးလိုက်ရလေ၏။

"အဟမ်း အဟွတ် အဟွတ်"

"ဟာ၊ ငါ့နား ဘယ်ကောင်လာပြီး ချောင်းဆိုးပြနေတာလဲကွ"

"ဗျာ၊ ဟို အဟမ်း . . ."

"ဟေ့ကောင် ပုချို ချောင်းဆိုးနေသလား ခွေးသေးပန်းရွက်နဲ့ ဆားကြိတ်သောက်လိုက်ကွ"

"ဟုတ်ကဲ့ ဟို ကျွန်တော် . . ."

"ငါပြောတာနားထောင်၊ လောကကြီးမှာ မေးခွန်းရှိရင် အဖြေရှိတယ်ကွ





ခု မင်းချောင်းဆိုးနေပြီ။ ဒါဆို ငါပြောတဲ့ဆေး သောက်လိုက်"

"ဗျာ ပျောက်ရောလား ဆရာကြီး"

"ဟဲဟဲ၊ ပျောက်သမှ များများသောက်ရင် လူတောင် ဓာတ်လျှော့ပြီး ပျောက်သွားနိုင်သကွ"

"ဗျာ"

ပုချိုမှာ ဦးတိမ်ပေါ်စံ၏ စကားကို နားထောင်ရင်း လည်တယ်တယ် ဖြစ်နေ၏။ စကားတွေက တောင်ရောက်မြောက်ရောက်မို့ ဘာကို ဆိုလိုမှန်းပင် မသိ။

"ဆ ဆရာကြီး"

"ဟေ၊ ဘာတုံး ပုချိုရ။ မင်းကြည့်ရတာ အူချာချာနဲ့။ ဧကန္တ စိတ်လွှတာဖြစ်ရမယ်။ ဒါဆို ကင်းမြီးကောက် မီးဖုတ်၊ ဘရန်ဒီထဲစိမ် ပြီးတော့ . . ."

"ဆရာကြီး မှား မှားကုန်ပြီဗျ။ ကျွန်တော်ပုချိုလေ၊ ဆရာကြီး သတိထားပါဦး"

"ဩော် ဒုက္ခပါပဲ၊ ငါက ဆေးစွမ်းကောင်းတွေ ပြောပြနေတာကွ"

"ဟဲဟဲ၊ ကျွန်တော် ဘာမှ မဖြစ်ပါဘူး ဆရာကြီးရယ်။ ဟို ဆရာကြီးရေချိုးတော့မလား လာမေးတာ။ ဒါမှမဟုတ် ဘာစားမလဲ"

"တိတ်စမ်း၊ ဒီမှာ ဘာတွေလဲ လာကြည့်စမ်း"

"ဗျာ"

ဦးတိမ်ပေါ်စံက သူပြောချင်ရာ ပြော၍ ဝယ်လာသော ပစ္စည်းများကို တပည့်ကျော် ပုချိုအား ပြလိုက်၏။ နို့သီးခေါင်း၊ နို့ဘူးများတွေ့တော့ ပုချိုပါးစပ်အဟောင်းသား ဖြစ်နေ၏။ ထိုစဉ် ဦးတိမ်ပေါ်စံက နို့ဘူးတပ်ထားသော နို့သီးခေါင်းစို့သည့် ပုံသဏ္ဍာန်လုပ်၍ ပြုံးစိစိဖြစ်နေ၏။

"ဆရာကြီးရယ် စိတ်ထိန်းပါဦး၊ ဟို ဒါဒါ သူငယ်ပြန် . . ."

"ဟေ့ကောင် ပုချို ဘာတွေပြောတာလဲကွ။ သူငယ်ပြန်တာ မဟုတ်ဘူး။ ငါ့ဘဝကို ပုခက်ထဲက ပြန်စကြည့်တာကွ"

"ဗျာ ကြည့် ကြည့်လည်း လုပ်ပါဦး"

"ဘာကွ၊ မှတ်ထား မင်း အချစ်ဆိုတာ မကြုံလိုက်နဲ့ ကြုံလိုက်တာနဲ့ ကြီးရင့်နေတဲ့ လူအိုကြီးလည်း သေးကျုံ့ချိုင့်တွပြီး သေးသွားသတဲ့ကွ"

"ဟာ ဘာတွေတုံး၊ ဟို ဆရာကြီးပြောသလိုဆို လူတွေဟာ အချစ်နဲ့တွေ့ရင် . . ."



www.burmeseclassic.com

www.burmeseclassic.com



"လုပ်စမ်းကွာ၊ မင်း ငါ့ကို ဘယ်လိုမြင်သလဲ"

ပုချိုမှာ ဦးတိမ်ပေါ်စံကို ဖွလည်ချာလည်ကြည့်ရင်း တောင်ကြည့် မြောက်ကြည့်တွေးရင်း စိတ်ထင်ပြောချလိုက်၏။

"အဲ ဆရာကြီးပြောသလို လူဆိုတာ အချစ်ကြောင့် ချက်ချင်း သေကျဲပြီး ပုရွက်ဆိတ်တို့လောက်၊ ပိုးဟပ် . . ."

"ဟာ ဘာတွေတုံးကွ"

"ဟို၊ ဟိုလေ ဆရာကြီးရဲ့ အချစ်နဲ့တွေ့ရင် လူတွေဟာ ပုရွက်ဆိတ်တွေ ဖြစ်သွားနိုင်တာပေါ့ ဟုတ်ဘူးလား"

"ဟေ၊ နို့ မင်းအိုင်ဒီယာတွေက ဂေါက်တီးဂေါက်တောက်ကွ။ ငါပြောတာ နုပျိုလာတဲ့ သဘောကွ"

"ဗျာ၊ နေ နေပါဦး ဆရာကြီး စောစောစီးစီး လမ်းလျှောက်ပြန်လာတာနဲ့ အချစ်ရော နို့ဘူးရော ပုခက်တွေရော တစ်မျိုးကြီး ဖြစ်လာသလိုပဲ၊ ဇကန္တ ဆရာကြီး မှင်စာသရဲနဲ့ တွေ့လာပြီထင်တယ်"

"ဟကောင်ရာ တော်ကွာ ငါဘာသာငါ တွေးကောင်းကောင်းနဲ့ တွေးနေတာ သွားစမ်းကွာ"

"ဒီလိုပါ ဆရာကြီး၊ ကျွန်တော် ဘာလုပ်ပေးရမလဲဆိုတာ လာမေးတာပါ"

"ဒါဆို ငါ့အိပ်ခန်းထဲသွားပြီး ပုခက်ပြင်စမ်းကွာ"

"ဗျာ၊ ရှုပ်ကုန်ပါပြီ"

ပုချိုတစ်ယောက် ဦးတိမ်ပေါ်စံ စကားများကို နားမလည်နိုင်တော့။ ထို့ကြောင့်လည်း အိမ်ကြီးအပေါ်ထပ်သို့ တက်သွားကာ ထုပ်တန်းတွင် ကြိုးပစ်၍ ပုခက်လုပ်တော့၏။ ထိုစဉ် ဦးတိမ်ပေါ်စံ၏ သမီးငယ်ဖြစ်သူ တိမ်မြူမြူတစ်ယောက် ချစ်သူ ရော်ကီအုံ့နှင့်တွဲကာ အိမ်ကြီး၏ အပေါ်ထပ်ဧည့်ခန်းထဲမှ ထွက်လာ၏။

ရော်ကီအုံ့သည် ဦးတိမ်ပေါ်စံအခန်းရှေ့က အဖြတ်တွင် ပုချိုလုပ်နေပုံကို ကြည့်ပြီး အံ့ဩသွား၏။ ထို့ကြောင့်လည်း သူ့ဘေးနားပါလာသော တိမ်မြူမြူကို တံတောင်နှင့်တို့၍ ပြောလိုက်၏။

"ဟိုလူ ဘာကြောင့် ပုခက်ပြင်နေသတုံး"

"ဟယ် ကိုပုချို . . ."

"ဗျာ"





"ဒါ ဒါ ဘာလုပ်တာတုံး၊ ပုခက်က ဘာလုပ်ဖို့တုံး။ ပြောစမ်း ရှင် ဘာ . . .တ်တာတွေ လုပ်နေသလဲ"

"ဟာ၊ မ မဟုတ်ရပါဘူး မမငယ်ရယ်။ ဟို ဆရာကြီးက အိမ်ပေါ်မှာ . . .တ်သွားပြင်လို့ ပြောတာနဲ့"

"ရှင်"

"ဟိုက် ဒါဆို မြကလေးရဲ့ ဒယ်ဒီကြီး သူငယ်ပြန်သွားပြီဖြစ်မယ်"

"အို၊ မဟုတ်တာ ကိုပုချို"

"ဗျာ"

"ခုချက်ချင်း ပြန်ဖြုတ်စမ်း"

"ဟာ၊ ဒုက္ခပါပဲ"

"ဖြုတ်ဆိုဖြုတ်လေ"

ပုချိုတစ်ယောက် ပုခက်ပြင်ပြီးခါမှ ဩဇာအာဏာ ပြင်းထန်လှသည့် . . .ယ်မ တိမ်မြူမြူ၏ အမိန့်ကြောင့် အလျှင်အမြန် ဖြုတ်လိုက်ရလေ၏။ ထိုအ . . .ွင် သူတို့နှစ်ဦး ကျွန်းလှေကားကြီးပေါ်မှ ဆင်းခဲ့ကြရာ ဧည့်ခန်းအလယ်တွင် . . .င်းကြီးမှော့ကာ ထိုင်နေသော ဦးတိမ်ပေါ်စံကို တွေ့လိုက်ရ၏။

လက်ထဲတွင်လည်း နို့ဘူးကြီးကိုင်ထားသည်ကို တွေ့လိုက်ရသဖြင့် နှစ် . . .က်စလုံး ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"ဟို၊ ဒယ်ဒီ ဘယ်လိုဖြစ်ပါလိမ့်"

"ဟုတ်ပ့ါ အန်ကယ်ပေါ် ဂေါက်သွားတာပါ"

"အို၊ မဟုတ်တာတွေ မပြောနဲ့"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး လှေကားကြီးပေါ်မှ တဒုန်းဒုန်း အပြေး . . .းလာလေ၏။ တိမ်မြူမြူမှာ ဖခင်ကြီးလုပ်သူကို ကြည့်၍ စူးရဲရဲအသံနှင့် မေး . . .၏။

"ဘယ်လိုဖြစ်နေတာလဲ ဒယ်ဒီ"

"ဟာ၊ သမီးလေး ဒယ်ဒီ ဘာဖြစ်လို့တုံးကွ"

"ဟင်၊ နို့ဘူးတွေရော ပြီးတော့ ပုခက်တွေဘာတွေနဲ့ ဘယ်လိုဖြစ်တာတုံး . . .ဒီရယ်"

"ဟာကွာ၊ သမီးလေးကလည်း ဒယ်ဒီရဲ့ဘဝ ပုခက်တွင်းကပြန်စပြီလေ . . . ဟုတ်ဘူးလား သမီးရယ်"

"အို၊ ဘာတွေတုံး ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောတယ် မဟုတ်လား။ ဒါ သူငယ်ပြန်တာ မြကလေးရယ်"

"အို မဟုတ်ဘူး မဟုတ်ဘူး"

"ဟော့ကောင် မင်းက ဘယ်သူတုံး၊ ငါ့ကို သူငယ်ပြန်တယ် ဘာတယ်နဲ့ မပြောစမ်းနဲ့ကွ။ ဒါ နုပျိုအောင်လေ့ကျင့်တာ နားလည်ရဲ့လား"

"ခင်ဗျာ"

"နေပါဦး မင်းကရော မုတ်ဆိတ်တွေနဲ့ မီးနင်းပွဲ သွားမလို့လား"

"ခင်ဗျာ"

"သမီးလေး သူ ဘယ်သူလဲ ပြောစမ်း၊ ဘာလဲ သမီးပါ မီးနင်းပွဲ သွားမလို့ လား"

"ရှင်၊ ဒုက္ခပါပဲ တော်ပြီ တော်ပြီ ဒယ်ဒီကြိုက်သလိုလုပ်၊ ကိုကိုကြီး တိုင်ပြောလိုက်မယ်။ လာ သွားမယ် ရော်ကီ"

"သွားမယ်"

"သွားကြ သွားကြ၊ မီးနင်းပွဲမကလို့ မီးပုံထဲ ခုန်ချကြ။ အဲဒါမှ အေးမှာ"

"အင်"

တိမ်မြမြနှင့် ရော်ကီအုတို့နှစ်ဦးမှာလည်း ဦးတိမ်ပေါ်စံ၏လုပ်ရပ်ကိုကြ ပြီး အဖြေမရှာနိုင်ဖြစ်ကာ အိမ်ကြီးပေါ်မှ အလျှင်အမြန် ဆင်းသက်သွား လေ၏။ ထိုအချိန်တွင် ဦးတိမ်ပေါ်စံမှာတော့ သူ့အတွေးနှင့်သူ ကမ္ဘာဖွဲ့နေ သူ့စိတ်ထဲ လောကကြီးသည် ယခုလိုတော့လည်း သာယာလှပါလားဟု တွေ ၏။ တစ်ချိန်က စိန်ရွှေနန်း သူ့ကို စွန့်သွားစဉ် သူ့ဘဝက အတောင်ပံကျ သွားသည့် ငှက်တစ်ကောင်နှယ်ပင်။ ယခုတော့ ဝင်းဝါဝါဆိုသည့် ကလေး ကြောင့် အတောင်နုတွေ ပေါက်လာသည့်အပြင် နဖူးမှာပါ ချိုထွက်လာသ ဟု ထင်သွားမိ၏။

ရင်ခုန်သံတွေ တလှပ်လှပ်၊ မျက်လုံးထဲက ထွက်ကို မထွက်နိုင်သေ ဝင်းဝါဝါ၏ စိုလဲ့လဲ့ မျက်နှာကလေး၊ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူ၊ ပါးဖော ဖောင်းနှင့် လုံးကြီးပေါက်လှကလေး၊ အသားအရေကလည်း အခေါက်ရွှေ ဝင်းစိုနေသဖြင့် ဦးတိမ်ပေါ်စံ၏ရင်ထဲ သံမှုနှင့် စွဲစွဲမြဲမြဲ နှက်လိုက်သလိုပ

ယခုဆိုလျှင် သားသမီးတွေလည်း တစ်အိုးတစ်အိမ် ပြုသွားကြပြီ ဖြ လေ၏။ သူတို့သည် အဆင့်မြင့်မြင့် ဘဝကြီးများကိုလည်း ပိုင်ဆိုင်နေကြ ဖြစ်၏။ အိမ်မှာ ကျန်ရစ်သော တိမ်မြမြ၊ တိမ်လှလှတို့ကလည်း ချစ်သူ ရည်း များ ကိုယ်စီနှင့်။





ထိုသို့ ပြီးပြည့်စုံနေကြသော သူတို့လေးများအလယ်တွင် သူ့ဘဝက အထီးကျန်ဆန်လွန်းလှသဖြင့် ဝေါင်စင်းစင်း ကြောင်တက်တက်။ သူ ပြောသမျှ စကားတွေလည်း အရာမထင်တော့။

ထိုသို့ အထီးကျန်သောကနှင့် ဘဝကို ဆိုးဆိုးဝါးဝါး ရှုထောင့်မှ ကြည့် ခဲ့သော ဦးတိမ်ပေါ်စံ။ ယခုတော့ အားလုံး ပြောင်းလဲသွားခဲ့ချေပြီ ဖြစ်လေ၏။ ဆန်းကြယ် အံ့မှုယ်ကောင်းလှသော ဇရာအိုအချစ်ကို သူ နားလည်ရန် ခက်ပါဘိ။ အရွယ်လွန်ခါမှ အချစ်ရေးကို ပြန်စရမည်မို့ သူ့စိတ်ထဲ တဖိုဖို တလှိုက်လှိုက်။ သမီးတွေ သိလို့လည်း မဖြစ်၊ သိလိုတ်သည်နှင့် ယမ်းပုံမီးကျ ဖြစ်ကုန်ကြမှာမလွဲ။ အဆိုးဆုံးက အငယ်မ တိမ်မြမြ စိတ်မထင် မထင်သလို ပြဿနာ မီးခွက်ထွန်းရှာ လေ့ရှိသော သမီး။ အလိုလိုက်မိခဲ့သဖြင့် သူထင်ရာ သူလုပ်ခဲ့၏။ တွဲလိုက်ရသည့် ရည်းစားများကလည်း ထည်လဲ။

ရွှေဆိုင်ပိုင်ရှင်မို့ ပိုးပန်းသူတွေကလည်း တစ်ပုံတစ်ပင်။ အရင်းအနှီးကို သူ့ထံ မရမက တောင်းခံပြီး ရွှေမြင့်မိုရ်မည်သော ရွှေဆိုင်ကြီးကို မြို့ထဲ ဖွင့်လှစ် ထားခြင်း ဖြစ်လေ၏။

အာစလျှာစကလည်း ကြမ်းပ။ မကြိုက်တာ မနှစ်သက်တာတွေ့လျှင် ဘယ်သူ့မျက်နှာမှ မထောက်ဘဲ ပြောတတ်ဆိုတတ်သူ ဖြစ်၏။ အစ်ကိုလုပ်သူ အိမ်ထောင်သည်များပင် တိမ်မြမြကို ကြောက်ကြရ၏။

ယခုလည်း ဝင်းဝါဝါကိစ္စ သိသွားလို့ကတော့ ဦးတိမ်ပေါ်စံ နားအုံပွင့်ဖို့ သာ ပြင်ရလေတော့မည်။ ပြောလိုက်သမှ စက်သေနတ်ပစ်သလို အတွဲလိုက် အကတ်လိုက် ပြောတတ်သည့် ကလေးမ။ ထိုအခြေနေကြောင့်လည်း ဦးတိမ် ပေါ်စံ သူ့ကိစ္စကို ပုန်းလျှိုးကွယ်လျှိုးလုပ်ရန် ကြံစည်ခဲ့လေ၏။

ထိုအခါ သူ့လက်စွဲတော် ပုချိုကို သတိရလာ၏။ ပုချိုက အရပ်ပုသ လောက် အားကြီး စပ်စုတဲ့ စိတ်ဓာတ်ရှိသူ။ စာတိုပေစများလည်း ဖတ်မှတ် ထားသူမို့ စကားပြောလျှင် ရွှေမန်းဟဲလုံးများပင် ဟဲတတ်သူ။

ထို့ကြောင့်လည်း သမီးများ မရှိခင် ရေမိုးချိုးစားသောက်ပြီးသည်နှင့် ခြံ ထဲဆင်းကာ ထိုင်ခဲ့၏။ သူ့နံဘေးတွင် ပုချိုက အရန်သင့်။

"ဟော့ကောင် ပုချို"

"ဗျာ ဆရာကြီး"

"ဟို၊ ငါဝှက်ထားတဲ့ ဝီစကီပုလင်း သွားယူကွာ။ ငါ့အိပ်ခန်းထဲက ရေခဲ သေတ္တာထဲမှာ ရှိတယ်။ ပြီးတော့ ဝက်အူချောင်းလည်းရှိတယ် ယူခဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



“ဟာ၊ ဖြစ်ပါ့မလား။ ဟို မမလတ်တို့ မမလေးတို့ . . .”

“အို့ကွာ၊ ဒီအိမ်မှာ ငါဘုရင်ပါကွ။ ဘယ်နှပတ်လှည့်လှည့်ပေါ့ကွာ။ ဒင်းတို့ မျက်နှာကြည့်ပြီး ငါက လူလုပ်ရမှာလား။ ကဲ သွားယူစမ်းကွ အသက်ကြီး ဆင်စီးတဲ့ကွ”

“ဗျာ၊ ခုညစ္စာ ဆင်မဟုတ်ဘဲ ဆရာကြီးရဲ့။ ဟို ဝီစကီလေ၊ ဝီစကီစီးပြီး ကေန္တ ဆရာကြီး ပြီတီတီခရီးနှင်တာ့မယ် ထင်ပ”

“တော်စမ်းကွာ သွားယူမယ့်ဟာကို ဟန်ခဲ့ . . .”

“သွားပါပြီခင်ဗျ”

ပြောပြောဆိုဆိုနှင့် ပုချိုတစ်ယောက် အိမ်ကြီးဘက်သို့ သုတ်သီးသုတ်ပျာ လျှောက်သွား၏။ ဦးတိမ်ပေါ်စံသည် ရောင်စုံ စက္ကူပန်းရုံကြီးကွယ်ကာ အေးအေးလူလူနှင့် ဒရင်းဘတ်ချ်ပေါ်တွင် ထိုင်နေ၏။ သူ့စိတ်ထဲ ဝင်းဝါဝါကိုသာ တွေးနေမိ၏။

ခုမှ သူ့ဘဝက စိုးစိုးတွတ် ဖြစ်လာသလိုပင်။ ဖြစ်နိုင်လျှင် အချစ်မိုးတွေကို သူ့ဘဝတစ်ခုလုံး ရွဲရွဲစိုသွားစေချင်ပါဘီ။ နမိုးနီးယားမကာလို့ တိုက်ဖွိုက်ပဲ ဖြစ်ဖြစ် ဘဝကို အဲဒီအချစ်မိုးရေကြား ရွှဲရွှဲနစ်သွားအောင် ထိုင်ချလိုက်ချင်၏။

တစ်ယောက်တည်း အတွေးနယ်ချဲ့နေစဉ် တပည့်ကျော် ပုချိုတစ်ယောက် လင်ပန်းကြီးတစ်ချပ်နှင့် ရောက်လာ၏။

“ဟာ၊ ဘာတွေတုံးကွ”

“ဝက်အူချောင်းကြော်၊ ကြက်သားတာလချောင်းကြော်လည်း ပါတယ် ဆရာကြီး။ ဟဲဟဲ ပုချိုက ဆရာကြီး ဘာကြိုက်တယ်ဆိုတာ သိတယ်”

“ဒါမှ ငါ့တပည့်ကွ။ ဆော်ဒါတို့ ရေခဲတို့ရော”

“ပါပါတယ် ဆရာကြီးရဲ့၊ ကျွန်တော်ကိုယ်တိုင် စပ်ပေးမယ်”

“လုပ်စမ်းကွာ။ မင်းလည်း တစ်ငုံတစ်ဖလားချ။ လောကကြီးကို မရဲတရဲ ကြည့်ပြီး ပြူတစ်ပြူတစ် ဖြစ်နေတဲ့စိတ်ကို ဟောဒီဆေးတန်ခိုးနဲ့ ဖွင့်ချလိုက်မယ် ကွာ”

“ဟာ၊ ဒါ လောကီစကျူးဆရာကြီးရဲ့”

“ဟေ တယ်ဆိုတဲ့ စာပါလား။ ကဲ သောက်ရင်းနဲ့ ပြောစမ်းကွာ”

ပုချိုသည် ဖန်ခွက်ထဲ ဝီစကီများထည့်ကာ ဆော်ဒါနှင့် ရော၍ ရေခဲတုံးကလေးများကို စတီးညှပ်နှင့် ညှပ်၍ထည့်လိုက်၏။ ဝါလဲ့လဲ့ ဝီစကီပေါ်တွင် ရေခဲတုံးကလေးများက ပေါလောမျောနေဆဲ။ ဦးတိမ်ပေါ်စံသည် ဝီစကီခွက်





www.burmeseclassic.com

www.burmeseclassic.com



ဦးညို၏ တစ်ငုံမော့သောက်လိုက်၏။

"အား၊ ရင်ထဲကို နွေးသွားတာပဲ"

"ကောင်းပ ဆရာကြီးရယ်၊ ကျွန်တော့် အယူအဆကတော့ ဒါသေရည် သေရက်၊ ရွှေပြည်တောင်ဖျက်နိုင်ပါရက်၊ ဒါပေမယ့် တစ်ခွက်တစ်ဖလားဆို သက်ထားတို့ တန်းတန်းစွဲတဲ့ဗျ"

"ဟေ၊ လုပ်လှချည်လား ဆိုပါဦးကွ၊ ငါသိချင်တာတော့ အချစ်ပဲကွ။ အချစ်မှ တချစ်ချစ်မြည်နေတဲ့ အကြောင်းပဲ ဟီးဟီး"

ဦးတိမ်ပေါ်စံတစ်ယောက် တစ်ခွက်ဝင်သွားသည်နှင့် အူမြူးလာ၏။ ပုချို သလည်း နှစ်ခွက်လောက်ဆင့်၍ သောက်လိုက်သဖြင့် ပွစိစိမျက်နှာမှာ ပန်းသီး နီမှည့်လာ၏။

"ကဲ၊ ဆိုပါဦးကွ။ သက်ထား တန်းတန်းစွဲဆိုတော့ အချစ်ပေါ့နော်"

"ဗျာ၊ ဟုတ်တယ်။ အချစ်ဆိုတာ ဒီလိုဆရာကြီးရဲ့ အဟမ်း"

"လုပ်စမ်းကွာ"

"ဆရာကြီး ပုရွက်ဆိတ် ကြော်ပြီး အရက်နဲ့မြည်းဖူးလား"

"ဟေ၊ ဘာတွေတုံး"

"ဟဲဟဲ၊ အဲဒါ အချစ်ပဲ ဆရာကြီးရဲ့။ မမြင်ရမသိရတဲ့ အရသာလေ။ အချစ်နဲ့ သေရည် ရွှေပြည်ကိုဖျက်သတဲ့"

"ဟာ၊ တစ်ခါလာလည်း ဒီရွှေပြည်ဖျက်တဲ့ကိစ္စပဲ။ တခြားအကြောင်းအရာ ပြောစမ်းပါကွ။ စောစောက ပြောတဲ့ ပုရွက်ဆိတ်ကြော်ကို အရက်နဲ့ မြည်းတာ အချစ်တဲ့လားကွ။ ငါတော့ မကြားဖူးဘူး"

"ဒီလိုရှိတယ်လေ။ အချစ်ဆိုတာ ခေါင်းဆေးကျွန်းက မြက်တစ်ပင်နဲ့ ပဲခူး မထဲက ကိုးတောင်ကျားကို ချည်သလိုပဲတဲ့ ဆရာကြီးရဲ့"

"ဝုဒ္ဓေါ မင်းဥစ္စာ ဘာတွေတုံးကွာ၊ ခေါင်းဆေးကျွန်းက မြက်ပင်နဲ့ ပဲခူး မက ကျားချည်တာ အချစ်ဖြစ်ရောလားကွ။ ကေန္တ မင်းစကားတွေက နည်းနည်း မှုရဆန်လွန်းသကွ။ ဒီတော့ ငါဦးနှောက်မလိုက်နိုင်ဘူး၊ ဟေ့ကောင် ပုချို"

"ခဏလေး ဆရာကြီး။ ဟောဒီ ဝက်အူချောင်းနီနီလေးကို အချဉ်နဲ့တို့ပြီး ပါးစပ်ထဲထည့်လိုက်ရင် ဘာဖြစ်သွားမယ်ထင်သလဲ"

"ဟ ဗိုက်ပြည့်သွားတာပေါ့ကွ"

"မဟုတ်ဘူး ဆရာကြီးရဲ့။ ဒါ ဓာတ်သဘောတွေဗျ"

"လုပ်ပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲဟဲ ပြောရရင် အရက်ဆိုတာ ပါစကား၊ အဲဒီ ပါစကမာတ်ကို အ လေး အအီလေးနဲ့ လှုပ်ပြီး မီးကူးကြည့်တာဗျ"

"ဟော့ကောင် တော်ပါတော့ကွာ။ ကြာရင် ငါ မင်းကို ကြည့်ပြီး မူး လာတယ်။ ကဲ ငါမေးတာ ဖြေစမ်း ပုချို"

"ဗျာ၊ ဘာဖြစ်ရမလဲ ဆရာကြီး"

"မင်း ဝင်းဝါဝါဆိုတာ သိလား"

"ဝင်း. . . ဝါ. . . ဝါ ဟာ ဒါနန္ဒင်းမှုန့်ပဲ ဆရာကြီးရဲ့။ ပူတယ်၊ ပွင့်တယ် လူကို ကန်စေတယ်၊ ဥတုဘောဇနကျွမ်း . . ."

"ဟိတ်ကောင် မင်းပြောတာ ဘာတွေမှန်းလဲ မသိဘူး။ ငါမေးတာ နနွင်း မှုန့်ပြောတာ မဟုတ်ဘူး။ ဝင်းဝါဝါဆိုတဲ့ ကောင်မလေးလေကွ။ ဟို လမ်းမ ထိပ်က ဘေဘီလေးစတိုးမှာ ရောင်းနေတဲ့ လုံးကြီးပေါက်လှကလေးလေကွာ"

"ဪ၊ ဟုတ်ပြီ ဟုတ်ပြီ။ ဝင်းဝါဝါ ဝါဝင်းဝင်း"

"ဘာတွေတုံး"

"ဟုတ်ပြီ ဒါကက်ကင်းပဲ"

"အင်း ရှုပ်ကုန်ပြီ၊ ငါမေးတာ ဖြေစမ်းကွ"

ပုချိုကလည်း ထင်ရာပြော၊ ဦးတိမ်ပေါ်စံကလည်း ထင်ရာမေးနှင့် မှ ယောက်သား လုံးထွေးပတ်ချာလည်နေ၏။ ပုချိုမှာ တစ်ခွက်တစ်ခွက်မို့ တော်ကလေး ဝေနေပြီဖြစ်၏။ ဦးတိမ်ပေါ်စံမှာလည်း ခေါင်းထဲ ရီတီတီ။

"အေး၊ လုပ်စမ်းကွာ။ အဲဒါ ဝင်းဝါဝါဆိုတာ"

"ဝါဝါဝင်းပါ ဆရာကြီးရဲ့"

"ဟာ၊ ဝင်းဝါဝင်း အဲလေ ရှုပ်ပါ့ကွာ"

"ဪ၊ သိပြီ သိပြီ ဝင်းဝါဝါ။ ဗုဒ္ဓဟူးနံ့သုံးလုံးနဲ့ ဆင်သုံးကောင် ခေ ပြင်းလိပ် အဲ ဟုတ်ဘူး"

"ဘာတွေတုံးကွ။ ခက်ပကွာ။ ငါ့မှာ အချစ်ကြောင့် အနေခက်ပြီကွ လုပ်စမ်းကွ၊ ဒီကောင်မလေးကိစ္စ ငါဘယ်လို နားလည်ရမလဲ"

"ဟာ၊ ဝင်းဝါဝါတို့ ဘယ်မှာနေတယ်အစ ကျွန်တော်သိတယ်ဗျ။ ဟုတ် သူ့အမေကြီးက ဒေါ်ရွှေမှီတဲ့။ နားလေးတယ်။ ဆင်ခြေဖုံးရပ်ကွက်မှာ အိမ်ငှား နေတယ်။ ဘေဘီစတိုးမှာ စာရေးမ၊ အသက်က သုံးဆယ်တီတီပါ။ မုဆိုး ကလေးတစ်ယောက်ရှိတယ်"

"အားပါး၊ မင့်စကားတွေက တိကျလှချည်လား"





"ဟာ၊ ပုချိုက လူ့အလို သိပ့် ဆရာကြီး အေ့"

"ချစမ်းကွာ။ မဝရင် ငါ့ခုတင်အောက်မှာ တစ်လုံးရှိသေးသကွ။ ကဲ လုပ် စမ်းပါဦး အဲဒီ ဝင်းဝါဝါရဲ့ ဘိုင်အိုဂရပ်ဖ်"

"ဟဲဟဲ၊ အဲဒီ ဝင်းဝါဝါရဲ့ အစ်ကိုနာမည်က ဂျောက်ဂျက်တဲ့ဗျ။ လူမိုက် ကြီးနော်"

"ဝုဒ္ဓေါ့။ ဟုတ်လား ဒါ ဒါဆို . . ."

"ဟာ၊ ကျွန်တော် ဂျောက်ဂျက်ကို ပိုင်ပါတယ် ဆရာကြီးရယ်။ ပုချို သေဆိုသေ ရှင်ဆိုရှင်မယ့် ကောင်ကြီးပါ"

"ဟေ ဟုတ်လား၊ တော်ပါသေးရဲ့ကွာ ကဲ ငါ့စကားကို မင်းဘယ်သူ့မှ မပြောနဲ့နော်"

"စိတ်ချစမ်းပါ ဆရာကြီးရယ်။ ပုချိုပဲဟာ လူ့အလိုသိပ့်"

"အေး၊ ငါပြောမယ်၊ ငါ အဲဒီ ဝင်းဝါဝါဆိုတဲ့ လုံးကြီးပေါက်လေးကို ချစ် နေပြီကွ။ ဒါပေမယ့် မနေ့ကမှ စချစ်မိတာကွ။ ပြောရရင် မြင်မြင်ချင်း ချစ်မိ သပေါ့ကွ။ ဟဲဟဲ ရှေးရေစက်လေ"

"ဪ၊ ရှေးရေစက်ဆိုလား"

"ပြောပါဦးကွ"

"ဟဲဟဲ၊ ရှေးရေစက်ဆိုတာ မောင်တင်မောင်နဲ့ မေရှင်တို့ ဆိုထားတာလေ"

"ဟိတ်ကောင် ဘာတွေတုံးကွ။ လိုင်းမပူးစမ်းနဲ့ကွ။ ငါပြောနေတာ ဝင်း ဝါလေကွ"

"အဲ၊ ဟုတ်သားပဲ။ မပူပါနဲ့ ဆရာကြီးရယ်၊ ဆရာကြီးချစ်တယ်ဆိုတာ ဘယ်လို နားလည်သတုံး"

"ဟဲဟဲ၊ အချစ် အချစ်ဆိုတာကွာ။ ရေခဲတုံးထဲ အရက်ထည့်သောက် လေ ဟိုကွာ အချစ်ဆိုတာ ရင်ခုန်တယ်၊ နှုတ်မှုန်တယ်၊ ခြေအေးလက်အေး ဘတ်တယ်။ ဘဝင်မငြိမ်း . . ."

"ဟာ၊ ဒါ ပါစက လိုတယ်ဗျ၊ မာတ် မာတ်သဘော . . ."

"ဟင် ဟုတ်ရဲ့လားကွာ၊ ဒါဆို အချစ်ဟာ မာတ်သဘောပေါ့"

"ဒါပေါ့ ဆရာကြီးရဲ့၊ အဲဒီ မာတ်ကြီးကို ဆရာက ဘာလုပ်မလို့တုံး"

"ကိုင်း အဲ ဟိုကွာ ချစ်ကြည့်ချင်လို့ပေါ့ကွာ"

"အင်း၊ ဆရာကြီး ဆရာကြီး ဇရာခရီးရောက်ခါမှ တဏှာမီးတော လာခရီးလျှောက်နေရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင်၊ မင်းစကားက ငါ့ကို . . ."

ဦးတိမ်ပေါ်စံတစ်ယောက် ပုချိုကို ဂျစ်တစ်တစ် မေးလိုက်၏။ သူ ဝင်းဝါဝါကို ချစ်နေမိသည်မှာ အမှန်။ သို့သော် ထိုအချစ်ကို ဘယ်ကာစရမှန်းမသိ။ ထို့ကြောင့်လည်း တပည့်လုပ်သူ ပုချိုကို ဆရာတင်နေခြင်း ဖြစ်ပေ၏။ ပုချိုသည် မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း ပြောလိုက်၏။

"ဒီလိုလုပ် ဆရာကြီးရယ်၊ ဝင်းဝါဝါကို အမြန် နောက်ကလိုက်သွားဗျာ"

"ပုဇွန်ပါ မင်းဉစ္စာ ဘီလူးသရဲ စီးသလိုကြီးကွ"

"ဟာ ချစ်လာရင် ရှေ့မှာ တံတိုင်းမြင့်ရင်တောင် ခေါင်းပြေးဆောင့်ရဲ့မယ်ဗျ"

"ဘုရား ဘုရား။ ကြမ်းလှချည်လားကွာ။ ငါ အဲဒီလောက်တော့ မကြမ်းရဲဘူးကွ။ ငါ့အချစ်က ဂန္ဓဝင်အချစ် ပုချိုရ။ အဲဒီတော့ ငါဘာဆက်လုပ်ရမလဲ ပြော . . ."

"ဒါဆိုလည်း စာလိုက်ပေးဗျာ"

"ဟာ၊ ငါ့အရွယ်ကြီးနဲ့ကွာ။ မဖြစ်သေးပါဘူးကွ"

"ဒါဆို ဒီလိုလုပ်"

"ဘယ်လိုလုပ်ရမလဲကွ"

"ကျွန်တော့်မှာ အဲဒီဘေဘီလေးဆိုင်က ဖုန်းနံပါတ်ရှိတယ်။ ဆရာကြီး ဖုန်းနဲ့ စကားပြောကြည့်ဗျာ"

"ဟော၊ ဟို ဖြစ်ပ . . ."

"ဟာ၊ ဆရာကြီးကလည်း မှိုနဲ့မျှစ်နတ်ချင်သပဆိုရင် ကျဉ်တုပ်ခံဝံ့မခံဝံ့တဲ့။ ပဲဟင်းစားချင်တယ်ဆိုလည်း နှုတ်ခမ်းမွှေး အနုတ်ခံရမယ်တဲ့ဗျ။ ဒီတော့ ဒီကိစ္စရဲမှ ဖြစ်မယ်။ ကိုယ့်ရင်ထဲ တအုံနွေးနွေးထားရင် ဆရာကြီး အူကင်ဆာတို့ အသည်းကင်ဆာတို့ ဖြစ်လိမ့်မယ်"

"ပုဇွန်။ မဟုတ်တာကွာ။ ဟို ဒါဆို ဖုန်းနံပါတ် မင်းဆီမှာ ရှိတယ်ပေါ့"

"ရှိပါဗျာ"

"ဟိုလေ ဒီအကြံကောင်းတယ်။ ငါ ဒီကနေ့ကစပြီး ဝင်းဝါဝါကို တယ်လီဖုန်းဟျူဟာနဲ့ အချစ်စစ်ခင်းမယ်ကွ"

"လုပ်ချလိုက်လေ ဆရာကြီးရဲ့"

နှစ်ဦးသား ဆွေးနွေးပွဲ အောင်မြင်သွားပြီမို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြကာ ဝီစကီပုလင်း နောက်ထပ် တစ်လုံးယူ၍ စိမ်ပြေနပြေ မြှိုလိုက်ကြလေတော့၏။

* * *



## အခန်း (၁)

နောက်တစ်နေ့ နံနက်ခင်းရောက်သည်နှင့် ဦးတိမ်ပေါ်စံတစ်ယောက် အဝတ်အစားကို သပ်သပ်ရပ်ရပ် ပြန်လည် ဝတ်ဆင်လိုက်၏။ တောင်ဝှေးကို သည့်မကြည့်တော့။ မဆိုးတာကြာပြီဖြစ်သော ဆံပင်ကို ညကတည်းက ဆိုးသားခဲ့သဖြင့် တစ်ခေါင်းလုံး မီးသွေးခြင်းစွပ်ထားသလိုပင်။

ဖရိုဖရဲအပြုအမူများကို အမြန်ဆုံး ပြင်ဆင်လိုက်၏။ ကိုယ်လုံးပေါ်မှန်ရှေ့ရပ်၍ သူ့ကိုယ်ကို ဘယ်ညာလှည့်ပတ်ကြည့်ရှုခဲ့၏။ ပါးလှပ်လှပ် ရှည်မျောမျော၊ နဖူးပြောင်စပ်စပ်၊ အကျပိုင်းရောက်နေပြီမို့ တင်းတင်းရင်းရင်း မရှိတော့။ သို့သော် ခန္ဓာကိုယ်အားနည်းချက်ကို အဝတ်နှင့် ဖုံးကွယ်ပစ်လိုက်၏။

အားလုံး စမတ်ဖြစ်ပြီဆိုမှ အိမ်ကြီးပေါ်က ဆင်းခဲ့၏။ သူ့ကို မြင်တော့ အလတ်မ တိမ်လှလှတစ်ယောက် နားဝေတိမ်တောင်ဖြစ်နေ၏။

"အလို၊ ဒယ်ဒီကြီးက ဒီကနေ့ တယ်လည်း လှပနေပါလား"

"ဟဲဟဲ၊ ဝင်း အဲလေ ဘာဖြစ်လို့လဲ သမီးလတ်ရဲ့ ဒါ [illegible]ဖေ့စတိုင်လေ"

"မာမီကြီးဆုံးတော့ ဒီစတိုင်မဟုတ်ပါဘူး။ ခုဉစ္စာ ဒယ်ဒီ့စတိုင်က တအားမိုင်းနေတယ်။ ဘာလဲ ဒယ်ဒီနော် အငယ်မကို လက်တို့လိုက်ရမလား"

"ဟာ၊ အလတ်မကလည်း ငါ့ဟာငါ ဝတ်စားတာကို လျှောက်ပြောနေတယ်။ ဲ နင်တို့ထင်ချင်သလိုထင် ငါသွားမယ်"

ပြောပြောဆိုဆိုနှင့် အိမ်ကြီးပေါ်မှ အိုက်တင်ပါပါ ဆင်းသွား၏။ ထိုအခိုက်တွင် အိမ်ကြီးပေါ်မှ လှမ်းကြည့်နေသော တိမ်မြမြတစ်ယောက် ဖခင်ကြီး၏ အသွင်အပြင်ကိုမြင်ပြီး တအံ့တသြ ဖြစ်နေပေ၏။ ထို့ကြောင့်လည်း အိမ်ကြီးအပေါ်ထပ်မှ တဒုန်းဒုန်း ပြေးဆင်းလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဟဲ့၊ အငယ်မ ဘာဖြစ်တာတုံး"

"ဟို၊ ဟိုလေ ဒယ်ဒီကြီးက ရှိုင်းလှချည်လား"

"အဲဒါပြောတာပေါ့ အငယ်မရဲ့၊ မာမီမရှိကတည်းက ညစ်တီးညစ်ပတ်နေခဲ့တဲ့ ဒယ်ဒီကြီးက ခုတော့ ဆံပင်တွေဘာတွေကအစ ရှိုင်းထားတယ်။ ဒါ မရိုးသားဘူး အငယ်မရဲ့"

"ဟင်၊ ဒါဆို ဒယ်ဒီကြီး ဘာမဟုတ်ကဟုတ်ကတွေ လုပ်နေပြီလဲ မသိဘူး၊ စောက္ခ . . ."

"အငယ်မ ဒီကိစ္စ ဒီအတိုင်း ပစ်မထားနဲ့နော်။ ကိုပုချိုကို မေးကြည့်ပါလား"

"ဟာ၊ ကိုပုချိုနဲ့ ဒယ်ဒီကြီးက တကျိတ်တည်း တစ်ဉာဏ်တည်း မမလတ်ရဲ့၊ နေဦး ဒီကိစ္စဘာလဲဆိုတာ သိရအောင် မိဆိတ်ကို စုံစမ်းခိုင်းမှပဲ။ ဟဲ့ မိဆိတ် မိဆိတ်ရေ . . ."

"ရှင်၊ မမလေး လာပါပြီရှင့်"

"အမြန်လာစမ်း"

တိမ်မြမြသည် လှုပ်တုတ်လှုပ်တုတ်နဲ့ လျှောက်လာသော အိမ်ဖော်မလေး မိဆိတ်ကို တီးတိုးမှာကြားကာ အတင်းတွန်းထိုးလွှတ်လိုက်၏။ မိဆိတ်သည် ထဘီကို ခပ်တိုတိုဝတ်ဆင်ရင်း အိမ်ကြီးပေါ်မှ အပြေးအလွှား ဆင်းသွား၏။

ထိုမြင်ကွင်းကို အစအဆုံး ကြားသိလိုက်သူမှာ ပုချို။ သူသည် အိမ်နောက်ဘက်တံခါးကြားမှ ချောင်းမြောင်းနားထောင်နေခြင်းဖြစ်ရာ မိဆိတ် ထွက်သွားသည်ကို မြင်သည်နှင့် သူလည်း နောက်ဖေးပေါက်မှထွက်ကာ အလျင်အမြန် လိုက်ခဲ့လေ၏။

ထိုအချိန်တွင် မိဆိတ်သည် ရှေ့မှ ငိုက်ဆိုက်ငိုက်ဆိုက်သွားနေဆဲ။ ပုချိုသည် မိဆိတ်နှင့် မီလာသောအခါ လှမ်းခေါ်လိုက်လေ၏။

"ဟဲ့ မိဆိတ် ဘယ်လဲ"

"ဟို ဒယ်ဒီကြီး"

"လာ လာ ဟိုဘက်မှာ မုန့်ဟင်းခါးကောင်းကောင်း ရှိတယ်"

"ဟင် ဟုတ်လား"

"လာစမ်းပါ"

မိဆိတ်က နာမည်နှင့် လိုက်အောင် ပါးစပ်တလှုပ်လှုပ် ဖြစ်နေမှ နေတတ်သူ ဖြစ်၏။ အစားမက်လှသည်မို့ ပုချိုက မုန့်ဟင်းခါးနှင့် ဆွယ်ပြီး ဂိုယာချိုးပစ်လိုက်လေ၏။ ထိုအချိန်တွင် ဦးတိမ်ပေါ်စံတစ်ယောက် ဘောဘီလေးစတိုးဆိုင်





ရှေ့ ရစ်သီရစ်သီလုပ်ကာ ဝင်းဝါဝါကို အကဲခတ်နေ၏။ အရိပ်အယောင် မမြင်ရသေးသဖြင့် ရင်အမောကြီး မောနေပေ၏။

ထိုအချိန်တွင် ဝင်းဝါဝါတစ်ယောက် ဆိုက်ကားလေးတစ်စီးနှင့် ရောက်ရှိလာလေ၏။

"ဟော၊ အန်ကယ်လ်ပေါ်ပါလား၊ ဘာတုံး နို့ဘူးဝယ်ဦးမလို့လား"

"ဟုတ်တယ်၊ အဲ ဟုတ်ဘူး ဟို ခုမှ လာသလား"

"ဟုတ်တယ် အန်ကယ်လ်ကြီးရေ အိမ်မှာ မေမေက နေမကောင်းဖြစ်နေတယ်လေ"

"ဪ၊ တော်တော်ဆိုးသလား"

"အသက်ကြီးပြီဆိုတော့ ဒီလိုပေါ့ အန်ကယ်လ်ရယ်၊ ခဏနော် အန်ကယ်လ် ဆိုင်ထဲ ဝင်လိုက်ဦးမယ်"

"အို၊ ခဏနေပါဦး ဝါဝါဝင်း အဲလေ ဝင်းဝါဝါရယ်။ အန်ကယ်လ်နဲ့ တစ်ခုခု လိုက်စားပါလား"

"အို မဖြစ်ဘူး။ အလုပ်က တအားနောက်ကျနေပြီရှင့်။ ဟို ဝါဝါတို့ အလုပ်ပိုင်ရှင်က အလုပ်ချိန်တိကျမှ ကြိုက်တာ"

"ဪ၊ ဟုတ်လား"

"အန်ကယ်လ်ကြီးက ဆိုင်ရှေ့လာစောင့်တာ ပစ္စည်းဝယ်မလို့လား"

"ဟဲဟဲ ဝယ်မှာပေါ့ ဘာရှိသေးလဲ"

"ဟို အနှီးလည်း ရောင်းတယ်။ ဘောဘီပေါင်ဒါလည်း ရှိတယ်။ အရုပ်တွေလည်း ရှိတယ် ဝယ်ဦးလေ"

"ဟာ ဝယ်မှာပေါ့"

ပြောပြောဆိုဆိုနှင့် ဝင်းဝါဝါဘေးမှ ကပ်၍ လိုက်ခဲ့ပြီး သူနှင့် မအပ်စပ်သည့် ကလေးပစ္စည်းများကို ဝယ်ယူလိုက်လေ၏။ သူ့ရင်ထဲ ဝင်းဝါဝါနှင့် ငါးမိနစ် စကားပြောရသည်ကို တစ်ကမ္ဘာလောက် ထင်နေမိ၏။ ဝင်းဝါဝါ၏ အပြုံးအလှ၊ ရှိုက်ကြီးရှိုက်ဖိုတို့ကို ကြည့်ရင်း သူ့ရင်ထဲ တစ်ခုခုကြီး တစ်ဆို့နေသလိုပင်။

တလှုပ်လှုပ် တလှိုက်လှိုက် ဖိုနေသော ရင်ခုန်သံတွေကလည်း အပြင်ဘက် ကြားရမလောက်၊ ဝင်းဝါဝါ၏ သူငယ်ချင်းတစ်သိုက်မှာ တဟဲဟဲလုပ်နေသော ဦးတိမ်ပေါ်စံကို ကြည့်ပြီး ပြုံးစိစိလုပ်နေကြ၏။

ထိုအဖြစ်ကို ဦးတိမ်ပေါ်စံနောက်မှ သတိထားမိလာ၏။ ဝင်းဝါဝါတို့ စားသောက်ဝါးတော့မတတ် ကြည့်နေသော သူ့အကြည့်များကို မနည်းကြီး ရုပ်သိမ်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏။ လူကြီးရှက်တော့ ရယ်ဆိုသလို ထင်ရာမြင်ရာ စွတ်ဝယ်ပြီး ဆိုင်ထဲမှ ထွက်လာခဲ့လေ၏။

ထိုစဉ် လမ်းတစ်ဝက်အရောက် ပုချိုနှင့် မိဆိတ်တို့ သူနှင့် မျက်နှာချင်းဆိုင်၍ လာနေသည်ကို မြင်လိုက်ရလေ၏။

"ဟာ ပုချို"

"ဆရာကြီး"

"ရော့ရော့ ဟဲ့ မိဆိတ် ယူစမ်း"

"ရှင်၊ ဟုတ်ကဲ့ ဆရာကြီး ဟို ဘာလုပ်ရမလဲ"

"နင်ယူလိုက်"

"ရှင်"

မိဆိတ်ခမျာ သူ့လက်ထဲ ရောက်လာသော အရာများကို ကြည့်လိုက်၏။ ကလေးအနှီးများ၊ နို့မှုန့်ဘူးများ၊ ကလေးပေါင်ဒါဘူးများကို တွေ့လိုက်ရလေ၏။ မိဆိတ်ခမျာ ဘာကို နားလည်ရမှန်းမသိ ဖြစ်နေ၏။

"ဟို ကျွန်မ အဲဒါဘာလုပ် . . ."

"ဟာ၊ နင်ယောက်ျားယူပြီး ကလေးရရင် သုံးဖို့ပေါ့ဟဲ့"

"ရှင်"

မိဆိတ်တစ်ယောက် ချာချာလည်သွား၏။ ရည်းစားဆို၍ မူးလို့ ရှူစရာပင် မရှိ။ ကိုယ်လုံးက စဉ့်အိုးကိုယ်လုံး၊ အရပ်က ပုတက်တက်၊ မျက်လုံး ပြူးပြူးနှင့် သူ့ပုံကို ပုချိုကပင် လှည့်မကြည့်၊ ယခုတော့ ဦးတိမ်ပေါ်စံ စကားကြောင့် သူ့ရင်ထဲ ဘာလိုလိုဖြစ်သွား၏။ နိမိတ်က ယောက်ျားရဦးမယ့်နိမိတ်မို့ မိဆိတ်တစ်ယောက် ရင်ထဲ ဇွေ့ဇွေ့ခုန် ဝမ်းသာနေ၏။

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်။ ဟီး ဟီး မိဆိတ်တော့ ယောက်ျားရဖို့ နီးပြီထင်ပ"

"ဟေ"

"သွားပြီ"

မိဆိတ်တစ်ယောက် ပစ္စည်းပစ္စယများ ပွေ့ပိုက်ကာ တိမ်ဂေဟာသို့ ပြန်သွားလေတော့၏။ ဦးတိမ်ပေါ်စံနှင့် ပုချိုတို့မှာ ဝမ်းသာလွန်းလှသဖြင့် ခုန်ခုန်ပေါက်ပေါက်နှင့် ပြန်သွားသော မိဆိတ်ကိုကြည့်ကာ နားမလည်နိုင်အောင်ဖြစ်နေကြလေ၏။

ထိုအချိန်တွင် တိမ်ဂေဟာခြံကြီးထဲ ဝင်လာသော မိဆိတ်ကို တိမ်မြမြက





ပုလိပ်စစ် စစ်လေတော့၏။

"ဟဲ့၊ ဘာတွေတုံး ပြောစမ်းပါ ကလေးအနှီးတွေ၊ ပေါင်ဒါဘူးတွေ၊ နို့မှုန့်တွေနဲ့ နင် ဘယ်ကရလာသလဲ ပြောစမ်း"

"ဟို ဟို ဆရာကြီး"

"ဟင် နင့်ကို ဒယ်ဒီက ပေးတာ ဘာလုပ်ဖို့တုံး"

"ဟို ကျွန်မ ယောက်ျားယူပြီး ကလေးရရင် . . . ."

"အလိုတော် နင်ရူးနေသလား မိဆိတ်"

"ဟီးဟီး၊ ဆရာကြီးက နိမိတ် နိမိတ်ဖတ်တာလေ"

"ဘာ၊ ဒုက္ခပါပဲ။ ဒယ်ဒီလည်း ဘယ်လိုဖြစ်နေပါလိမ့်။ တစ်ရက်ကလည်း နို့ဘူးတွေ၊ နို့သီးခေါင်းတွေ ဝယ်လာ။ ပြီးတော့ ပုခက်တွေပြင်နဲ့ ခုလည်း လုပ်ပြန်ပြီ။ ကလေးအနှီးတွေ ဘယ်လိုဖြစ်နေသတုံး မသိဘူး။ ဟဲ့ မိဆိတ်"

"ရှင် မမလေး"

"ညည်း ဒယ်ဒီကို ဘယ်မှာမြင်ခဲ့သလဲ ပြောစမ်း"

"ဟို ဟို အဲ ဘေဘီလေးစတိုး . . ."

"ဘာ၊ ဘေဘီလေးစတိုးဆိုင်။ ဟုတ်ပြီ ဧကန္တ အဲဒီမှာ တစ်ခုခုတော့ ရှိရမယ်။ နေပစေဦး ကဲ သွားတော့"

"ဟီဟိ ဟုတ်ကဲ့"

မိဆိတ်တစ်ယောက် ကလေးအနှီးများကို ပိုက်၍ ထွက်သွားလေတော့၏။ တိမ်မြမြမှာ ဖခင်ကြီး၏လုပ်ရပ်ကို အကြီးအကျယ် သံသယဖြစ်လာ၏။ အစ်မလုပ်သူ တိမ်လှလှနှင့် ဆုံသောအခါ အဖြစ်အပျက်ကို ပြောပြလိုက်၏။

"ဘယ်လိုပါလိမ့်။ သူက ဘာကြောင့် အဲဒီဆိုင်ကို သွားရတာလဲ"

"အို၊ အစ်မလတ်ကလည်း အဲဒီမှာ အမျိုးသမီးတွေချည်းပဲလေ။ ဧကန္တ ဒယ်ဒီလည်း ဒီက အမျိုးသမီးတစ်ယောက်ကို ချိတ်နေပြီထင်တယ်"

"ဟင်၊ ဟုတ်ရဲ့လား အငယ်မရယ်"

"အို၊ ဟုတ်ကို ဟုတ်ရမယ်။နေ နေ ဒီကိစ္စ မြမြတာဝန်ထား။ မြမြ စုံစမ်းလိုက်မယ်"

"အေး၊ အဲဒီကိစ္စ အရေးကြီးတယ် အငယ်မ၊ ဒယ်ဒီ အိုင်ဒီရာတွေ ပြောင်းသွားတာ ထူးဆန်းတယ်။ နင်ပြောသလို မိန်းမပိုးနေတဲ့ကိစ္စဆိုရင်တော့ မလွယ်ဘူး။ ငါတို့မိသားစုထဲ သူစိမ်းတွေ လက်မခံနိုင်ဘူး။ ဒီတော့ ဒီကိစ္စအပြတ်ရှင်းမှ"

"ဟုတ်တယ်၊ မြမြရှင်းမယ်။ ပြောမရရင် ကိုကြီးတို့ ကိုလတ်တို့နဲ့ ဆိုင်ပင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ကောင်းတယ်"

သူတို့သည်အစ်မနှစ်ဦး ကျိတ်ပြီး တိုင်ပင်လိုက်ကြ၏။ ထို့နောက် တစ်ခုသောနေ့တွင် ဦးတိမ်ပေါ်စံ၏ လှုပ်ရှားမှုကို တိမ်မြမြနောက်မှ လိုက်လံ ချောင်းမြောင်းလိုက်၏။ ထိုအချိန်အထိ ဦးတိမ်ပေါ်စံ၏အချစ်က လျှောက်ပြန်သံပေး၊ ခြေအေးဝမ်းရောင် အဆင့်သာ ရှိသေး၏။ စတိုးဆိုင်မှ ကလေးအသုံးအဆောင်များလည်း အမည်စုံနေပြီ ဖြစ်၏။

သို့သော် ဆိုင်သို့ တစ်နေ့တစ်ခေါက် မသွားရလျှင် ဦးတိမ်ပေါ်စံတစ်ယောက် မရိုးမရွဖြစ်နေရ၏။ စိတ်ထဲ တစ်ခုခုလိုနေသလိုပင်။ ရင်ထဲ ဟလာကျင်းဖြစ်နေသည့်အလား ခံစားရ၏။ ထို့ကြောင့်လည်း မိုးလင်းသည်နှင့် ဂိရိယရှိရှိ သွားလာနေခြင်း ဖြစ်လေ၏။

သူ့နောက်က အငယ်မ တိမ်မြမြလိုက်လာသည်ကို သတိမထားမိ။ ဝင်းဝါဝါရှေ့ မယောင်မလည်ရပ်၊ စကားမရှိစကားရှာပြော။ မဆီမဆိုင်သည့် အရာများဝယ်၍ပြန်လေ၏။

တိမ်မြမြသည် ဖခင်လုပ်သူ ဘယ်သူ့ကိုချိန်နေမှန်း ရိပ်မိသွား၏။ ထို့ပြင် တစ်ခုသော နေ့လယ်ခင်းတွင် အိပ်ခန်းထဲမှ ဖုန်းပြောသံကို တိမ်မြမြ ကြားလိုက်ရ၏။

"ဟလို ဟို ဝင်းဝါဝါလားကွယ်"

(× × ×)

"ဪ၊ ဦးပါ ဟဲဟဲ အန်ကယ်လ်ပေါ်လေ"

(× × ×)

"ဟုတ်တယ်၊ အိမ်ကဆက်နေတာ။ ဒီကနေ့ ခြေထောက်တစ်ဖက်နာနေလို့ မလာနိုင်ဘူးကွယ်"

(× × ×)

"ဝယ်မှာပေါ့၊ ဝယ်မှာ စိတ်ချ တစ်ဆိုင်လုံး ပြောင်အောင်ဝယ်ပစ်မယ်၊ ပြီးတော့ ဟဲဟဲ"

(× × ×)

"ဒီနေ့ နေပူသလိုပဲနော်၊ ဈေးရောင်းကောင်းရဲ့လား၊ အမေရော . . ."

(× × ×)

"အိမ်လာလည်ဦးမယ်လေ ဟဲဟဲ"

ခပ်ချွဲချွဲနှာသံနှင့် ပြောဆိုနေသော ဖခင်လုပ်သူကို တိမ်မြမြ အံတကြိတ်





ကြိတ်ဖြစ်နေ၏။ သူ့စိတ်ထဲ ဖခင်ကြီး ဖောင်းဘောတွေ ကန်နေပြီဟု ယူဆမိ၏၊ ထို့ကြောင့်လည်း ဆယ်လူလာတစ်လုံးနှင့် ပြုံးစိစိလုပ်နေသော ဖခင်ကြီးအခန်းထဲသို့ ဆောင့်ဆောင့်အောင့်အောင့်နှင့် ဝင်လာခဲ့လေ၏။ ဦးတိမ်ပေါ်စံကတော့ သမီးလုပ်သူကို မမြင်။ မွေ့ရာကြီးပေါ် ပက်လက်ကြီးလှန်ကာ အချစ်စကားပြောတမ်း ကစားနေပေ၏။

"ဝင်းကလေး ဟဲဟဲ ဝင်းကလေးလို့ ခေါ်ပါရစေနော်"

"ဒယ်ဒီ"

"ဝင်းကလေး ကိုယ်ပြောချင် . . ."

"ဒယ်ဒီ"

"ဟိုက် အငယ်မ"

ရုတ်တရက် ဘွားခနဲ ပေါ်လာသော တိမ်မြမြကိုကြည့်ပြီး ဦးတိမ်ပေါ်စံ အိပ်နေရာမှ ဖြုန်းခနဲ ထထိုင်လိုက်၏။ သမီးလုပ်သူက သူ့ကို မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ကြည့်နေ၏။ ခါးကြီးကိုလည်း စုံထောက်ထား၏။ ပါးစပ်ကလည်း စူပွစိ။

"ဘာလဲ အငယ်မ ဘာလိုချင်လို့လဲ။ ဒယ်ဒီ့ကို ပြော"

"မလိုဘူး ဘာမှ မလိုချင်ဘူး။ ခု ဒယ်ဒီဘယ်သူ့ဆီ ဖုန်းဆက်နေတာလဲ ပြော"

"ဝင်း အဲလေ ဟို . . . အသိပါကွယ်"

"ဘာအသိလဲ၊ သမီး မသိဘူးများ အောက်မေ့နေသလား"

"ဟော၊ ဘာဖြစ်သတုံး သမီးလေးရယ်။ ဒယ်ဒီလည်း ဘာမှလဲ မသိရပါလားကွယ်"

ဦးတိမ်ပေါ်စံသည် မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း မှုသားသုံးလိုက်၏။ တိမ်မြမြအသွင်က ပေါက်ကွဲတော့မည့် ဗုံးတစ်လုံးပမာ။

"ဒယ်ဒီ"

"ဟဲ့ ဘာတုံးဟ၊ ငါ့နာမည် ဒီလောက်ခေါ်နေရအောင် ငါသေသွားလို့လား ပြောစမ်း"

"ဒယ်ဒီနော်၊ မဟုတ်တာတွေ မပြောနဲ့"

"ဘာပြောလို့လဲ သမီးရယ်"

"ဒယ်ဒီ ဒယ်ဒီ ဘာတွေ လုပ်နေတယ်ဆိုတာ သမီးသိတယ်။ သမီး ပြတ်ပြတ်ပဲ ပြောမယ်၊ ဒယ်ဒီ နောက်မိန်းမယူဖို့ ချိန်နေပြီ မဟုတ်လား"

"ဟော . . ."



www.burmeseclassic.com

www.burmeseclassic.com



တိမ်မြမြ၏ စကားကြောင့် ဦးတိမ်ပေါ်စံတစ်ယောက် ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသား ဖြစ်နေ၏။ ဘာပြန်ဖြေလို့ဖြေရမှန်းပင် မသိ။ အိုးတိုးအတ ဖြစ်နေ၏။

"ဟို၊ ဒါသက်သက် ဒယ်ဒီ့သိက္ခာကို ချတာပဲ၊ ဒယ်ဒီ့ကို ဒီလို မပြောနဲ့စမ်း"

"အို၊ သမီးမသိဘူးများ အောက်မေ့နေသလား။ ဒယ်ဒီချိန်နေတဲ့ မိန်းမဟာ ဝင်းဝါဝါ။ ဘေဘီလေးစတိုးက လုံးကြီးပေါက်လှ မိန်းမကြီး၊ ကဲ ပြောပါဦး ပြီးတော့ အဲဒီဆိုင်မှာ အနီးတွေ၊ နို့ဘူးတွေ သွားဝယ်တာ ဒယ်ဒီ အဲဒီမှာ သွားရစ်နေတာ မဟုတ်လား"

"ဝုဒ္ဒေါ"

သမီးငယ်တိမ်မြမြ၏ ပိုင်နိုင်ချက်ကျလှသော စကားများကြောင့် ဦးတိမ်ပေါ်စံခမျာ ပါးစပ်ကြီးတဟဟ ဖြစ်နေ၏။ သူ ဘယ်လိုမှ မငြင်းနိုင်သော ဖြစ်ရပ်မို့ ထူထူပူပူ ဖြစ်နေ၏။ အားကိုးစရာလည်း မမြင်တော့။ မရှိမဲ့ရှိမဲ့ ဆံပင်ကို တဖြင်းဖြင်းကုတ်ရင်း ခုတင်ဘေး စားပွဲပေါ်မှာ မာပိုလိုဘူးကို လှမ်းယူလိုက်၏။ ထိုစဉ် တိမ်မြမြစကားသံ ထွက်လာ၏။

"ဘယ်လိုလဲ ဒယ်ဒီ၊ ဒီကိစ္စ ဒယ်ဒီရှေ့ဆက်တိုးမှာလား"

"ဟော၊ ဟို ဘာ ဘာဖြစ် . . ."

"အို၊ သမီးတစ်ခွန်းပဲ ပြောမယ် ဒယ်ဒီ၊ ဝင်းဝါဝါကိစ္စနဲ့ ပတ်သက်ပြီး ခြေလှမ်းပြင်တာနဲ့ သမီးကို အဆိုးမဆိုနဲ့"

"အလို၊ တယ်လည်း အာဏာပြင်းပါလားဟ။ နေပါဦး နင်က ငါ့ကို မွေးလို့ ကြီးလာတာလား ဒါမှမဟုတ် ငါက နင့်ကိုမွေးလို့ ကြီးလာတာလား ပြောစမ်း အငယ်မ"

"အို၊ ဒါတွေ မပြောနဲ့ ဒယ်ဒီ။ လောလောဆယ် ဖြစ်နေတဲ့ ပြဿနာကို ရှင်းဖို့ အရေးကြီးတယ်။ သမီးတို့ မိထွေးလည်း မလိုချင်ဘူး။ မိကြီးလည်း မလိုချင်ဘူး ဒါပဲ"

"ဝုဒ္ဒေါ"

တိမ်မြမြက သူ့ကို ပြတ်ပြတ်သားသား ပြောဆိုပြီး အိပ်ခန်းထဲမှ ထွက်သွားလေ၏။

ကျန်ရစ်ခဲ့သူ ဦးတိမ်ပေါ်စံခမျာ ရင်ကွဲပက်လက် ခံစားနေရ၏။ ဝင်းဝါဝါနှင့် ပတ်သက်ပြီး သူ့ရင်ထဲ မထွေးနိုင်မမျိုနိုင် ခံစားနေရ၏။ ပူရှရှ အတွေးကြောင့် ဘယ်သူ့ကို ဒေါသဖြစ်ရမှန်း မသိ။





တစ်ချိန်က သူ့ညြဇာအာဏာအောက်တွင် ကြီးပြင်းခဲ့ရသော တိမ်ဂေဟာ။ သူ ဖြူဆိုလိုက်သည်နှင့် ဖြူရသည့် တိမ်ဂေဟာ။ ယခုတော့ သူက အဖြူဆိုသည်နှင့် အားလုံးက ထင်ရာမြင်ရာ အရောင်တွေ ပြောဆိုကြဖို့ အသင့်။

ဘဝက ဘယ်လိုမှ အရာမဝင်တော့သလိုပင်။ ထို့ကြောင့်လည်း သူ ဝင်းဝါဝါ၏အချစ်နှင့် ထွက်ပေါက်ရလိုရငြား တိုးကြည့်ခြင်း ဖြစ်လေ၏။ သို့သော် သမီးငယ်ဆုံးက စ၍ ဆန့်ကျင်ခဲ့ပြီမို့ ဦးတိမ်ပေါ်စံတစ်ယောက် အံတကြိတ်ကြိတ် ဖြစ်နေ၏။

ယခုပွဲတွင် သူ ဘယ်လိုမှ အလျှော့ပေးလို့ မဖြစ်။ တစ်စက်ကလေးမှ မလျှော့နိုင်။ သူတို့လည်း သူတို့ဘဝအတွက် သာယာမှုကို တည်ဆောက်ခဲ့ကြသလို ကိုယ်လည်း ကိုယ့်ဘဝ သာယာမှုကို မရှာလို့မဖြစ်။

တစ်ယောက်တည်း မနေတတ်၊ အထီးကျန်ဆန်မှုကို တွေးပြီး ကြောက်ရွံ့နေ၏။ မဖြစ်သေး၊ ဘယ်လိုနည်းနှင့်မှ သူ မလျှော့နိုင်။ သူ့ဘဝ၏ နားခိုရာသည် ဝင်းဝါဝါ၏ အချစ်သာ ဖြစ်ရမည်ဟု တထစ်ချ ဆုံးဖြတ်လိုက်လေ၏။

ထို့ကြောင့်လည်း သမီးနှစ်ဦးကို ပြောင်ပြောင်ကြီး ဆန့်ကျင်ကာ ဝင်းဝါဝါဆီသို့ မနက်တိုင်း သွားခဲ့၏။ ဖုန်းနှင့်လည်း ဆက်သွယ်ခဲ့၏။ လက်ဆောင်တွေသည်း တစ်ခုပြီးတစ်ခု ဝယ်ခြမ်းပေးခဲ့၏။

ထိုသို့ အလွန်အကျွံ ပြုမူလာမှုကို သမီးနှစ်ယောက်စလုံး မဟာဗျူဟာ၊ နည်းဗျူဟာများနှင့် တိုက်ချလာလေ၏။ အကဲဆုံးက တိမ်မြမြ။ ဝင်းဝါဝါကို ဓရ ရအောင် ပူးကပ် ဖခင်ကြီးနှင့် ဝင်းဝါဝါကြားမှ ဟာကွက် ဟာကွက်များကို နင်း၍ နှဲ့ခဲ့၏။ လှုပ်ခါခဲ့၏။ ဦးတိမ်ပေါ်စံကတော့ သူ့အခြေအနေ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်း အောင်မြင်နေပြီဟု ယူဆကာ စံအိမ်ကြီး၏နံဘေး ပုဏ္ဏရိက်ပင်များကြား တိတ်တဆိတ် အောင်ပွဲခံခဲ့၏။

"သောက်စမ်း ပုချိုရာ၊ လောကကြီးကို ဘယ်တော့မှ အလျှော့မပေးနဲ့ကွ။ အချိန်က တိုလှပါဘိကွာ။ ကိုယ်လုပ်စရာရှိတာကို မရရအောင် လုပ်ကွ။ ကြားသား ပုချို"

"လုပ်တာပေါ့ ဆရာကြီးရာ။ ကျွန်တော်က ဟောဒီအရက်ကလေးကို သိပ်ကြိုက်တာဗျ။ ဒါကြောင့် အချိန်ရတုန်း သောက် . . ."

"ဟာ၊ အဲဒါပြောတာမှုတ်ဘူး။ အချစ်ကွ အချစ် . . ."

"ဗျာ၊ ဆရာကြီးက ကျွန်တော့်ကို ပြောတာလား။ ဟဲဟဲ ပုချိုက ပဋ္ဌာနဲ့ ဘဲရုပ်ဆိုးပါ ဆရာကြီးရာ။ အချစ်ဆိုတာ ဘာကို ခေါ်သလဲတောင် မသိ"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်းကွာ။ လူမှန်ရင် အချစ်ရှိရမယ်။ မင်းမှာ မရှိဘူးလား"

"ဗျာ၊ ဟို မရှိ . . ."

"မရှိရင် ရှိအောင်လုပ်၊ ဒီလိုလုပ်ကွာ မင်း မိဆိတ်ကို ချစ်လား"

"ဗျာ"

"မိဆိတ်နဲ့မင်းနဲ့ဆို နေနဲ့လပဲ"

"ဟာဗျာ၊ သူက အစားပုပ်တယ်ဗျာ။ ပြီးတော့ လမ်းလျှောက်ရင် စည်ပိုင်းလိမ့်သလိုပဲ ဆရာကြီးရဲ့"

"အို၊ ဒါက အပေါ်ယံကြောပါကွာ။ ငါ့ကိုကြည့် ခုဆို ဝင်းဝါဝါဟာ မကြာခင် ငါ့ရင်ခွင်ထဲ ခေါင်းတိုးဝှေ့ ဝင်လာတော့မှာကွ။ ငါပေးတဲ့ လက်ဆောင်ယူတယ်။ ငါပြောရင် နားထောင်တယ်။ ငါနဲ့အတူ လိုက်ဆော့တယ်။ ကဲ ဘယ်လောက်ပျော်စရာကောင်းသလဲလို့၊ အချစ်ဆိုတာ ဘဝကို ပြုပြင်လိုက်တဲ့ ပဉ္စလက်ကြီးကွ"

"ဟုတ်ပ ဆရာကြီးရယ်"

"အေး၊ ဒုက္ခပေါင်းချုပ်ငြိမ်းရာ အချစ်ကွ။ ဟား ဟား ဟား ငါကွ"

"ဆ ဆရာကြီး သတိလေးတော့ ထားပါဦး"

"ဟော ဘာလဲ၊ မင်းက ရူးသွပ်သွားပြီလို့ ထင်သလား။ ဟုတ်တယ် ငါ အချစ်ရူးကြီးပဲ။ လောကကို ငါ ဟန်မဆောင်ချင်တော့ဘူး။ ဝင်းဝါဝါအတွက် ငါ ဘာပဲ ပေးရပေးရကွာ"

"ကောင်းပါ့ ဆရာကြီးရာ"

သူတို့နှစ်ဦး တိတ်တဆိတ် အောင်ပွဲခံနေစဉ် တိမ်မြမြနှင့် တိမ်လှလှတို့နှစ်ဦးမှာတော့ ဖခင်ကြီး၏ လုပ်ရပ်ကို စိတ်ထဲ ကျလိကျလိဖြစ်နေကြ၏။ ထို့ကြောင့်လည်း ဖုန်းတစ်ယောက်တစ်လုံးစီကိုင်ကာ တိမ်မမနှင့် တိမ်ညီအစ်ကိုများဆီ သတင်းဖြန့်တော့၏။ ဘယ်သို့ဘယ်ပုံ ဟန့်တားရပါမလဲဟု ကြံဆခဲ့ကြ၏။ ထိုအခါ သားသမီးခြောက်ယောက်စလုံး ခေါင်းချင်းဆိုင်ခဲ့ကြ၏။

အစိုးရိမ်ဆုံးက တိမ်မမ၊ မောင်နှမများကြား လေသံမာမာနှင့် သူဝါဒကို ကြေညာခဲ့၏။

"အို၊ ဒယ်ဒီခေါ်လာမယ့် မိထွေးကိုတော့ ဇီတိမ်ဂေဟာရဲ့ ချမ်းသာမှုကို တစ်မြမ်းတစ်ဖဲ့တောင် ပေးမစားချင်ဘူး"

"ဟုတ်တယ် မမကြီး"

"ငါလည်း အဲဒီလိုပဲဟာ"





အစ်ကိုအကြီးဆုံး တိမ်မြင့်စံကလည်း တိမ်မမနှယ်ပင်။ အထူးကား ပါရဂူဘဝ၊ ငွေကြေးဥစ္စာ ထားစရာမရှိသော်လည်း တိမ်ဂေဟာကြီး၏ ချမ်းသာမှုသူတစ်ပါး ဝင်ရောက် ခွဲဖဲ့သွားမှာ စိုးရိမ်ပုံရနေ၏။

"ဘာလဲ ကိုကိုကြီး ပြောလေ"

"အေး၊ ငါလည်း နင်တို့လိုပဲ။ ဒီအိမ်ကြီးရယ်၊ ဒီစည်းစိမ်တွေရယ်ဟာတို့ ဘိုးဘွားဘီဘင် ချမ်းသာလာမှုပဲ။ ဒီတော့ လူစိမ်းသူစိမ်းတွေ ဝင်လုသွားတော့ စိုးတယ်။ ခု ဒယ်ဒီလုပ်ပုံဟာ သူစိမ်းကို လက်ယပ်ခေါ်နေသလိုပဲ"

"ဟုတ်တယ်၊ မကျေနပ်ဘူး။ ကျွန်တော်တို့လည်း အစ်ကိုကြီးလိုပဲဗျ"

တိမ်မိုးစံနှင့် တိမ်ထွန်းစံတို့ကလည်း တိမ်မြင့်စံနည်းတူ လက်သီးလက်င်းတန်း၍ ကြွေးကြော်လာ၏။ ထိုအချိန်တွင် သူတို့အားလုံး ပြောဆိုမှုကိုင်းနားထောင်နေသူမှာ ဦးတိမ်ပေါ်စံ၏ လက်စွဲတော်ပုဂ္ဂိုလ် ဖြစ်လေ၏။

သူတို့၏ စကားများကို ဦးတိမ်ပေါ်စံအား တစ်ခွန်းတစ်ပါဒမကျန် ပြန်ပြော၏၊

"ဟော၊ ဒီလိုကိုး။ မသြဘာ်၊ ငါမွေးခဲ့ကျွေးခဲ့ မြေတောင်မြှောက်ပေးခဲ့တဲ့ သားမ်းတွေက ခုလို ဆန့်ကျင်ရဲကြပြီကိုး။ အေးလေ၊ သူတို့လည်း လောကသားဆိုတော့ လက်ထဲ ပိုက်ဆံထားစရာမရှိတာတောင် လောဘစည်းစိမ်ဆို ခက်သားပေါ့ကွာ"

"ဒါဆို ဆရာကြီး ဘယ်လိုလုပ်မလဲ။ ဟို ဝင်းဝါဝါအခြေအနေက ဘယ်လို ဆရာကြီး ဖွင့်ပြောပြီးပြီလား"

"အင်၊ ဟို အဲ အဲဒီအဆင့်တော့ မရောက်သေးဘူးကွ။ ဒါပေမယ့် မျက်ချင်းတော့ စကားပြောနေပြီကွ"

"ဗျာ၊ ဟိုမျက်လုံးချင်း ဘယ်လိုစကားပြောတာလဲ ဆရာကြီး"

"ဟာ ဒီလို ဒီလိုကွ"

"အင်"

ဦးတိမ်ပေါ်စံက မျက်လုံးအိမ်ကို ပုံသဏ္ဍာန်အမျိုးမျိုး လုပ်ပြနေ၏။ ဝဲချီလည်း သဘောလည်းမပေါက်၊ စိတ်ထဲ ဇဝေဇဝါ အူကြောင်ကြောင်နေရ၏။

"အ,ပါ့ဆရာကြီးရာ။ မျက်လုံးချင်းပြောတဲ့ စကားက အသံလည်း မထွက်"

"ဟာကွာ၊ တုံးပါ့။ ကဲ ငါ့အချစ်လေးရှိတဲ့ အိမ်ကိုသွားချင်တယ်ကွာ။"



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတာဘယ် မဟုတ်လား"

"ရောက်ဖူးတာပေါ့ ဆရာကြီးရယ်"

"ဒါဆို သွားရအောင်ကွာ၊ အဘွားကြီး ကြိုက်မယ့် စားစရာသောက်စရာ တွေပါ ဝယ်ကွာ"

"စိတ်ချပါ ဆရာကြီး"

ပြောပြောဆိုဆို ဆရာတပည့် တိုင်ပင်လိုက်ကြပြီး ဝင်းဝါဝါတို့နေထိုင်ရာ ဆင်ခြေဖုံး ရပ်ကွက်ကလေးသို့ ကားတစ်စီးနှင့် ထွက်ခဲ့ကြလေ၏။

* * *



## အခန်း (၂)

ဝင်းဝါဝါတို့၏ ရပ်ကွက်ကလေးမှာ ဆင်ခြေဖုံးရပ်ကွက်ကလေးဖြစ်၍ တဲကလေးများနှင့် ဖရိုဖရဲ။ လမ်းများကလည်း ခနော်ခနဲ့၊ ပြေးလွှားဆော့ကစားနေကြသည့် ကိုယ်တုံးလုံးချွတ်ကလေးအုပ်စု၏ အော်သံဟစ်သံများလည်း ပွက်လောညံနေ၏။

ဈေးဆိုင်ကလေးများကိုလည်း ဟိုနေရာဒီနေရာတွေ့ရ၏။ ကလေးတချို့ အချဉ်ရည်တို့ထားသည့် သခွားသီးတုတ်ထိုးကလေးများကို မက်မက်မောမော ကားသောက်နေရ၏။

ခွေးဝဲစား သုံးလေးကောင်ကလည်း ဟိုပြေးဒီလွှား၊ အမူးသမားနှစ်ဦးက အဲတစ်လုံးတွင်ထိုင်ကာ သီချင်းကို အော်ကြီးဟစ်ကျယ် ဆိုနေ၏။

မြင်ကွင်းက ဆင်းရဲရိပ်များနှင့် ထုဆစ်ထားသော ဆင်ခြေဖုံးရပ်ကွက်ဖြစ်၏။ ဖရိုဖရဲမြင်ကွင်း၊ လမ်းက မညီမညာသည့်အပြင် ဗွက်ကလည်းရှိနေပြန်သဖြင့် ဦးတိမ်ပေါ်စံတစ်ယောက် နှာခေါင်းရှုံ့တွတွ ဖြစ်နေရ၏။

သို့နှင့် လမ်းလယ်လောက်အရောက်တွင် ဝင်းဝါဝါတို့သားအမိ နေထိုင်သည့် တဲအိမ်ကလေးရှေ့သို့ ရောက်လာ၏။ အဘွားအိုကြီးတစ်ဦး ထဘီရင်ရှားနှင့် ဆန်ပြာနေပေ၏။

"အဘွား အဘွား"

"ဟဲ့၊ ဘယ်သူတုံး အလှူခံတွေလား"

"ဟော၊ အဘွား ကျွန်တော် ပုချိုလေ"

"သြော်၊ အလှူခံအဖွဲ့ကိုး။ ကန်တော့ပါသေးရဲ့ကွယ်။ လူကြီးတွေ မရှိဘူး"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဒုက္ခပါပဲကွာ"

အဘွားအိုက အတော်ကလေး နားလေးပုံရ၏။ နားရွက်ကို အတင်းဆွဲပြီး နားထောင်နေရ၏။ ပုချိုခမျာ လည်ချောင်းကွဲမတတ် အော်ဟစ်နေရပေ၏။

"ဩော်၊ ဘယ်သူများလဲလို့ ဝင်းဝါဝါရဲ့ မိတ်ဆွေတွေကိုး။ သမီးမရှိဘူး ကွယ့်။ ခုထိ ပြန်မလာသေးဘူး"

"ဘယ်သွားလဲ အဘွား"

"ဟို သူ့အမျိုးသား လာခေါ်သွားတယ်လေ"

"ခင်ဗျာ"

အဘွားစကားက ဘရိတ်ပေါက်ပြီး ဝင်လာသည့် ဒေါ်ဂျစ်ကားကြီးပမာ ဦးတိမ်ပေါ်စံ ရင်တစ်အုံလုံး ပွင့်သွားလုမတတ်။ သက်ပြင်းရှည်ကြီးကို ဖူးခနဲ မှုတ်ထုတ်ရင်း အိမ်ရှေ့ကပြင်တွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်၏။ ပုချို မှာလည်း အဘွားအိုစကားကြောင့် ဆတ်ခနဲ တုန်ခါသွား၏။

"ဟို၊ အမျိုးသားဆိုတာ . . ."

"အို၊ မောင်ရွှေလေ၊ သမီးကို တယ်ပြီး ဂရုစိုက်တာကွယ့်။ သူတို့က မကြာ ခင် လက်ထပ်တော့မှာ"

"ဘုရား ဘုရား ပု ပုချို . . ."

"ဗျာ ဆရာကြီး"

"ငါတို့ အိမ်များမှားလာပြီလားကွာ"

"ဟာ၊ မမှားဘူး ဆရာကြီးရဲ့။ ဒီအဘွားကြီးက ဝင်းဝါဝါရဲ့ အမေကြီးလေ အမေကြီး . . ."

"ဟို၊ ဒါဆို ဘယ်တော့မှ ပြန်လာမှာလဲ"

"အို၊ သူတို့က လာမယ့်လထဲ မင်္ဂလာဆောင်တော့မှာလေ။ ဒီတော့ ဝယ် စရာခြမ်းစရာရှိတာတွေ ဝယ်နေကြပြီပေါ့"

"ဗုဒ္ဓေါ၊ ရက်စက်လိုက်တာ ဝင်းကလေးရယ်၊ အောင်မယ်လေး အန်ကယ် ကြီးတော့ ရေတိမ်နစ်ပြီ ထင်ပါရဲ့ကွာ"

"ဆ ဆရာကြီး သတိ သတိထားပါဦး"

"ပုချို"

"ဗျာ၊ ဆရာကြီး"

"အဲဒီ မောင်ရွှေဆိုတဲ့ကောင် မင်း မင်း မြင်ဖူးလား"

"မမြင်ဖူးဘူး ဆရာကြီး"





"ဩော်၊ ဝင်းကလေး ဝင်းကလေး နောက်ဆုံးတော့လည်း အချစ်ကြီးလှ တဲ့ အန်ကယ်ကို လှည့်တောင် မကြည့်တော့ပါလားကွယ်။ ကဲ သွားကြပါစို့ ပုချိုရာ"

"သွားလေ ဆရာကြီး"

သူတို့နှစ်ဦး ခေါင်းငိုက်စိုက်ဖြင့် အဘွားအိုကို နှုတ်ဆက်ကာ တဲထဲမှထွက် ခဲ့ကြလေ၏။ ဦးတိမ်ပေါ်စံ၏အသွင်မှာ အသက်ပင် ရှူသည့်ပုံ မပေါ်တော့။ သူငယ်အိမ်ပင် သေသွားသည့်အလား။ ပုချိုမှာ ဦးတိမ်ပေါ်စံကိုကြည့်ရင်း စိတ်ထဲ မချိတင်ကဲ ခံစားနေရ၏။ ထို့ကြောင့်လည်း ရင်ထဲက ဝေဒနာသက်သာလို သက်သာငြား ထင်ရာမြင်ရာ အကြံဉာဏ်ပေးလေတော့၏။

"ဆရာကြီး"

"ဟေ"

"ဒီလိုလုပ်ဗျ"

"အင်း ဘယ်လိုလုပ်ရမှာလဲ၊ ကင်းမြီးကောက်ထောင်ပစ်လိုက်ရမှာလား"

"ဟာ၊ ဆရာကြီးကလည်း အသည်းကွဲရင် ကင်းမြီးကောက် ထောင်ရ တယ်လို့ မကြားဖူးပါဘူးဗျာ။ ဟို အသည်းကွဲရင် အကောင်းဆုံးက အရက်နဲ့ စိမ်လိုက်တာယ်ဗျာ"

"ဟေ၊ တကယ်လား။ ဒါဆို အသည်းပြန်ဆက်သွားသလား"

"အင်း ဆရာကြီးကလည်း ဟို အဲ . . ."

"ဒါဆို ဆိုင်ရှာစမ်းကွာ"

"ဟား မပူပါနဲ့ ဆရာကြီးရယ်။ ဒီဘက်မှာ အရက်ပုန်းဆိုင်တွေ တစ်ပုံ ဘစ်ခေါင်း။ ကဲ လာလာ ပုချိုရှိပါသေးတယ် ဆရာကြီးရယ်"

"လုပ်စမ်းကွာ၊ ဖြစ်နိုင်ရင် စကြဝဠာခေါင်မိုးပေါ်တက်ပြီး ဒိုင်ဗင်ပစ်ချ လိုက်ချင်သကွာ။ ဒါမှ အချစ်သူရဲကောင်းကြီးဆိုပြီး နာမည်ကြီးမှာကွ"

"ဗျာ၊ ဟို ဆရာကြီးက နာမည်ကြီးချင်လို့လား။ လွယ်လွယ်လေးပါ ဆရာ ကြီးရယ်။ ကိုယ့်နာမည်ကို စာလုံးကြီးတွေနဲ့ ရေးပစ်လိုက်ပေါ့ဗျာ"

"ဟာ၊ မင်းကလည်းကွာ"

နောက်ဆုံး သူတို့ဆရာတပည့်နှစ်ဦး နောက်ကောက်ကျခဲ့ရသည့် ခံစား ချက်ကြောင့် ဆင်ခြေဖုံးရပ်ကွက် အနောက်ဘက်ရှိ ခွက်ပုန်းဘုံဆိုင်ကလေးထဲ ဝင်ခဲ့ကြလေ၏။ ဘုံဆိုင်က မြေစိုက်တဲကလေးဖြစ်ပြီး ပုလင်းသံ၊ ခွန်းသံ၊ အော် သံဟစ်သံများနှင့် ပွက်လော်ရိုက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သောက်သုံးသူ အချို့မှာလည်း ကိုယ်ပေါ်တွင် အင်္ကျီမပါ။ တချို့က ဇာပုံ ပေးလျှော်ဆား၊ တချို့က ကြွက်ကြော်၊ တချို့က ဖားကောင်၊ တချို့က အမြည်း တောင် မပါဘဲ သောက်သုံးနေကြ၏။ ချွေးနံ့ အရက်နံ့ကလည်း မွှန်ထူနေ၏။

ဆရာတပည့်နှစ်ဦး လူလွတ်နေသော ထောင့်ခုံတွင် ဝင်ထိုင်ကာ ချက် အရက်တစ်လုံး၊ ဆော်ဒါ၊ ကြွက်ကြော်၊ ဖားကြော်များကို မှာလိုက်၏။ ဦးတိမ် ပေါ်စံမှာ တစ်ခါဖူးမျှ မထိုင်ဘူးသည်မို့ စိတ်ထဲ အဆန်းတကြယ် ဖြစ်နေပေ၏။

ပုချိကတော့ သူနှစ်သက်လှသည့် ချက်အရက်ကို ရောက်လာသည့် ဆော် ဒါပင် မရောဘဲ တဂွပ်ဂွပ်သောက်လျက်ရှိ၏။ ဦးတိမ်ပေါ်စံသည် အချစ်နှင့် ပတ်သက်ရင် ခံစားချင်စိတ်ပင် သွေ့ခြောက်သွားသည့်နှယ်။

ရင်ထဲ အောင့်သီးအောင့်သက် ဖြစ်နေ၏။ ဘဝတစ်ခုလုံးလည်း ဘူဒိုဇာ နှင့် ကလော်ခံလိုက်ရသည့် တဲကလေးတစ်လုံးပမာနှယ်ပင်။ အသည်းတွေ အူ တွေ ဇောက်ထိဇောက်ထိုး ဖြစ်သွားကုန်ပြီလေလား မသိတော့။ ခံစားချက်တွေ များလွန်းသော ရင်အုံတစ်ခုလုံး ထုံကျဉ်သွားသလိုပင်။

ရှေ့တွင် ငှဲ့ထားသော ချက်အရက်ကို ခပ်ကြမ်းကြမ်း သောက်ပစ်လိုက် ၏။ ခြေကားယားလက်ကားယား ဖြစ်နေသော ဖားကြီးတစ်ကောင်ကို တကျိုး ကျိုးတဂျွပ်ဂျွပ်နှင့် ဝါးစားပစ်လိုက်၏။ ပုချိမှာ သူ့ဆရာကိုကြည့်ပြီး မှင်သက်မိ နေ၏။

"ဆရာကြီး ဆရာကြီး"

"ဟေ၊ ဘာတုံး ပုချိ"

"ဟို၊ ဒါ ချက်အရက်နော် ဆရာ။ ပြောရရင် မာစီဒီးစီးသလို မဟုတ်ဘူး ဆရာကြီး။ ဟိုအမိုးပက်လက်ချက်ပလက်ကို ကုန်းအဆင်း ဒုန်းမောင်းချသလို စီးရတာဗျ"

"ဟေ၊ ဘာတွေတုံးကွ။ မင်းပြောတာ ကားမာစီဒီးရော ချက်ပလက်ရော စုံလို့ကွာ။ ဘာလဲ အမြည်းလုပ်လို့ရသလား"

"ဗျာ၊ အဲ ဟိုဒင်း ဒီအရက်က အရမ်းမူးတာ ဆရာကြီး"

"မူး မူးကွာ၊ ငါ မူးလို့မက ရူးသွားပစေ။ သွားပြီ ငါ့ရင်ထဲမှာ ဝင်းဝါဝါလည်း မရှိတော့ဘူး နှင်းပြာပြာလည်း မရှိဘူး။ အိုကွာ၊ အဝါဆို ဘာအဝါမှ မကြည့် ချင်ဘူး"

"ဗျာ၊ ဟို ဘယ်လိုဖြစ် . . ."

"မမေးနဲ့ကွာ၊ ဝါဝါမြင်ရင် ငါရင်နာလွန်းလို့ကွ။ တော်ပြီ ဒီကနေ့ကစပြီး





ငါ ရင်တစ်အုံလုံး ပွင့်သွားပြီ"

"ဟာ၊ ကြမ်းလှချည်လား ဆရာကြီးရယ်"

"အေး၊ ကြမ်းမယ်ရမ်းမယ် မလွမ်းဘူးကွ။ မလွမ်းဘူး အီးဟီးဟီး . . ."

"ဟိုက် ဒုက္ခပါပဲ ဆရာကြီး။ မငို မငိုပါနဲ့ဗျာ"

"ငါ ကြေကွဲနေပြီကွ။ ငါ ခံစားနေရပြီ ပုချိရ"

"ဒါဆို တစ်ပုလင်းမော့ချလိုက်ဗျာ"

"ပေးစမ်းကွာ"

"ဟာ၊ မလုပ် မလုပ် . . ."

"ပေးစမ်းပါကွာ။ တစ်ပုလင်းလုံး မဟုတ်ဘူး ပုလင်းပါမျိုပစ်မယ်ကွ"

"ဗုဒ္ဓေါ၊ သွားပြီ ဘရိတ်ပေါက်သွားပြီ"

"ဟုတ်တယ်၊ တိမ်ပေါ်စံတစ်ယောက် အိမ်ပေါ်က အကန်ခံလိုက်ရပြီကွ။ ဟင်း ဟင်း ဟူး အီး . . ."

ပုချိတစ်ယောက် တိမ်ပေါ်စံ၏ ကြေကွဲပေါက်ကွဲခြင်းကို ကြည့်ပြီး ပါးစပ် အဟောင်းသား ဖြစ်နေ၏။ မျက်စိထဲ ယုံတောင်မယုံနိုင်ပါချေ။ တွန့်လိမ်ကောက် ကွေးကာ နမ့်ပြောင်ပြောင်ကြီးတွင် ချွေးသီးများ စို့နေသော ဦးတိမ်ပေါ်စံ၏ နှာရည်ကလည်း တရွှတ်ရွှတ်၊ မျက်ရည်များကလည်း တလည်လည်၊ ပါးစောင် ဘွင်လည်း ငရုတ်သီးဖတ်တွေ ကပ်နေ၏။ အသွင်က သူဌေးမင်း ဦးတိမ်ပေါ်စံ ရုပ်ပင် ပျောက်ဆုံးသွားသည်ဟုထင်ရ၏။

ရက်ရက်စက်စက် မူးလေ့ရှိသော ချက်အရက်တို့ တဂွပ်ဂွပ်နှင့် မော့ပစ် လိုက်ရာ ပုချိပင် လက်မြှောက်လိုက်ရလေပြီ ဖြစ်၏။ တစ်ပုလင်းခွဲခန့်အကုန် ဘွင် ဦးတိမ်ပေါ်စံတစ်ယောက် စားပွဲပေါ် ဟပ်ထိုးကြီးလဲနေသဖြင့် ပုချိတစ် ယောက် ဆိုင်ထဲမှ အတင်းထမ်းထုတ်ခဲ့ရ၏။

"မူးတယ်ကွ အော့၊ ဟော့ကောင် ပြူချို"

"ဗျာ၊ ပုချိပါဆရာကြီးရဲ့ ဟဲဟဲ"

"ပြူချိုတွေ ပုတိုတွေဘာတွေ လုပ်မနေနဲ့။ ငါ့ကို ဝင်းဝါဝါခေါ်ပေး ခေါ် ပေး ဝင်း ဝါဝါ အော့"

"ဟာ၊ ပြဿနာပဲ။ ဆရာကြီးကတော့ ဖောင်းဘောတွေကန်နေပြန်ပြီ"

"ဖောင်းမကလို့ အနီကတ်ပြပြကွာ။ ဒါဒိုင်ညစ်တာကွ။ မောင်ရွှေ ဒီကောင် ငါ့ကို ဘဲတောင်နဲ့တွတ်တာ ဒိုင်မမြင်ဘူး။ ငါ ခြေသလုံးဆောင့်တာကျတော့ အော့ မြင်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ ဘယ်ကဘယ်လို ဘောပွဲရောက်သွားတာလဲ"

"ဟုတ်တယ်၊ မောင်ရွှေ ဟိုက ဝင်းဝါဝါ။ ဟားဟား ဒီအချိန်ကစပြီး တိမ်ပေါ်စံ ကြေညာလိုက်ပစ်ကွာ။ အဝါရောင်မှန်သမျှ အော့ ဆရာတော်ဘုရားတွေ မပါဘူးနော် အော့။ ဟဲဟဲ ငါနဲ့ ဓမ္မာပဲကွ။ ဟား ဟား ဟီး ဟီး ဖူး ဝေါ့"

"အောင်မလေးဗျာ၊ ကုန်းလည်းပိုးရသေး အန်လည်း အန်ချသေး ခက်ပ့ါ"

ပုချိုကျောကုန်းပေါ် လိုက်ပါလာသော ဦးတိမ်ပေါ်စံသည် ပြောချင်ရာ ပြောပြီး တဝေါဝေါ အန်နေလေ၏။ ပုချို ဘာမှမတတ်နိုင်တော့။ ဖြစ်သမျှ အကောင်းချည်းပဲ သတ်မှတ်ကာ မရမကထမ်း၍ ကားလမ်းဘက်သို့ ခေါ်ခဲ့ရ၏။ ထို့နောက် အငှားကားတစ်စီးနှင့် တိမ်ဂေဟာဆီသို့ ပြန်ခဲ့ကြလေ၏။

ထိုအချိန်တွင် အားလပ်ရက်ဖြစ်၍ တိမ်လှလှ၊ တိမ်မမ၊ တိမ်မြမြတို့ ညီအစ်မသုံးဦး ဖခင်ကြီးအရေးနှင့် ပတ်သက်ပြီး ခေါင်းချင်းဆိုင်နေကြ၏။

သမက်လုပ်သူနှင့် သမက်လောင်းလုပ်သူများကလည်း ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးနေကြပေ၏။ ထိုအချိန်တွင် ကားပေါ် မှူးရူးပြီး လိုက်ပါလာသော ဦးတိမ်ပေါ်စံသည် ခြံဝရောက်သည်နှင့် အမူးပြေသလိုရှိသွားကာ ကားပေါ်မှ ဒယီးဒယိုင် ဆင်းလိုက်၏။

"အော့၊ အို အသင်လောက ကျွန်ုပ် တိမ်ပေါ်စံကို ဘာကြောင့်များ ကံဆိုးကံညစ်တွေ ချပေးနေရသလဲ၊ ပြောစမ်း"

"ဟယ်"

"အို"

"အလို ဒယ်ဒီ ဘယ်လိုဖြစ်လာသလဲ"

"ဟုတ်ပကွယ်။ ပုဆိုးမနိုင် ဘာမနိုင်နဲ့"

"ရော်ကီ ဆင်းတွဲပါဦး"

"ဗျာ ဟို . . ."

"အို လုပ်ဦးလေ"

ဦးတိမ်ပေါ်စံ၏ အသံကြီး တိမ်ဂေဟာကြီးတစ်ခုလုံး ပေါက်ကွဲသွားသလိုပင်။ ပုဆိုးစကို လက်တစ်ဖက်က ကိုင်ရင်း ပါးစပ်ကလည်း ထင်ရာမြင်ရာ စွတ်အော်လေတော့၏။ ပုချိုခမျာ အိမ်ကြီးပေါ်မှ တိမ်မောင်နှမများ သိမည်စိုးသဖြင့် ခြံအနောက်ဘက်မှ လှည့်ဝင်ခဲ့လေ၏။

ထိုအချိန်တွင် ရော်ကီအုံ့နှင့် စကြာထက်တို့နှစ်ဦး အိမ်ကြီးပေါ်မှ အပြေးတစ်ပိုင်း ဆင်းလာကြ၏။





"ဟော့ကောင်တွေ မင်းတို့က စားပြတွေလားကွ"

"ဗျာ"

"ဟို ကျွန်တော် ရော်ကီအုံ့"

"မသိဘူး ဘယ်က ရော်ကီအန်လဲ စားပြတွေ"

"အန်တာမဟုတ်ဘူး အုံ့"

"ဟော၊ အန် အုံ့ဟာ ဘာတွေတုံးကွ။ မင်းတို့နှစ်ယောက် ရှုပ်နေပြီလား။ သွားစမ်း ငါ့ကိုမတွဲနဲ့ အော့ . . ."

"ဟာ၊ အန် အန်"

"ဘာလဲကွ။ တအန်အန်နှင့် အန်ချင်လို့လား ပြော"

"မဟုတ် ဟို အန် အန်ကယ် မူး"

"အေး၊ ငါ မူးလာပြီကွ။ ဟား ဟား ဟား ဟူး ဟူး ဟီး ဟီး အီး မူးတယ်ကွ"

"ဟာ၊ အန်ကယ်ကလည်း မူးတာပဲ အော်နေရသလား လာ လာ"

သမက်လောင်းနှစ်ဦးက ဦးတိမ်ပေါ်စံကို ဘယ်ညာတွဲကာ အိမ်ကြီးပေါ်သို့ အတင်း ဆွဲခေါ်လာရ၏။ တိမ်မမ၊ တိမ်လှလှ၊ တိမ်မြမြတို့ သုံးဦးမှာ ဖခင်ကြီး၏ အဖြစ်အပျက်ကိုကြည့်ရင်း ငိုရမလို ရယ်ရမလို ဖြစ်နေကြ၏။

"ဒယ် ဒယ်. . ."

"ဘယ်က ဒယ်လဲ။ ဒယ်မဟုတ်ဘူး။ ဒန်အိုးကွ အီး အချစ်ကလေး ဝင်းရေ မောင်ကြီးတော့ ကွဲပြီကွ"

"အလို ဘာကွဲသတုံး အန်ကြီး အဲလေ အန်ကယ်"

"ဟော၊ မင်း ငါ့ကို နောက်တာလား ရော်ကီအန်"

"ဗျာ၊ မနောက်ပါဘူး။ ဟို ကွဲတာ ဘာကွဲတာလဲ"

"တိတ်စမ်း၊ အီး အီး ဝင်းကလေးရေ အီး . . ."

"ဟယ် လုပ်ကြပါဦး မမကြီးရယ်။ ဒယ်ဒီလုပ်ပုံက အရမ်းသရုပ်ပျက်နေပြီ"

"ဟော၊ ငါက သရုပ်ဆောင်နေတာမှ မဟုတ်ဘဲကွ"

"အို၊ ရော်ကီ တွဲပါဦး။ အိမ်ပေါ်ထပ် တင်ပေးပါ"

"လာ လာ၊ အန်ကွယ် အဲလေ အန်ကယ်"

ပြောပြောဆိုဆိုနှင့် စကြာထက်၊ ရော်ကီအုံ့တို့နှစ်ဦး ဦးတိမ်ပေါ်စံကို အိမ်ကြီးပေါ်သို့ မရမက ဆွဲတင်လေရာ ဦးတိမ်ပေါ်စံက အတင်းရုန်းကန်နေသဖြင့် သူတို့နှစ်ဦးစလုံး ကျွန်းလှေကားကြီးပေါ်မှ ကျွမ်းထိုးမှောက်ခုံ ပြုတ်ကျကုန်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး လုပ်ကြပါဦး"

"အို မောင် သေပါပြီ"

"ရော်ကီ ဒုက္ခပါပဲ"

"အောင်မလေးဗျာ"

"ဘုရား ဘုရား"

တစ်အိမ်လုံး ဝရုန်းသုန်းကား ဖြစ်ကုန်၏။ ထိုအချိန်တွင် ဦးတိမ်ပေါ်စံတစ်ယောက် သူ့အိပ်ခန်းထဲ ယိုင်ထိုးယိုင်ထိုးနှင့် ဝင်သွားကာ ခုတင်ပေါ် ဝုန်းခနဲ ထိုင်ချလိုက်ပြီး ဝင်းကလေးရေ့ ဝင်းကလေးရေဟု တသသဆိုမြည်ကာ အကြေကွဲကြီး ကြေကွဲနေလေတော့၏။

ထိုအချိန်တွင် ရော်ကီအုံမှာ နဖူးကွဲသွားပြီး စကြာထက်မှာလည်း နောက်စေ့ကြီး ဖူးရောင်သွားလေ၏။ နှစ်ဦးစလုံး မျက်နှာမှာလည်း ညိုမည်းနေ၏။ တိမ်လှလှနှင့် တိမ်မြမြတို့နှစ်ဦးမှာ ချစ်သူနှစ်ဦးကို အတင်းပွေ့ဖက်ရင်း ကမ္ဘာပျက်မတတ် ခံစားနေလေ၏။

ထိုအချိန်တွင် တိမ်မမသည် အစ်ကိုအကြီးဆုံးဖြစ်သူ ဆရာဝန်ကြီး တိမ်မြင့်စံကို ဖုန်းနှင့် ချက်ချင်း ခေါ်လိုက်လေ၏။ မိနစ်ပိုင်းအကြာတွင် ပါရဂူကြီး တိမ်မြင့်စံ ရောက်လာလေ၏။

"ဘာ၊ ဘာဖြစ်ကုန်ပြီလဲ"

"ဟို၊ ဒယ် ဒယ်ဒီ လေ တစ်အိမ်လုံး မွှေလိုက်တာ အကုန် ခေါင်းကွဲ ထိပ်ပေါက်ဖြစ်ကုန်ပြီ အစ်ကိုကြီးရဲ့"

"ဟေ ဂေါက် ဂေါက်သွားပြီလား"

"ဟုတ်တယ် ဒယ်ဒီ ရူးသွားပြီ"

"ဘာ ဟုတ် ဟုတ်ရဲ့လားကွာ"

"ဟုတ်လို့ပေါ့ ကိုကိုကြီးရယ်။ သူ့ကောင်မလေး ဘာဖြစ်လို့လဲ မသိဘူး၊ အရက်တွေ မူးအောင်သောက် အော်ဟစ်ပြီး သောင်းကျန်းနေတယ်လေ"

"ဘုရားဘုရား ဒယ်ဒီအရင်က ဒီလိုမဟုတ်ပါဘူးကွယ်။ ဧကန္တ ဟို ဝါဝါဝင်း"

"ဝင်းဝင်းဝါပါ အဲလေ ဝင်းဝါဝါ ဟာ ဒီနာမည်ကလည်း ရှုပ်နေတာပဲ ထားပါတော့ ဒင်းကြောင့် ဖြစ်လိမ့်မယ်"

"ဟုတ်ပ အစ်ကိုကြီးရယ်။ လုပ်ပါဦး"

"အင်း မလွယ်ပါလား။ ငါလို ပါရဂူတောင် ကုဖို့မလွယ်တဲ့ ရောဂါပဲ"





"ကြည့်လုပ်ပါဦး အစ်ကိုကြီးရယ်"

"ဒါဆို ငါတက်ကြည့်လိုက်ဦးမယ်"

လူနာအထူးကုပါရဂူကြီး တိမ်မြင့်စံသည် အိမ်ကြီးပေါ်သို့ ကွေ့ပတ်တက်ရောက်ခဲ့ပြီး ဦးတိမ်ပေါ်စံ၏ အိပ်ခန်းထဲ ဝင်ခဲ့၏။ ထိုအချိန်တွင် ဦးတိမ်ပေါ်စံသည် သူ့ခုတင်ပေါ်တွင် မှောက်ခုံကြီးလုပ်ကာ ဟင်း ဟင်း ညည်းနေ၏။

"ဒယ်ဒီ ဒယ်ဒီ"

"ဘာတုံး ဘယ်သူတုံး"

"ကျွန်တော်ပါ တိမ်မြင့်စံပါ"

"အလို ပါရဂူကြီးပါလား"

"ဒယ်ဒီ သတိထားလေ"

ဦးတိမ်ပေါ်စံသည် မှောက်ခုံအနေအထားမှ ပက်လက်လှန်ကြည့်လိုက်၏။ အနောက်တိုင်းဝတ်စုံကို သပ်ယပ်စွာ ဝတ်ဆင်ထားသော သားအကြီးဆုံး တိမ်မြင့်စံ၊ သူ့ကို စိုးရိမ်တကြီးနှင့် ကြည့်နေပေ၏။

"ဒယ်ဒီ ဘာဖြစ်လို့ အရက်တွေ သောက်နေတာလဲ"

"ဟေ၊ အဲဒီမေးခွန်းကို ငါဖြေရမှာလား။ မဖြေလို့ မရဘူးလား"

"ဩော်၊ ဒယ်ဒီ အရက်တွေ ဆေးလိပ်တွေ အလွန်အကျွံသောက်နေတာ ဘယ်ကောင်းမလဲ။ ကိုယ့်အရွယ်လည်း ကိုယ်ကြည့်ဦးလေ။ ဘာမဆို လုပ်သင့်မလုပ်သင့် ချိန်ပါဦး။ ပြီးတော့ ကိုယ်က ဂုဏ်သရေရှိ လူကြီး"

"တော်စမ်းကွာ၊ ကဲ မင်းတို့မောင်နှမတွေ ငါ့ကို ပြဿနာရှာတဲ့ အဘိုးကြီးသေခါနီးမှ ဘူးကျတယ်တို့ဘာတို့ ပြောချင်ကြတယ် မဟုတ်လား။ ပြီးတော့ အရက်၊ ဆေးလိပ် အိုး ပြောကြစမ်းပါကွာ။ ဒီမှာ တိမ်မြင့်စံ"

"ဗျာ"

"ဒီအိမ်ကြီးဟာ ဘယ်သူ့အိမ်လဲ"

"ဟာ ဒယ်ဒီကလည်း ဘာတွေပြော . . ."

"အေး ပြောဖို့အချိန်အခါ ရောက်လာပြီကွ။ မင်းတို့ကျတော့ ကိုယ့်လင် ကိုယ့်မယား တယ်သာယာနေကြ။ ငါ့ကျတော့ ဖုတ်လေတဲ့ငါးပိ ရှိတယ်တောင် မထင်ဘူး။ ခုဆို မင်းနှမတွေကပါ ငါ့ကို ဆူလားငေါက်လားနဲ့၊ နေကြပါဦး မင်းတို့ ပြန်စဉ်းစားကြဦးကွ ငါလုပ်တာ ဟုတ်မဟုတ်"

"တော်ပါတော့ ဒယ်ဒီရယ် လူကြားပါတယ်။ ဒါထက် ဒယ်ဒီက မိန်းမ ယူမလို့ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ပေ၊ အဲဒါ ဘာဖြစ်သတုံး။ အသက်ခြောက်ဆယ်ကျော်မှ မိန်းမယူရင် သေဒဏ်လို့ ဥပဒေရှိသလား"

"ဟာဗျာ၊ ကျွန်တော်ပြောချင်တာ ဟောဒီ တိမ်ဂေဟာပေါ်ကို ဘယ်သူ့စိမ်းမှ အဝင်မခံနိုင်ဘူး ဒယ်ဒီရ။ တိမ်ဂေဟာ အစဉ်အလာကြီးတဲ့ မဟာနန်းတော်ကြီးပဲဗျ။ ဒါကြောင့် ကျွန်တော်လည်း လက်မခံနိုင်ဘူးပြောတာ"

"ဩော် နေပါဦး ငါယူမယ်လုပ်တဲ့ မိန်းမကျတော့ တစိမ်း (သူ့စိမ်း)တဲ့။ မင်းတို့ယူတဲ့ဟာကျတော့ နှစ်စိမ်းလာကွ။ လုပ်ပါဦး ပါရဂူကြီးရဲ့။ ပြီးတော့ ပြောပါရစေဦး ဒီမဟာအိမ်တော်ကြီးဟာ တစ်သက်လုံး ပိုးမစားခြမစားဘဲ နေသွားတော့မှာလားကွ။ ပေ ပြောပါဦး ကိုယ့်ကိုယ်ကိုယ်တောင် မပိုင်တဲ့ကောင်ကများ . . ."

"ဗျာ၊ ပိုင် ပိုင်ပါတယ်"

"ဘာပိုင်တာလဲ။ ဆိုင်းဘုတ်ကြည့်တော့ မေတ္တာရှင်တို့ ကရုဏာရှင်တို့ ပြီးတော့ လူနာကိုယ်ပေါ် လက်ညှိုးလေးတင်လိုက်တာနဲ့ တောင်းလိုက်တဲ့ ပိုက်ဆံက ထောင်ချီသောင်းချီ။ ပြီးတော့ အဲဒီ ပိုက်ဆံတွေ မိန်းမနဲ့ ယောက္ခမဆီ တစ်ပြားမကျန် အကုန်အပ်။ ခေါင်းပေါ်က ဆံပင်ညှပ်ချင်တာတောင် ယောက္ခမဆီ လက်ဖြန့်တောင်းနေရတဲ့ကောင်ကများ ကိုယ့်ကိုယ်ကိုယ် ပိုင်သလေး ဘာလေးနဲ့"

"ဟို၊ ဒါ ဒါကတော့ ဂါရဝ . . ."

"တော်စမ်းပါ တိမ်မြင့်စံရာ။ မင်းကို ငါ ပညာသင်ခဲ့တာ လူတွေအသက်ကို ကယ်ဖို့ပါကွာ။ ခုတော့ မင်းလုပ်ပုံက ပိုက်ဆံပေးမှ ကယ်မယ်၊ ပိုက်ဆံမပေးရင် အသက်ထွက်တာတောင် ဘေးက ဘေးတီးပေမယ့်ပုံပဲ။ တော်စမ်းကွာ"

"ဒုက္ခပါပဲ ဒယ်ဒီ့စကားတွေက အိုင်ဒီယာဖောင်းဖြစ်ကုန်ပြီ"

"ဟော့ကောင် တိမ်မြင့်စံ၊ မင်း အခု ငါ့ဆီလာတာ ဘာကိစ္စလဲ။ ငါမိန်းမယူဖို့ လာတားတာ မဟုတ်လား။ မင်းပြန်ပေတော့။ လောကကြီးမှာ ချမ်းသာပြီးရင်းချမ်းသာတဲ့ မင်းလို ဆရာဝန်မျိုး မွေးမိတာ ငါ့အပြစ်ပဲ။ မင်းဟာ ပိုက်ဆံအကြောင်းပဲ သိတယ်။ လူတွေရဲ့ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေတာကို ဘယ်လိုမှ ကိုယ်ချင်းမစာတတ်တဲ့ မင်းဟာ ငါ့ရင်ထဲက အကြောင်းသိမှာ မဟုတ်ဘူးကွ။ ဒီတော့ မင်းပြန်တော့ တိမ်မြင့်စံ"

"ဗျာ"

"ပြန်တော့လေကွာ"

"ဒုက္ခပါပဲ"







www.burmeseclassic.com

www.burmeseclassic.com



တိမ်မြင့်စံတစ်ယောက် ဦးတိမ်ပေါ်စံကို တစ်ခွန်းတစ်ပါဒ ပြန်မပြောနိုင်တော့။ ထို့ကြောင့်လည်း အိမ်ကြီးပေါ်မှ ခေါင်းငိုက်စိုက် ဆင်းလာလေ၏။ ညီအစ်မသုံးဦးမှာ အစ်ကိုကြီးလုပ်သူ၏ အသွင်သဏ္ဌာန်ကိုကြည့်ရင်း ခေါင်းတခါခါလုပ်နေကြ၏။

တိမ်မမက စူပွပွလုပ်ပြီး မေးလိုက်၏။

"ဘယ်လိုလဲ အစ်ကိုကြီး"

"ဟာ၊ ဒယ်ဒီ ရူးသွားပြီလား မသိဘူး"

"ဗုဒ္ဓေါ ဒါ ဒါဆို မယားတာရူး . . ."

"ဟုတ်သေးဘူးကွ။ ဒယ်ဒီဟာ တို့တစ်တွေ ခုလို နေကြတာကို မကျေမချမ်းဖြစ်နေပြီ။ ငါ့စိတ်ထင်ပြောရရင် ဟောဒီတိမ်ဂေဟာကြီးဟာ ငါတို့အားလုံး လက်လွှတ်သွားနိုင်တယ်"

"အို မရဘူး"

"ဟုတ်ပ၊ ဘယ်ဖြစ်ပါ့မလဲ"

"ဒယ်ဒီဟာ နောက်မိန်းမ အတော့်ကို ယူချင်ပုံပဲ။ ပြီးတော့ ဟောဒီတိမ်ဂေဟာကြီးပါ ထိုးအပ်လိုက်ရင် ဒုက္ခ"

"ဟင်၊ ဘယ်လိုလုပ်ကြမလဲ အစ်ကိုကြီးရယ်။ ဒီကိစ္စ ဒယ်ဒီအသက်ထင်ရှား ရှိတုန်း အမြန်ဆုံး လက်ပြောင်းလက်လွှဲ ယူထားမှ ဖြစ်မယ်"

"ဟာ၊ မကြီးကလည်း ဒါ ဒယ်ဒီက ရှေ့နေရှေ့ရပ်နဲ့ လုပ်ထားတာကွ။ ငါတို့က စိတ်ထဲရှိတာ လျှောက်လုပ်လို့ မရဘူး"

"ဟုတ်တယ် မမကြီးရဲ့။ မလတ် ကိုယ်တိုင် ဒယ်ဒီ့ရှေ့နေကြီး ဦးထိပ်တင်ဇမ္ဗူကို မေးမြန်းပြီးပြီ။ ဒီအိမ်ကြီးက ဒယ်ဒီပိုင်တဲ့ အိမ်ကြီးလေ။ ဒယ်ဒီနာမည်နဲ့ ပေါက်ထားတာဆိုတော့ တို့က လွှဲယူလို့ မရဘူး။ တန်ကြေးက သိန်းငါးထောင်အထက်မှာ ရှိတာဆိုတော့ သူများဆီ ရောက်သွားရင် နှမြောစရာကြီး"

"ဟုတ်ပ၊ မလတ်ရယ် ညီမလေးတော့ ဒယ်ဒီ့ကို စိတ်မချဘူး။ ခုလိုပုံဆိုရင် ဒယ်ဒီဟာ တွေ့ကရာမိန်းမကောက်ယူမှာ။ အဲဒါဆို မိထွေးက ညီမလေးတို့ကို မောင်းချရင် အခက်"

"ဒုက္ခပဲနော်၊ တန်ကြေးက သိန်းငါးထောင်ချီနေတာနော်။ ပြီးတော့ ဆွေစဉ်မျိုးဆက် ပစ္စည်းတွေလည်း ဒယ်ဒီပဲ သိမ်းထားတာ"

မောင်နှမတစ်စု ဦးတိမ်ပေါ်စံနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ ခံစားကြေကွဲနေကြစဉ် အိမ်ကြီးအပေါ်ထပ်သို့ တိတ်တဆိတ် ရောက်ရှိသွားသော



www.burmeseclassic.com

www.burmeseclassic.com



ပုချိုက လျှို့ဝှက်စွာ ဝယ်လာသော ဝီစကီပုလင်းကို ထုတ်၍ နှစ်ယောက်သား ပုန်းလျှိုးကွယ်လျှိုး ကြိတ်နေကြလေတော့၏။

* * *



## အခန်း (၃)

အဝေးပြေးကားဂိတ်တွင် ခရီးသွားခရီးလာများနှင့် ရှုပ်ထွေးနေ၏။ ကားဟွန်းသံများ၊ စပယ်ယာအော်သံများ၊ ဈေးသည်များ၏ အော်သံများကလည်း ဂိတ်တစ်ဝိုက် ပျံ့လွင့်ပေါက်ကွဲနေပေ၏။

ထိုအချိန်တွင် တက္ကစီတစ်စီး အဝေးပြေးကားဂိတ်ထဲ ထိုးဝင်လာကာ ကားပေါ်မှ လူနှစ်ဦး ဆင်းလာ၏။ ထိုနှစ်ဦးမှာ တခြားမဟုတ် အတွဲညီလှသော ဗိမ်ဂေဟာ အရှင်သခင်ကြီး ဦးတိမ်ပေါ်စံနှင့် လက်စွဲတော် ပုချိုတို့ပင် ဖြစ်၏။ နှစ်ဦးစလုံး ရုပ်ဖျက်ထားကြ၏။ နေကာမျက်မှန် ကိုယ်စီတပ်ထားကြ၏။ အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ထားပြီး ဦးတိမ်ပေါ်စံက တောဆောင်းဦးထုပ်တစ်လုံး ဆောင်းထားပေ၏။

နှစ်ဦးသား လက်မှတ်ရောင်းသည့် ရုံးခန်းထဲသို့ ဝင်ကာ လက်မှတ်ထုတ်လိုက်၏။

"ဘယ်လိုလဲကွ၊ အဆင်ပြေရဲ့လား"

"ပြေပါတယ် ဆရာကြီးရဲ့။ ခေါင်းခန်းက ရတယ်လေ၊ ကားထဲမှာ အဲရားဟွန်း၊ တီဗီ အပေါ်စက်အောက်စက် ပါပါတယ်။ တစ်ညလုံး မောင်းတာလေ။ ...လင်းတာနဲ့ မကွေးကို တန်းရောက်ရော့ဗျ"

"ဟော၊ အဲဒီမှာ မင်းအမျိုးတွေရှိတာ သေချာရဲ့လား"

"ဟာ သေချာပါတယ် ဆရာကြီးရာ"

"ဟေ့ကောင် ခုချိန်မှာ ငါ့ကို ဆရာကြီးလို့မခေါ်နဲ့။ အစ်ကိုကြီးလို့ခေါ်ကွာ။ ဒီခရီးက ငါ့ရဲ့ စိတ်လွင့်ရွက်လွင့်ခရီးကွ။ ဟားဟားဟား အိမ်ကဟာတွေတော့ ပျက်လောရိုက်ပြီပေါ့ကွ။ ရှူးသလို ကြောင်သလို လုပ်ပြလိုက်တာ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ပွက်ပွက်ဆူနေတာပဲ။ မှတ်ထား ပုချိုရေး လောကမှာ အမှန်တရားက တစ်ခုတ ရှိတာ မဟုတ်ဘူးကွ။ ငါလည်း အမှန်တရားနဲ့ နေတာပဲလေ။ ဒီတော့ ငါ့အ တရားကို ငါဖော်ထုတ်ချင်လို့ ခုလို ခရီးထွက်ခဲ့တာပဲ"

"ဖြစ် ဖြစ်ပါ့မလား ဆရာကြီးရယ်။ တော်ကြာ မမကြီးတို့လူ့သိုက် လိုက် မှဖြင့်"

"မင်းပါးစပ် ပိတ်စမ်းကွာ"

ဦးတိမ်ပေါ်စံ၏ စကားကြောင့် ပုချို ပတ္တောပိတ်သွား၏။ ထိုအချိန်တွ ကားထွက်ရန် အချိန်နီးကပ်လာပြီဖြစ်၍ နှစ်ယောက်သား ဝယ်စရာရှိတာ ပြီး အဝေးပြေးကားကြီးပေါ်သို့ အလုအယက် တက်ခဲ့ကြလေ၏။

"ဟဲ့ဟဲ့ ဖြည်းဖြည်းတက်ပါဟဲ့"

"ဟုတ်ပ၊ ခြေထောက်တွေ ဖြတ်နင်းကုန်ပြီ"

"ဘယ်လိုလူတွေလဲ၊ လိုင်းကားများ အောက်မေ့နေသလား"

ဦးတိမ်ပေါ်စံနှင့် ပုချိုတို့မှာ ကားထွက်သွားမည်စိုးသဖြင့် အတင်းလုယ တက်ခဲ့ကြရာ အပေါက်ဝတွင် တစ်ဆို့နေသော မိန်းမဝဝကြီးနှင့် ကောင်မလေ တစ်ယောက်ကို တွန်းကာတိုက်ကာ တိုးဝင်မိသဖြင့် တင်ပါးဆုံ အလွန်တရာ ကြီးမားလှသော မိန်းမကြီးက စူပွပွနှင့် ကက်ကက်လန် ပြောဆိုလေရာ ဦးတိ ပေါ်စံနှင့် ပုချိုတို့မှာ ဘာမှမပြောသာတော့ဘဲ ထိုင်ခုံတွင် ဝင်၍ထိုင်လိုက်လေ၏

"ဒေါ်သလည်း ကြီးပဗျာ"

"အေးကွာ၊ တင်ကြီးသလောက် ဒေါသကြီးတယ်။ ဟို ဟဲဟဲ သူ့သမီးလေ က မဆိုးရှာပါဘူးကွာ"

"ဗျာ၊ ဟာ ဆရာကြီး အဲလေ အစ်ကိုကြီးကလည်း လုပ်ပြီ"

"ဟဲဟဲ လှတာကိုးကွ"

"ဟို ဝင်းဝါဝါ"

"တိတ်စမ်းကွာ၊ ဒီအသံ နားနဲ့တောင် မကြားချင်ဘူးကွ"

သူတို့နှစ်ဦး ပြောဆိုနေကြစဉ် သူတို့နောက်ဘက်ခုံသို့ လူများရောက်လာ သဖြင့် ပုချို လှည့်ကြည့်လိုက်၏။

"ဟိုက် ဟို ဒေါ်တင်ကြီး"

"ဘာ၊ နင် နင် ငါ့ကို တင်ကြီးလို့ . . ."

"ဟာ၊ ကန်တော့ဗျာ မှား မှားသွားလို့"

"ဟင်းဟင်း လူကိုများ ဘာမှတ်သလဲ"





ပုချိုပါးစပ်မှ လွတ်ခနဲ ထွက်သွားသဖြင့် တင်ကြီးကြီးနှင့် မိန်းမကြီးသည် ကို ပက်ခနဲ ပြောလေတော့၏။ ထိုအသံကြောင့် ဦးတိမ်ပေါ်စံ လှည့်ကြည့် ၏။ ဝိုင်းစက်စက် မျက်နှာပိုင်ရှင်လေးတစ်ဦး။ အရွယ်က ရှိလှ နှစ်ဆယ်ဝွန်း။ စနှင့် အတော့်ကို ချောမောလှပလွန်းပါဘိ။

နှာတံပေါ်ပေါ်၊ မျက်ခုံး ထူထူ၊ သနပ်ခါး ခပ်ကျဲကျဲ ပါးပြင်ပေါ်တင်ထား ာ ညှိချောကလေး မြင်လိုက်သည်နှင့် သူ့ရင်ထဲ တဒိန်းဒိန်း အော်မြည်လာ သို့ပင်။ ကြည့်လိုက်သမှ မျက်လုံးကြီး ကျွတ်ကျမတတ်၊ ထိုမြင်ကွင်းကို ဘေး င် ထိုင်နေသော မိန်းမဝဝကြီး မြင်သွား၏။

"အလိုတော် ဒီဘက်လှည့်ပြီး ဘယ်လိုဖြစ်နေတာတုံး၊ ဇက်လွဲနေလို့လား"

"ဗျာ၊ ဟုတ် ဟုတ်ပဗျာ ဇက်ကြောတွေ တင်းနေလို့ဗျ"

"အောင်မလေး၊ ဒါများ လွယ်လွယ်လေး နွားချေးကို လည်ပင်းမှာ သရိုးကိုင် က်၊ ပြီးတော့ ဆိတ်ချေးငါးလုံးလောက် ငုံလိုက်၊ အပူတွေတော့ တန်းခနဲပဲ"

"ဟာ၊ ချေးတွေကြီးပဲ ရွံစရာကြီး၊ ဟဲဟဲ တော်ပါတော့ဗျာ ဟို ဒီက သမီး ယးက . . ."

"ဟုတ်တယ်၊ ဒါ ကျုပ်သမီး။ တော်ကြီးက ဘာမေးမလို့တုံး"

"ဩော် အစ်မကြီးသမီးကိုး"

"ဘာအစ်မကြီးလဲ၊ တော့်ထက်တောင် ကျုပ်ကငယ်ရင် ငယ်မှာ။ ကိုယ့် အရွယ်လည်း ကိုယ်ငဲ့ဦး။ လူပုံကြည့်တော့ လူကြီးလူကောင်းလိုလို ဘာလိုလိုနဲ့ င်း မသိဘူးများ မှတ်နေသလား"

"ဗုဒ္ဓေါ"

ဒေါ်တင်ကြီးက သူ့ကို လေသံတိုးတိုးနှင့် ပစ်ခတ်လာလေရာ ဦးတိမ်ပေါ် တစ်ယောက် မအီမသာစိတ်နှင့် လည်နေသောခေါင်းကြီးကို ဖျတ်ခနဲ လှည့်လိုက် လေ၏။ ထိုအချိန်တွင် အဝေးပြေးကားကြီးသည် ကားဂိတ်မှ ဝေါခနဲ မောင်း ထွက်ခဲ့ပြီ ဖြစ်၏။

ပုချိုမှာ သူ့နောက်ကျောတွင် ပေါက်တော့မည့် လက်ပစ်ဗုံးကြီး ချိတ်ဆွဲ ထားသလို ခံစားနေရ၏။ တင်ကြီးကြီးနှင့် မိန်းမကြီး၏ အာစလျှာစက မလွယ် ချေ။ ပြောစရာရှိလျှင် ပိုးခနဲပက်ခနဲ ပြောမည့်ပုံ၊ ဦးတိမ်ပေါ်စံနှင့်ငြိပြီး ပေါက် ကွဲသွားမှာ အစိုးကြီးစိုးနေပေ၏။

ထိုအချိန်တွင် ကားကြီးက မြို့လယ်ကိုဖြတ်၍ မြို့ပြင်သို့ ရောက်ရှိခဲ့ပြီ ဖြစ်လေ၏။ အရှိန်ကို ပို၍ပို၍ မြင့်တင်လာ၏။ အေးစိမ့်စိမ့် လေပြည်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မှန်တံခါးပိတ်လိုက်ရ၏။ သူတို့ဆရာတပည့်နှစ်ဦး ဆွဲအိတ်တစ်လုံးသာ ပါ၍ ဝေယျာဝစ္စများလွန်းလှသဖြင့် ဘာမှယူမလာခဲ့ကြ။

သို့နှင့် အဝေးပြေးကားကြီးသည် အရှိန်အဟုန်ပြင်းစွာနှင့် မောင်းနှင်လာ ခဲ့ပေရာ အဝေးပြေးလမ်းမကြီးသို့ ရောက်ရှိလာ၏။ ဦးတိမ်ပေါ်စံသည် အိတ် ထောင်ထဲမှ မာပိုလိုစီးကရက်ဘူးကို ထုတ်၍ စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက် လိုက်၏။ ပုချိုသည် ကားဂိတ်မှ ဝယ်ခြမ်းလာသော စားသောက်ဖွယ်ရာများပါ ကြွပ်ကြွပ်အိတ်ကြီးတစ်လုံးထဲ နေရာချနေ၏။

"ဟေ့ကောင် ပုချို"

"ဗျာ ဆရာ၊ အဲ အစ်ကိုကြီး"

"ဝီစကီပါရဲ့လား"

"ဟား ပါပါတယ်အစ်ကိုကြီးရယ်။ အမြည်းပါ ဝယ်လာတယ်"

"ဟုတ်လား၊ ကောင်းပါ့ကွာ။ ခုမှ လွတ်လွတ်လပ်လပ် သောက်သုံး တော့မှာ"

"အခု သောက်တော့မှာလား"

"အေးကွ၊ ချမ်းသလိုလိုပဲ။ ရာသီဥတုက အေးစိမ့်စိမ့်နဲ့"

"ဒါဆို ကျွန်တော် ဖွင့်လိုက်မယ်"

"ဖွင့်ကွာ၊ ဒါပေမယ့် နောက်ကလူတွေ မသိစေနဲ့ဟေ့။ သိလို့က ပြဿနာပဲ"

သူ့ကို မျက်စောင်းတထိုးထိုး လုပ်နေသော မိန်းမဝဝကြီးကို ဦးတိမ်ပေါ်စံ တစ်ချက် လှည့်မကြည့်ရဲ။ နှစ်ဦးသား ဝီစကီပုလင်းကိုဖွင့်ကာ အသင့်ဝယ်လာ သော ခွက်ထဲထည့်ပြီး လမ်းတစ်လျှောက်လုံး သောက်ခဲ့ကြ၏။ အမြည်းကလည်း အမဲခြောက်ကြော်မို့ နှစ်ယောက်သား ခံတွင်းတွေ့လေ၏။ ဦးတိမ်ပေါ်စံမှာ ကိုယ်ပိုင်ကားမှ လွဲ၍ အခြားခြားသောကားများကို မစီးဘူးသဖြင့် တက်တက် ကြွကြွ ပျော်ပျော်ရွှင်ရွှင် ဖြစ်နေ၏။ သုံးလေးခွက် ဗိုက်ထဲဝင်လာသည့်အခါ ဦးတိမ်ပေါ်စံ စကားသွက်လာ၏။

"ဟား ဟား ဟား အိမ်ကလူတွေရှေ့မှာ ငါ ရူးချင်ယောင်ဆောင်ခဲ့တာ အံကိုက်ပဲကွ။ မဟုတ်ရင် သူတို့က တိမ်ဂေဟာကြီးကို အတင်းလွှဲခိုင်းနေတာကွ"

"ဟင် ဘာဖြစ်လို့လဲ အစ်ကိုကြီးရ"

"ဟာ၊ သူတို့က ငါ့ကို မိတ္ထွေးလက်ထဲ အိမ်ကြီးအတင်းထိုးအပ်မယ်ထင်နေ ကြတာကွ။ ဟား ဟား ဟား ရယ်ရတာပဲ။ သူတို့မှာလည်း ပိုက်ဆံက ထားစရာ မရှိ။ ဒါလည်း အမွေကို လိုချင်သေး . . ."





"အံ့ပါ့ အစ်ကိုကြီးရာ"

"အဲဒါကြောင့် ငါကလည်း ငါ့ရှေ့နေနဲ့တိုင်ပင်ပြီး ရူးသလိုကြောင်သလို နဲ့ အိမ်က လစ်ထွက်ခဲ့တာပေါ့ကွာ"

"ကောင်းပါ့မလား အစ်ကိုကြီးရာ"

"ဘာလို့ မကောင်းရမှာလဲကွ၊ သတ္တဝါတစ်ခု ကံတစ်ခုတဲ့ကွ။ သူတို့လည်း ခွေအပြည့်ငွေအပြည့် စည်းစိမ်အပြည့် ရှိသားပဲကွာ။ ငါ ပူစရာမလိုပါဘူး။ ဒါ ပေမယ့် လောဘကြီးလွန်းတော့လည်း စိတ်ထဲ မကောင်းလှဘူးပေါ့ကွာ။ ဘကယ်ဆို ငါ့ကိုလည်း သူတို့ဂရုစိုက်သင့်တာပေါ့။ ခုတော့ သူတို့ဟာတွေမှ ကမှာထင်နေကြတာကိုး။ ဒါကြောင့်လည်း ငါထင်ရာ ငါလုပ်တာပေါ့ကွာ။ ဟ ပြောရင်းဆိုရင်း ဘယ်ရောက်ပြီလဲကွ"

"ပြည်ရောက်ပြီ အစ်ကိုကြီးရဲ့၊ ညလယ်စာ စားဦးမလား"

"မစားတော့ဘူးကွာ၊ ဟို ကြက်သားပလာတာဖြစ်ဖြစ် ဆိတ်ခြေထောက် စွပ်ပြုတ်ဖြစ်ဖြစ် စားကြရအောင်"

"ကောင်းသားပဲ အစ်ကိုကြီး"

သူတို့နှစ်ဦး ပြောဆိုနေကြစဉ် အဝေးပြေးကားကြီးသည် ပြည်မြို့ထဲသို့ ခဝါခနဲ ထိုးဝင်လာလေ၏။ ညလယ်ပိုင်းရောက်နေပြီ ဖြစ်သော်လည်း ပြည်မြို့ ၏ အဝေးပြေးစခန်းများတွင် ဈေးဆိုင်များ၊ အဝေးပြေးကားကြီးများနှင့် မီးရောင် ဘထိန်ထိန် ရှိပေ၏။

ကားကြီးသည် စခန်းဝင်းထဲသို့ ချိုးကွေ့ဝင်ကာ ရပ်လိုက်၏။ ထိုအခါ ဦးတိမ်ပေါ်စံတို့ ဆရာတပည့်နှစ်ဦး ကားပေါ်မှ ဆင်းခဲ့ကြပြီး ကာကာဆိုင်ထဲသို့ ဝင်ခဲ့ကြ၏။ ဆိုင်အလယ်တွင် ဆိတ်ခြေထောက်စွပ်ပြုတ်အိုးကြီးက တပွက်ပွက် ဆူနေ၏။ မဆလာအနံ့ကလည်း သင်းလှသည်မို့ နှစ်ဦးသား ပလာတာနှင့် စွပ်ပြုတ်ကို မှာယူလိုက်လေ၏။

"ကောင်းလှချည်လား စားစမ်းကွာ ပုချို"

"ဟာ အစ်ကိုကြီး"

"ဘာတုံးကွ၊ မင်းက ထပ်သောက်ချင်လို့လား"

"ဟုတ်ဘူးဗျ၊ ဟို ဟိုမှာလေ"

"ဟင် ညီချောတို့သားအမိပါလား။ အဘွားကြီးက မလွယ်ဘူးကွ။ ကောင် မလေးကတော့ ပြောရက်စရာမရှိအောင် ချောပါ့ကွာ"

"မကြောက်ပါနဲ့ အစ်ကိုကြီးရာ၊ ဘာလဲ တစ်ချစ်ပြီးတစ်ချစ် ပြောင်းဖို့ ကြံနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ၊ ဟဲဟဲ ပုချိုရာ အချစ်ဆိုတာ တစ်ချစ်တည်းချစ်နေလို့ မဖြစ်ဘူးကွ။ အချစ်တွေ များလေလေ လူလည်း နုပျိုသက်ရှည်လေပဲကွ"

"အားပါး၊ အစ်ကိုကြီးကတော့ လုပ်ပြီ"

"ဟဲဟဲ ငါပြောတာ မဟုတ်ဘူးလားကွ"

"ဟုတ်ပဗျာ၊ ဟိုကဗျာလေးလိုပေါ့"

"ဘာများတုံးကွ၊ မင်းကတော့ စာတိုင်ချိုပဲ"

"ဟဲဟဲ ကဗျာနာမည်က 'အချစ်တဲ့'အစ်ကိုကြီးရ။ ကျွန်တော် ရွတ်ပြမယ် နားထောင်-

အချစ်တွေ
ပဒေသာနဲ့
စေတနာလှည်းကြီး အမြဲစီးလို့ပျော်။
ချစ်တေးက တကြော်ကြော်
အဖော်ကို ဘေးထား။
လောကကို ခါးစောင်းတင်တာပ
မောင်းတင်ကာ စာဖွဲ့လိုက်မယ်
ငါဟဲ့ ယောက်ျားတဲ့ဗျ"

"ကောင်းလှချည်လားကွ၊ ဟုတ်ပ မင်းကဗျာလေး ငါအလွတ်ကျက်ထားမှ"

"အင် ဘာလဲ အစ်ကိုကြီးက အချစ်ပဒေသာလှည်းကြီး စီးမလို့လားဗျ"

"ဟီးဟီး ယောက်ျားဆိုတာ စုံမှကွ။ ကဲ တစ်ပွဲထပ်မှာစမ်းကွာ"

စားပွဲပေါ်တွင် အငွေ့တထောင်းထောင်းထနေသော ဆိတ်ခြေထောက်စွပ်ပြုတ်ကို ညှပ်ပြီးသား ပလာတာထည့်၍ စားရသည်မှာ နှစ်ယောက်သား ခံတွင်းတွေ့နေကြ၏။ သူတို့နှစ်ဦး စားလွယ်ခုတ် စားပွဲတွင် တင်ကြီးကြီးသားအမိတို့ထိုင်ကာ စားသောက်နေ၏။

မိန်းမကြီးသည် ဦးတိမ်ပေါ်စံကိုကြည့်ပြီး အံ့ဩနေ၏။ အစားအသောက်ကြမ်းလှသည်မို့ လူမှဟုတ်ရဲ့လားဆိုသည့် အထင်နှင့် ရှိနေ၏။ ဦးတိမ်ပေါ်စံကမူ တစ်ပွဲပြီးတစ်ပွဲ မှာစားကာ မျက်စိကလည်း ညိုချောလေးဆီ မကြာမကြာ ဝဲပျံနေပေ၏။ သို့နှင့် စားသောက်ပြီးသွားသောအခါ ဦးတိမ်ပေါ်စံက တစ်ထောင်တန်ထုတ်၍ ညိုချောကလေးတို့ဝိုင်းကိုပါ လက်ညှိုးထိုး၍ စားပွဲထိုးလေးအား ငွေရှင်းပေးလိုက်၏။

ထိုအချိန်တွင် ညိုချောလေးတို့ သားအမိမှာ စားသောက်ပြီးသွားသဖြင့်





မိန်းမကြီးက ပိုက်ဆံထုတ်ကာ ငွေရှင်းရန်ပြင်လိုက်၏။ ထို့ကြောင့်လည်း စားပွဲထိုးလေးတစ်ဦး ခေါ်လိုက်၏။

"ဟဲ့ဟဲ့ ပိုက်ဆံရှင်းမယ်"

"ရှင်းပြီးပြီဗျ"

"အလိုတော် ဘယ်သူတော်ကောင်းကများ ရှင်းသွားပါလိမ့်"

"ဟို၊ ဟိုအန်ကယ်ကြီးလေ"

"ဟင် ဩော် ဟိုမကြီးမငယ်ကြီးကိုး"

"အို၊ တိုးတိုးပြောပါ မေမေရယ်။ ကြားသွားလို့ မကောင်းပါဘူး"

ထိုစဉ် ဦးတိမ်ပေါ်စံတစ်ယောက် သူတို့စားပွဲနားရောက်လာကာ ပြုံးဖြီးဖြီးနှင့် ပြောလိုက်၏။

"ကျွန်တော် ရှင်းလိုက်ပြီဗျ။ လိုသေးလား"

"အို မဟုတ်တာ"

"ရပါတယ်ဗျာ၊ ခရီးသွားတွေပဲ။ ချစ်ချစ်ခင်ခင် သွားကြလာကြတာ အကောင်းဆုံးပဲ မဟုတ်ဘူးလား"

"ရှင်၊ ဟို အဲ ဟုတ်ကဲ့။ ဒါထက် ရှင်က ရန်ကုန်ကလား"

"ဟုတ်ပါတယ်၊ ကျွန်တော့်နာမည် တိမ်ပေါ်စံပါ။ ဒီက ဘယ်ဇာတိပါလိမ့်"

"ရှင်၊ ကျွန်မတို့က မကွေးသူတွေပါ။ ကျွန်မနာမည်က တလုတ်မ။ သမီးနာမည်က ပန်းညိုလေ"

"ဩော်၊ ပန်းညိုတဲ့လား။ သမီးလေးက အချောကြီးပဲကွယ့်၊ ရန်ကုန်လာသည်ကြထာလား"

"ဟုတ်ပ၊ ဘုရားဖူးလာကြတာလေ။ ရန်ကုန်က မြင်ကွင်းတွေကတော့ အံ့ရောပဲ။ တိုက်ကြီးတာကြီးတွေ၊ ပြီးတော့ လမ်းမကြီးတွေ၊ အို မြင်မြင်သမျှ အကြီးကြီးတွေချည်းပဲ"

"ဗျာ၊ ဒါဆို ကျွန်တော်လည်း ကြီး"

"အို၊ ဘာတွေတုံး"

"အဲ ဟဲဟဲ ဟော ကားထွက်တော့မယ်ထင်တယ်"

"လာလာသမီး သွားကြစို့"

ဦးတိမ်ပေါ်စံမှာ ပန်းညိုဆိုသော နာမည်လေးကို သိလိုက်ရသဖြင့် ရင်ထဲ ဘာသိမ့်သိမ့် ခံစားနေရ၏။ ပုချိုမှာ ဦးတိမ်ပေါ်စံ လုံးနေပုံကိုကြည့်ပြီး ရင်ထဲထိတ်ထိတ် ဖြစ်နေရ၏။ သူ့အကြောက်ကြီးကြောက်နေမိသူမှာ ဒေါ်တလုတ်မပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေ၏။ သူ့ကို မကြာခဏ မျက်စောင်းတထိုးထိုး လုပ်နေသဖြင့် ယောင်လို့ပင် လှည့်မကြည့်ရဲ။ သို့သော် သူ့ဆရာ လုံးလိုက်သည့်အခြေအနေက ဟုတ်တုတ်တုတ် အခြေအနေမို့ သက်ပြင်း ဟင်းခနဲချကာ ကားပေါ်တက်ခဲ့ကြလေ၏။

ထိုအချိန်တွင် မိုးဖွဲလေးများ ရွာသွန်းလာသဖြင့် ကားတံခါးများကို ထပိတ်လိုက်ကြလေ၏။ မိုးငွေ့ကြောင့် ပို၍ပို၍ ချမ်းအေးလာသလိုပင်။ ကောင်းကင်တစ်ခုလုံးလည်း တိမ်ညိုတိမ်မည်းများနှင့် မှိုင်းအစ်မည်းမှောင်နေပေ၏။ သို့နှင့် သူတို့ အဝေးပြေးကားကြီးသည် မြို့ပြည်မှ ထွက်ခွာလာခဲ့လေ၏။

ပြည်မှ ထွက်သည်နှင့် ကားကြီးက အရှိန်ကို ပို၍မြင့်တင်လာ၏။ မိုးလေကလည်း တဟူးဟူးမို့ ခရီးသည်အချို့ စောင်ကြီးများ ခြုံ၍ အိပ်ပျော်နေကြ၏။ ဒေါ်တလုတ်မှာလည်း ငိုက်မြည်းလာ၏။ ပန်းညိုမှာ အညာစောင်ကလေးကို ခေါင်းမြီးခြုံကာ မိခင်ကြီးနှင့်အတူ ငိုက်မြည်းနေ၏။ ဦးတိမ်ပေါ်စံမှာ ပန်းညိုလေးကို လှည့်ကြည့်လှည့်ကြည့်နှင့် လုပ်နေ၏။ စိတ်ထဲ အားမလိုအားမရ ဖြစ်နေ၏။

ပုချိုတစ်ယောက်ကတော့ ငိုက်ကားနေပြီမို့ ကားနောက်ခုံ ခေါင်းမှီမှာ မှေးနေ၏။

"ဟေ့ကောင် ပုချို အိပ်မလို့လားကွ"

"ဟဲဟဲ ငိုက်လေးတော့"

"ဟာ၊ မင်းကလည်း ပျင်းပါ့ကွာ"

"အစ်ကို ဘာကိစ္စရှိလဲ"

"ဟို အဲ ဘာမှမရှိပါဘူးကွာ။ အိပ်အိပ် ငါတော့ အိပ်မရလို့ စီးကရက်ဖွာဦးမယ်"

အိတ်ထောင်ထဲမှ မာပိုလိုဘူးကို ထုတ်၍ စီးကရက်တစ်လိပ် ဖွာရှိုက်လိုက်၏။ မီးခိုးငွေ့များက ကားထဲ ဝေ့ဝဲလှည့်လည် စီးမျောနေ၏။ ထိုအခါ အိပ်နေသူများခမျာ မီးခိုးငွေ့ကြောင့် မွန်ထူကုန်လေ၏။

"အဟွတ် အဟွတ်"

"ဟူး ဖူး ဟာ ဘယ်ကအငွေ့တွေလဲ"

"ရှေ့ကလူကြီး ဆေးလိပ်သောက်တာ"

"ဗျို့ ကြည့်သောက်ဗျို့။ တစ်ကားလုံး မီးခိုးနံ့လုံးနေပြီဗျို့။ ပေါင်မုန့်ဖိုများ မှတ်နေသလား"

"ဟေ ဟုတ်လား ဟဲဟဲ"

အော်သံဟစ်သံများကြောင့် စီးကရက်မီး အမြန်ငြိမ်းသတ်လိုက်ရ၏။





ထိုစဉ် ငိုက်မြည်းနေသော ဒေါ်တလုတ်မတစ်ယောက် ဆေးလိပ်ငွေ့ကြောင့် မွန်ထူပြီး နိုးလာ၏။ ပန်းညိုလည်း ထိုနည်းတူပင်။

"အစ်မ"

"ဘာလဲ သမီး"

"ဟိုလက်ဖက်ရှိသေးလား"

"ရှိပါ့ကွယ်။ စားမလို့လား"

"နည်းနည်းမြုံ့ချင်လို့"

ပန်းညို၏ အသံကလေး ကြားလိုက်ရသဖြင့် ဦးတိမ်ပေါ်စံ ပေကဲလပ်ပေကလပ် ဖွင့်လာ၏။ ပုချို သူ့ဆရာ အကြောင်းကို သိထားပြီးပြီမို့ ပြုံးထေ့ထေ့ လုပ်နေ၏။ ထိုစဉ် ပန်းညိုသည် လက်ဖက်ခွက်ကလေးကို ဇွန်းတပ်ကာ စားမည်ပြုပြီးမှ ဦးတိမ်ပေါ်စံထံ လှမ်းပေးရင်း ပြောလိုက်၏။

"ထွေးလေး စားပါဦး"

"ဟေ၊ ဘယ်ကထွေးလေးလဲ"

"သြော်၊ ဟိုဟို ကျွန်မတို့က ဦးလေးအရွယ်ဆို ထွေးလေးလို့ ခေါ်တယ်လေ။ စားပါဦး ထွေးလေးရဲ့ ဒါ လက်ဖက်ချဉ်လေ။ အိပ်ချင်ပြေတယ်"

"ဟေ၊ တစ်မြို့လောက် မြည်းမှ"

"အစ်ကို"

"ဘာတုံးကွ ပုချို"

"ဟို အိမ်မှာဆို လက်ဖက်ကို လှည့်တောင်မကြည့် . . ."

"တိတ်စမ်းကွာ ခု ငါကြိုက်သွားပြီကွ"

"ဟင် အပြောင်းအလဲက မြန်ပါ့ဗျာ။ ဟဲဟဲ"

ပုချိုစကားကို ဦးတိမ်ပေါ်စံ ဂရုမစိုက်နိုင်။ ပန်းညို ကမ်းပေးလာသော လက်ဖက်အုပ်ကိုယူကာ တစ်ဇွန်းနှစ်ဇွန်း စားလိုက်၏။ ပဲကြမ်းကြော် ရှူရှူ အုန်းသီးကြော် ကြွပ်ကြွပ်ကလေး ပါရှိပြီး ချဉ်စပ်ကလေးမို့ ဦးတိမ်ပေါ်စံ ခံတွင်းတွေ့သွား၏။ တစ်ချိန်က လက်ဖက်စားသည်ကို မြန်မာဆန်သည်ဟု ဆိုကာ နှာခေါင်းရှုံ့ခဲ့သူ ဖြစ်၏။

ယခုတော့ သူ့အတွေးများ တလွဲဖြစ်ချေပြီဟု တွေးမိကာ လက်ဖက်အရသာကို တမြုံ့မြုံ့ ခံစားနေ၏။ ပုချိုမှာ သူ့ဆရာ၏ အပြုအမူကိုကြည့်ရင်း အံ့သြပြီးရင်း အံ့သြနေပေ၏။ ထိုစဉ် ဦးတိမ်ပေါ်စံက လက်ဖက်အုပ် လှမ်းပေးရင်း ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလိုက်တာ ပန်းညိုလေးရယ်"

"ရှင် ဘာကောင်းတာလဲ"

"ဩော် လက်ဖက်လေ၊ ချဉ်စပ်ကလေး အိပ်ချင်ကို ပြေသွားတာပဲ၊ ဒါ ပန်းညိုလေး သုပ်တာလား"

"ဟုတ်ဘူး ကျုပ်သုပ်တာ"

"ဗျာ"

ဒေါ်တလုတ်မက စကားလုံး မာကြွပ်ကြွပ်ကြီးနှင့် ပြောပြလိုက်သဖြင့် ဦးတိမ်ပေါ်စံ တွန့်ခနဲ ဖြစ်သွား၏။ ထိုစဉ် ဒေါ်တလုတ်မ၏ စကားသံ ထွက်လာ၏၊

"ရှင်တို့က ဘယ်လဲ"

"ဗျာ၊ ဟို ဟော့ကောင်ပုချို ပြောလိုက်လေ"

"ဩော်၊ ကျုပ်တို့က မကွေးပါ။ ဟို ကန်ဖျားဘက်ကိုလေ"

"ရှင်၊ ဒါဆို ကျုပ်တို့နေတဲ့ ရွာနဲ့ အနီးကလေးပဲ"

"ဟုတ်လား၊ ဘယ်ရွာပါလိမ့်"

"ဗပျိုလေ"

"ဩော်။ ဗပျိုရွာကလေးကို ကျွန်တော် လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က ရောက်ဖူးတယ်။ တအား သာယာတာပဲ။ မန်ကျည်းပင်၊ ထနောင်းပင်၊ ထန်းပင်တွေက အုံးအုံးထနေတာပဲ"

"ဟုတ်ပ၊ အမှန်တော့ ကျုပ်တို့က ရေနံချောင်း ဇာတိလေ။ ရောက်ချိန်မို့ ဒီကို ရောက်နေတာ"

"ဩော်၊ ဟုတ်ပ ဝါတွင်းကာလကတော့ မြစ်ဘေးက ရွာတွေ ရေဝင်ပြီပေါ့"

ပုချိုနှင့် ဒေါ်တလုတ်မတို့ လေပေးဖြောင့်နေစဉ် ဦးတိမ်ပေါ်စံတစ်ယောက် ပန်းညိုကလေးကို လစ်လျှင်လစ်သလို ခိုးကြည့်နေဆဲ။ ထိုစဉ် ပုချို၏ စကားသံ ထွက်လာ၏။

"ဒါ ကျွန်တော့် အစ်ကိုကြီးလေ ရန်ကုန်ဇာတိ၊ လူပျိုကြီး။ ဒါပေမယ့် ဒါ သိပ်မကောင်းဘူး"

"အင် ဟကောင် ဘာပြောတာလဲ"

"ဩော်၊ အစ်ကိုကြီး စိတ်တွေလေနေတယ် ပြောတာပါ"

ပုချိုက ဒေါ်တလုတ်မကြီးကို သူ့ဆရာအကြောင်း ပြောပြလိုက်၏၊ လူပျိုကြီးဆိုလိုက်သဖြင့် ဒေါ်တလုတ်မတစ်ယောက် မျက်လုံးအစုံ ဝင်းဝင်းတောက်





လာ၏။

"ဩော် လူပျိုကြီးကိုး"

"ဟုတ်ပ အစ်မကြီးရာ"

"အသက်ဘယ်လောက် ရှိပြီတုံး"

x x x

"အစ်ကိုကြီး"

"ဟော၊ ဘာတုံးကွ။ ဒီမှာကြည့် အဲလေ. . ."

"ဟို အစ်မကြီးက အသက်ဘယ်လောက်ရှိပြီလဲတဲ့ဗျ"

"အသက်. . . နေဦးကွ၊ ပဲခူးလျှောင်းကြီးလှုပ်တုန်းက အဲ အဲဒီတုန်းက ငါ မှတ်ပုံတင် လုပ်ပြီးနေပြီကွ"

"ဟာ ဘာတွေတုံး၊ အစ်ကို့အသက်မေးတာဗျ"

"ဟော၊ နေဦး သိပ်မကြီးသေးပါဘူးဗျာ၊ အသက်မမေးပါနဲ့ လူကို အသက်နဲ့ ပိုင်းခြားတဲ့ခေတ် ကုန်သွားပါပြီ"

"ဟုတ်လား၊ တစ်မျိုးကြီးပဲနော်။ ဒါဆို ရှင်ရောပြုပြီးရဲ့လား"

"ဗျာ၊ ရှင်ပြု. . . ဟာ ပြုပြီးလို့. . . ဟာ ဘာတွေတုံး"

"သိဘူးလေ၊ ရှင်ကြီးက ကိုယ့်ကိုယ်ကိုယ် တယ်လည်း ငယ်ချင်သကိုး"

"ဟဲဟဲ လူပျိုကြီးဆိုတော့ ဒီလိုပေါ့ အစ်မကြီးရဲ့"

"ဟုတ်ပ၊ ဒီလောက် ပျိုချင်ရင် ရွာလာပြီး ထန်းပင်တက်ပါလား"

"ဘယ်လိုကြောင့်ပါလိမ့်"

"ဒီလိုလေ၊ ထန်းပင်တစ်နေ့ကို သုံးခါလောက် တက်ကြည့်၊ ရှင့်အသားတွေ ကျောက်ခဲစားထားသလို မာကျစ်နေစေရမယ်။ ပြီးရင် တစ်နေ့ကို အကြိမ်တစ်ရာလောက် ထယ်ထိုး၊ အဲဒါဆို ငထွေရွှေ၊ လုံးလဖယ်တို့တောင် အရှုံးပေးသွားနိုင်တယ်"

"အို အစ်မကလည်း ဘာတွေပြောနေသတုံး"

"ဩော်၊ ဟောဒီ နင့်အဘက ငယ်ချင်လို့တဲ့အေ"

"ဗျာ အဘ"

အဘဆိုသော အသုံးနှုန်းကြောင့် ဦးတိမ်ပေါ်စံမှာ နင်သွား၏။ ပုချိုမှာလည်း ခင်းမည်ပြင်ထားသော စကားလုံးများ ပျောက်ဆုံးကုန်၏။

"ဒါမှမဟုတ် ဒီလိုလုပ်၊ ကျုပ်တို့ရွာမှာ ဗိန္ဒောဆရာပုတ်ကြီးဆိုတာ ရှိတယ်၊ သူ့မှာ ရုပ်ပျိုဆေးရှိတယ်လို့ ကြားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"အောင် ရုပ်ပျိုဆေး ဟုတ်ရဲ့လားဗျ"

"ဪ ဟုတ်ပ့ါတော် ဟိုတစ်လောက ကာလသားခေါင်း မြဖေ ရုပ်ပျိုဆေးတောင် သောက်လိုက်တယ်လေ"

"ဘယ်လိုနေလဲ"

"ရုပ်ပျို မပျိုတော့ မသိဘူး။ လူတော့ဓာတ်လျှော့ပြီး အိမ်သာက မထွက်တော့ဘူး။ လူလည်း ခိုင်ခိုင်မရပ်နိုင်တော့ဘဲ ပြိုလုလု . . ."

"ဪ၊ ရုပ်ပျိုဆေးက ကြမ်းလှချည်လား"

"ရှင်သောက်ကြည့်လိုက်ပါလား ကိုတိမ်ပေါ်ရဲ့"

"တော် တော်ပါတော့ဗျာ"

ဒေါ်တလုတ်မ၏ ရုပ်ပျိုဆေးအစွမ်းကို ကြားလိုက်သည်နှင့် တွန့်ခနဲ ဖြစ်သွား၏။ ပုချိုမှာ ဒေါ်တလုတ်မစကားကြောင့် ပြုံးစိစိဖြစ်နေ၏။ ပန်းညိုကတော့ ထုံးစံအတိုင်း အားတုံ့အားနာ ဖြစ်နေပုံရပေ၏။

သူတို့လေးဦး စကားတပြောပြောနှင့် လိုက်ခဲ့ကြရာ မကြာမီ အောင်လံမြို့ကလေးပေါ်သို့ ရောက်ရှိလာရာ သူတို့လူစု ကားပေါ်မှ ဆင်းကာ လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့ကြ၏။ ပျစ်နှစ်နေသော မလိုင်ဖတ်များ တက်နေသည့် နွားနို့အိုးကြီးကို မြင်လိုက်ရသဖြင့် နွားနို့နှင့် ပေါင်မုန့်များ မှာ၍ စားသောက်လိုက်ကြ၏။

ပူနွေးပျစ်နှစ်နေသည်မို့ အရသာရှိလှ၏။ ပုချိုကတော့ လူတစ်မျိုး အမဲခြောက်ကြော်တစ်ပွဲမှာကာ ပေါင်မုန့်နှင့် ညှပ်စားရင်း နွားနို့ကိုလည်း တဂွပ်ဂွပ် သောက်နေ၏။

ခရီးသည်များလည်း အိပ်ချင်ပြေ ဆင်း၍ သောက်ကြစားကြနှင့် မိနစ်နှစ်ဆယ်ခန့် အနားယူလိုက်ကြ၏။ ဦးတိမ်ပေါ်စံမှာ ပန်းညိုလေး၏ အတူစားအတူသောက်ရသည့် အခြေအနေ ရရှိလာပြီမို့ အိပ်ချင်စိတ်များပင် မရှိတော့။

စကားမရှိ စကားရှာ ပြောတတ်သည်မို့ မိခင်လုပ်သူ ဒေါ်တလုတ်မပင် မြင်ပြင်းကတ်လာပုံရ၏။ သို့သော် ဦးတိမ်ပေါ်စံက တစ်လမ်းလုံး အာခံခဲ့သဖြင့် ဒေါ်တလုတ်မတစ်ယောက် မကျေနပ်မှုများကို မျိုသိပ်နေရ၏။

သို့နှင့် စားသောက်ပြီးသွားသောအခါ ကားပေါ် ပြန်တက်ခဲ့လေ၏။ အဝေးပြေးကားကြီးမှာ မမောတမ်း ဆက်၍ မောင်းနှင်ခဲ့လေ၏။ တောတွေ တောင်တွေကို ဖြတ်ကျော်ကာ မိုးလင်းလုလုတွင် တောင်တွင်းကြီးသို့ ဆိုက်ရောက်ခဲ့လေတော့၏။

မိုးဖွဲဖွဲမှုန်မှုန် ရွာထားသဖြင့် တစ်မြို့လုံး စိုတိစိုစွတ် ဖြစ်နေ၏။ မြို့ဝင်တွင်





ကားရပ်နားသောအခါ ခရီးသည်များ အောက်သို့ဆင်း၍ မျက်နှာသစ်ကြ၏။

တချို့ကလည်း ခြေလက်မျက်နှာများ ဆေးကြောလိုက်ကြ၏။ ဦးတိမ်ပေါ်စံတို့အစုသည် မျက်နှာသစ် ပလုတ်ကျင်းပြီးသည်နှင့် ပန်းညိုတို့ သားအမိခေါ်ရာ ပဲနံပြားဆိုင်တွင် ဝင်၍ ပဲနံပြား စားလိုက်ကြ၏။ ဦးတိမ်ပေါ်စံမှာ အညာဒေသ၏ အရသာရှိလှသော အစာအာဟာရများကို ခံတွင်းတွေ့နေ၏။ ထို့ပြင် ပန်းညိုဆိုသော အလှရုပ်ကလေးနှင့် ခရီးတစ်လျှောက်လုံး သွားခဲ့ရသဖြင့် သူ့အသွင်က လန်းဆန်းတက်ကြွနေပေ၏။

အမှန်မတော့ ယခုလို ခရီးထွက်နိုင်ခြင်းမှာ ပုချို၏ အကြံဉာဏ်လည်း ပါပေ၏။ တိမ်ဂေဟာကြီးထဲ ပြဿနာများ ပြောင်းဆန်နေစဉ် ဦးတိမ်ပေါ်စံမှာ ဝင်းဝါဝါ၏ ဝေဒနာနှင့် ရင်ကွဲပက်လက်ဖြစ်ကာ အိပ်ခန်းထဲမှ မထွက်နိုင်အောင် ဖြစ်နေ၏။

ထိုအခါ ဆရာလုပ်သူ၏ အဖြစ်သနစ်ကို မကြည့်ရက်သော ပုချိုက အညာလိုက်လည်ရန် ဆွယ်လေတော့၏။ နဂိုကတည်းက အချစ်ကြောင့် ငှက်တစ်ကောင်လို လေလွင့်လိုသော ဦးတိမ်ပေါ်စံမှာ နှစ်ခါမခေါ်ရချေ။

ချက်ချင်း ထလိုက်မည်လုပ်လေတော့၏။ နောက်ဆုံး အိမ်သားများမသိအောင် ဆရာတပည့် တိုင်ပင်ပြီး တိမ်ဂေဟာကြီးမှ လစ်ထွက်လာခဲ့ကြခြင်း ဖြစ်လေ၏။

မှန်တာပြောရလျှင် ဦးတိမ်ပေါ်စံသည် သူ့ကိုယ်သူ မြေမနင်းမင်းသားကြီးဘဲ့ခံကာ ကိုယ်ပိုင်ကားပေါ်မှ ဆင်းခဲ့သူ မဟုတ်၊ ထို့ပြင် ရပ်ဝေးသို့လည်း ဝေးဝေးလံလံ သွားဖူးသူ မဟုတ်ပါချေ။ ထို့ကြောင့်လည်း ယခုလို အညာရိပ်၏ စွဲမက်ဖွယ်ကောင်းလှသော အရသာကို တသသ ဖြစ်နေပေ၏။ လမ်းတစ်လျှောက် တစ်ဖက်တစ်ချက်တွင် ပေါက်ရောက်နေသော ထနောင်းပင်၊ ထန်းပင်များကို ကြည့်ရင်း စိတ်ထဲ အကြည်နူးကြီး ကြည်နူးနေပေ၏။ ထို့ပြင် အညာသူ ချောချောလှလှလေးနှင့် ဆုံရသောအခါ အညာမှာပဲ ခေါင်းချလိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မကွေးသို့အရောက်တွင် ပန်းညိုတို့သားအမိနှင့် ခွဲခွာလိုက်ရသဖြင့် ဦးတိမ်ပေါ်စံတစ်ယောက် အကြေကွဲကြီး ကြေကွဲနေရ၏။ တပည့်လုပ်သူ ပုချိုမှာ ကားပေါ်မှဆင်းကာ ရွာဘက်သို့ထွက်မည့်ကားကို စုံစမ်းရန် ထွက်သွား၏။

ဦးတိမ်ပေါ်စံမှာ ကားပေါ်မှ ခရီးသည်များ ဆင်းကြသော်လည်း သူ့ခမျာ စွဲလမ်းတသရသော ဝေဒနာကြောင့် ထိုင်ခုံပေါ်တွင် ငူငူကြီး ထိုင်နေမိ၏။ ထိုစဉ် သူ့အပြုအမူကိုကြည့်ပြီး စပယ်ယာလုပ်သူမှာ နားမလည်နိုင် ဖြစ်နေပေ၏။ ထို့ကြောင့်လည်း သူ့အနားသို့ကပ်လာကာ စူးစမ်းသည့်အကြည့်နှင့် ကြည့်ရင်း မေးလိုက်၏။

"ဆရာကြီး မကွေးရောက်ပြီလေ၊ ဘယ်ဆက်စီးဦးမှာလဲဗျ"

"ဟေ၊ အဲ ဟုတ်သပ၊ ငါလည်း မေ့နေတယ်ကွ။ နေပါဦး ဒါ မကွေးဆိုတာ သေချာရဲ့လား"

"ဗျာ၊ ဘာ ဘာဖြစ်လို့လဲ ဆရာကြီးရဲ့"

"ဟို၊ ဖန်ခါးပင်လည်း မမြင်ပါလားကွ။ မဖြစ်နိုင်ဘူးထင်တယ်။ ဟိုအမျိုးသမီးတွေတော့ . . ."

"ဟာ ပြဿနာပါပဲ၊ ဒါ မကွေးမြို့စစ်စစ်ဗျ။ ဖန်ခါးပင်ကြည့်ချင်ရင် ကားပေါ်ကဆင်း ပလက်ဖောင်းပေါ်လျှောက်၊ မမြင်ရရင် ရွာတွေဘက်ကိုသွား၊ အဲဒီမှာ ရှိမှာပေါ့ဗျာ။ ဒုက္ခပါပဲ ဆရာကြီးပြောပုံက မကွေးပဲ အတုအစစ် ရှိနေသလိုလို"

"ဪ၊ ဟုတ်ပါရဲ့ကွာ။ ငါက ရောက်လည်း မရောက်ဘူးတော့ ဟဲဟဲ တစ်မျိုးပေါ့ကွာ။ ကဲ ဆင်းမယ် အင် ဟိုကောင် ပုချို ဘယ်ရောက်သွားပါလိမ့်"

"ဗျာ၊ ဘယ်က ပုတိုလဲ"





"ဟာ၊ ပုချိုကွ ငါ့တပည့်"

"ပြောတတ်ဘူးလေ၊ ခရီးသည်တွေအားလုံး ဆင်းသွားကြပြီဗျ။ ကားပေါ်မှာ ဆရာကြီးတစ်ယောက်ပဲ ရှိတော့တာ။ ဒုက္ခပါပဲ ဘယ်လိုလူကြီးပါလိမ့်"

"အေးပါကွာ၊ ဆင်းပါ့မယ်"

ပြောပြောဆိုဆိုနှင့် ကားပေါ်မှ ဆင်းခဲ့၏။ ကားအောက်ရောက်သည်နှင့် သူ့ခမျာ တလည်လည် ဖြစ်နေရှာ၏။ ပုချိုကလည်း ခုထိ ဘယ်ရောက်လို့ ရောက်မှန်းမသိ။ ဘယ်မှာ ဆင်းသွားသည်ပင် ဝေခွဲမရ။ သူ့စိတ်အစုံကလည်း နောက်ခုံတွင် ထိုင်နေသော ပန်းညိုကလေးဆီ ရောက်နေသည်မို့ ပုချို ဘယ်အချိန်ဆင်းသွားမှန်းပင် မသိလိုက်ပါချေ။

ထို့ကြောင့်လည်း ကားဂိတ်တွင်တလည်လည် ဖြစ်နေ၏။ ပိုဆိုးသည်မှာ သူ့ပိုက်ဆံအိတ်ပါ ပုချိုဆီ ပါသွားခြင်း ဖြစ်၏။ အိတ်ထဲမှာလည်း မာပိုလိုဘူးကလွဲ၍ ဘာမှမရှိ။ ကားပေါ်မှ ဆင်းဆင်းချင်း ဗိုက်ထဲ ဆာတာတာ ဖြစ်နေပေ၏။

အဝေးပြေးကားဂိတ်တစ်ဝိုက် ယောင်လည်လည် လျှောက်ရင်း ဂိတ်အပြင်သို့ ရောက်ရှိလာရာ သီချင်းသံသဲ့သဲ့ ဖွင့်ထားသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို မြင်လိုက်ရ၏။

ဆိုင်အတွင်းရှိ ထိုင်ခုံတွင် ခေါင်းတုံးဆံပင်ပေါက်နှင့် လူရွယ်တစ်ယောက် ထိုင်ကာ စားသောက်နေသည်ကို မြင်တော့ သူ့ဗိုက်ထဲ တဂွီဂွီ မြည်လာ၏။ စိတ်ထဲ ရှက်လည်း မရှက်နိုင်တော့။ ကြုံက်မရှက် ငတ်မရှက်ဆိုသော စကားနှင့်အညီ ဆိုင်ထဲသို့ဝင်ခဲ့ပြီး ခေါင်းတုံးဆံပင်နှင့်လူကို စကားရောဖောရောနှင့် နှုတ်ဆက်လိုက်၏။

"ဘယ်လိုလဲကွ၊ စားလှချည်လား"

"ဗျာ"

"စားကွ၊ ဘီလူးရှုံးအောင်စားမှ သရဲတစ္ဆေကို နိုင်မယ်"

"ဗျာ၊ ဘာ ဘာတွေတုံးဗျာ"

"ဟဲဟဲ ငါလည်း ဘီလူးပဲကွ"

"အောင်မလေး ဘာတွေတုံး ဟို ဦးကြီးက . . ."

"မေးမနေနဲ့ကွ၊ ဆာပြီကွ ဟဲဟဲ လာစမ်း ဘဲသားပေါင်မုန့်"

"အင်၊ ဘယ်လိုလူကြီးလဲ၊ ဧကန္တ ဒုဗ္ဗိက္ခန္တရတိုင်းက ကိုယ်စားလှယ်ထင်ပါ့"

ဦးတိမ်ပေါ်စံတစ်ယောက် ရှူးကြောင်မှူးကြောင် လုပ်၍ ထိုင်ခုံတွင် ဖုတ်ခနဲ ဝင်ထိုင်ကာ စားပွဲပေါ်မှ မုန့်များကို တစ်ခုပြီးတစ်ခု ယူစားပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ဒီ အဖြူအစင်းတိုကြည့်ရင်း တအံ့တသြ ဖြစ်နေသူမှာ တခြားမဟုတ်။

တော့ကို့ပေါ် ရောက်လာကာ မြို့သားစတိုင်ထုတ်နေသော ဂျာအေးပင် ဖြစ်လေတော့၏။ ဦးတိမ်ပေါ်စံ၏ လှုပ်ရှားမှုက အရွယ်နှင့်မလိုက်။ ပန်းကန်ထဲ မုန့်သုံးခုလည်း ပြောင်သွားရော နွားနို့တစ်ခွက် မှာသောက်လိုက်၏။ ထို့နောက် အိတ်ထောင်ထဲမှာ မာဘိုလိုစီးကရက်တစ်လိပ် ထုတ်ကာ မီးညှိဖွာရှိုက်လိုက်၏။

"အား ခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ်ဟေ့။ ကျေးဇူးပဲ မောင်ခေါင်းတုံးရေ။ လောကမှာ လူဆက်လုပ်ချင်ရင် တွေ့တဲ့လူခေါ်ပြီး ကျွေးမွေးဒါနပြုကွ"

"ဗျာ၊ ဟိုဟာ ဟိုခင်း"

"ဘာလဲ ငါလိုလူနဲ့ မောင်ခေါင်းတုံး ဆုံရတာ ပဋ္ဌာန်းဆက်ပဲကွ။ အိမ်း မောင်ခေါင်းတုံးက ခုလို လှူလိုက်တဲ့ အကျိုးကြောင့် ဘဝဆက်တိုင်းဆက်ဘိုင်း လက်ဖက်ရည်ပိုင်ရှင် ဖြစ်မယ်ကွ။ ဒါမှမဟုတ် ပေါင်မုန့်ဖုတ်ကုလား ဖြစ်မယ်ကွာ။ ဟဲဟဲ တယ်ကောင်းတဲ့ ကုသိုလ်အကျိုးဆိုတာ တွေးကြည့်"

"ဗုဒ္ဓေါ ပြဿနာတော့ ဝင်ပြီ။ ဟိုဟို ဦးကြီး ဦးကြီးက ဘယ်သူ"

"အို၊ မေးမနေပါနဲ့ကွယ်။ လုပ်ခဲ့ပြီးတဲ့ လှူခဲ့ပြီးတဲ့ ကိစ္စကို နိဗ္ဗာနပစ္စယော ဟောတု လို့မှတ်ပေါ့ကွာ။ ကဲ ပိုက်ဆံ ရှင်းလိုက်ပေတော့"

"အောင်မလေးဗျ။ မှားပြီ ငါတော့မှားပါပြီ"

"ဟေ၊ ဘာမှားသတုံးကွ။ များများမှားရင် မှန်လာလိမ့်မယ်ပေါ့ မောင်ခေါင်းတုံးရယ်"

"ဒုက္ခပါပဲ"

ဂျာအေးတစ်ယောက် အကြီးအကျယ် ခေါင်းစားသွား၏။ ဦးတိမ်ပေါ်စံ၏ အမှုအရာက ထင်ရာမြင်ရာ စွတ်လုပ်တော့မည့် အမူအရာမို့ ဂျာအေး ဖြစ်လာမည့် ပြဿနာကို မနိုင်မနင်း ဖြေရှင်းရလေတော့၏။

စားပွဲထိုး ရောက်လာသောအခါ ဦးတိမ်ပေါ်စံ စားထားသည့် ကုန်ကျငွေပါ ရှင်းလိုက်ရသဖြင့် ဂျာအေးတစ်ယောက် ရှုံ့တွချဉ်တူးနေပေ၏။ နောက်ဆုံး ဦးတိမ်ပေါ်စံကိုပင် နှုတ်မဆက်နိုင်တော့ဘဲ ဆိုင်ထဲမှ ဆောင့်ဆောင့်အောင့် အောင့်နှင့် ထွက်ခဲ့လေ၏။ ထိုအချိန်တွင် ဦးတိမ်ပေါ်စံတစ်ယောက် နောက်မှ အူယားဖားယားနှင့် လိုက်လာ၏။

"ဟေ့ ဟေ့ မောင်ခေါင်းတုံး"

"ဗျာ၊ ဟိုက် လိုက်လာပြန်ပြီ။ ဒုက္ခပါပဲ ဒီပုံဆို ညစာပါစားမလား မသိဘူး"





www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မောင်ခေါင်းတုံးရဲ့ နေပါဦးကွာ"

"အင်၊ ဘာ ဘာတုံးဗျာ"

"အလို တယ်လည်း စိတ်ကြီးပါလားကွ။ စိတ်ကြီးရင် ဆိတ်မြီးကို ဖွားရည်နဲ့ ကျိုသောက်လိုက်စမ်းပါကွာ"

"ဗျာ၊ ဘာတွေတုံး၊ ဘာတွေတုံးဗျ။ ကျုပ် ခေါင်းရှုပ်လာပြီ၊ ခင်ဗျား ကျုပ်ကို အရူးထင်နေသလား။ ကျုပ်နာမည် ဂျာအေး၊ ရေနံချောင်းသား၊ ထမင်းတစ်လုတ်ကို ချင်းသုပ်နဲ့ စားတဲ့ကောင်ဗျ"

"ဟော မောင်ရင်က ဂျာအေးကိုး ဟဲဟဲ"

"အင်၊ ဘာတုံး ဘယ့်နှယ် လူကို ခြေဆုံးခေါင်းဆုံး ကြည့်နေတာလဲဗျ။ ကာန္တ ဦးကြီးက နွားပွဲစားလား"

ဦးတိမ်ပေါ်စံက ဂျာအေးကို ပြုံးစိစိလုပ်ရင်း ခြေထောက်မှ ခေါင်းအထိ အပြန်ပြန်အလှန်လှန် ကြည့်လိုက်၏။ သူ့အကြည့်ကြောင့် ဂျာအေး အူချာချာဖြစ်ကာ မလုံမလဲ ခံစားလိုက်ရ၏။

"ဟဲဟဲ၊ မောင်ဂျာအေးဆိုတော့ နော့င်အခါပေးရင် ကြောင်တစ်ရာမွေးမယ့်ပုံပဲ"

"ဟိုက် ဒီမှာ ဦးကြီးက ဘယ်သူတုံး၊ဘယ်ကတုံး ဘာကြောင့် ကျုပ်နောက်လိုက်နေတာတုံး"

"ဟော၊ ငါလား ငါ့နာမည် တိမ်ပေါ်စံ့ စိန်ခေါ် ရင် ဝတိပေါ် အထိ လိုက်စားမယ်ကွ။ ကိုင်း ရွာစား ဒီည ညစာ မင်းကျွေးပေတော့"

"အလို ဒီ ဒီလူကြီးက ဥမ္မတ္တကောကြီးကိုး"

"ဘယ်လို ကျုပ်ကိုများ ဥမ္မတ္တကောတဲ့။ ဟဲ ဟဲ ဆုံရတဲ့ သဘောကိုက ညသာတောအလယ်"

"ဟာ၊ တော် တော်ပါတော့ဗျာ။ ကျုပ်ပါ ရူးချင်လာပြီ အီး"

ဂျာအေးတစ်ယောက် နေရင်းထိုင်ရင်း ဥမ္မတ္တကဖြိုဟ်ကြီး ပူးလေပြီဟု ပြောရမလိုပင်။ ဦးတိမ်ပေါ်စံကလည်း သူ့နောက်မှ တကောက်ကောက်လိုက်လာသဖြင့် အကြီးအကျယ် အကျပ်တွေ့နေပေ၏။ ဟိုရှောင်ဒီကွေ့ လုပ်သော်လည်း ဦးတိမ်ပေါ်စံက သူ့အနားက မခွာပါချေ။

"ဦး ဦးကြီး"

"ဘာ ဘာတုံး မောင်ခေါင်းတုံးရ"

"ဟာ၊ ဂျာအေးပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ မောင်ဂျာအေးရဲ့ တို့နှစ်ယောက်ဟာ ပဋ္ဌာန်းဆက်တွေနေ့ဘဲ၊ အကြ
မဖက်ရင် ဟဲဟဲ အလွမ်းနဲ့ မျက်နှာသစ်ရလိမ့်မယ်ကွ"

"တော်ပါတော့ဗျာ၊ လူက သွပ်ချောင်ချောင် ဖြစ်ချင်ရတဲ့ကြားထဲ ဘယ်
လဲ အိမ်အထိ လိုက်မှာလား"

"ဟာ ဒါပေါ့ မောင်ဂျာအေးရယ်။ အိမ်အထိ လိုက်မယ်၊ ညစာလည်း
စားမယ်။ အိပ်လည်း အိပ်မယ် တဲဟဲ"

"ဗုဒ္ဓေါ၊ ကေန္တ ဒီ ဒီလူကြီးဟာ ပါပကြိုဟ်သားကြီးများလား မသိ
ဒုက္ခပါပဲ ဘယ်လိုလုပ်ရပါလိမ့်"

ဂျာအေးတစ်ယောက် အကြီးအကျယ် အကျပ်ရိုက်နေပေ၏။ အမှ
တော့ ဂျာအေးမြို့ပေါ်ရောက်လာရခြင်းမှာ သူ့ဆရာ ဖျောက်ဆိပ်၏ ကော
ကြောင့် ဖြစ်ပေ၏။

ပြောရလျှင် ရာဇဝင်တုတ်ထမ်းပြောရမည့်ပုံပင်။ မကွေးဘက်သို့ သူ
လူစု ပြောင်းရွှေ့လာစဉ် ပြဿနာမီးတွန်းရှာမိသည့် အဖြစ်ကြောင့် ဆ
ဖျောက်ဆိပ်တစ်ယောက်ကို ရွာသူကြီးက ကန်ဆယ်ရန် ပစ်ဒဏ်ပေးခဲ့၏။

ထိုသို့ ကန်ဆယ်သည့်အလုပ်ကို လုပ်ရင်း ကန်ပေါင်းထဲမှ ရွှေစင်ရွှေ
ဘီလူးရုပ်ညီနောင်ကို တွေ့ခဲ့သဖြင့် သွားရောက် ရောင်းချရာမှ ဆရာဖျော
ဆိပ်တို့ အကြီးအကျယ် ကြီးပွားခဲ့လေ၏။ ထိုအခါ ရှေ့နောက် အမြော်အမြ
ကြီးသော ဆရာဖျောက်ဆိပ်က ရွာမှာနေလျှင် ခဏခဏ ပြဿနာများ ကြ
သဖြင့် ဘုမ္မိအရပ်ကျသည်ဟုဆိုကာ မြို့ပေါ်တက်ရန် ကြံရွယ်ခဲ့၏။ ထို
အပုလေးနှင့်တိုင်ပင်ခဲ့ကြပြီး မြို့၏ဆင်ခြေဖုံးရပ်ကွက်တွင် အိမ်လေးတစ်
ဝယ်ရန် စီစဉ်ခဲ့လေ၏။ ထိုသို့ စီစဉ်ခဲ့ရာမှ တစ်ဖက်ကလည်း စီးပွားရေး ဈေး
ကိုင်ရန် ကြံရွယ်ခဲ့သဖြင့် ဝယ်ယူထားသော အိမ်ရှေ့ခန်းကို ဗေဒင်ဟောသ
အခန်းအဖြစ် သတ်မှတ်ခဲ့လေသည်။

ဇနီးသည် အပုလေးက ဖျောက်ဆိပ် ဗေဒင်ဟောမှာကို မလိုလား
သော် လက်ထဲ ငွေကြေးကလည်း ပြည့်ပြည့်စုံစုံရှိနေပြီမို့ လင့်အကြိုက် လိုက်
လေရာ ဖျောက်ဆိပ်တစ်ယောက် သူ ဗေဒင်ဟောမည့်အခန်းကို ခမ်းခမ်းနား
ဖွဲ့စည်းလေ၏။

ဆိုင်းဘုတ်ကိုလည်း နာမည်ကျော် ပန်းချီဆရာများနှင့်အပ်ကာ စာ
အကြီးကြီး ရေးဆွဲ၍ နာမည်ကြီးအောင် လုပ်လေ၏။ သူ့ဗေဒင်ခန်းကို 'ဒီဗွ
ဆရာကြီး ဖျောက်ဆိပ်'ဟု အမည်ရေးထိုးခဲ့လေ၏။





ထို့ပြင် လူသူ အထင်အမြင်ကြီးရန်အတွက်လည်း လက်ထောက် သို့မဟုတ် တပည့်လက်သားတစ်ဦး ခန့်ထားရန် ဇနီးသည်နှင့် တိုင်ပင်ခဲ့၏။ ဖျောက်ဆိပ်က သူ့တပည့်ဂျာအေးကို လက်ထောက်ခန့်ချင်၏။

အပုလေးက သူ့တစ်ဝမ်းကွဲ တူလေး ခေါင်းကြီးကို လက်ထောက်ခန့်ချင်၏။ နှစ်ယောက်သား ထိုပြဿနာ ပြေလည်ရေးအတွက် ခုနစ်ရက်ခန့် အကျေအလည် ဆွေးနွေးခဲ့ကြရာ နောက်ဆုံး ဂျာအေးနှင့် ခေါင်းကြီးကို ပီအေနှစ်ယောက်အဖြစ် ခန့်ထားလိုက်လေ၏။

ထိုအခြင်းအရာကြောင့်လည်း မဟာပညာရှိ ဗေဒင်ဆရာကြီး ဖျောက်ဆိပ် ညာလက်ရုံး လက်ထောက် ဂျာအေးဟု အမည်တွင်ကာ မြို့ပေါ်သို့ ရောက်ရှိနေခြင်း ဖြစ်လေ၏။ ယခုလည်း ဆိုင်နားချိန်ဖြစ်၍ အဝေးပြေးကားဂိတ်တွင် လာရောက် စားသောက်နေစဉ် ဦးတိမ်ပေါ်စံနှင့် ဆုံမိခြင်း ဖြစ်လေတော့၏။

ဂျာအေးခမျာ ဦးတိမ်ပေါ်စံကို လှည့်ကြည့်လှည့်ကြည့်လုပ်ရင်း သူတို့ ဖွင့်လှစ်ထားသော ဗေဒင်ဓာတ်ခန်းကြီးသို့ ရောက်ရှိလာလေ၏။

ထိုအချိန်တွင် လူရှင်းချိန်ဖြစ်၍ ဖျောက်ဆိပ်တစ်ယောက် သူ့ဗေဒင်ခန်းထဲတွင် ငိုက်မြည်းနေပေ၏။ အခန်းကို ကတ္တီပါလိုက်ကာများနှင့် ကာရံထားပြီး အခန်းအပြင်အရောက်တွင် တပည့်လုပ်သူ ခေါင်းကြီးလည်း စားပွဲပေါ် မှောက်လျက်သား အိပ်ပျော်နေပေ၏။

ထိုစဉ် ဂျာအေးတစ်ယောက် ဗေဒင်ရုံးခန်းထဲသို့ ဝင်လာ၏။

"ဟေ့ကောင် ခေါင်းကြီး ခေါင်းကြီး"

"ဗျာ ဘယ်သူလဲ၊ ဘာတွေဖြစ်ကုန်ပြီလဲ ပြော"

"ဟို ဟို"

"ရှေ့ကကောင်တွေ ဆူညံဆူညံနဲ့ကွ။ မင်းရို့ဆရာကြီး ဖျောက်ဆိပ် ဓာတ်စီးနေတုန်း မနှောင့်ယှက်နဲ့ကွာ"

"အဲ ဟို ဟို"

ရုတ်တရက်မို့ ခေါင်းကြီးတစ်ယောက် အိပ်ချင်မူးတူးနှင့် ပြူးပြူးပြဲပြဲ ထမေးလိုက်၏။ ဂျာအေးမှာလည်း နောက်လှည့်ကြည့်လှည့်ကြည့်နှင့် ဘာပြောရမှန်းမသိ ဖြစ်နေ၏။ ထိုစဉ် နောက်ခန်း၌ ဇိမ်ကျကျ မှိန်းနေသော ဖျောက်ဆိပ်ခမျာ ဖျတ်ခနဲ လန့်နိုးသွားသဖြင့် ဒေါသတကြီးနှင့် ပြောဆိုလိုက်ခြင်း ဖြစ်လေ၏။

ထိုအချိန်တွင် ဂျာအေးက ခေါင်းကြီးကို လေသံတိုးတိုးနှင့် မှာကြားနေ၏။

"ဟေ့ကောင် ခေါင်းကြီး၊ ဟို ငါ့နောက်မှာ အဘိုးကြီးတစ်ယောက် ပါလာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မင်းကြည့်ကျက် ပြောလိုက်စမ်းကွာ။ ငါ အိမ်သာတက်လိုက်ဦးမယ်"

"ဟာ ရပါတယ်ကွာ"

ခေါင်းကြီးက နာမည်နှင့် လိုက်အောင် ခေါင်းကြီးက ကြီးပြီး ငယ်ငယ်ရွယ်ရွယ်နှင့် နဖူးကြီးက ပြောင်နေပေ၏။ စကားကို လေးလုံးကွဲအောင် ပြောနိုင်သူလည်း မဟုတ်။ လူ့အရိပ်သုံးပါးကိုလည်း ဒုံးဝေးလွန်းလှသူ ဖြစ်ပေရာ ဂျာအေးလောက် ချက်ချက်ချာချာမရှိပါချေ။

ဂျာအေးသည် ပြောပြောဆိုဆိုနှင့် ပေဒင်ဓာတ်ခန်းထဲမှ ဖြတ်ကာ အိမ်အနောက်ဘက်သို့ ဝင်သွား၏။ ဖျောက်ဆိပ်မှာ ဂျာအေး ပျာယာခတ်နေသည်ကို ဝေတေတေ ဖြစ်နေ၏။ ထိုစဉ် ပေဒင်အခန်းဝသို့ ဦးတိမ်ပေါ်စံ ရောက်ရှိလာလေတော့၏။

"ဟိတ် ဒါ ဘာဆိုင်လဲကွ၊ ပြောစမ်း"

"ခင်ဗျာ"

"ငါမေးနေတာ မကြားဘူးလားကွ။ ဒါ အနိုပ်ခန်းလား"

"ဗျာ ဟို အဲ . . ."

"ကောင်းပါ့ကွာ။ အူတူတူအတတနဲ့ တစ်လမ်းလုံး ကားစီးလာရတာ ဇက်ကြောတွေ တောင့်နေပြီကွ။ ဘယ်မှာလဲ အနှိပ်ဆရာ"

"ခင်ဗျာ ဟို ကျွန်တော်တို့ . . ."

"တော်စမ်းပါကွာ။ မင်း မြန်မာစကား လိပ်ပတ်လည်အောင် မပြောတတ်ဘူးထင်တယ်။ ဒါဆို ငါဘာသာပဲ အခန်းထဲဝင်မယ် ဖယ်စမ်းကွာ"

"ဟာ မဝင်"

"ဖယ်စမ်းပါကွာ"

"ဒုက္ခ ဒုက္ခပါပဲ"

ဦးတိမ်ပေါ်စံသည် အူတူတူလုပ်နေသော ခေါင်းကြီးကို ဖယ်ကာ နောက်ဘက်အခန်းထဲသို့ ကမူးရှူးထိုး ဝင်သွားလေ၏။ ထိုအချိန်တွင် ဖျောက်ဆိပ်မှာ ကျွန်းထိုင်ခုံကြီးပေါ် ခေါင်းတင်ကာ တခေါခေါနှင့် အိပ်မောကျနေပေ၏။

"ဟေ့ အနှိပ်ဆရာ"

"ဗျာ"

"မင်း အနှိပ်ဆရာ မဟုတ်ဘူးလား။ နှိပ်စမ်းကွာ ငါ့အကြောတွေ၊ ဇက်တွေ အင်္ဂတေကိုင်ထားသလို ဖြစ်နေတယ်"

"ဗျာ၊ ဒီ ဒီမှာ ကျုပ်က. . ."





"ဘာလဲ ပိုက်ဆံလား၊ အသပြာအနှိပ်သည် မလုပ်စမ်းပါနဲ့ ကိုယ့်လူရာ။ တေနာအနှိပ်သည်ဘဝကို ခံယူစမ်းပါ။ နှိပ်တတ်ရင် နှိပ်ဗွာန်ရပါတယ်ကွ"

"ဟာ၊ ဘာတွေတုံး၊ ဒီ ဒီမှာ ဦးဟိုဒင်း"

"မော ဘာတုံး၊ ငါ့နာမည်ဦးတိမ်ပေါ်စံကွ။ ဘာလဲ နှိပ်ပြီး ညစာထမင်းပါကျွေးမလို့လား"

"ဝုဒ္ဓေါ ဘယ်လိုလူကြီးပါလိမ့်"

ဖျောက်ဆိပ်တစ်ယောက် အိပ်ချင်မူးတူးနှင့် ဦးတိမ်ပေါ်စံ၏ ငှတ်တရွတ်မှုများကို နားဝေတိမ်တောင် ဖြစ်နေ၏။ ပြောချင်ရာ ပြောပြီး ထိုင်ခုံတွင် အတင်းဝင်ထိုင်ကာ မနှိပ်မချင်း ပေါက်ပေါက်ဖောက်သလို ပြောနေသဖြင့် ဖျောက်ဆိပ် ဘယ်လိုဖြေရှင်းရမှန်း မသိ။

ပြဿနာက လုံးထွေးပတ်ချာပြဿနာ။မထူးတော့ပြီမို့ ဦးတိမ်ပေါ်စံနောက်ကျောဘက်တွင် ရပ်ကာ လက်ဆယ်ချောင်းအားကိုးနှင့် နှိပ်ပေးလိုက်ရလေ၏။

ထိုအချိန်တွင် ဦးတိမ်ပေါ်စံ ပြဿနာပြီးသွားပြီ အထင်နှင့် အိမ်အနောက်ဘက်မှ ပြန်ထွက်လာသော ဂျာအေးတစ်ယောက် ဖျောက်ဆိပ်နှင့် ဦးတိမ်ပေါ်စံနှစ်ဦး၏ ဖြစ်ပျက်ပုံကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ဟာ ဟို ဟိုလူကြီး"

"ဘာတုံးကွ၊ ဩော် အလှူ့ဒါယကာလေး ဂျာအေးကိုး။ ဘာတုံး ညစာစားဖို့ ပြင်ပြီးပလား"

"ဗျာ၊ ဒုက္ခပါပဲ ကိုကြီးဖျောက်"

"ဟော"

"ဟို ဘာ ဘာတွေလုပ်နေတာတုံး"

"သိဘူးလေကွာ၊ နှိပ်ဆိုလို့ နှိပ်ပေးနေရတာ"

"ဟာ ဒုက္ခပါပဲ၊ အဲဒီလူကြီးက ဥမ္မတ္တကောကြီးဗျ"

"ဝုဒ္ဓေါ"

"ဟာ၊ ဒီအလှူ့ဒါယကာလေးကလည်း ကျုပ်ကိုများ ဥမ္မတ္တကောတဲ့။ ဟားဟား ဟား လောက လောက ပြောပြရင် အဟောဝတသဘောနဲ့ မောလှသဘာကွယ်"

"အင်"

"သွားပြီ ရှုပ်ကုန်ပြီ"

"အဲ ကျုပ်က ပေဒင်ဆြာကြီးဗျ။ ဘာဖြစ်လို့ အတင်းနှိပ်ခိုင်းသတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ၊ ဗေဒင်ဆြာ ဟုတ်လား"

"ဒုက္ခပါပဲ၊ ခင်ဗျား ဘယ်သူလဲ ဘယ်ကလဲ ပြောစမ်း၊ ကျုပ်အလုပ်
နှောင့်ယှက်တာလား။ ဟိတ်ကောင် ခေါင်းကြီး"

"ဗျာ ဆရာဖျောက်"

"လာစမ်းကွာ၊ ဒီလူကြီး ဘယ်ကလူကြီးလဲ"

"ဟို ဟို . . ."

"ဟာ ဒုက္ခပါပဲ ဟိတ်လူကြီး"

"ဩော်၊ ဗေဒင်ဆြာကိုး။ ဒါဆိုလည်း အမှိုက်တွေပေါ့ဗျာ၊ ကျုပ်က တိမ်
ယောဟိုက အလှူ့ဒါယကာလေး ဂျာအေးခေါ်လို့ လိုက်လာတာ၊သူက ညစာ
ကျွေးမယ်ဆိုပဲ"

"ခင်ဗျာ"

အမှုက ကိုယ့်ရှူးကိုယ်ပတ်ဖြစ်ချေပြီမို့ ဂျာအေးတစ်ယောက် ဘာပြော
ဖြေရမှန်း မသိ။ ဗေဒင်ဆြာကြီး ဖျောက်ဆိပ်မှာလည်း ထိုင်ရမလို ထရ
ဆက်ပဲ နှိပ်ပေးရမလို။ ထိုစဉ် သူတို့ရှေ့ အူချာချာရပ်နေသော ခေါင်းကြီး
တဟိုဟိုနှင့် ထစ်ငေါ့နေ၏။

အားလုံး၏ အမူအရာကိုကြည့်ပြီး သဘောအကျကြီး ကျနေသူမှာ ဦး
ပေါ်စံပင် ဖြစ်လေ၏။

"ဟုတ်ပ ဥမ္မတ္တကောတွေ၊ ကဲ ဗေဒင်ဆြာကြီးရေ ခင်ဗျားကိုယ် ခင်
ဗေဒင်လေးဘာလေး မတွက်ကြည့်ဘူးလားဗျ"

"ဘာ ဘာဖြစ်လို့"

"ဩော် ဝိဇ္ဇာဓိုရ်နဲ့ တွေ့ရမယ်တို့ ဘာတို့ ညာတို့လေဗျာ"

"အင် သွားပါပြီကွာ၊ ငါ့ဓာတ်ခန်းတော့ ဓာတ်လဘိုင်လိုက်ကုန်ပါ
ဟေ့ကောင် ဂျာအေး"

"ဘာလဲ ကိုကြီးဖျောက်"

"ဒီ ဒီလူကြီး မင်းခေါ်လာတာဆို"

"ဟာ၊ မဟုတ်ရပါဘူးဗျာ"

"မင်းကသာ မဟုတ်တာ၊ သူပြောတော့ မင်းက ညစာပါ ကျွေးမယ်

"ဗုဒ္ဓေါ၊ ရှုပ်ကုန်ပြီ ကိုကြီးဖျောက်ရေ။ ဒီကိစ္စ ဥမ္မတ္တကောကြီး နှော
တာဗျ။ ဒုက္ခပါပဲ ခုမှ ချည်ခင်လုံး တက်နင်းမိသလိုပါပဲလား"

"အို၊ မောင်ရင်တို့ကလည်း ကျုပ်လာတာ ဝိဇ္ဇာဓိုရ် စီးတယ်လို့ မှတ်





ခုတော့ မင်းတို့လုပ်ပုံက မောင်ရင်တို့ဓာတ်ခန်းထဲ ဘီလူးဝင်စီးတာကျနေတာပဲ"

"ဟာ မလွယ်ပါလား"

"ပြဿနာတော့ မီးမွှေးလာပြီဟေ့"

"ဟေ့ကောင် ခေါင်းကြီး၊ မင်းက အခန်းရှေ့ထိုင် ဘာလုပ်နေသလဲ"

"ငိုက်နေ. . . အဲလေ ဟို ကျုပ်လည်းကြည့်နေတာပဲ ဆရာဖျောက်ရယ်။
ဒီ အဘိုးကြီးက ဖွတ်ဝင်လာတာဗျ"

ကောင်းကွာ၊ ငါလိုဗေဒင်ဆြာ ရင့်မကြီးကို နှိပ်ခိုင်းတာ ဟောဒီလူကြီးပဲ
ရှိတယ်။ ဟေ့လူကြီး"

"ဘာတုံးကွာ၊ နှိပ်မယ့်ဟာ နှိပ်စမ်း"

"ဘုရား ဘုရား လူလည်း အလိုလိုနေရင်း ရာထူးတော့ကျပါပြီဗျာ။ ဒီမှာ
ဦးတိမ်ပေါ်"

"ဘာတုံး၊ ကျုပ်အတွက် ညစာစားပွဲ ပြင်ပြီးပလား။ ကျုပ် အနှိပ်တော်
ခံလိုက်ဦးမယ်လေ"

"ဟေ့ကောင် ပြဿနာဂျာအေး"

"ဗျာ၊ ဘာ ဘာလဲ ကိုကြီးဖျောက်၊ ဒါ ကျုပ် ကျုပ် ရိုက်ချက်မဟုတ်ပါ
ဘူးဗျ။ ဦးဥမ္မတ္တကောကြီး လုပ် . . ."

"တော်ပါတော့ကွာ၊ ဒီကနေ့ တစ်ယောက်မှ ဈေးဦးမပေါက်လို့ ညစ်နေရ
တဲ့အထဲ ဘယ်လိုဖြစ်ကုန်တာလဲ မသိဘူး။ အပုလေး ဘယ် ဘယ်သွားလဲ
ခေါင်းကြီး"

"ဟို ဈေး ဈေးဘက်သွားတယ် ဆရာဖျောက်"

"ဟုတ်လား၊ သူ သူလာရင် ဗေဒင်ခမေးတော့မှာကွ"

"ဟာ၊ ကိုကြီးဖျောက်ကလည်း ဈေးရောင်းတာမှ မဟုတ်ဘဲဗျ။ ပြီးတော့
ကိုကြီးဖျောက်ရဲ့ ပညာတွေက ကုန်စိမ်းမှ မဟုတ်ဘဲ ကုန်ခြောက်ပဲဗျာ"

"ဟင်၊ ဘာတွေလဲ ဂျာအေး မင်း ဘာလှည့်မွှေးဦးမလို့တုံး။ ခက်ပကွာ၊
မင်းတို့နှစ်ယောက်စလုံးကို ငါ့ရဲ့ဘယ်ညာ လက်ထောက်ခန့်ထားတာကွ။ အဲဒါ
ကော သိကြရဲ့လား။ ဟေ့ကောင် ခေါင်းကြီး၊ ဘာလဲ မင်းက မင်းအဒေါ်အား
ကိုးနဲ့ စားလိုက်အိပ်လိုက် မျက်ချေးနှိုက်လုပ်နေသလားကွ"

"ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့လဲ"

"ဗျာ၊ ဟို မဟုတ်ကဲ့ပါဘူး ဆရာဖျောက်၊ ဟို ကျုပ်လည်း ဆရာ့ဆီမှာ
ခြေဆုပ်လက်နယ်ပြုပြီး ဗေဒင်ပညာ သင်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် မင်းကများ ငါ့ဆီဗေဒင်သင်မလို့ ဟုတ်လား။ ဟား ဟား ဟား ဗေဒင်အချုပ် မဟာဘုတ်ဆိုတာ ဘာလဲ သိရဲ့လား"

"ဗျာ၊ ဟို အဲ မဟာဘုတ်ဆိုတာ ဟဲဟဲ မဟုတ်ပါဘူး ဆရာဖျောက်ရဲ့၊ ဒီလောက်တော့ ခေါင်းကြီး ပိုင်ပါ"

"ကောင်းကွာ၊ သိပ်ကောင်းတယ် မင်းဟာ ငါ့ခြေရာမဟုတ်ဘူး ငါ့ငယ်ထိပ်ပါ တက်နင်းမယ့် တပည့်ပဲ"

"ဟာ မဟုတ်တာ ဆရာဖျောက်ရယ်။ အလွန်ဆုံး တင်ပါးဆုံလောက်ပဲ နင်း နင်းမှာပါ"

"ဟကောင် ခေါင်းကြီး ဘာတွေတုံး"

"ဟို ဆရာဖျောက်"

"တော်စမ်းကွာ။ ကဲ ဒီပြဿနာကြီးကို ဘယ်လိုလုပ်မလဲ"

"ဗျာ"

ဦးတိမ်ပေါ်စံမှာ ထိုင်ခုံပေါ်တွင် ဒူးတန်နန်နန်နှင့်ထိုင်ကာ မာဘိုရိုဘူး ထုတ်၍ စီးကရက်တစ်လိပ် ဖွာရှိုက်နေပေ၏။ ထိုအခြေတွင် မကွေးမြို့မဈေးကြီးမှာ အပုလေးတစ်ယောက် တောင်းကြီးတောင်းငယ်နှင့် ဝယ်ခြမ်းပြီး ပြန်လာလေ၏။

"ဟဲ့ ခေါင်းကြီးတို့ ဂျာအေးတို့ လာကြစမ်း၊ ဒီမှာ ဆွဲကြစမ်း။ ဟို ဗေဒင်ဆရာလည်း လာခဲ့"

"ဟာ လာပြီ လာပြီ ဒုက္ခပါပဲ"

အပုလေးအသံ ကြားလိုက်သည်နှင့် ဖျောက်ဆိပ်တို့ လူစု ပျာယာခတ်နေကြ၏။ အားလုံး အခန်းပြင်ထွက်လာကြကာ မြင်းလှည်းပေါ်မှ ပစ္စည်းများကို အားတိုက်အင်တိုက် သယ်ပိုးနေကြလေ၏။ ဖျောက်ဆိပ်မှာ ဗေဒင်ဓာတ်ခန်းထဲ ရောက်နေသော ဦးတိမ်ပေါ်စံအတွက် ရင်တထိတ်ထိတ်၊ မျက်ခုံး တလှုပ်လှုပ် ဖြစ်နေပေ၏။

ထိုအချိန်တွင် အပုလေးသည် ဘာတစ်ခုမှ မဆွဲမပြူဘဲ ဗလာချည်းသက်သက်ဖြင့် ဗေဒင်ခန်းကို ဖြတ်ဝင်လိုက်လေ၏။

"ဟော အလှူ့ဒါယိကာမကြီးမလား"

"ရှင် ရှင်ကြီးက ဘယ်သူတုံး"

"ဩော်၊ ကျုပ်လား တိမ်ပေါ်တဲ့။ စိန်ခေါ်ရင် အိမ်ပေါ်အထိ ထမင်းလိုက်စားတဲ့လူလေ။ အလှူ့အမလေးက စိန်တွေ ဖြိုးဖြိုးဖျပ်ဖျပ်နဲ့ စီးပွားတက်နေကြသကိုး"





"အင် ဘယ် ဘယ်သူပါလိမ့်"

"ဩော်၊ အလှူ့အမရယ်။ လောကမှာ မြင်သမျှ ဆွေမျိုးတွေချည်းပဲလေ။ ပြောရရင် တိမ်ပေါ်နဲ့ အလှူ့အမတို့လည်း တစ်ချိန်က တစ်ခုခု တော်ခဲ့ကြမှာ မဟုတ်လား"

"ရှင် ဟုတ်၊ ဟဲ့ ခေါင်းကြီး ကိုဖျောက်"

"ဟာင်"

"ဟေ"

"လုပ် လုပ်ပါဦး ဒီလူကြီး"

"ဟာ၊ အဲဒါ ဥမ္မတ္တကောကြီးဗျ"

"ရှင်၊ ဥမ္မတ္တကောကြီး ဟုတ်လား"

"ဟုတ်တယ် အပုလေးရယ်၊ ဓာတ်ခန်းထဲ ဝင်လာပြီး ကိုဖျောက်ကိုပါ ထင်ရာမြင်ရာ စွတ်ပြောနေတယ်လေ"

"ရှင် ဘုရား ဘုရား"

အပုလေးမှာ ဦးတိမ်ပေါ်စံကို ကြည့်ရင်း အိုးတိုးအမ်းတမ်း ဖြစ်နေ၏။ ဖျောက်ဆိပ်တို့လူစုမှာလည်း အပုလေး ထသောင်းကျန်းမည်ကို စိုးလှသဖြင့် ဖင်ကုတ်ခေါင်းကုတ် လုပ်နေကြ၏။ ထိုစဉ် ဦးတိမ်ပေါ်စံက အပုလေးကိုကြည့်ပြီး ပြောလိုက်ပြန်၏။

"အင်း အလှူ့အမရယ် လောကကြီးဟာ ညီညွတ်မှုတမှုကို လိုလားတယ်ကွ။ ဒီတော့ ကိုယ်ကလည်း ချမ်းသာနေပြီဆို မရှိဆင်းရဲတွေကို လှူတန်လှူ ပေးဘန်ပေးပေါ့ကွယ်။ ကျုပ်လည်း ဓာတ်ကျလို့ ဒီကို ရောက်လာတာပဲ။ ဒါပေမယ့် ဟောဒီသကောင့်သား သုံးယောက် ကျုပ်ကို ဧည့်ဝတ်မကျေပွန်ကြဘူးလေ"

"ဟိုက်"

"မီးတော့ရှို့ပြန်ပြီဟေ့"

ဖျောက်ဆိပ်တို့ခမျာ ဦးတိမ်ပေါ်စံပြောသမျှကို နားထောင်ရင်း မျက်ခုံးတလှုပ်လှုပ်၊ ရင်တဖိုဖို ဖြစ်နေကြပေ၏။ ထိုအချိန်တွင် အပုလေးမှာ ဦးတိမ်ပေါ်စံကို ကြည့်ရင်း သွားလေသူ သူ့ဖခင်ကြီးနှင့် တူပေစွဟု မှတ်ထင်ကာ ကရုဏာသက်သွားပေ၏။ ထို့ကြောင့်လည်း ပေါက်ကွဲလုလု ဒေါသများ ကြက်ပျောက်ငှက်ပျောက်သွားကာ ချိုကြည်သော စကားနှင့် ဖေးဖေးမမ ပြောဆိုလိုက်လေ၏။

"ဦးလေးက ထမင်းဆာပြီလား"



www.burmeseclassic.com

www.burmeseclassic.com

"ဘော တော ဆာသပေါ့ကွာ အလှူ့အမရယ်။ ဒါပေမယ့် ဟောဟို သကောင့်[illegible] တွေရမှုမှာ တယ်လည်း တွန့်တိုသကိုး"

"ဗျာ ဟို ဒီလိုမပြော"

"ဂျာအေး"

အပုလေး၏ ကွဲရှရှအသံကြောင့် ဂျာအေး တွန့်ခနဲ ဖြစ်သွား၏။ သူ့စိတ်ထဲ ဥမ္မတ္တကောကြီးကို ကျိတ်ပြီး ကျိန်ဆဲနေပေ၏။ ထိုစဉ် အပုလေး စကားသံပေါ်လာ၏။

"နင်က လူကြီးကို ဘယ်လိုဆက်ဆံလဲ"

"ဗျာ. . . ဟို အတင်း ဝင်စား"

"ဩော်. . . စားပါစေ ဂျာအေး၊ လူကြီးပဲ ကဲ ကဲ ဦးကြီး ဘယ်မှာနေလဲ ပြောပါဦး၊ ဘယ်ကလာသလဲ"

"ဟော. . . ကျုပ်လား၊ ပြောရမှာပေါ့ အလှူ့အမရယ်။ ကျုပ်က နတ်သက်ကြွေလာတာလေ၊ ခုတော့ လမ်းပေါ်လျှောက်နေသပေါ့ကွယ်။ နတ်ပြည်မှာတုန်းက နတ်သမီးလေးတွေ တစ်ဖက်လေးငါးရာ ဟဲဟဲ. . . ခုတော့ ဘယ်ထွက်ပြေးကုန်ပလဲ မသိပါဘူး ကျောင်းအမရယ်။ ကျုပ်နေတာ တစ်ချိန်က တာဝတိံသာမှာ၊ ခုတော့ ဆပ်ဆူပိုင်းကျပြီး လူ့ပြည်ကို အူကြောင်ကြောင်နဲ့ ရောက်လာရသပေါ့ကွာ"

"ဩော်. . . ဒီလိုကိုး၊ ကဲ လာလာ ဦးကြီး အိမ်ပေါ်၊ ဒါ အလုပ်ခန်းလေ အိမ်ပေါ်လိုက်ခဲ့။ ဦးကြီးကို ထမင်းလည်းကျွေးမယ်၊ အိပ်တဲ့နေရာလည်း ပေးမယ်"

"အလို. . . အလှူ့အမစကားက တယ်လည်းနားဝင်ချိုသကိုး။ ကောင်းပါ့ကွယ်။ ဟို သကောင့်သားတွေများ ပြောလိုက်ဘာ ဝက်လည်ပင်း မားတင်သလိုပဲ ကောင်းပါ့ကွာ"

ဖျောက်ဆိပ်တို့လူစု ဦးတိမ်ပေါ်စံကို လက်နက်ချလိုက်ရ၏။ အပုလေးကပါ ဦးတိမ်ပေါ်စံဘက်မှ ပါသွားသဖြင့် သူတို့သုံးယောက်စလုံး ရေငုံနှုတ်ပိတ်ကာ ပြောင်မာတ်ခန်းတွင် ငူငူငေါင်ငေါင်နှင့် ထိုင်နေကြလေတော့၏။

* * *



## အခန်း (၅)

ဖျောက်ဆိပ်ခမျာ ဦးတိမ်ပေါ်စံကို အိမ်ဦးခန်း ပေးလိုက်ရသဖြင့် သူ့ခမျာထူးလျှော့သွားရချေပြီဟု ခံစားမိလေ၏။ အပုလေးကလည်း ဦးတိမ်ပေါ်စံကိုအဖေကြီးသဖွယ် တရိုတသေ ပြုစုနေသဖြင့် ဖျောက်ဆိပ်တစ်ယောက် ဘာဆိုဘာမှ မပြောသာချေ။

စားစရာ သောက်စရာရှိသည်က အစ ဦးတိမ်ပေါ်စံကိုသာ ဦးစားပေးနေဖြင့် ဖျောက်ဆိပ်ခမျာ ကျွဲမြီးတိုမိလေ၏။ သို့သော် အပုလေးကို အမြဲတမ်းကြောက်ရွံ့နေသူမို့ ဘာတစ်ခွန်းမှ မပြောသာချေ။ ထိုအချိန်တွင် ဦးတိမ်ပေါ်စံတစ်ယောက်ကတော့ အိမ်ဦးခန်းထိုင်ကာ မြောက်ကြွမြောက်ကြွ ဖြစ်နေ၏။ပြင် တစ်အိမ်လုံးကို သူ့မျက်နှာကြည့်နေသည်မို့ ဦးတိမ်ပေါ်စံ မာန်တက်နေလေ၏။

"အလှူ့အမရေ ဖျောက်ဆိပ်က ဝေခင်ဟောခန်းသာ ဖွင့်ထားတယ်၊ လူလည်း မလာပါလား"

"ဟုတ်ပါ့ ဦးကြီးရယ်၊ သူက သူ့ပညာကို တယ်အထင်ကြီးတာ။ အပုလေးကတော့ ရွာမှာဆို သူ့ကို ဖားပဲရိုက်နိုင်းတာ ဦးကြီးရဲ့"

"အေး ကောင်းသားပဲ၊ ဟို ခေါင်းတုံးလိုလိုကောင် ပုံကလည်း ဖားရိုက်ရင်ခုနပီယံဖြစ်မယ့်ပုံပဲ။ အင်း ဒီကိစ္စ ဒင်းတို့နှစ်ယောက်ခေါ်ပြီး ကျုပ်ကိုယ်တိုင် တရားချပါမယ်"

"ရှင်၊ သူတို့ကို ဖားရိုက်ခိုင်းဦးမလို့လား ဦးကြီးရဲ့"

"ဒါပေါ့ကွယ်"

"အို၊ ဒီမှာ ကိုင်းတွေ ယာတွေမှ မရှိဘဲ"



www.burmeseclassic.com

www.burmeseclassic.com

"အဲ့ ချောင်းတွေ ချောင်းတွေထဲ လိုက်ရိုက်နိုင်းရမှာပေါ့"

"ခါဆိုလည်း ဦးကြီးသ ့ တာပေါ့"

သူတို့နှစ်ဦး ပြောဆိုနေကြသည်ကို ဂျာအေး ကြားသွားပေရာ အကြီးအကျယ် ချောက်ချားသွား၏။ ထို့ကြောင့်လည်း ဖျောက်ဆိပ်ကို လက်ဖက်ချ ဆိုင် ခေါ်ထုတ်ကာ အသိပေးလိုက်လေ၏။ ဂျာအေးစကား ကြားရသောအခါ ဖျောက်ဆိပ် မျက်လုံးအပြူးသား ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ဗုဒ္ဓေါ၊ ဒီ ဒီ တေကြီးတော့ ငါတို့ကို ချိတ်ပြီထင်တယ်"

"ဟုတ်ပ့ါဗျာ၊ ခုလို စတိုင်ကျကျ နေရတာကောင်းနေတုန်း ကြည့်ပြော ပါဦး ကိုကြီးဖျောက်ရာ။ တော်ကြာ မဟုတ်ကဟုတ်ကတွေ ဖြစ်နေဦးမယ် ဟို ကျုပ်တို့ ဇာတာလေးဘာလေး တွက်ကြည့်ပါဦးဗျာ"

"အင်း၊ ငါတို့ကိုတော့ ဥမ္မတ္တကောကြီး မောင်းနေပြီကွ"

ဆရာတပည့်နှစ်ယောက် အကြီးအကျယ် ခေါင်းစားနေကြ၏။ အပုလေး လည်း ဦးတိမ်ပေါ်စံ ပြောသမျှကို ခေါင်းညိတ်နေသဖြင့် ဖျောက်ဆိပ် မျက်နှာ လုပ်နေပေ၏။ သို့နှင့် တစ်ချိန်တွင် အပုလေးတစ်ယောက် ဖျောက်ဆိပ်နှင့် ဂျာအေး တို့နှစ်ဦးကို မောင်းလေတော့၏။

"ကိုကိုဖျောက်"

"ဟေ၊ ဘာတုံး အပုလေး"

"ရှင့်အဲလုပ်က ဝင်ငွေ နိမ်းဟေးပါလားတော်။ ကျုပ်တော့ ရှင့်အလုပ်ကို စိတ်ပျက်လာပြီ"

"ဟာ၊ မိန်းမရယ် ကိုယ့်အလုပ်က ခုနစ်ရက်သားသမီးကို ကယ်တဲ့ အလုပ် ပါကွာ။ ဝမ်းလည်းဝ ကုသိုလ်လည်းရ . . ."

"အောင်မလေးတော်၊ ဝမ်းဝရအောင် ရှင်က ဝင်ငွေဘယ်နှပြားရလို့လဲ ပြောစမ်းပါဦး"

"အင်း လာပြီ ပြဿနာတော့ မွှေပြီ"

"ရှင် ဘာပြောသတုံး"

"ဩော်၊ ဂျာအေးကို ပြောတာပါကွာ"

"အတူတူပဲ၊ ဟဲ့ မှင်စာလေး"

"ဘာတုံး မပုလေးရ၊ ကျုပ်တို့လုပ်ငန်းက အချိန်အခါ စကားပြောတာဗျ အစ်ကိုကြီးဖျောက် စန်းထလာပြီဆို မပုလေး ပိုက်ဆံတွေကို ပုတ်နဲ့ ထားရမှာဗျ"

"ဟုတ်တယ်၊ ဂျာအေး မင်းဟာ ငါဆုပ်ကိုင်ထားတဲ့ အမှန်တရားကို ဖွင့် ချနိုင်တဲ့ တပည့်ပဲ"

ပညာရွှေတောင်စာအုပ်တိုက်



www.burmeseclassic.com


"အောင်မလေးတော် အမှန်ဘဲရားတဲ့။ လိုက်လည်းလိုက်တဲ့ ဆရာတပည့်တော့ပဲ။ ရှင်ပြောတာ မှန်တယ်ဆိုပြီး ဘယ်နှယောက်များ ကန်တော့ပွဲနဲ့ လာခန်တော့သတုံး ပြောပါဦး အြောကြီးရဲ့"

"ဟာကွာ၊ အပုလေးက ငါ့ပညာကို အထင်သေးသကိုး။ အေးလေ ဖျောက်ဆိပ်တို့ လက်ပမ်းပေါက်ခဲတ်ချိန် ရောက်လာရင် ကြည့်လိုက်ဦးပေါ့ အပုလေးရာ"

"တော်ပါတော် ရှင့် ပညာတွေ ပညက်တွေ ဘေးချိတ် လောလောဆယ်ဝါဆံဝင်အောင် ရှာနိုင်ဖို့ပဲ။ ခုလည်း စုထားတာလေး တတိတိသုံးတာ လုံးပါးပါးတော့မယ်"

"ဟာ၊ မင်းက ဟိုဥမ္မတ္တကောကြီး အိမ်ပေါ်ခေါ်ထားတာကိုးကွ"

"ရှင်နော်၊ အဘိုးကြီးကို ထည့်မပြောနဲ့။ သူဟာ ကျုပ်အဘနဲ့ တအားတူတာ။ ဒါကြောင့် ကျုပ်က အဘလို ကိုးကွယ်တာ သူ့ ဘာပြောပြော ရှင်သူ့ကိုမြစ်ပြောစရာ မလိုဘူး"

"အင်း၊ သွားပြီ ဂျာအေးရေ့ ဥမ္မတ္တကော ဥမ္မတ္တကောနဲ့ မလွယ်ပါလားကွာ"

"ဟုတ်ပ့ါ ကိုကြီးဖျောက်ရာ"

"အဲဒါ မင်းမွေးလာတဲ့ မီးကွ"

"ဟာဗျာ၊ သူ့ဘာသာ ပါလာတဲ့ ပြဿနာကြီးပါဗျာ"

"တော်ကြစမ်း၊ ကျုပ်ပြောမယ် ဟောဒီတစ်လ စောင့်ကြည့်မယ်။ ပိုက်ဆံဝင်လို့ကတော့ ဆိုင်ပိတ်၊ ရွာပြန်ပြီး ရှင်တို့ကို ဖားရိုက်ခိုင်းမယ် ဒါပဲ"

"ဗုဒ္ဓေါ ရက်စက်လှချည်လားကွာ"

အပုလေးက ဒေါင်းတည်မောင်းတည် ပြောသွားသဖြင့် ဖျောက်ဆိပ်တို့ဆရာတပည့်နှစ်ဦး ကြက်ကြီးလည်လိမ်သလို ဖြစ်နေကြ၏။ ဗေဒင်ခန်းထဲနောက်မှိုင် မှိုင်နေကြ၏။ ထိုစဉ် ခေါင်းကြီးတစ်ယောက် ဖျောက်ဆိပ်နားရောက်လာကာ အပိုးကျိုးကျိုးနှင့် ပြောလိုက်၏။

"ဆရာဖျောက်"

"ဘာတုံး"

"ဟို စန်းမှာ ဗုဒ္ဓဟူးဂြိုဟ်ပူးတော့ ဘာဖြစ်သတုံး"

"ဟေ၊ ဘာမှ မဖြစ်ဘူးကွ။ စန်းနဲ့ ဗုဒ္ဓဟူးပေါင်းရင် စန်းပုတ်တဲ့လား"

"ဗျာ စန်းပုတ်၊ ဒါဆို အင်္ဂါမှာ သောကြာကပ်ရင် ဂါသောက်ပေါ့နော်"

"အေး၊ မင်းပြောတာ မှန်တယ်၊ ကြိုက်သလို တွေးပေတော့"

"ဟို ဒါဆို အဲဒီစန်းပုတ်နဲ့ ဂါသောက် . . . "



www.burmeseclassic.com

www.burmeseclassic.com



"ဟ ဟကောင် ခေါင်းကြီး၊ သွားစမ်းကွာ အရေးထဲ ရွဲ့ပြောလို့ ပြောမှ မသိတဲ့ကောင်"

"ဩော်၊ ဆရာဖျောက် ရွဲ့လည်းပြောတတ်သကိုး။ တည့်တည့်ပြောစမ်း ဆရာရာ၊ ပညာဆိုတာ မချိုးသင့်"

"တိတ်စမ်းကွာ၊ တည့်တည့်ပြောရင် မင်းဒီမှာနေခဲ့။ ငါတို့နှစ်ယော အပြင်သွားဦးမယ်"

"ဗျာ၊ ဟို ဗေဒင်မေးမယ့်လူတွေလာရင် . . . "

"မင်းကြိုက်သလိုသာ ဟောလိုက်ကွာ။ ဆိုင်းဘုတ်ဖြုတ်သွားလည်း ‌ေ တာပေါ့"

"ဟာ၊ မဟုတ်တာ ဆြာကြီးရယ်။ ဆရာကောင်းတပည့်ပန်းပန်တဲ့။ ကျ က ပန်းပန်မယ့်တပည့်ပါဗျ"

"ဘာပန်းတုံး"

"ဟာ၊ ကိုကြီးဖျောက်ကလည်း ဒီကောင်ပန်ရင် ခွေးသေးပန်းပဲဖြစ်မှာ ဗျာ။ ဟား ဟား ဟား ကဲ သွားကြစို့ဗျာ"

"အေး၊ သွားမယ် ဟေ့ကောင် အပုလေးလာရင် လာပင့်လို့လိုက်သွားတ ပြော"

"ဗျာ၊ ပင့်လို့လိုက်သွားတယ်ဆိုတော့ ဆရာကြီးဖျောက်က ဦးရှင်ကြီးလာ

"ဟာ၊ ဒီကောင်"

ပြောပြောဆိုဆိုနှင့် သူတို့ဆရာတပည့်နှစ်ဦး စကားတပြောပြောနှင့် အိ ပေါ်က ဆင်းသွားကြလေ၏။ ခေါင်းကြီးမှာ အိမ်ရှေ့ခန်းတွင် တစ်ယောက်တ ထိုင်ကာ ကြောင်တက်တက်ဖြစ်နေ၏။ ထိုအချိန်တွင် အိမ်ဦးခန်းတွင် ထိုင် သော ဦးတိမ်ပေါ်စံတစ်ယောက် ဘာမပြောညာမပြောနှင့် ဆင်းလာကာ ဗေ ဓာတ်ခန်းထဲရှိ ခေါင်းရင်းတန်းတွင် ချိတ်ထားသော ခေါင်းပေါင်းကို ယူပေ လိုက်ပြီး ဖျောက်ဆိပ်ထိုင်နေကျခုံတွင် ဝင်ထိုင်လိုက်၏။

"ဟေ့ ခေါင်းကြီး"

"ဗျာ"

"ဗေဒင်ဟောမယ့်လူလာရင် အခန်းထဲ လွှတ်လိုက် ကြားလား"

"ဗုဒ္ဓေါ"

ဦးတိမ်ပေါ်စံ၏ စကားကြောင့် ခေါင်းကြီး မရိုးမရွဖြစ်သွား၏။ ထို ဆိုင်ခန်းရှေ့သို့ မိန်းမကြီးတစ်ဦးနှင့် မိန်းမလျာတစ်ယောက် ရောက်ရှိလာ





၏၊ ခေါင်းကြီးမှာ သူတို့နှစ်ဦးကိုကြည့်ရင်း ထိုင်ရမလို ထရမလို ဖြစ်နေ၏။ ခဉ် သူ့အနားသို့ လျှောက်လာလရာ ခေါင်းကြီး ထပြေးရန် ပြင်နေ၏။

"မောင်လေး"

"ဗျာ၊ ဟို ဆရာ. . . "

"ဟုတ်တယ်၊ အံစ်မတို့ ဗေဒင်မေးချင်လို့ အထဲမှာ ဆရာကြီးရှိသလားဟင်"

"ရှိတယ်လို့ ပြောလိုက်ဟေ့"

"ဗျာ၊ အဲ. . . ရှိတယ်တဲ့"

"အင် ဗေဒင်ဆရာကလည်း တယ်ဟောချင်သကိုး"

"ဟဲ့ စိန်စိန် တိုးတိုးပြောပါ။ အထဲက ဆရာကြီး ကြားသွားပါဦးမယ် လာလာ"

နှစ်ဦးသား အခန်းထဲသို့ ဖျတ်ခနဲ ဝင်သွားကြလေရာ ခေါင်းကြီးတစ်ယောက် ားရမလား၊ သို့တည်းမဟုတ် ဘာလုပ်ရမှန်း မသိ ဖြစ်နေ၏။ ဒုက္ခတော့ ရောက် နံပြီဟု ညည်းကာ မျက်ခုံးတလှုပ်လှုပ်နှင့် အခန်းထဲ ချောင်းကြည့်လိုက်၏။

"ဟာ လုပ်ကုန်ပြီကွ။ ဥမ္မတ္တကောကြီးတော့ ဆရာဖျောက် ထမင်းအိုး ကဲခွဲပြီထင်တယ် ဘုရား ဘုရား"

ခေါင်းကြီးမှာ ကျိုးတိုးကျဲတဲ ဆံပင်ကို တဖြင်းဖြင်းကုတ်ရင်း ဦးနှောက် းနေ၏။ ထိုစဉ် ဦးတိမ်ပေါ်စံသည် အထဲဝင်လာသော မိန်းမကြီးနှင့် ဘေးမှ လာသော မိန်းမလျာကိုကြည့်၍ မျက်လုံးကြီးပြူးကာ ပြောလိုက်၏။

"အင်း အခါက ကြာသပတေး၊ စာစတွေးရင် အခါက ပေးနေပြီဗျ။ကညာ သးတွေ ဘာမှုမမေးနဲ့ သူဌေးဖြစ်ပြီမှတ်"

"ရှင် ဟို ကျွန်မ ကျွန်မကို ပြောတာလား ဆြာကြီးရယ်"

"အို စိန်စိန်ကလည်း မမကို ပြောတာနေမှာပေါ့"

"ဟေ၊ စိန်စိန်တို့ ဂိန်ဂိန်တို့ လုပ်မနေနဲ့ကွ"

"အင် ဘယ်လိုကြီးလဲ"

"မှတ်ထား စိန်စိန်တို့ ဂိန်ဂိန်တို့ရှေ့ လက်ဖဝါးပေါ်ကို စကြဝဠာကြီး တင်ပြီး ကြည့် ဘာဖြစ်သလဲ ပြောကြစမ်း"

"ရှင် ဖြစ် ဖြစ်ပါ့မယ်ဆြာကြီးရဲ့၊ စကြဝဠာကြီးက အကြီးကြီး၊ စိန်စိန့် က်ဖဝါးက သေးသေး"

"ဟာ၊ ဒီဂန်းမ မှတ်ထား ဒါ ဂမ္ဘီရဆန်တယ်ကွ။ နင်တို့နှစ်ယောက်စလုံ သက်ဖဝါးပေါ် စကြဝဠာကြီးရောက်တော့မယ်ဟ"

"ရှင် အောင်မလေး ပျော်လိုက်တာ မမရွှေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော"

"ဟို စိန်စိန်တို့လက်ပေါ် . . ."

"တိတ်ကြစမ်း"

မိန်းမလျှာက သူ့ဘေးမှ မမရွှေဆိုသော မိန်းမကြီးကို ဝမ်းသာအား
ခုန်ဆွဆွ ပြောနေစဉ် ဦးတိမ်ပေါ်စံက ငေါက်ငမ်းလိုက်ပြီး မျက်စိစုံမှိတ်
အာရုံယူသလို လုပ်လိုက်၏။

"နင်တို့ ဒီကိုလာတာ အရောင်းအဝယ်ကိစ္စ မဟုတ်လား"

"ရှင် ဟုတ် ဟုတ်ပါတယ် ဆြာကြီးရယ်"

"အိမ်း ပဖဝဘမ ဆိုတော့ ဧကန္တ နင်တို့ရောင်းမှာ အိမ်ကြီးထင်တယ်"

"ရှင်"

မိန်းမလျှာခမျာ ဦးတိမ်ပေါ်စံ၏ ထင်ရာကြိတ်လိုက်သော စကားကြော
အူချာချာ ဖြစ်သွား၏။ ဦးတိမ်ပေါ်စံကတော့ ဘယ်သူ့မျက်နှာမှမကြည့်
မျက်စိ စုံမှိတ်ထားဆဲ။

"အိမ်ဆိုတော့ တိမ်အထက် မှိုန်မပျက် အရှိန်ဆက် ဂိန်ဂွက်"

"အလို ဘာတွေတုံး၊ ဂိန်ဂွက်ဆိုတာ ဘာပါလိမ့်"

"ဟဲ့ မလျှာလေး"

"ရှင် ရှင့်"

"တယ် မေးသကိုး၊ ဂိန်ဂွက်ဆိုတာ ဂန်ဖလားပြုတ်ကျတဲ့အသံဟ"

"အလို၊ ဘာ ဘာတွေတုံး ဟောတာမှ ဟုတ်ရဲ့လား"

"တိတ်စမ်း၊ ဂိန်ဂွက်ဆိုကတည်းက ပြုတ်ကျတဲ့အသံဆိုသော ဒီအပတ်
ထဲ မရောင်းနဲ့ ရောင်းရင် ငါးသိန်းတန်ကို ငါးကျပ်နဲ့ ဝယ်ကြလိမ့်မယ်။ ဒီတော့
ဒီလိုလုပ်"

"ရှင် ပြောပါ ဆြာကြီးရယ်"

"အေး၊ နားထောင် အနောက်ဘက်ကို မျက်နှာမူပြီး အရှေ့ဘက်ကို တို
ထား . . ."

"အင်"

မိန်းမလျှာ စိန်စိန်တစ်ယောက် လည်နေ၏။ မမရွှေကလည်း ဘာပြော
ပြောမှန်းပင် မသိတော့။ ထိုစဉ် ဦးတိမ်ပေါ်စံ၏အသံ ပေါ်လာ၏။

"နောက် တစ်ယောက်က ကင်းမြီးကောက်ထောင်ပြီး လက်ကို မိုးပေါ်ပစ်ထား"

"ဗုဒ္ဓေါ ဘယ်လိုဟာတွေလဲ မမရွှေရယ်"





"တိတ်စမ်း၊ ငါပြောတဲ့အတိုင်း တစ်ပတ်တိတိ နေကြည့်၊ နင်တို့အိမ် ငါး
သိန်းခေါ်ရင် သိန်းငါးဆယ် ပေးမယ့်လူ ပေါ်လိမ့်မယ်"

"ဟို ဆြာကြီး ယတြာက အုန်းပင်ကို ကျွမ်းထိုးပြီး စိုက်ရမယ့်ပုံပါလား
ရှင်"

"ဟာ၊ ဒီမလျှာက မလွယ်ပါလား။ ဒါဖြင့် အိမ်ရှေ့မှာ ဝယ်သူထိုက်ရင်
သိုက်တွေ့မယ်လို့ စာချိတ်လိုက်၊ တစ်ပတ်အတွင်း နင်တို့လိုချင်တဲ့ဈေးနဲ့ အဆ
ငါးဆယ်ပိုလိမ့်မယ်။ အဲဒီ ကိစ္စအောင်မြင်ရင် ငါ့ကိုမမေ့နဲ့"

"ဟုတ် ဟုတ် ကျေးဇူးတင်လိုက်တာ၊ မမရွှေ ကြားတယ် မဟုတ်လား"

"ကြားပါ့တော်၊ စိန်စိန် ဘာမေးဦးမလဲ"

"နေဦး ဟို ဆြာကြီး"

"ဘာတုံးကွ"

"ဟိုလေ၊ ဟီဟိ စိန် စိန်ဘယ်တော့ ယောကျ်ားရမလဲဆိုတာလေ"

"သြော်၊ နင်က ယောကျ်ားယူချင်သကိုး။ ဒါဆို ငါပေးတဲ့ယတြာ လုပ်
မလား"

"ရှင်၊ ဘာ ဘာယတြာများလဲ ဆြာကြီးရယ်"

"အေး၊ မြွေဟောက် ငါးကောင်ဝယ်ပြီး ခြင်ထောင်ထဲ ငါးညထည့်အိပ်"

"ရှင် ကြောက် ကြောက်စရာကြီး၊ ဟို အဲဒါဆို ယောကျ်ားရရောလားဟင်"

"ယောကျ်ားရ မရတော့ မသိဘူး။ အရင်ဆုံး အလောင်းတင်ဖို့ လင့်စင်
ကြိုထိုးထား"

"ရှင်"

စိန်စိန်တစ်ယောက် ရှုံ့တွသွား၏။ ဦးတိမ်ပေါ်စံကတော့ သူပြောချင်ရာ
ပြောပြီးပြီမို့ ဒူးတနှန့်နှန့်လုပ်ကာ ပြောလိုက်၏။

"ကဲ၊ ဘဏ်ပူဇော်ခ ပေးသွားကြဦး"

"သြော် ဟုတ်ပါရဲ့၊ ဟောဒီမှာ သုံးထောင်ပါ ဆရာကြီး။ အိမ်အရောင်း
တည့်သွားရင် စိန်စိန်ကိုယ်တိုင် လာပြီး ကန်တော့ပါ့မယ် ဆြာကြီးရယ်"

"ကောင်းပြီ၊ ဒါဆို ပြန်ကြတော့။ ငါ့မှာ ဟောရမယ့်ပုဂ္ဂိုလ်တွေ တန်းစီ
နေတယ်"

"ရှင် အပြင်မှာ လူမှမရှိဘဲ"

"ဟာ နင်ဘာသိလဲ၊ ငါက လူတစ်လှည့် နတ်တစ်လှည့်ဟောတာ၊ ခုချိန်
ကစပြီး နတ်တွေကို ဟောရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် တန်ခိုးကြီးလှချည်လား ဆြာကြီးရယ်"

"ဟဲဟဲ ငါက တာဝတိံသာက နတ်သက်ကြွေလာတာလေ"

"ရှင်၊ သွား သွားကြစို့ မမရွှေ ကြာရင် စိန်စိန်တို့ ရှူးကုန်လိမ့်မယ်"

မိန်းမလျာစိန်စိန်က မမရွှေဆိုသူကိုခေါ်၍ ဗေဒင်မာတ်ခန်းထဲမှ ခပ်သုတ်သုတ် ထွက်သွားကြလေ၏။ တစ်ချိန်လုံး ချောင်းကြည့်နေသော ခေါင်းကြီးခမျာ ပြောချင်ရာ ပြောပြီး ငွေသုံးထောင် ပက်ခနဲ ရလိုက်သော ဦးတိမ်ပေါ်စံကို အလွန်တရာမှ အထင်ကြီးသွားလေ၏။

ထို့ကြောင့်လည်း စိန်စိန်တို့ ထွက်သွားသည်နှင့် ခေါင်းကြီးတစ်ယောက် ဦးတိမ်ပေါ်စံအနားသို့ ကုပ်ချောင်းကုပ်ချောင်းနှင့် ဝင်လာလေ၏။

"ဘယ်သူတုံး"

"ဟို၊ ခေါင်း ခေါင်းကြီးပါ ဆြာကြီး၊ အမိုက်အမှားရှိရင် ခွင့်လွှတ်ပါ ဆြာကြီးရယ်"

"သြော်၊ မင်းက ငါ့တန်ခိုးအရှိန်အဝါကို သိပြီထင်ပ့ါ"

"ဟုတ် ဟုတ်ကဲ့၊ ဟို ဆြာကြီး ပညာက တအားမြင့်တော့ ကျုပ် နားနားမလည်ဘူးဗျ"

"အေး၊ ငါပြောမယ် ငါပညာကို သင်တော့မယ်ဆိုရင် ဦးဆုံး ထန်းပင်ပေါ်က ကျွမ်းသုံးပတ်ပစ်ရမယ်။ ပြီးတော့ နွားသိုးနှစ်ကောင်နှင့် နပန်းသတ်ချရမယ်"

"ခင်ဗျာ၊ ကြမ်းလှချည်လား"

"အေး နောက်ရှိသေးတယ်"

"ဗျာ၊ ရှိသေးတယ်။ ဗုဒ္ဓေါ ဘုရား ဘုရား"

"မှတ်ထား မောင်ခေါင်းကြီးရဲ့၊ အဲဒီလိုအဆင့်နှစ်ဆင့် အောင်မြင်ပြီဆိုရင် အုန်းသီးငါးလုံးကို ခေါင်းနဲ့တိုက်ပြီး ခွဲရမယ်"

"အောင်မလေးဗျ၊ ဆြာကြီးပညာက ဗေဒင်ပညာ မဖြစ်နိုင်ဘူး ဟို သိုင်းပေါင်းချုပ်ထဲက ဆယ့်နှစ်ကြိုး သိုင်းပညာများလား"

"ဟား ဟား ဟား ဟီး ဟီး ဟီး ဟူး ဟူး"

"ဟင် ဘယ်လိုဖြစ်သွားတာလဲ ဆြာကြီး"

ဟော"

"အရမ်း မရယ်ပါနဲ့ဗျာ၊ အတွင်းတက် တက်နေပါဦးမယ်"

"အောင်မယ်၊ ရာရာစစ မင်းကများ။ ငါ့ပညာဟာ ဘီလူးနဲ့မှင်စာပေါင်းပြီး မာတ်ချထားတဲ့ ပညာကွ"





www.burmeseclassic.com

www.burmeseclassic.com



"ဗျာ၊ ထူးဆန်းလှချည်လား"

"အေး၊ သင်ချင်ရင် ငါပြောသလို လုပ်ပေတော့။ လောလောဆယ် မင်းအတွက် ဘောက်ဆူး။ ငါ အိမ်ပေါ်တက်ပြီး နားဦးမယ်"

"ဟာ၊ ကျေး ကျေးဇူးတင်လိုက်တာ ခြာကြီးရယ်"

"ကဲ၊ ဒါဆို ငါသွားမယ်"

ဦးတိမ်ပေါ်စံတစ်ယောက် အိမ်ပေါ်ပြန်တက်သွားလေရာ ခေါင်းကြီးတစ်ယောက် လက်ထဲမှ ငါးရာတန်ကို ကြည့်၍ ဝမ်းသာအားရ ဖြစ်နေ၏။ ထိုအချိန်တွင် ဖျောက်ဆိပ်နှင့် ဂျာအေးတို့နှစ်ဦးမှာ စိတ်ညစ်ညစ်နှင့် ဘုံဆိုင်ထိုင်ပြီး အရက်တစ်လုံး ဖြိုလိုက်ကြ၏။

မှုးတူးတူး ရီတီတီဖြစ်လာသောအခါ နှစ်ယောက်သား ငိုက်စိုက်ငိုက်စိုက်နှင့် ပြန်လာကြလေ၏။ သူတို့နှစ်ဦးကို မြင်သောအခါ ခေါင်းကြီးတစ်ယောက် ငါးရာတန်ကို ထောင်ပြကာ ဝမ်းသာအားရနှင့် ပြောလေတော့၏။

"ဟာ၊ ဆရာဖျောက်"

"ဘာတုံးကွ ခေါင်းကြီး"

"ဟို ဥမ္မတ္တကောကြီးက နှယ်နှယ်ရရမဟုတ်ဘူးဗျ"

"တော်စမ်းကွာ၊ ငါ ဒီအဘိုးကြီးအကြောင်း မကြားချင်ဘူး။ ဟော့ကောင် ဂျာအေး"

"ဗျာ၊ ကိုကြီးဖျောက်"

"လက်ကျန်လေး ယူခဲ့လားကွ"

"ပါပါတယ်ဗျာ"

"ဒါဆို အတော်ပဲ၊ ဟော့ကောင် ခေါင်းကြီး"

"ဗျာ"

"မင်း အဝင်အဝမှာစောင့်၊ အပုလေးလာရင် အသံပေး"

"ဟုတ် ဟုတ်ကဲ့"

ခေါင်းကြီးတစ်ယောက် ဦးတိမ်ပေါ်စံ၏ လုပ်ရပ်ကို ပြောပြချင်သော်လည်း အခြေအနေမဟန်သေးသဖြင့် ဆိုင်ဝတွင် ငိုက်ဆင်းဆင်းနှင့် ထိုင်စောင့်နေရပေ၏၊ ထိုအချိန်တွင် ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦး ဆိုင်မှယူလာသော လက်ကျန်ကို ဆက်ဖြိုနေကြ၏။

"ဟကောင် ဂျာအေး"

"ဘာတုံးဗျာ လိုလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ဘူးကွာ၊ ငါတော့ အိမ်ပေါ်က ပုဂ္ဂိုလ်ကြီးကို ကြည့်မရဘူးကွ"

"ဟုတ်ပါ့ဗျာ၊ ဘယ်လိုဘယ်လိုများ ရေစက်ဆုံမယ် မသိဘူး၊ လုပ်ပုံက အမွေကြီးဗျာ၊ အင်း ဒီကိစ္စ ကျုပ်ကြောင့်ဖြစ်ရတာပဲ၊ ဒီတော့ ဒီအဘိုးကြီးကို ကျုပ်တာဝန်ထားပါ ကိုကြီးဖျောက်ရာ"

"ကြည့်လည်းလုပ်ဦး တော်ကြာ ခြေလွန်လက်လွန် ဖြစ်နေဦးမယ်"

"မပူပါနဲ့ဗျာ၊ ဟို ကျုပ်တို့လည်း နေရတာ မျက်နုံးတလှုပ်လှုပ်ပဲဗျာ၊ ဘယ် ချက် ဖားပြန်ရိုက်ရမလဲ မသိဘူး၊ အပုလေးက ဘူးဆိုဖရုံမသီးဘူးဗျ၊ ကြည့်လည်း တောင်းပန်ထားပါဦးဗျာ"

"စိတ်ချ၊ အပုလေးဆိုတာ ငါ့မိန်းမပဲကွ၊ သူက ငါ့ကိုနိုင်တယ်ဆိုတာ ငါ က အလျှော့ပေးနေတာပါကွာ၊ ဖနောင့်တစ်ချက် ပေါက်စရာမလိုပါဘူး"

"ဟုတ်ရဲ့လားဗျာ၊ ခင်ဗျားဥစ္စာ ပြောတော့ မိုး၊ လက်တွေ့ကျတော့ အပု လေးတွေ့လိုက်တာနဲ့ တီကောင်ကို ငရဲမီးပက်လိုက်သလိုပဲ"

"ဟာ၊ ဆားပါကွာ"

"အို၊ ဆားပက်လည်း ထွန့်ထွန့်လူး၊ ငရဲမီးပက်တော့ ထွန့်ထွန့်တောင်မလူး နိုင်ဘူးရှလေ"

"မင်းကတော့ လုပ်ပြီကွ၊ အော့ ဒီမှာ ကျာအေး၊ ငါ့ဇာတာမှာ သော ကြာဂြိုဟ် ထန်းတစ်ဖျားရောက်နေလို့ကွ၊ ဟင်း ဟင်း အဲဒီဂြိုဟ် နှာတစ်ဖျား ရှော တာနဲ့"

"ဘာဖြစ်လဲ ကိုကိုဖျောက်"

"ဟင်၊ ဟဲ ဟို အပုလေးပါလား"

"ဟာ သွားပြီ"

ရုတ်တရက်မို့ ဆရာတပည့်နှစ်ဦး ခါးကြီးတထောက်ထောက်လုပ်၍ ကြ နေသော အပုလေးကိုမြင်ကာ လန့်ဖျပ်သွားကြ၏၊ အပုလေး မျက်လုံးများ မီးဝင်းဝင်းတောက်မတတ်၊ ဖျောက်ဆိပ်အသွင်က ကြက်ကြီးလည်လိမ်ထားသ ပင်။ စကားတွေလည်း ထစ်ငေါ့ဆွံ့အကုန်၏၊ ထိုစဉ် အပုလေး၏ အာဏာ ထွက်လာလေ၏။

"ကဲ၊ ပြောပါဦး ဗေဒင်ဆြာကြီးရဲ့၊ သောကြာဂြိုဟ် နှာတစ်ဖျား တိမ်း ကျုပ်ကို ဘာလုပ်မှာလဲ"

"ဪ၊ ဒီ ဒီလိုပါကွ၊ ဟို သောကြာဂြိုဟ်နှာတစ်ဖျားတိမ်းရင် မင်း လှစိမ်းကြည့်တာတောင် မခံနိုင်ဘူး ပြောတာပါကွာ၊ ဟိုလေ ချစ်လွန်း သဝန်တိုမိတာ ပြောတာပါ"





"တော်နေ၊ မှင်စာနဲ့ပေါင်း၊ ဗေဒင်ဆရာလိုလို ဘာလိုလို ဟန်ဆောင်ပြီး အရက်ခိုးသောက်နေတယ် မဟုတ်လား"

"ဟေ၊ ဘယ်သူပြောသတုံး"

"ကျုပ်က ရှင့်မိန်းမပါ၊ တော် ပါးစပ်ဟလိုက်တာနဲ့ အူဘယ်နှခွေရှိတယ် ဆိုတာ ကျုပ် သိပြီးသားပါ"

"ဟာ၊ ဒါတော့ မင်းလွန်ပြီ အပုလေးရာ၊ မင်းကိုယ်လုံးကြီးနဲ့ ငါ့ပါးစပ်ထဲ ဝင်ရင် အားလုံး အကျိုးနည်းကုန်မှာပေါ့"

"ဟုတ်ပ၊ မပုလေးရာ ကိုကြီးဖျောက်ပြောသလိုပေါ့၊ အဲ ဒါပေမယ့် မပု လေးသာ ကိုယ့်ကိုယ်ကိုယ် သေးသွားအောင် ကျုံ့တွနိုင်ရင်တော့ ဟဲဟဲ ကိုကြီး ဖျောက်က သွားလေရာ ငုံသွားမှာပေါ့၊ ဒါပေမယ့် ကိုကြီးဖျောက်က အာပုပ်ဇော် နံသဗျ"

"တိတ်စမ်း၊ မှင်စာလေး နင်တို့နှစ်ယောက်စလုံးကို စောင့်ကြည့်မယ်။ ဘစ်ပတ်အတွင်း အခြေအနေ မထူးရင် ဆိုင်ပိတ် ရွာပြန်ပြီး ဖားရိုက်ပေတော့"

"ဗုဒ္ဓေါ ရက်စက်လှချည်လားကွာ"

"အိုတော်၊ ကျုပ်စကားကို လွန်ဆန်မယ်တော့ မကြံနဲ့ ဟင်း ဟင်း"

အပုလေးတစ်ယောက် သူတို့နှစ်ဦးကို ဒေါင်းတည်မောင်းတည် ပြောကာ အိမ်ပေါ်တက်သွားလေ၏၊ အာဏာသံပြင်းလှသဖြင့် နှစ်ယောက်စလုံး ဘယ်သို့ ဘယ်ပုံ ကြံရမှန်းမသိ ဖြစ်နေကြ၏။

"ကိုကြီးဖျောက်"

"ဟေလကွာ"

"ကျုပ်တို့ ဘာလုပ်ကြမလဲ"

"မင်းဘာလုပ်ချင်သတုံး၊ အပုလေးကို ဆန့်ကျင်မလား၊ ဆန့်ကျင်မယ်ဆို မဟာဗျူဟာပိုင်မှ ဖြစ်မှာကွ"

"ကျုပ်လည်း မစဉ်းစားတတ်ဘူးဗျာ၊ တစ်ခုရှိတာ မပုလေးက စိတ်ရင်း ကောင်းပါတယ်ဗျ၊ ခင်ဗျားကြီး ချော့လိုက်ပေါ့ဗျာ၊ ချော့လိုက်ရင် ပျော့သွားမှာပေါ့"

"ဟာ၊ မပျော့နိုင်ဘူးကွ၊ အပုလေးစိတ်ကို ငါအသိဆုံး"

"ဒါလောက် မာရင်လည်း ရေနွေးအိုးထဲ ထည့်ပြုတ်လိုက်ဗျာ၊ ဒါဆို အံ ကိုက်ပဲ"

"ဟာ၊ အပုလေးက ကန်စွန်းဥမှ မဟုတ်ဘဲကွ"

"အိုဗျာ၊ ကျုပ်တော့ ကြာလေ အနေကျပ်လေပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ ဒီအိမ်မှာ အနေချောင်တာ ဟိုဥမ္မတ္တကောနဲ့ ခေါင်းကြီးပဲ ရှိတာယ်"

"ဟာ ဟုတ်ပြီ၊ ခေါင်းကြီးက အပုလေးရဲ့ သွေးသားဗျ။ ဒီတော့ ခေါင်းကြီးကို ထိပ်ထားရင်ကော"

"ဟင်၊ ဒီကောင်က ကိုယ့်ကိုယ်တောင် ဘာမှန်းသိတာ မဟုတ်ဘူး။ တစ်ခါတုန်းကလည်း သူ့အဒေါ်က ငါ သေရည်သောက်လို့ လိမ့်ဆူနေတုန်း ငါက ခေါင်းကြီးကို အားကိုးရမလားမှတ်တယ် ဒီကောင်က ဘာပြောတယ်မှတ်သလဲ"

"ဟင် ဘာပြောလဲ"

"ကြီးဒေါ်ရေတဲ့ ဒီကိစ္စမျိုးကို ခွင့်မလွှတ်နဲ့တဲ့။ မောင်းထဲ ထည့်ထောင်းသင့်ရင် ထောင်းတဲ့။ ခုလည်း ငါ့ရဲ့ လက်ထောက် ဖြစ်ချင်လို့ သူ့အဒေါ်ကို အတင်းပြောတာကွ။ ခေါင်းကြီးက ဒုံးသမားကွ"

"ဟုတ်ပဗျာ"

နှစ်ယောက်သား အပုလေးအမိန့်ကြောင့် အကြီးအကျယ် သွေးလေချောက်ချားနေကြ၏။ ဗေဒင်မေးမည့်လူလည်း တစ်နေ့လုံးနေလို့ တစ်ယောက်မလာ။ သို့နှင့် သုံးရက်မြောက်သည့်နေ့တွင် ဖျောက်ဆိပ် မရှိမရှုဖြစ်လေ၏။

"ဘာလို့တုံးကွာ၊ လူတွေအားလုံး ချမ်းသာကုန်ကြပြီလား၊ ဒုက္ခတွေ သောကတွေ မရှိကြတော့ဘူးလား။ ဟေ့ကောင် ခေါင်းကြီး"

"ခင်ဗျာ ဆရာဖျောက်"

"လာစမ်းကွာ"

ခေါင်းကြီးတစ်ယောက် သူ့ဆီသို့ ကုပ်ချောင်းကုပ်ချောင်းနှင့် ရောက်လာ၏။ ဖျောက်ဆိပ်မှာ ကုလားမနိုင် ရခိုင်မဲဆိုသလို အပုလေးကို မကျေနပ်တိုင်း ခေါင်းကြီးကိုသာ ပြဿနာရှာချင်နေ၏။ ထို့ကြောင့်လည်း သူ့အနားသို့ ရောက်လာသော ခေါင်းကြီးကို ရှုတင်းတင်းနှင့် ကြည့်ပြီး မေးလိုက်၏။

"ဟေ့ကောင် မင်းက ဆိုင်ဝမှာ ဘာလိုထိုင်နေသတုံး ပြောစမ်း"

"ဟို၊ ကျုံ့ကျုံ့လေး ထိုင်နေပါတယ် ဆရာဖျောက်ရယ်"

"မျက်နှာအနေအထားကရော"

"အမြဲတမ်း ပြုံးပြနေတာပါ ဆရာ။ ဗေဒင်မေးမလားဆိုပြီး လာသမျှလူကို ကျွန်တော် ပြုံးပြခဲ့ပါတယ်"

"အင်၊ ဒါဆို မင်းအနေအထိုင် မှန်သားပဲ။ အေး ဧကန္တ ငါ့ဆိုင် လူမဝင်တာ မင်းဥပမိရုပ်ကြောင့် ဖြစ်ရမယ်ကွ"

"ဗျာ၊ ဒါ ဒါကတော့ အမေမွေးထားတဲ့ပုံပဲ ဆရာရယ်"





"ဟုတ်သေးဘူးကွ။ ခေါင်းကကြီးကြီး၊ ဆံပင်က ကျဲကျဲ၊ သွားကခေါခေါဆိုတော့ မင်းပုံက မသေခင်က မှင်စာနဲ့တူတယ်။ ဟိုကောင် ဂျာအေးကလည်း မင်စာရုပ်၊ ဟုတ်ပြီ မှင်စာနှစ်ကောင် ငါ့ဆိုင်ရှေ့ထိုင်မှတော့ ဘယ်လိုလုပ် လူတွေလာမှာလဲ"

"ဟာ၊ ဒါဆို ဆရာကြီးရယ် လူမလာလည်း သရဲတွေ တစ္ဆေတွေ ဥစ္စာစောင့်တွေ လာမေးတော့ ကောင်းတာပေါ့ဗျ"

"ဘာ၊ ဟကောင် ခေါင်းကြီး"

"ဗျာ"

"မင်းစကားပြောတာ ကြည့်ပြောကွ"

"ဟုတ် ဟုတ်ကဲ့ပါ ဆရာ။ ဟို မှင်စာဆိုတော့ တချို့က ဆရာကို ဘီလူးကြီး ထင်သွားမှာပေါ့နော်"

"ဘာကွ၊ သွားစမ်းကွာ"

ခေါင်းကြီးကို ခေါ်ဟောက်ခါမှ ဆြာကြီးဖျောက်ဆိပ် လူစင်စစ်က ဘီလူးဖြစ်သွားလေရ၏။ ထို့ကြောင့်လည်း ခေါင်းကြီးကို မောင်းထုတ်ကာ ဗေဒင်ခန်းတွင် ငူငူကြီးထိုင်နေ၏။

ထိုစဉ် အခန်းထဲသို့ ဦးတိမ်ပေါ်စံ ရောက်လာလေ၏။ ခုံပေါ် ငူငူကြီးထိုင်နေသော ဖျောက်ဆိပ်ကို မြင်ရသောအခါ မျက်နှာကြီး ရှုံ့တွတွ ဖြစ်သွား၏။

"အလို၊ တယ်လည်း ကျက်သရေ ယုတ်လှပါလား သကောင့်သားရ"

"ဗျာ"

"ဒါကြောင့် မင်းဆိုင် လူမဝင်တာကိုး။ ဟကောင် ဖျောက်ဆိပ်"

"ဗျာ ဥမ္မတ္တကော"

"ဘာ ဥမ္မတ္တကောလဲ။ မင်းလုပ်ပုံက ဟုတ်သေးဘူးကွ။ မင်းပုံက လာဘ်ဝင်အောင် လုပ်တာ မှတ်ဘူးကွ။ လာဘ်နှင်တာ။ အင်း ငေးငေးငိုင်ငိုင် မျောက်ထိုင်၊ ဆိုင်မှာလာဘ်ပိတ်၊ စီးပွားတိတ်တဲ့ကွ။ မင်း မျက်နှာကြီး မြင်တာနဲ့ မပြောနဲ့ သရဲတစ္ဆေတောင် လာမေးမှာ မဟုတ်ဘူး။ ဒီတော့ ဆိုင်ကို ခေါင်းကြီးနဲ့ထားခဲ့။ မင်း ငါနဲ့ လိုက်ခဲ့။ မင်းကို ငါ စီးပွားဖွင့်ပေးရတော့မယ်"

"ဗျာ၊ ဘယ် ဘယ်ပါလိမ့် ဥမ္မတ္တကောရယ်"

"ဟဲဟဲ မမေးနဲ့လေကွာ။ ငါ့လမ်းဟာ မင်းလို ဗရုတ်သုတ်ခလမ်း မဟုတ်ဘူး။ ကဲ မေးမနေနဲ့။ သွားမယ် ထ ထ"

"ဟုတ် ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဆိပ်တစ်ယောက် ဦးတိမ်ပေါ်စံနှင့်တွေ့လျှင် ဘာပြောလို့ ပြောရမှန်း မသိ။ ဦးတိမ်ပေါ်စံ ပြောသမျှ ဆေးနှင့် အညှို့ခံရသူပမာ ခေါင်းညိတ်နားထောင်စမြဲပင်။ ယခုလည်း ဆိုင်ကို ခေါင်းကြီးနှင့် ထားခဲ့ကာ ဦးတိမ်ပေါ်စံ နောက်မှ လိုက်ရလေ၏။

လမ်းထိပ်အရောက်တွင် အဖျော်ယမကာဆိုင်ထဲ တန်းခနဲ ဝင်သွားသဖြင့် ဖျောက်ဆိပ် ဦးတိမ်ပေါ်စံ၏ ကျောပြင်ကြီးကို ကြည့်ကာ နားမလည်နိုင် ဖြစ်နေ၏။ ထိုအချိန်တွင် အပုလေးအလစ် လာတွယ်နေသော ဂျာအေးကို စားပွဲထောင့်တစ်နေရာတွင် မြင်လိုက်ရပေ၏။

"အလို မှင်စာကောင် ဒီရောက်နေသကိုး"

"ဟင် ဥမ္မတ္တကောကြီး"

"ဟဲဟဲ မင်းတို့ဆရာတပည့်က ဒီမှာလာပြီး ချက်အရက်နဲ့ အခက်အခဲကြုံအောင် ဖန်တီးနေကြတာကိုး။ တဲ ထိုင်စမ်း ဟေ့ကောင် မှင်စာလေး"

"ဗျာ"

"မင်း ခွက်ထဲက ချက်အရက်တွေ သွန်ပစ်လိုက်စမ်း"

"ဗျာ၊ ဘာ ဘာလုပ်မလို့လဲဗျ"

"မှတ်ထားကွ၊ ချက်အရက်သောက်ရင် အခက်အခက်ကြုံမယ်။ ဒီတော့ ဝီစကီချရသကွ။ သုံးဆယ့်တစ်ဘုံက ချိုးမြှောက်မှာကွ။ သွန်ပစ်လိုက်စမ်းကွ ကဲ မှာဟေ့"

"ဗျာ ဟို ဒုက္ခပါပဲ၊ ကိုကြီးဖျောက် ဘာလုပ် . . ."

"ငါလည်း မပြောတတ်ပါဘူးကွ"

"မပြောတတ်လည်း ဝီစကီတစ်လုံးရယ်၊ ဘဲကင်ရယ် မှာစမ်း"

"ဗျာ၊ ဟို ပိုက်ဆံ မပါဘူးဗျ"

"မပူပါနဲ့ ဒီမှာတွေ့လား"

"ဟာ"

ဦးတိမ်ပေါ်စံက ထောင်တန် လေးငါးဆယ်ရွက်ကို ထောင်ပြလိုက်၏။ ဖျောက်ဆိပ်နှင့် ဂျာအေးတို့မှာ ဦးတိမ်ပေါ်စံလက်ထဲမှ ပိုက်ဆံများကို မြင်ရသောအခါ တအံ့တသြဖြစ်နေကြ၏။

"သောက်ကြစမ်းကွာ၊ သောက်ရင် လာဘ်ဖွင့်သောက်ရတယ်ကွ။ မှာ မှာ"

"အင် ထူးဆန်းလှချည်လား"

"ဥမ္မတ္တကောက မ,တာလား မွေတာလားတော့ မသိဘူး။ စွတ်တော့ လုပ်နေပြီဗျို့"





"ဟုတ်ပ့ါကွာ၊ ငါလည်း မျက်ခုံး တလှုပ်လှုပ်"

ဆရာတပည့်နှစ်ဦးမှာ စားပွဲပေါ် ရောက်လာသော ဝီစကီနှင့် ဘဲကင်ကြီးများကိုကြည့်ကာ သွားရည်ယိုနေကြ၏။ နောက်ဆုံး ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ဘဲ ငမ်ရှိရှိနှင့် အငမ်းမရ ဖိတွယ်လေရာ နှစ်ယောက်စလုံး တစ်ထိုင်တည်းနှင့် မူးသွားလေတော့၏။ သူတို့နှစ်ဦးကို ကြည့်ရင်း ဦးတိမ်ပေါ်စံမှာ ခေါင်းတခါခါ လည်တခါခါ လုပ်နေ၏။

"တော်တော် မိုက်ကန်းလှတဲ့ လူ့တာလတွေပဲ။ အရက်ကို လောဘတကြီး ဘယ်တော့မှ မတွယ်လေနဲ့ကွ။ တွယ်လို့ကတော့ ဒုက္ခအိုးထဲ ကျွမ်းနှစ်ပတ်သုံးပတ် ပစ်ဝင်တဲ့ လူမိုက်ကွ။ ဟား ဟား ကောင်းပ့ါကွာ၊ ဆရာတပည့် လိုက်လည်းသိုက်ပ့ါ။ ကဲ နေခဲ့ကြပေတော့ဟေ့ ငါလည်း မူးလာပြီကွာ"

ပြောပြောဆိုဆိုနှင့် စားပွဲပေါ် မှောက်နေသော ဂျာအေးနှင့် ဖျောက်ဆိပ်ကို ထားကာ ဆိုင်ထဲမှ ထွက်သွားလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ခေါင်းကြီးတစ်ယောက် တဝတပြ စားသောက်လာသဖြင့် လူအဝင်အထွက် မရှိသော ဆိုင်ရှေ့ စားပွဲပေါ်တွင် ငိုက်မြည်းနေပေ၏။ ထိုအချိန်တွင် ဆိုင်ထဲသို့ မိန်းမလျာ စိန်စိန် ဝင်လာလေ၏။ မိတ်ကပ်ကို ဖွေးနေအောင် ပြင်ဆင်ကာ လောင်းစကတ်ကြီးကို ဝတ်ဆင်ထား၏။ ခေါင်းကြီးနားရောက်တော့ အသံ တိုးတိုးနှင့် ခေါ်လိုက်၏။

"မောင်လေး"

"ဗျာ၊ အောင်မလေးဗျာ"

"ဟဲ့ ဘာဖြစ်သတုံး"

"ဟို တရုတ်သရဲမ"

"ဟို မမပုံက တရုတ်သရဲမပုံ ပေါက်နေလို့လားကွယ်"

"ဟာဗျာ၊ ရုတ်တရက်ဆိုတော့ မျက်နှာဖြူကြီး မြင်တော့ အော်မိတာပေါ့ဗျ"

"ဟိဟိ ချော့လို့လား"

"အင်"

"ဝင်မယ်နော်"

"နေ နေပါဦး၊ ဟာ ဒုက္ခပါပဲ"

အတွင်းပိုင်းကို စိန်စိန် ဖျတ်ခနဲ ဝင်သွားပေရာ ခေါင်းကြီး မတားသာ တော့။ ထိုအချိန် ဆရာကြီး ဦးဖျောက်ဆိပ်သည် အပြင်မှ အသံကြားသဖြင့် ဟန်ပါပါနှင့်ထိုင်ကာ ထူထဲသော စာအုပ်ကြီးတစ်အုပ်ကို ဖွင့်၍ ဟိုဖတ်ဒီဖတ် လုပ်နေပေ၏။

"အလို မင်း မင်း ဘယ်သူတုံး"





"ဟင်၊ ရှင် ရှင် ဆြာကြီး"

"ဘာလဲ ဘာဖြစ်သတုံး။ ဘာလဲ ရောက်သီးဆေးပြား ရောင်းမလို့လား"

"ဟို လူကိုများ ဒီအစားမှတ်နေသလား။ နေပါဦး၊ ဟို ရှင် ဟိုနေ့ကပုံက အသက် ခုနစ်ဆယ်ကျော် အဘိုးအိုကြီးပုံ။ ခုတော့ ရှင့်ပုံက နုနယ်သွားပါလား"

"ဟင် ဘာလဲ ဘာတွေတုံး"

"ဟိုလေ ဆြာကြီးဟာ စိန်စိန်အထင်တော့ ရုပ်သဏ္ဍာန်အမျိုးမျိုး ပြောင်းလဲ တော်တဲ့ ရုပ်ပြောင်းနာမ်ပြောင်း ဖြစ်နေမလားပဲ။ ခွင့် ခွင့်လွှတ်ပါ ဆြာကြီးရယ်။ ဟိုလေ ဆြာကြီးဟောလိုက်တာ မှန်လိုက်တာ။ ဆြာကြီး ပြောတဲ့အတိုင်း လုပ်လိုက်တာ အိမ်ထွက်သွားပြီ"

"ဟေ အိမ်က ဘယ်ထွက်သွားတာလဲ"

"ဟို စိန်ပြောတာ အိမ်ကို သိန်းငါးဆယ်နဲ့ ရောင်းလိုက်ရပြီလို့ ပြောတာ လေ။ ဒါကြောင့် ဆြာကြီးကို ပေါ့ဒီ ငွေသုံးသောင်းနဲ့ လာကန်တော့တာပါရှင်"

"ဗုဒ္ဓေါ"

ဖျောက်ဆိပ်တစ်ယောက် မိန်းမလျာ စိန်စိန်တို့ကြည့်ပြီး လည်နေ၏။ စိန်စိန်ကတော့ သူ့ကို ငွေသုံးသောင်း ပက်ခနဲ စားပွဲပေါ်တင်ကာ ထိုင်ကန် တော့လိုက်လေ၏။

"စိန်စိန့်ကို ဆုလေးဘာလေး ပေးဦးလေ"

"ဆု၊ သြော် ဟုတ်သားပဲ၊ ဘုန်းကြီးပါစေ၊ ချမ်းသာပါစေကွယ်"

"ဟို ဟိုဆုလည်း ပေးဦးလေ"

"ဟင် ဘာဆုလဲ"

"ဟို၊ ဆြာကြီးကလည်း ယောကျာ်းထောင်ထောင်မောင်းမောင်းကြီး ရပါ စေလို့"

"အဲ၊ ဘာလုပ်မှာတုံး မောင်းထောင်းဖို့လား ဒါမှမဟုတ် မုန့်ကြိတ်ခိုင်းမ လို့လား"

"အို၊ ဆြာကြီးကလည်း ထောင်ထောင်မောင်းမောင်းဆိုတော့ စိန်စိန်မို့ တောပေါ့ရှင်"

"ဟေ၊ ဒါဆိုလည်း လူဝံကြီး ယူလိုက်ပါလား"

"အောင်မလေး တော်ပါတော့ အဲဒီ ဆုတော့မပေးပါနဲ့။ ကဲ စိန်စိန်ပြော ဦးမယ်နော်။ ဟို မမရွှေကလည်း ကျေးဇူးတင်ပါတယ်တဲ့။ ဆြာဟောတွေ မှန် လွန်းလို့ ဝမ်းသာနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"တာ့တာနော်"

"အေး၊ တာ့တာ တာ့တာ"

ပြောပြောဆိုဆိုနှင့် စိန်စိန်တစ်ယောက် ငေါ့တော့ငေါ့တော့နှင့် ထွက်သွား လေတော့၏။ ဖျောက်ဆိပ်မှာ သူရှေ့ပုံထားသော ငွေသုံးသောင်းကို ပြူးပြူး ပြဲပြဲ ကြည့်ရင်း မယုံမကြည် ဖြစ်နေရ၏။ ထိုစဉ် အိမ်နောက်ဘက်မှ အပုလေး ထွက်လာလေရာ စားပွဲပေါ်မှ ပိုက်ဆံတွေ မြင်သွားလေတော့၏။

"ဟင်၊ ကိုကိုဖျောက် ပိုက်ဆံတွေပါလား"

"အင် ဟို ဂန်ဒူး . . ."

"အို၊ ဂန်ဒူးတွေ ဂန်ဖလားတွေ ဘေးချိတ်၊ အရေးကြီးတာ ပိုက်ဆံ ဒီလိုတော့လည်း ငါ့ယောကျ်ားက ငွေရှာကောင်းသားပဲ အပုလေး သိမ်းလိုက် မယ်နော်"

"ယူ ယူ ယူလိုက် ဒုက္ခပါပဲ"

ဖျောက်ဆိပ်ခမျာ ဖင်တကြွကြွ ဖြစ်နေ၏။

စိန်စိန်ဆိုသော မိန်းမလျှာကို မြင်တောင်မမြင်ဘူး။ ယခုတော့ စိန်စိန် သူ့ ဟောလိုက်သည့်ဗေဒင် မှန်သွား၍ လာကန်တော့သွားသဖြင့် အဖြေရှာ၍ မရနိုင် ဖြစ်နေ၏။

အပုလေးကတော့ ပိုက်ဆံတွေ့လျှင် ဘာမှ မမြင်တော့။ အတင်း သိမ်း ပိုက်ကာ အိမ်ကြီးပေါ် တက်သွားလေ၏။ ထိုစဉ် ခေါင်းကြီးတစ်ယောက် ဖျောက် ဆိပ် အနားရောက်လာ၏။

"ဆရာဖျောက်"

"ဘာတုံးကွ၊ မင်းက ဘာမဟုတ်တာတွေ ပြောဦးမလို့လဲ။ ဒီမှာ ရှုံချင်ချင် ဖြစ်နေရတဲ့အထဲ"

"အဲဒါ ပြောမလို့ဆရာရဲ့"

"ဘာတုံးကွ"

"ဟို စောစောက မိန်းမလျှာကိစ္စ"

"ဟေ၊ ဆိုပါဦး။ သူ့ကို ငါဘယ်တုံးကမှလဲ မဟောဘူးပါဘူးကွာ"

"အဲဒါ ပြောတာပေါ့၊ ဟိုတစ်လောက ဆရာမရှိတုန်း အိမ်ပေါ်က ဥမ္မတ္တ ကောကြီးက ဆရာ့နေရာ ဝင်ထိုင်ပြီး ဗေဒင်လာမေးတဲ့ စိန်စိန်တို့ကို ထင်ရာမြင်ရာ တွေ ပြောလွှတ်လိုက်တယ်လေ။ အဲဒါ မှန်လို့ ခုလို ငွေလာကန်တော့တာပေါ့





"ဗုဒ္ဓေါ၊ ဥမ္မတ္တကောက ငါ့ထက် လက်စောင်းထက်လှချည်လားကွ။ ဪ ဒါကြောင့် စိန်စိန်က ငါ့ကို အရင်လာတုန်းကပုံ မဟုတ်ဘူး ပြောတာကိုး"

"ဟုတ်ပ၊ ဘာပဲဖြစ်ဖြစ် ဆရာ့ဆိုင် ဈေးဦးပေါက်ပြီပေါ့ဗျာ"

"အေး၊ ဖွင့်တာ လေးငါးလ ရှိပြီ။ မေးမယ့်လူမရှိလို့ စိတ်ညစ်နေတာ ခုတော့ ငါ့စာတ်စခန်းကို ဥမ္မတ္တကောက ဖွင့်ပေးလိုက်ပြီကိုး။ ဟား ဟား ကောင်း ပါကွာ ကောင်းပါ"

ဖျောက်ဆိပ် ဥမ္မတ္တကောကြီးလက်ချက်ဆိုတာ သိသွားသောအခါ အကြီး အကျယ် ရယ်မောပစ်လိုက်လေ၏။ ထိုစဉ် ခေါင်းကြီးက သူ့ကို ဆိုင်အပြင် အတင်း ဆွဲခေါ်ကာ ချိတ်ထားသော ဆိုင်းဘုတ်ကို လက်ညှိုးထိုးပြလိုက်၏။

"ဘာ ဘာတုံးကွ"

"ဟိုမှာ၊ ကြည့်ပါဦး ဆရာရဲ့"

"ဟင် အကြားအမြင်မှာ အမှားတစ်မျှင်မရှိစေတဲ့ နှစ်ပါးသခင် ဆြာကြီး ဖျောက်ဆိပ် ဆိုပါလား၊ ဟ လုပ်ကြပါဦး ဘာတွေလဲ"

"ဟာ၊ အဲဒါ ဟို ဥမ္မတ္တကောကြီးက ကျွန်တော့်ကို ဆိုင်းဘုတ်အသစ်ရေး ခိုင်းပြီး ဆရာ့အလစ်မှာ ချိတ်ခိုင်းတာ"

"ဟ နေပါဦး၊ အောက်မှာ ရေးထားတဲ့ စာက ဘာပါလိမ့်"

ဖျောက်ဆိပ်မှာ သူ့ဆိုင်းဘုတ်ကို မော့ဖတ်ရင်း အံ့ဩလွန်းမက အံ့ဩ နေပေ၏။ ဥမ္မတ္တကောကြီး လုပ်ပုံက သူ့ဘဝကို ချက်ချင်း ဖောက်ထိုးမိုးမျှော် လုပ်လိုက်သလိုပင်။ ဆိုင်းဘုတ်အောက်ဘက်တွင် ရေးယားသော စာလုံးဗိုင်း ဗိုင်းကြီးများကို ဆက်ဖတ်လိုက်၏။

"ဓာတ်နှင့် နှိပ်သည်။ နတ်နှင့် နှိပ်သည် ဆိုပါလား။ အကြောပေါင်း တစ်ထောင်စိမ့်သွားစေမည့် ဖျောက်ဆိပ်ဆိုပါလား။ ဘုရား ဘုရား ငါ့ဘဝတော့ ဗေဒင်ဆရာဘဝ ပျောက်ပြီး အနှိပ်သည်ဘဝ ဖြစ်ပါပြီကော"

ဆိုင်းဘုတ်ကို ဖတ်ရင်း ဖျောက်ဆိပ်ခမျာ နေ့ချင်းညချင်း ပြောင်းလဲသွား သည့် သူ့ဘဝကို သူတွေးကာ ငိုရမလို ရယ်ရမလို ဖြစ်နေ၏။ ထိုစဉ် သူ့အနားသို့ ဂျာအေး ရောက်လာပြီး ဆိုင်းဘုတ်ကိုဖတ်ကာ ခေါင်းတကုတ်ကုတ် ဖြစ်နေ၏။

"ဘယ် ဘယ်လိုဖြစ်တာလဲ ကိုကြီးဖျောက်ရယ်၊ ကိုကြီးဖျောက်ဘဝ ဘယ် လိုလုပ်ပြီး အနှိပ်သည် ဖြစ်သွားတာတုံး"

"အင် ဂျာအေး"

"ကိုကြီးဖျောက် ဘာ ဘာတွေတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောတတ်ဘူးကွာ။ ဒီဆိုင်းဘုတ်လုပ်တဲ့ လက်ဆည်ဘယ်သူမှတ်လဲ"

"ဟင် ဘယ်သူပါလိမ့်"

"ဘယ်သူရှိရမလဲ ဂျာအေးရာ၊ မင်းခေါ်လာတဲ့ ဥမ္မတ္တကောကြီးပေါ့ကွ"

"ဗျာ ဥမ္မတ္တကောကြီး၊ ဒီအဘိုးကြီးက ဘယ်လိုလုပ် . . . "

"ဟို ခေါင်းကြီးသာ မေးကြည့်ပေတော့ကွာ"

သူတို့သုံးဦး ဆိုင်ရှေ့ ဝေါင်စင်းစင်းနှင့် ဘာလုပ်လို့ လုပ်ရမှန်း မသိ ဖြစ်နေစဉ် ဆိုင်ပေါ်သို့ လူဝဝကြီးနှစ်ဦး တက်လာ၏။

"ဟေ့ အနှိပ်သည်ကြီး ဖျောက်ဆိပ်ဆိုတာ ဘယ်သူတုံး"

"ဗျာ၊ ဟို ကျွန်တော်"

"ဒါဆို ကျုပ်တို့ ညီအစ်ကိုကို နှိပ်ပေးစမ်းဗျာ။ တစ်လမ်းလုံး ကားပေါ် ထိုင်လိုက်ခဲ့ရတာ တောင့်နေပြီဗျ။ ကဲ လုပ် လုပ်"

"အင် ဟို"

"ဟာ မင်းတပည့်တွေလား။ ရုပ်တွေက မှင်စာလိုလို ကလေးသရဲလိုလိုနဲ့ ကဲ လာ မင်းတို့ပါ နှိပ်ပေးကြစမ်း"

"ဗျာ၊ ဟို အဲ ဟုတ်"

နောက်ဆုံးတော့ သူတို့ဆရာတပည့်သုံးဦး လူဝကြီးနှစ်ဦးကို စားပွဲပေါ် အိပ်ခိုင်းကာ ခြေချိုးလိုက် လက်ချိုးလိုက်၊ ထင်ရာမြင်ရာ စွတ်နင်းလိုက်နှင့် ထင်သလို နင်းနှိပ်နေကြရာ မိနစ်သုံးဆယ်ခန့်အကြာတွင် သူတို့လုပ်ငန်းကြီး ပြီးစီးသွားလေ၏။

လူဝကြီးနှစ်ဦးမှာလည်း ခါးတွေချိုး၊ ဇက်တွေချိုးနှင့် ရှင်ရှင်လန်းလန်း တက်တက်ကြွကြွ ဖြစ်နေကြ၏။

"ကောင်းလိုက်တာ ဆရာဖျောက်ရယ်။ ဆရာ့လက်က နတ်ပေးတဲ့လက်ပဲ။အကြောကို ကိုင်ချလိုက်တာ လူကို အီဆင်းသွားတာပဲ၊ ကျေးဇူးတင်ပါတယ်။ ဟော့ဒီမှာ ဆရာ့အတွက် ပူဇော်ခ"

"ဟင်"

စားပွဲပေါ် တစ်ထောင်တန် နှစ်ရွက်တင်ပြီး လူဝကြီးနှစ်ဦး ထွက်သွားလေရာ ဆရာတပည့်တွေ အံ့ဩနေ၏။ ဦးဆုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသူမှာ ဂျာအေးပင် ဖြစ်လေ၏။

"ဟာ၊ နာရီဝက် လုပ်တာနဲ့ ငွေနှစ်ထောင် ရပါလား။ ကိုကြီးဖျောက်"

"ဟေ"





www.burmeseclassic.com

www.burmeseclassic.com



"ဒီအလုပ် မဆိုးဘူးဗျ"

"အင်၊ ရှုပ်ကုန်ပြီ"

"ဟုတ်တယ် ကိုဂျာအေး၊ ကိုဂျာအေး ပြောသလို ပေဒင်မဖောနဲ့ဗျ။ အနှိပ်သည် လုပ်ပါလား ဆရာဖျောက်။ ကျွန်တော်တို့လည်း ကူညီမယ်လေ"

ခေါင်းကြီးကပါ ဝင်ပင့်ပေးလာသဖြင့် ဖျောက်ဆိပ် ဘာပြောလို့ ပြောရမှန်း မသိ။ တစ်အောင့်အကြာတွင် အနှိပ်ခံမည့် လူသုံးယောက် ရောက်လာသဖြင့် ဆရာတပည့်တွေ လက်သံပြောင်ပြောင်နှင့် နှိပ်ကြရာ တစ်နေ့တည်းနှင့် ငွေခြောက်ထောင်လောက် စီသွားသဖြင့် ဝမ်းသာအားရ ဖြစ်နေ၏။

အပုလေးကို ငွေသုံးထောင် ပေးလိုက်ရာ ငွေမက်လှသော အပုလေးမှာလည်း တက်ကြွနေ၏။ ဖျောက်ဆိပ်က သူ့ဘဝ ရှာန်လျှောသွားပုံကို ပြောပြသောအခါလည်း အပုလေးက မမှု။

"ကိုကိုဖျောက်ရယ် ဘာပဲလုပ်လုပ် အဓိက ပိုက်ဆံရဖို့ပဲ မဟုတ်လား။ ခုဥစ္စာ အရင်းမစိုက် လေ့ထိုးလိုက်ရတာပဲ။ သာသာလေးနဲ့ ပိုက်ဆံရတာ ဘယ်လောက်ကောင်းသလဲလို့။ ပြီးတော့ ကိုကိုဖျောက် အပုလေးကို နှိပ်နှိပ်ပေးတော့ အကြောကိုင်ပညာမှာ ဆြာကြီးပဲဟာ။ နှိပ် နှိပ် ဆက်သာနှိပ်"

"အင်း ဘုရားဘုရား၊ ငါမိန်းမကပါ ငါ့ကို အချွန်နဲ့ ပင့်နေပါလား။ ဉမ္မတ္တကောကြီး ဒဏ်ကြီးကြောင့် ဟင်း ဟင်း"

ဖျောက်ဆိပ်ခမျာ ပိုက်ဆံရသော်လည်း ဘဝက ရာထူးလျှောသွားသဖြင့် အကြီးအကျယ် မကျေမချမ်း ဖြစ်နေ၏။ ထို့ကြောင့်လည်း ဉမ္မတ္တကောကြီးဟု အမည်သညာ ပေးထားသော ဦးတိမ်ပေါ်စံကို စိတ်ထဲမှ ကျိတ်၍ ကျိန်ဆဲနေလေတော့၏။

ထိုအချိန်တွင် ဦးတိမ်ပေါ်စံတစ်ယောက် အိမ်ကြီးပေါ်ထိုင်ကာ အပုလေး ဝင်လာသည်ကို မြင်သည်နှင့် လှမ်းပြောလိုက်၏။

"ဟဲ့၊ သမီး"

"ရှင် အဘ"

"နင့်ယောကျ်ား ဝင်ငွေဘယ်လိုတုံးဟ"

"ဟာ၊ အဘလုပ်လိုက်တာ ကျုပ်ယောကျ်ား အလုပ်အကိုင် ကောင်းသွားပြီလေ။ ကျေးဇူးတင်လိုက်တာက အဘရယ်။ ခြော် ရော့ ရော့ အဘအတွက် မုန့်ဖိုး"

"အေး၊ ဒါမှပေါ့ကွ။ ဟား ဟား အနှိပ်သည်ကြီးတော့ ရှာန်လျှောပြီပေါ့ကွာ။ ကောင်းတယ် ယောကျ်ားဆိုတာ အဲဒီလို မောင်းမှ သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဘ ဟိုဟာတွေ သိပ်မသောက်ပါနဲ့"

"အို၊ တစ်ခွက်တစ်ဖလားပါ သမီးရယ်။ ကဲ ဆိုင်ပြေးလိုက်ဦးမယ် သမီးရေ"

ဦးတိမ်ပေါ်စံတစ်ယောက် အပုလေးထံမှ ပိုက်ဆံတောင်းပြီး ဘုံဆိုင်သို့ ထွက်ခဲ့လေ၏။ ထိုအချိန်တွင် ဗေဒင်ဆြာရာထူးလျှောကာ အနှိပ်သည်ကြီး ဖြစ်သွားရှာသော ဖျောက်ဆိပ်ခမျာ လာသမျှ ပုပုကွကွ လူအပေါင်းကို တံတောင်နှင့်ထောင်း ခြေထောက်နှင့်ကြိတ်၊ လက်နှင့်နှိပ်ကာ မမောနိုင်မပန်းနိုင် နှိပ်ပေးနေရပေ၏။

"အကြောပြေသွားရဲ့လားဗျ"

"ဟာ အကြောတွေ ပြေသွားသလား၊ ပြတ်သွားသလားတော့ မသိဘူး။ တစ်ကိုယ်လုံး ဟာတာတာကြီးပဲ"

"ဟုတ်လား၊ ဒါဆို ဝါယောဓာတ် ပွင့်သွားတာ ဖြစ်မယ်"

"ဟင် ပြောတတ်ပါဘူး။ ကျုပ်အထင် ဝါယောကော အာယောကော ပွင့်သွားပြီထင်တယ်။ ကောင်းပဲ့ဆြာကြီးရယ်။ ဟို ဓာတ်နဲ့နှိပ်တယ် နတ်နဲ့ နှိပ်တယ် ဆိုတာ ဘာလဲဗျ"

အရေးထဲ အနှိပ်ခံနေသည့် ကိုပွကြီးဆိုသူက သူ့ကို မေးခွန်းတွေ ထုတ်နေ၏။ ဖျောက်ဆိပ်ခမျာ နှိပ်ရလွန်းသဖြင့် မောဟိုက်နေ၏။ ဂျာအေးနှင့် ခေါင်းကြီးတို့မှာလည်း ခြေရင်းဘက်မှ ထိုင်ကာ ခြေသလုံး၊ ခြေချင်းဝတ်၊ ခြေဖနောင့် အစရှိသည့် အောက်ပိုင်းကြောများကို ကုန်းရုန်းဖွင့်ပေးနေရပေ၏။

ထိုအချိန်တွင် အမေးအမြန်းထူလှသော ကိုပွကြီးကို ဖျောက်ဆိပ် ချဉ်တင်တင် ဖြစ်သွား၏။ ထို့ကြောင့်လည်း ထင်ရာမြင်ရာ စွတ်၍ ပြောချလိုက်၏။

"ဓာတ်ဖွင့်တယ်၊ ဓာတ်နဲ့နှိပ်တယ်ဆိုတာ ဟိုဗျာ ဗိုအား ငါးထောင်လောက်ရှိတဲ့ ဓာတ်ကြိုးကို ကိုင်ခိုင်း . . . "

"ဗျာ၊ ကြမ်း ကြမ်းလှချည်လားဗျာ"

"ဒါ ဓာတ်ဖွင့်တာ အဲဒီလိုမှ မရရင်တော့ ရှိသမျှ အကြောစုံတွေကို နတ်တင်းပုတ်နဲ့ ထုတော့တာပဲ"

"အောင်မလေးဗျာ၊ ဒါဆို ဆြာကြီးရဲ့ အနှိပ်ပညာဟာ ဓာတ်တွေနတ်တွေသာ ဖွင့်ချလိုက်လို့ကတော့ ကိုယ့်အလောင်းကိုယ်ထမ်းပြန်ရမယ့်ကိန်းပါလား။ ဟင်း ဟင်း ကြောက်စရာကြီးပဲ"

"ဒီလောက်လည်း မကြမ်းပါဘူးဗျာ။ ပြောရရင် စေတနာပါတဲ့ အလုပ်ဆိုတော့ စေတနာအမှားနဲ့ မှားလည်း အသက်ထွက်သွားရင် ခေါင်းပါ လက်ဆောင်ပေးမှာပေါ့ဗျာ"

"အောင်မလေး၊ တကယ်ကြမ်းလှပါလား ဆရာ ဆရာ"

"ဘာတုံးဗျ"

"ဟို တော် တော်ပြီဗျာ။ ဟဲ ဟဲ အကြောတွေ ပြတ် အဲလေ ပြေသွားပြီ။ ဟောဒီမှာ ပိုက်ဆံ"

"သွားတော့မလို့လား။ ဓာတ်နဲ့ဆက်နှိပ်"

"တော်ပါတော့ဗျာ၊ ကြောက်ရပါပြီဗျာ"

ကိုပွကြီးတစ်ယောက် ဝမ်းလျားမှောက်နေရာမှ အတင်းရုန်းကန်ထကာ ပုဆိုး ပြင်ဝတ်လိုက်ပြီး အိတ်ထဲမှ တစ်ထောင်တန်ထုတ်ကာ အလျင်အမြန်ပေးလိုက်၏။ ထို့နောက် ဖျောက်ဆိပ်ကို လှည့်တောင်မကြည့်ရဲဘဲ ပြေးလေတော့၏။

"ဟား ဟား ဟား တော်တော် ကြောက်တဲ့လူပဲကိုး"

"ကြည့်လည်း ပြောပါဦး ကိုကြီးဖျောက်၊ တော်ကြာ ဖောက်သည်ပျက်လို့ နှာပြန် ဖားရိုက်နေရဦးမယ်"

"ဟုတ်ပကွာ၊ ဘဝက နေရာတကာ ကြောက်နေရပါလား။ ဟို ဥမ္မတ္တကောကြီးကော"

"ဆိုင်သွားပြီလေ"

"ဟင်၊ တော်တော်လည်တဲ့ အဘိုးကြီး။ အပုလေးကို သမီးသမီးနဲ့ ပြောပြီး ပိုက်ဆံတောင်း အရက်တွေသောက်၊ ဒါကျတော့ အပုလေးက ဟန့်တောင်မဟန့်ဘူး"

"ဟုတ်ပဗျာ၊ ဒီပုဂ္ဂိုလ်ကြီးကျတော့ မပုလေးက သူ့အဖေဝင်စားတာဆိုပြီး လုပ်ချင်တာ လုပ်ခွင့်ပေးထားတာ မတရားဘူးဗျ"

"ဟာ၊ ကိုဂျာအေးကလည်း ကြီးဒေါ်က သူ့အဘကို တအားချစ်တာဗျ။ ဒီတော့လည်း ဥမ္မတ္တကောကြီး ဘာလုပ်လုပ်ပေါ့ဗျ"

"အောင်မယ် ခေါင်းကြီးက သူ့အဒေါ်ဆိုတော့ ကာဆီးကာဆီးနဲ့၊ ဟေ့ကောင် ခေါင်းကြီး"

"ဗျာ ဆရာဖျောက်၊ ဟို ကျုပ်ပြောတာ . . . "

"မင်းနော်"

ဖျောက်ဆိပ်တစ်ယောက် ခေါင်းကြီးကိုသာ နိုင်သဖြင့် ဖိကြိမ်းနေပေ၏။







www.burmeseclassic.com

www.burmeseclassic.com



ကျာအေးကပါ ဝင်ပြီး ဘီးတစ်ပေးလိုက်ပြန်၏။

"မင်းကို ကိုကြီးဖျောက်က ဗေဒင်သင်ပေးတဲ့ ကျေးဇူးတော့ မမေ့သင့်ဘူး ပေါ့ကွာ"

"ဟာ မေ့ပါဘူး ကိုကျာအေးရယ်၊ ဟို ကျုပ်က ဗေဒင် တအား ဝါသနာပါ တာဗျ။ ခုတော့ ဗေဒင်ရဘဲ အနှိပ်သည်လက်ထောက်ဘဝ ရောက်သွားတာ နာသဗျာ"

"ဟကောင်ရ လောလောဆယ်တော့ ငါ့ဆီက အနှိပ်ပညာကို အရင်ရ ဦးပေါ့ကွာ"

"ဟာ ဟုတ်တယ် ခေါင်းကြီးရ မင်း အခု အကြောဘယ်နှကြော သိပြီလဲ"

"ဗျာ အကြော"

ကျာအေးအမေးကြောင့် ခေါင်းကြီးမှာ ဟိုစဉ်းစားဒီစဉ်းစားနှင့် လည်နေ ၏။ သူ့အသွင်ကြည့်ပြီး ကျာအေး ပြောင်စပ်စပ်မျက်နှာပေးနှင့် ပြောလိုက်၏။

"လူမှာ ဓာတ်ကြီးငါးပါးရှိတယ် ဆိုတာ မင်းသိရဲ့လား"

"ဟာဗျာ၊ ဓာတ်ကြီးလေးပါးပါ"

"ဘယ်ကလာကွ၊ မှတ်ထား ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ညာ ကြောတဲ့ကွ"

"ဗျာ၊ ဟို ညာကြောဆိုတာ ဘာလဲ"

"အဲ အဲဒါ ကိုကြီးဖျောက်ကိုမေး"

"ဟင် ဆ ဆရာဖျောက် ညာကြောဆိုတာ . . ."

"ဟာကွာ မင်းကလည်း ဒုံးပဲ၊ ညာကြောဆိုတာ ငါတို့ထွင်လိုက်တဲ့ ဓာတ် တစ်ပါးကွာ"

"ဗျာ၊ ဆရာထွင်လိုက်တာ"

"အေး၊ အဲဒီအကြောပိုင်ရင် ထိုင်စားပဲကွာ"

"အင်၊ ဒါဆို ကျုပ်ကိုသင်"

"နိုး နိုး ဒီကျင့်စဉ်က အရမ်းမြင့်တော့ မင်းလိုဒုံးသမားနဲ့ မကိုက်ဘူးကွ"

"ဟုတ်လား"

ခေါင်းကြီးတစ်ယောက် ဖျောက်ဆိပ်စကားကို အဟုတ်မှတ်ကာ ငြိမ်ကျ သွား၏။ ထိုအချိန်တွင် အနှိပ်ခံမည့် လူသုံးလေးယောက် ရောက်ရှိလာရာ ကုန် ရှုန်း နှိပ်နယ်နေကြ၏။ ဖျောက်ဆိပ်ခမျာ အဆီအဆိမ့်တွေ ဖိစားထားသော လူပုပေါင်းကြီးများကို နှိပ်နေရသဖြင့် သူ့ခမျာ ချွေးသီးချွေးပေါက်တွေပင် နဖူး ပြောင်ပြောင်ကြီးပေါ် တွဲလွဲခိုနေ၏။





ထိုစဉ် သူတို့ဆိုင်ရှေ့သို့ မြင်းလှည်းတစ်စီး ဆိုက်လာကာ မြင်းလှည်းပေါ်မှ လူတစ်ယောက် ပုဆိုးမနိုင်ပဝါမနိုင်နှင့် တွယ်တက်ဆင်းလာ၏။

"ဟော၊ ဖျောက်ဆိပ်"

"ဟာ ဥမ္မတ္တကောကြီး"

"ဗုဒ္ဓေါ အတော့်ကို ကိုင်လာပုံပဲ"

"ဘုရား ဘုရား မျက်ခုံးဘလှုပ်လှုပ်"

သူတို့သုံးယောက် မြင်းလှည်းပေါ်မှ မူးကြောင်မူးကြောင်နှင့် ဆင်းလာ သော ဦးတိမ်ပေါ်စံကို မြင်လိုက်ရသောအခါ မျက်လုံးမျက်ဆန်ပြူးကုန်ကြ၏။ ထိုအချိန်တွင် ဦးတိမ်ပေါ်စံသည် ကျွတ်နေသော ပုဆိုးစကို လက်နှင့်ဆွဲမကာ ယီးဒယိုင်နှင့် သူတို့ဆိုင်ပေါ် တက်လာလေ၏။ ဖျောက်ဆိပ်တို့လူစုမှာ တွဲသူ တွဲ၊ ထိန်းသူကထိန်း လုပ်နေ၏။ ဦးတိမ်ပေါ်စံသည် အနှိပ်ခုံကြီးပေါ် ဝုန်းခနဲ ထဲ့ချလိုက်လေ၏။

"ကဲ နှိပ်စမ်းကွာ"

"ဗျာ၊ ဥမ္မတ္တကောကြီး သိပ်မူး. . ."

"မရှည်စမ်းနဲ့ကွာ၊ ငါ့ကို ပထဝီကြော ကိုင်စမ်း"

"ဟို၊ အဲဒီ အကြောက မနက်မှ နှိပ်ရတာ"

"အောင်မယ်၊ ဒါ'မင်းငါ့ကို ဟန်နဲ့ ကာလိုက်ဘာပဲကွ။ ပထဝီကြော သေ သမိုင်းကြောမသိနဲ့ ဒါဆို သိပ္ပံကြောကိုင်စမ်းကွာ"

"ဗျာ သိပ္ပံကြော"

"အဲ ထူးလှချည်လား၊ ဟို ဆရာဖျောက်ပြောတော့ ညာကြောဆို၊ ခု သိပ္ပံကြောတို့ သမိုင်းကြောတို့ပါလာပြီ။ နေကွ ဒီဓာတ်နှစ်ပါးက ဥမ္မတ္တကောကြီး ထွင်လိုက်တာလား မသိဘူး"

"တိတ်စမ်း ခေါင်းကြီး"

"ဟေ့ကောင်တွေ မင်းတို့အလကားကောင်တွေ၊ ပြောစမ်း ဖျောက်ဆိပ် မင်းက သိုက်ပြန်ဆိုတော့ ဘယ်သိုက်က ပြန်လာတာလဲ"

"ဟို၊ ကျုပ်လည်း မသိဘူးလေ။ ဥမ္မတ္တကောကြီး ပေးထားတဲ့ဘွဲ့ပဲဟာ"

"အေ့ ဟုတ်သားပဲ၊ ဟဲဟဲ အေ့ ဘယ်လို မင်းတို့သုံးကောင် တွက်ခြေ ကိုက်ရကြရဲ့လား။ ပြောစမ်း ဟား ဟား ဟား ငါ့ရဲ့နည်းဗျူဟာကွ။ မဟုတ်ရင် မင်းတို့ ဖားရိုက်ရမှာ ကျိန်းသေ"

"အဲ ဟုတ်သားပဲ။ ဒီတစ်ချက်တော့ ကျုပ်တို့ဥမ္မတ္တကောကြီးကို ကျေးဇူး တင်သဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမှပေါ့ကွာ၊ ကဲ နှိပ်ကြစမ်းကွာ၊ ကျေးဇူးဆိုတာ ဆပ်တတ်ရင် ဆ
ပါတယ်၊ ကဲ နှိပ်ကြစမ်း"

"ဆရာ ကျွန်တော့်ကို ဟို ညာကြောစာတ် . . ."

"ဟာ ဒီအရူးကတစ်မျိုး"

ခေါင်းကြီးက ကြားမှ ရှုကြောင်ကြောင်နှင့် ဝင်ပြောလာသဖြင့် ဖျောက်ဆိ
စိတ်ပေါက်ပေါက် ဟန့်လိုက်ကာ ဦးတိမ်ပေါ်စံကို သုံးယောက်သား နယ်နှိ
လေရတော့၏။

"ဥမ္မတ္တကောကြီး"

"ဘာလဲကွာ မှင်စာလေး"

"ဟို ကျုပ်တို့ကို နှိပ်ခပေးမှာလား"

"ဟေ၊ ဒီမှင်စာ ဂျာအေး တယ်ကျေးဇူးကန်းသကိုး"

သူတို့သုံးဦး ဦးတိမ်ပေါ်စံကို ဝိုင်းဝန်းနှိပ်နယ်နေကြစဉ် အပုလေးတ
ယောက် စေ့တောင်းကြီးစုံ၍ စေ့မှုပြန်လည် ရောက်ရှိလာရာ မြင်ကွင်းကြော
လန့်ဖျပ်သွားလေ၏။

"အလို၊ ဘာ ဘာလုပ်ကြတာတုံး၊ ကျုပ်အဘကို အသေသတ်နေကြတ
လား ပြောစမ်း"

"ဟာ၊ အပုလေးကတော့ လုပ်ပြီကွာ၊ ဥမ္မတ္တကောကြီး မူးလာပြီး အတင်
နှိပ်ခိုင်းနေလို့ကွ"

"ဟင် ဟုတ်လား၊ ဒါဆို သေသေချာချာ နှိပ်ပေးလိုက်ကြ၊ ဟဲ့ မှင်စာလေ

"ဗျာ"

"နင်က အရေးကြီးတယ်၊ ငါ့အဘကို မဟုတ်ကဟုတ်က အကြောဆွေ
မနှိပ်နဲ့နော်"

"အဲ စိတ်ချပါ မပုလေးရာ၊ ကျုပ်နှိပ်ရင် ဥမ္မတ္တကောကြီး အသက်ထွ
ရင်တောင် ထွက်မှန်းမသိရတော့ဘူး"

"ဟေ၊ ဘာပြောတာလဲ"

"ဪ ဥမ္မတ္တကောကြီးကလည်း ကျုပ်က ကိုကြီးဖျောက် သင်ပေး
ဓာတ်ကြီးငါးပါးအကြောကိုင် ပညာကို အပိုင်သင်ထားတာဗျ၊ မပူနဲ့ ခင်ဗျားကို
မှာ ရှိသမျှ အကြောတွေ ပွင့်သွားရစေမယ်၊ ဗိုက်ဗျာ ပွင့်လည်းပွင့်၊ ပေါက်လည်
ပေါက်၊ ပြုတ်လည်းပြုတ်၊ ဗိုက်ဗျာ ပွင့်ပေါက်ပြုတ် ပြုတ်သွားစေရမယ်"

"အလို၊ ဒီသူငယ်က ပြောတဲ့အတိုင်း လုပ်မယ့်ပုံပဲ၊ တော်ပြီ တော်ပြီ ငါ
မပွင့်ချင်တော့ဘူး၊ ငါ့ကို အိမ်တွဲပို့ သမီး"





"အဘ၊ ဒို့ အဘကလည်း အရက်တွေ သောက်လာပြန်ပြီ"

"နည်းနည်းပါ သမီးရာ၊ ဘာ ဘာတွေ ဝယ်လာသတုံး၊ အဘစားဖို့ပါရဲ့လား"

"ပါပါတယ် အဲဘရဲ့၊ ကဲ လာလာ၊ ဟဲ့ မှင်စာနှစ်ကောင် တွဲကြစမ်း"

"ဗျာ၊ ဟုတ် ဟုတ်ကဲ့"

အပုလေး အမိန့်သံကြားလိုက်သည်နှင့် ဖျောက်ဆိပ် သူတပည့်နှစ်ဦးကို
မျက်နှာရိပ် မျက်နှာကဲ ပြလိုက်ရာ ဂျာအေးတို့လည်း မနေသာတော့၊ ဆွဲလွဲပြီး
အိမ်ပေါ်ပို့လိုက်ရလေတော့၏။

အိမ်ပေါ်အရောက် ဥမ္မတ္တကောကြီးမှာ မူးမူးနှင့် တရှုးရှုး အိပ်ပျော်သွား
လေတော့၏၊ ထိုစဉ် ဖျောက်ဆိပ်ပါ အိမ်ပေါ်ရောက်လာလေ၏။

"အပုလေး"

"ဘာတုံး"

"ဒီမှာ ဥမ္မတ္တကောကြီးကိစ္စလည်း သတိထားဦးနော်၊ ဘယ်ကမှန်းလဲမသိ၊
ဘာတွေလုပ်လာမှန်း မသိ၊ တော်ကြာ ဓားပြခေါင်းဆောင်တို့ ဘာတို့ ဖြစ်ရင်
အခက်ပဲ"

"အို၊ မဟုတ်ကဟုတ်က ကိုကိုဖျောက်ရယ်၊ အဘရုပ်ရည်က ဒီအလုပ်
မလုပ်နိုင်ပါဘူးတော်"

"အင်း၊ ဟုတ်တော့ ဟုတ်နေပြီ၊ ကောင်းပါ့ကွာ၊ ရှမ်းကြိုက်တော့ နွား
ချောပြီပေါ့ကွာ"

"ဘာ ရှင် ကျုပ်အဘကို နွားနဲ့နှိုင်း . . ."

"ဟာ၊ ငါက သဘောပြောတာပါကွာ၊ ကဲ ရော့ ဒီနေ့လုပ်ခ ဒါက ငါတို့
အမောပြေ ဆေးဖိုး"

"တော်ကြီးနော်"

"ဪ၊ ဒီလောက်တော့ ခွင့်ရမှာပေါ့ အပုလေးရာ"

"သောက်သောက် သေအောင်သောက်"

"မိန်းမကလည်းကွာ"

ဖျောက်ဆိပ်တစ်ယောက် အပုလေးကို လုပ်ခပေးပြီး ယမကာဖိုး ယူလိုက်
သဖြင့် အပုလေး ပေါက်ကွဲနေပေ၏။ ထိုအချိန်တွင် ဖျောက်ဆိပ်နှင့် ဂျာအေး
တို့နှစ်ယောက် ယမကာဆိုင်သို့ ချီတက်ခဲ့ကြလေ၏။

ဆိုင်ရှင်ကိုပါလေးမှာ သူတို့နှစ်ဦးကို မြင်သည်နှင့် ပြုံးစိစိနှင့် ကြိုဆိုလိုက်
လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အန္တိပ်ဆြာကြီးတို့ပါလား လာကြကွာ"

"ဟဲဟဲ၊ လုပ်ဗျာ၊ ထုံးစံအတိုင်း အမဲခြောက်ကြွပ်ကြွပ်လေးနော်"

"စိတ်ချပါ ဆြာကြီးတို့ရာ"

ပြောပြောဆိုဆိုနှင့် ထိုင်ခုံတွင် ဝင်ထိုင်လိုက်ကြ၏။ ကိုပါလေးသည် သူ့တပည့်များကို မှာကြားကာ သူတို့နှင့်အတူ ထိုင်ခုံတွင် ဝင်၍ထိုင်လိုက်၏။

"ဆြာဖျောက်"

"ဘာတုံး ကိုပါလေး"

"ကျုပ် ရန်ကုန်အန္တိပ်ဆရာတွေအကြောင်း ပြောမလို့ဗျာ"

"ဟင် လုပ် လုပ်စမ်းပါဦး"

"ဟာ ဟိုမှာနှိပ်တာ လက်နဲ့မဟုတ်ဘူးဗျ၊ ခြေထောက်နဲ့နှိပ်တာ"

"ဗျာ၊ ခြေထောက်နဲ့ ဘယ် ဘယ်လိုနှိပ်တာလဲဗျ"

"ဟာ ဆရာဖျောက်ကလည်း လျှပ်စစ်ခြေထောက်နဲ့ နှိပ်တာပေါ့ဗျာ။ ဟိုဗျာ စကားပြောခွက်နဲ့တူတဲ့ သံတုံးနှစ်တုံးကို လျှပ်စစ်ကြိုးနဲ့ သွယ်ပြီး နှိပ်တာဗျ"

"ဟင်၊ ဟုတ်လား ဒါဆို လက်မညောင်းဘူးပေါ့"

"ဒါပေါ့ဆြာဖျောက်ရာ၊ အကြောပေါင်းတစ်ထောင်ထိ ပြေတယ်ပြောတာပဲဗျာ"

"ဟင်၊ ဒါဆို ကျုပ်တို့လည်း လုပ်ကြည့်ရင် ကောင်းမလား"

"ဟာ သူများလုပ်တာ လိုက်လုပ်လို့က နောက်လိုက်ပဲ ဖြစ်မှာပေါ့ဗျ။ ဒီလိုလုပ်ဗျာ၊ သံဆိုင်မှာ ဒါမှမဟုတ် ဂဟေဆော်တဲ့ဆိုင် ကျုပ်ပြောပုံအတိုင်း လုပ်ခိုင်း။ ကျုပ် အဲဒီကိစ္စ စိတ်ကူးတာကြာပြီဗျ။ ပုံက ကျုပ်ကိုယ်တိုင် ဆွဲထားတာ။ ဒီတော့ ခင်ဗျားတို့ပဲ လုပ်ကြည့်ဗျာ။ အောင်မြင်ရင် ကျုပ်တော့ မမေ့လေနဲ့"

"ဟာ ဒါဆို ပြစမ်းဗျာ"

ဖျောက်ဆိပ်ရော ဂျာအေးပါ ဆိုင်ရှင် ကိုပါလေး၏ တီထွင်ရေးဆွဲထားသော ပုံကို သဘောကျနေ၏။ ရုတ်တရက် ကြည့်လျှင် လူတစ်ယောက်၏ တစ်ကိုယ်စာ အဝတ်အထည်ပမာပင်။

သံမဏိမျှင်များကို ဖြတ်၍ ဖောက်၍ အကျီဘောင်းဘီသဏ္ဍာန် ပုံဖော်ထားခြင်း ဖြစ်လေ၏။

"ကောင်းပါ့ဗျာ၊ ဒီအတိုင်း လုပ်နိုင်ရင် အိုကေ"

"ဟာ စိတ်ချ။ ဒီသံမဏိကွန်ရက်အကျီ၊ ဘောင်းဘီကို ဝတ်လိုက်တာနဲ့ အကြောတွေ ပိတ်ဆို့နေတဲ့ လူမှန်သမျှ ဝုန်းခနဲ ပွင့်သွားစေရမယ် ဟဲဟဲ။ ဒါ





ပါလေးရဲ့ စိတ်ကူးထည်လေး။ဒီတော့ ခင်ဗျားက ကျုပ်စိတ်ကူးဉာဏ်ကို မီအောင် အကောင်အထည်ဖော်ပေတော့"

"စိတ်ချပါဗျာ၊ ဟော့ကောင် ဂျာအေး"

"ဗျာ ကိုကြီးဖျောက်၊ ဒီအလုပ်က ဟုတ်မှ ဟုတ်ပါ့မလားဗျ။ ကျုပ်တော့ ငဲ့ရိမ်သဗျာ"

"ဟာကွာ၊ ဒါ နောက်ဆုံးပေါ် နှတ်နိပ်ပညာပဲ ထင်တယ်ကွ။ တော်ပြီကွာ ါတို့ သံဂဟေဆိုင်သွားမယ်။ ဒီကိစ္စကို အမြန်ဆုံး အကောင်အထည်ဖော်မယ်။ ာစ်ခုရှိတာက တို့ရဲ့ စီမံကိန်းကြီးကို ဘယ်သူမှ မသိစေချင်ဘူး"

"အင်း၊ ဒါဆိုလည်း ခင်ဗျား သဘောပေါ့ဗျာ"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး ဆိုင်ရှင် ကိုပါလေးဆီမှ ပုံစံထုတ်အညွှန်းကို တောင်းကာ သံဆိုင်များ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ပြောဆိုအပ်နှံလေ၏။ နောက်ဆုံး ပါပူးဆိုသော သံဂဟေဆိုင်တွင် သူတို့အလုပ်ကို သုံးနာရီကြာခန့် ငြိုးစားပြီးမှ လက်ခံခဲ့လေတော့၏။

ဆိုင်မှအပြန်တွင် ဂျာအေးတစ်ယောက် နှတ်နှိပ်စက်ကြီးနှင့် ပတ်သက်ပြီး ရေမရာ ဖြစ်နေ၏။ ဖျောက်ဆိပ်ကတော့ သူ့စိတ်ကူးနှင့်သူ အပျော်ကြီး ပျော်နေ၏။ ကိုပါလေးကိုလည်း စိတ်ထဲကြိတ်ပြီး ကျေးဇူးအတင်ကြီး တင်နေလေ၏။ သို့နှင့် နှစ်ပတ်နီးပါးခန့် အကြာတွင် နှတ်နှိပ်စက်ဝတ်ရုံကြီး ချုပ်လုပ်ပြီးစီးသွားပေရာ ထိုဝတ်ရုံကြီးကို ကြည့်၍ ဖျောက်ဆိပ် ဝမ်းသာအားရ ဖြစ်နေ၏။ ်သို့ အပုံလေးတို့ မသိအောင် ယူလာပြီး အခန်းနောက်ကွယ်တွင် တပ်ဆင်က်လေ၏။

ဂျာအေးနှင့် ခေါင်းကြီးတို့နှစ်ဦးမှာ သံကွန်ရက်ဝတ်ရုံကြီးကို ကြည့်၍ က်သီးတဖြန်းဖြန်း ထနေပေ၏။ ဖျောက်ဆိပ်သည် သူ့ဝတ်ရုံကြီးကိုကြည့်ရင်း ကြီးအကျယ် ဂုဏ်ယူ ဝမ်းမြောက်နေပေ၏။

"ဟား ဟား ဟား ငါဟာ နှတ်ဝတ်ရုံကြီးကို ထွင်လိုက်ပြီကွ။ လာကြစမ်း ယ်သူတွေ အကြောကပ်နေသလဲ၊ အကြောညှပ်ညှပ်ဇာပ်ကပ် အိုကွာ တစ်ယ်လုံး အကြောတွေ သေနေပစေ ဟောဒီ နှတ်ဝတ်ရုံကြီး ခြုံလိုက်တာနဲ့ တွေအားလုံး အကြောတို့၊ အရိုးတို့အားလုံး မိမွေးတိုင်းဖမွေးတိုင်း ဖြစ်သွားရမယ် ဟား ဟား ဟူး ဟူး ဟိ ဟိ"

"ဟာ ပြဿနာတော့ စပြီထင်ပါရဲ့"

"နှတ်ဝတ်ရုံဆိုတော့ ဝတ်ရုံခြုံလိုက်တာနဲ့ နှတ်ပြည်ရောက်သွားမယ့် ဘောလား ဆရာဖျောက်"



www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ ခေါင်းကြီး၊ မင်းမေးခွန်းက ဒီတစ်ခါ တယ်လည်း အဆင့်မြင့်ပါလား ကွ။ အေး ဟုတ်တယ် တာဝတိံသာအထိ ဒုန်းခနဲ ရောက်သွားစေမယ့် နတ်ဝတ် ရုံကြီးကွ။ လာကြပလေ့စေ အကြောသေ အကြောကပ်၊ တစ်ခါတည်း ပွင့်သွား စေရမယ်ကွ ဟူး ဟူး"

ဂျာအေးမှာ ဖျောက်ဆိပ် အူးယားဖားယားနှင့် အပျော်ကြီး ပျော်နေ ကိုကြည့်ပြီး သမ္မုဒ္ဓေရှတ်နေမိ၏။ ခေါင်းကြီးကတော့ နတ်ဝတ်ရုံကြီး တမော့ မော့ကြည့်ရင်း ထူးဆန်းလွန်းလှပါတကားဟု စိတ်ထဲ ထင်မြင်နေလေ၏။

ထိုအချိန်မှစပြီး ကြီးမားသော ဆိုင်းဘုတ်ကြီးတစ်ခုကို ပန်းချီဆရာ အပ်နှံလေ၏။ ဆိုင်းဘုတ်ပေါ်တွင် ခံ့ညားထည်ဝါလှသော ကြော်ငြာကြီး ရေးထိုးစေ၏။

နတ်လူသတ္တဝါ အပေါင်းတို့ကို ကယ်တင်တော့မည့် နတ်ဝတ်ရုံကြီး ပေါ် လာပြီ။ အကြောသေသေ၊ လေဖြတ်ဖြတ်၊ မတ်တတ်မထနိုင်လို့ မှိုင်မနေနဲ့ စိတ် မပျက် ဘဝဆက်စေမည့် နတ်ဝတ်ရုံကြီးလာပြီ ဆိုသော ကြော်ငြာကြီးကြော လမ်းသွားလမ်းလာအားလုံး ပါးစပ်အဟောင်းသား ဖြစ်နေပေ၏။

ဦးဆုံး ဖွင့်ပွဲအနေနှင့် ခေါင်းရောကိုယ်ပါ မလှုပ်နိုင်သည့် ဦးဘကျား သော ပုဂ္ဂိုလ်ကြီးကို နတ်ဝတ်ရုံကြီး ခြုံခိုင်းလိုက်လေ၏။ ဦးဘကျား ခန္ တစ်ကိုယ်လုံး မလှုပ်နိုင်ပါသော်လည်း စကားကို မပီမသပြောနိုင်ဆိုနိုင်လေ၏

"ဟို့ ဒီဟာကြီးက ကျုပ်ကို တကယ်ပို့မှာလား"

"ဗျာ၊ ဆရာကြီးက ဘယ်သွားချင်လို့လဲဗျ"

"နတ် နတ်ပြည်လေ။ ဟီဟိ နတ်သမီးလေးတွေ ရှိတယ်ဆို"

"အင်၊ ဒီလောက် တစ်ကိုယ်လုံး လှုပ်မရတာတောင် နတ်သမီးတွေ နတ်သံနှောချင်သကိုး။ ရရပါစေမယ်ဗျာ မပူနဲ့။ ကဲ ဟောဒီ ဝတ်ရုံကြီး ဝတ်ပေတော့။ ကဲ ဂျာအေးရေ"

"ဗျာ၊ ကိုကြီးဖျောက်"

"မင်းက ပွဲ့အားမြှင့်စက်ကို ချိန်ကွာ။ ပြောထားတဲ့ တိုင်ပင်ပဲနော်။ မ စေနဲ့ကွ။ ဟီဟိ လွန်လို့ကတော့ ဒီဆရာ နတ်သမီးနဲ့ပဲ တွေ့မလား ပြိတ္တာမ နဲ့ပဲ တွေ့မလား မသိဘူး။ ကဲ နှိပ်ပေတော့ဟေ့"

"ဘုရား ဘုရား ဘာမှမဖြစ်ပါစေနဲ့"

ဂျာအေးမှာ နတ်ဝတ်ရုံ ခလုတ်ကြီးကို နှိပ်ရုံသာ ဆိုသော်လည်း အ အကျယ် သွေးကြောင်နေ၏။ ခလုတ်ခုံဘေးနား တရစ်ဝဲဝဲနှင့် ရင်တုန်ပန်း





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၏။ ထိုစဉ် ဦးဘကျား ကိုယ်ပေါ်တွင် နတ်ဝတ်ရုံကြီးက ဝတ်ဆင်ပြီးသွားပြီ ဖြစ်ပေ၏။

ခေါင်းကြီးမှာ ဦးဘကျားကို ကြည့်ရင်း အံ့သြနေ၏။

"ဟာ၊ ဆရာကြီးပုံစံက နတ်ဂိုက်ဖမ်းသွားပြီဗျ"

"အင် ဟုတ်လား၊ ဒါဆို နတ်သမီး"

"စိတ်ချ၊ နတ်သမီးရော နတ်ဂန္ဓဗ္ဗတွေရော တွေ့စေရမယ်"

"ဟေ့ကောင် ခေါင်းကြီး"

"ဗျာ"

"မင်းက ငါ့နတ်ဝတ်ရုံကို သိက္ခာချတာလားကွ"

"အဲ မ မဟုတ်ရပါဘူး ခြောဖျောက်ရယ်၊ ဟို မှန်းတာပါ"

"တိတ်စမ်း၊ ကဲ စမယ် ဂျာအေး"

"ခင်ဗျာ"

"ရယ်ဒီ"

" ဟုတ် ဟုတ်ကဲ့"

"နှိပ်လိုက်ပေတော့ဟေ့"

"ကဲကွာ"

"ဝုန်း ဒိုင်း ဝုန်းဒိုင်း"

"အောင်မလေးဗျ၊ သေပါပြီ အမေရဲ့"

"ဒုန်း ဂွမ်း ဂျုန်း"

"ဟာ ဘာသံတွေတုံး"

"ရပ် ရပ် မြန်မြန်ရပ်တော့"

"ဒုတ် ဖလပ် ဖလပ်"

နတ်ဝတ်ရုံကြီး ခြုံထားသော ဦးဘကျားခမျာ တစ်ကိုယ်လုံး တုန်ခါလာကာ စက်သံကြီးများကြား မူးနောက်နေ၏။ လျှပ်စစ်ဗို့အား အရှိန်များလှသည်မို့ ဦးဘကျား တစ်ကိုယ်လုံး ယမ်းခါနေကာ မလှုပ်နိုင်သော ခြေထောက်တွေ လက်တွေမှာလည်း ဖြောင်းဆန်အောင် လှုပ်ခါကုန်လေ၏။

မြင်ကွင်းကို လက်ပိုက်ကြည့်နေသော ဖျောက်ဆိပ်မှာ သဘောကျကြီး ဘျနေ၏။ ထိုစဉ် စက်သံကြီးကြောင့် ဆိုင်ရှေ့တွင် လူတွေအုံနေသလို အိမ်ပေါ်တွင် စကားစမြည်ပြောဆိုနေကြသော ဦးတိမ်ပေါ်စံနှင့် အပုလေးတို့နှစ်ဦးလည်း အူယားဖားယား ရောက်ရှိလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းက သဲထိတ်ရင်ဖိုမြင်ကွင်း။ ဦးဘကျားမှာလည်း မျက်စိကြီး စုံမှိတ်ကာ နတ်ဝင်သလို တခါခါ တလှုပ်လှုပ် ဖြစ်နေ၏။ ထိုစဉ် သည်းတုန်အူတုန်ဖြစ်လာသော အပုလေးက အတင်း ရပ်ခိုင်းမှ ဂျာအေး စက်ခလုတ်ကို ပိတ်ချလိုက်၏။

"ဘာဖြစ်လို့ ပိတ်ခိုင်းတာလဲ အပုလေးရဲ့။ ဒါ နတ်ဝတ်ရုံရဲ့ အစွမ်းပြနေတာလေ။-ဟဲ ဟဲ ကိုကိုဖျောက် တီထွင်လိုက်တာပေါ့"

"ရှင်၊ နတ်ဝတ်ရုံ . . . ဟို ဟိုလူကြီး အသက်မှရှိသေးရဲ့လား မသိဘူး"

"အို မပူပါနဲ့၊ ကဲ ဝတ်ရုံချွတ်လိုက် ခေါင်းကြီးရေ"

"ဟုတ်ကဲ့"

ခေါင်းကြီးသည် ဖျောက်ဆိပ်အမိန့်ရသည်နှင့် ဦးဘကျားကိုယ်ပေါ်မှ နတ်ဝတ်ရုံ ခါးပတ်များကို ဖြုတ်ပေးလိုက်၏။

"ဟာ၊ ငါ ငါဘယ်ရောက်နေသလဲ"

"ဗျာ ဘာဖြစ်သတုံး"

"အင်၊ ဘယ် ဘယ်မှာလဲ နတ်သမီးလေးတွေ"

"ဗုဒ္ဓေါ"

ခေါင်းကြီး အူချာချာ ဖြစ်သွား၏။ ထိုစဉ် ထိုင်ခုံပေါ် ငုတ်တုတ်ကြီး ထိုင်နေသော ဦးဘကျား ထလာ၏။ သူ့လှုပ်ရှားမှုကို ဦးဆုံး သတိပြုမိသည်မှာ ဦးဘကျားနှင့် အတူပါလာသော လူနာစောင့် ငွေမောင်းပင် ဖြစ်လေ၏။ မြင်ကွင်းကြောင့် အားပါးတရ ထ၍ အော်ဟစ်လေ၏။

"ဟာ ဆရာကျား ထနိုင်ပြီ ထနိုင်ပြီကွ"

"ဟင် ဘာလဲ"

"ဟို၊ ဆရာကျား လမ်းလျှောက်နိုင်ပြီ"

"ဟေ၊ ဟုတ်လား"

ဦးဘကျားမှာ သူ့ခြေထောက်များကို ငုံ့ကြည့်လိုက်၏။ ခြေမတွေ ခြေချောင်းတွေကို လှုပ်လိုက်၏။

"ဟာ ဟုတ်ပြီ"

"လျှောက် လျှောက်ကြည့်"

"ရပါပြီကွ၊ ဟာ ဟာ ငါကွ"

"အင် ဗုဒ္ဓေါ"

"အံ့ဖွယ်ပဲဟေ့"





ဦးဘကျားတစ်ယောက် လာစဉ်က ခုတင်ကြီးနှင့် ပက်လက်။ ယခုတော့ ခြေလက်ချင်း လမ်းလျှောက်နိုင်ပြီမို့ ကြည့်ရှုနေသော ပရိသတ်ကြီးမှာ ပါးစပ်အဟောင်းသား ဖြစ်နေကြ၏။ ဂျာအေးနှင့် ခေါင်းကြီး၊ အပုလေး၊ ဦးတိမ်ပေါ်စံတို့ လူသိုက်မှာလည်း ဆန်းကြယ်လှသည့် နတ်ဝတ်ရုံကြီးကိုကြည့်ကာ အံ့အားသင့်နေကြပေ၏။

ဆြာကြီး ဖျောက်ဆိပ်တော့ သွေးနားထင်ရောက်လုမတတ် ခံစားနေ၏။

"ဟား ဟား ဖျောက်ဆိပ်တဲ့ မှတ်ထားကြ။ ငါက နတ်ဝတ်ရုံ ဆြာကြီး ဖျောက်ဆိပ်ကွ။ လာကြစမ်း အကြောသမား၊ လေသမားတွေ အကုန်လုံး ဘဝပြောင်းပစ်မယ်။ ဟူး ဟူး ဟီး ဟီး ဟား ဟား"

"ဆရာ ဆရာ"

"ဟေ၊ ဘာတုံး ခေါင်းကြီးရ"

"သတိထားပါ ဆရာရယ်၊ ဘဝင်မြင့်ရင် နားထင်ပွင့်တတ်တယ်ဗျ"

"ဘာကွ၊ နားထင်မကလို့ ရင်ပဲပွင့်ပွင့် ငါ တီထွင်ရကျိုးနပ်ပြီဟေ့"

"ဟုတ်ပ ဆရာရယ်"

ထိုအချိန်တွင် လူကောင်းပကတိ ပြန်ဖြစ်သွားသော ဦးဘကျားသည် သူ့ဘဝကို ရုတ်ခြည်းပြောင်းလဲပေးနိုင်ခဲ့သော နတ်ဝတ်ရုံဆြာကြီး ဖျောက်ဆိပ်ကို ငွေငါးသောင်းတိတိ ကန်တော့ကာ မြူးမြူးကြွကြွနှင့် ပြန်သွားလေတော့၏။

အပုလေးမှာ ဖျောက်ဆိပ်၏ အောင်မြင်မှုကို ကြည့်ကာ ဝမ်းသာလုံးဆို့နေပေ၏။

"ကိုဖျောက် ပု ဝမ်းသာလိုက်တာကွယ်"

"ဟဲဟဲ ဒါ ကိုယ့်ရဲ့တီထွင်မှုပဲကွ။ ရော့ ငွေ ငါးသောင်း။ တစ်ပတ်ကို တစ်ယောက်ပဲ လက်ခံမယ်ဟေ့ ကြားလား ဂျာအေး"

"ကြား ကြားပါတယ် ကိုကြီးဖျောက်ရယ်"

"ကဲ ညီမလေး ပုပု"

"ဘာလဲ ကိုကိုဖျောက်"

"ငါ့တပည့် ဂျာအေးနဲ့ ခေါင်းကြီးကိုလည်း မုန့်ဖိုးလေးဘာလေး ပေးလိုက်ဦး"

"ဟုတ်သားပဲ၊ ရော့ နင်တို့နှစ်ယောက် တစ်ထောင်စီ ယူကြ"

သူတို့တစ်ဖွဲ့သားလုံး နတ်ဝတ်ရုံကြီး၏ အောင်မြင်မှုကြောင့် အပျော်ကြီး ပျော်နေကြပေ၏။ လာရောက်ကြည့်ရှုသော ပရိသတ်၏ ပါးစပ်ဖျားမှာလည်း နတ်ဝတ်ရုံကြီးသတင်းအား မွှေးကြိုင်လွင့်ပျံ့နေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်မြို့လုံး နတ်ဝတ်ရုံသတင်းက အုံမခန်း လွှမ်းမိုးသွားပေရာ ဂျာနယ် သတင်းထောက်လုပ်သော ကိုမောင်ဖွကြီး ကြားသိသွားလေ၏။ သတင်း သတင်းဖျားမို့ ဦးဘကျားကို ဦးဆုံး အင်တာဗျူးလိုက်၏။

"ဘယ်လိုလဲ ဆရာကြီး၊ နတ်ဝတ်ရုံကြောင့် ဆရာကြီး ဘဝက နတ် ကန့်ထဲ ခုန်ဆင်းလိုက်သလိုပဲဆို"

"ဟုတ်ပဲ့ ဆရာဖွရား၊ ကျုပ်ဘဝက မိုးချုပ်နေဝင် ခုတင်ပေါ်မှာ ပက်လက် လေး။ အဲဒီတုန်းက လောကကြီးဟာ မှောင်မိုက်မည်းမှုန်နေတယ်ပဲ ထင်မိသ"

"သြော်၊ မှောင်မိုက်မည်းမှုန် . . . ကောင်းလိုက်တဲ့ အသုံးအနှုန်းဗျာ၊ ဒါ ဆရာကြီး အခု ဘယ်လိုဖြစ်သွားပြီတုံး"

"ဟုတ်တယ်၊ ကျုပ် နတ်ဝတ်ရုံကြီး ခြုံလိုက်တာနဲ့ လင်းလက်ပျံ့လွှင်း"

"အားပါး ကောင်းလိုက်တဲ့ စကား"

"ဟဲဟဲ ဂျာနယ်ထည့်မှာဆိုတော့ စကားကို စတိုင်တစ်မျိုးနဲ့ ပြောကြ တာပါ"

"သြော် သြော် ဒါဆို တစ်ကိုယ်လုံး လှုပ်လို့ရပြီပေါ့"

"ရပြီ၊ ဘာလှုပ်ပြရမလဲ ပြော"

"ဟာ၊ ရပါတယ် ဟဲဟဲ၊ ဒါဆို နတ်ဝတ်ရုံကြီး အမြဲတမ်း ဝတ်ထား ကော မကောင်းဘူးလား"

"အင်း အဲဒါဆို တစ်ချိန်လုံး တဂျိန်းဂျိန်းနဲ့လှုပ်ပြီး လူလည်း ပရမ်းပ ဘဝ ရောက်သွားမှာပေါ့ဗျ"

"သြော်၊ ဒီလိုကိုး။ ကျွန်တော် နောက်တစ်ခု မေးချင်တာ။ အဲဒီ နတ်ဝ ခြုံလိုက်တော့ နတ်သမီးလေးတွေ မမြင်ဘူးလားဆြာကြီးရယ် ဟဲဟဲ"

"ဟာ၊ နတ်သမီးတော့ မမြင်ဘူး။ ကြယ်တွေလတွေပဲ မြင်တယ်"

"သြော်၊ ကြယ်တွေလတွေတောင် မြင်သကိုး။ အံ့သြစရာပဲ"

"ဟာ၊ နတ်ဝတ်ရုံ ဆြာဖျောက်ကိုတော့ ကျုပ် နေ့တိုင်း အိပ်ရာဝင် ပါသတဲ့ဗျာ။ ကျေးဇူးကြီးပါပေ့ဗျာ။ တစ်ပြည်လုံးကိုလည်း ကြေညာလိုက်ပါ"

"ကောင်းပါပြီ ဆရာကြီးဘကျား။ ကျွန်တော် ဆရာဖျောက်နဲ့ အင် သွားဗျူးဖို့ ခွင့်ပြုပါဦးနော်"

ဂျာနယ်လစ် ကိုမောင်ဖွကြီးတစ်ယောက် ဦးဘကျားကို အင်တာဗျူး သည်နှင့် နတ်ဝတ်ရုံကြီးကို တီထွင်ဖန်တီးခဲ့သော ဆြာကြီးဖျောက်ထံသို့ ဆို ကားတစ်စီးနှင့် ရောက်ရှိလာလေ၏။ ထိုအချိန်တွင် ဖျောက်ဆိပ်တို့လူစုမှာ





တ်ရုံကြီးကို တစ်ပတ်တစ်ခါသာ ဝတ်ဆင်ပေးနိုင်မည်ဟု ကြေညာ၍ အနှိပ် န်းထဲတွင် ဂျာအေး၊ ခေါင်းကြီးတို့ နှစ်ဦးနှင့် ခွက်ပုန်းနှိပ်နေပေ၏။

"ဒီမှာဗျို့၊ လူတွေမရှိဘူးလားဗျာ"

ဂျာနယ်လစ်ကြီး ကိုမောင်ဖွသည် ဆိုက်ကားပေါ်မှ ဆင်းကာ အနှိပ်ခန်း ထဲသို့ ဝင်လာ၏။ အရှေ့ခန်းတွင် တစ်ဦးတစ်ယောက်မှ မတွေ့ရ၍ အော်ကြီး ဟစ်ကျယ် မေးလိုက်လေ၏။

ထိုအသံကြောင့် ဖျောက်ဆိပ်ရှေ့တွင် ဝေါ်စင်းစင်းဖြစ်နေသော ဂျာအေး ကြားသွားပေရာ အရှေ့ခန်းသို့ ထွက်လာလေ၏။

"အင်၊ ဘာကိစ္စတုံးဗျ။ နတ်ဝတ်ရုံ ခြုံမလို့လား။ ဒါဆို ကျွန်တော်တို့ဆိုင် ကို တစ်ပတ်တစ်ခါပဲ ဖွင့်မယ်"

"ဟာ၊ ကျွန်တော့်နာမည် ဂျာနယ်လစ် ကိုမောင်ဖွပါ။ ဟို ကျွန်တော် ရေးနေတဲ့ အင်ပိုင်ယာဂျာနယ်ထဲမှာ ခင်ဗျားတို့ တီထွင်လိုက်တဲ့ နတ်ဝတ်ရုံ အကြောင်း ထည့်ရေးချင်လို့ဗျာ။ အဲဒါ သတင်းဦးဦးဖျားဖျား ရအောင် ပြေး လာတာဗျာ။ ခင်ဗျားက နတ်ဝတ်ရုံဆြာဖျောက်ဆိပ်လား။ ငယ်ငယ်လေးပဲ ရှိ သေးတယ်နော်။ ဥပမိရုပ်က မကောင်းဘူး မှင်စာနဲ့တူတယ်"

"ဟော့ ဟော့ ကျုပ်ကို မဝေဖန်နဲ့ ကျုပ်ဆြာကြီး ဖျောက်ဆိပ် အထဲမှာ ရှိတယ်"

"ဟင် ဆောရီးပဲ ညီလေးရာ။ ဒါဆို အစ်ကို အင်တာဗျူးချင်လို့"

"အင်တာဗျူးဆိုတာ ဘာလဲဗျ။ ဟို အဲ"

"ဟာ၊ ညီလေးကလည်း မင်းဆရာရဲ့တီထွင်မှုတွေကို အမေးအဖြေလုပ် ကြည့်မလို့ပေါ့ကွာ။ ကဲ ဘယ်မှာလဲ"

"လာ လာ ကျုပ်ဆရာက အထဲမှာ ဓာတ်ဆင်နေတယ်ဗျ"

"အင်၊ ဓာတ်ဆင်နေတယ် ဆိုပါလား"

ဂျာနယ်လစ် ကိုမောင်ဖွတစ်ယောက် အခန်းထဲသို့ ဒူတိအူချာနှင့် လိုက် လာခဲ့၏။ ထိုအချိန်တွင် ဘရန်ဒီခွက်ကို ငွပ်ခနဲ မော့ချလိုက်ပြီး ဇာပုံလေး လျက်ဆား လျက်နေသော ဆြာဖျောက်ဆိပ်ကို မြင်လိုက်ရလေ၏။ ကိုမောင်ဖွ ကိုမြင်တော့ ဖျောက်ဆိပ်က ရှုတင်းတင်းနှင့် မော့ကြည့်လိုက်လေ၏။

"ဘာကိစ္စလဲ ပြော"

"ဟို ဆြာကြီး ဓာတ်ဆင်နေတယ်ဆိုလို့"

"ဟုတ်တယ်လေ၊ ကျုပ် ပါစကဓာတ်နည်းနေလို့ ဓာတ်ဖြည့်နေတာ"

"သြော်၊ ဒီ ဒီလိုကိုး။ ဟုတ်ကဲ့ ကျွန်တော်က အင်ပါယာဂျာနယ်မှာ အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ရေးသားတင်ဆက် ဖြေဖျော်"

"ဟာ ရှည်သကွ။ တိုတိုပြော"

"ကျွန်တော့်နာမည် ကိုမောင်ဖွပါ"

"ဟုတ်လား၊ ဘာဖွမလို့တုံး"

"ဟို၊ ဆရာထွင်လိုက်တဲ့ နတ်ဝတ်ရုံကြီး . . . "

"သြော် ဒါလား၊ ဒါ အနားပေးထားတယ်လေ။ ဘက်ထရီ အားကုန်မှာစိုး

"ဟုတ်လား။ ကျွန်တော် အဲဒီဝတ်ရုံကြီးကို ဓာတ်ပုံရိုက်ယူချင်လို့ဗျာ။ ပြီး တော့ ကိုယ်တိုင်လည်း စမ်းသပ်ကြည့်ချင်ပါတယ် ဆြာကြီးရယ်။ အဲဒီလို လ တွေ့ ခံစားကြည့်ပြီး ဂျာနယ်ထဲ ထည့်ရေးလိုက်ရင် ဆြာကြီးရဲ့ နတ်ဝတ်ရုံ တိုင်းကျော်ပြည်ကျော်ဖြစ်ပြီး အင်တာနက်ထဲတောင် ရောက်သွားနိုင်တယ်ဗျ"

"သြော် . . . အင်တာနက်၊ ဘာလဲဗျ အင်တာနက်ဆိုတာ ဇကန္တ အာ လွှတ်ကို နာမည် . . . "

"ဟာ မဟုတ်ဘူးဗျ။ ဟို ဂြိုဟ်တုစနစ်လေ ဆရာကြီးသတင်းက ကမ္ဘာ တင်းထဲတောင် ရောက်သွားနိုင်တယ်ဗျ"

"ဟင်၊ တယ်ဟုတ်ပါလား။ ခင်ဗျားက သတင်းဖွတဲ့နေရာမှာ ကမ္ဘာတော ချီပါလား"

"အဲဒါ ပြောတာပေါ့ ဆြာကြီးရယ်"

"အိမ်း၊ ဒီလိုဆိုကောင်းသားပဲ။ နေဦး၊ မောင်ရင့် ကြည့်ရတာ ပါ ဓာတ်ပြယ်နေသလိုပဲ ဖြူတိဖြူဖပ်နဲ့။ ရော့ ဟောဒါ နည်းနည်းချပြီးရင် နတ်ဝ ရုံကြီး ခြုံကြည့်။ နတ်ပြည်ကို ပါမစ်လုပ်စရာမလိုဘဲ ရောက်သွားလိမ့်မယ်"

"ဗျာ၊ နတ်ပြည်တောင် ရောက်မယ်"

"အဲဒါပြောတာပေါ့။ နာမည်ကိုက နတ်ဝတ်ရုံလေ။ ထူးဆန်းသလား မမေးနဲ့။ ရပ်နေတဲ့ သွေးကြော၊ ပိတ်နေတဲ့ သွေး၊ သွေး လေ ဆီး ဝမ်း တစ် တည်း ဝေါခနဲ ဒိုးတက်သလို တက်သွားစေရမယ်။ ကဲ ချ ချ"

"အင်၊ ဘုရား ဘုရား ဆြာကြီးဥစ္စာက ဟို သွေးလေဆီးဝမ်း ဒလဟော တော့ ဖြစ်ပါ့မလား"

"ဟာ၊ ချစမ်းပါ"

"ဟုတ်ပဗျာ၊ မကြောက်စမ်းပါနဲ့ ဆရာကိုမောင်ဖွရယ်။ ခေါင်းကြီးတို့ ကိုယ်တွေ့မျက်မြင်ဗျ။ ကျုပ်ဆြာကြီး ဖျောက်ဆိပ်ရဲ့ ဝတ်ရုံက ဓာတ်အစုံ လိုက်တာဗျ။ ဓာတ်ဘုံလည်း ရောက်မယ်၊ ဓာတ်ကျလည်း ကျမယ်၊ ဓာတ်ကြော . . . . အဲလေ"





"ဟော့ကောင် တိတ်၊ မင်း ဝင်မရှုပ်နဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီးရယ်"

သူတို့နှစ်ဦး ပြောဆိုနေစဉ် ကိုမောင်ဖွတစ်ယောက် ဘရန်ဒီ သုံးပတ်ကို ပါစကဖြည့်သည်ဟု သဘောထားကာ ရေ ဆိုဒါပင် မရောဘဲ ဂွက်ခနဲ မော့ချ လိုက်လေတော့၏။

"အား ကောင်းလိုက်တာဗျာ"

"ဟဲ ဟဲ ဒါက ပါစကဓာတ်ချုံရုံ ရှိသေးတယ်။ လာတော့မယ် လက်တွေ့ ခံစားကြည့်လိုက်စမ်း ကိုမောင်ဖွရေ"

"ဟဲ ဟဲ လုပ်လေ မောင်ဖွက ကိုယ်တွေ့လေးနဲ့မှ ဖွချင်တာဗျ"

ပြောပြောဆိုဆိုနှင့် ခေါင်းကြီးကို ဖျောက်ဆိတ်က အချက်ပေးလိုက်၏။ ထိုအခါ ကတ္တီပါကြီး ဖုံးထားသော သံမဏိကွန်ရက်အင်္ကျီကြီးကို ဖွင့်ပြလိုက်၏။ ကိုမောင်ဖွမှာ သံမဏိကိုယ်ကျပ် ဝတ်စုံကို ကြည့်ပြီး မျက်လုံးမျက်ဆန်ပြူးကား ဓာတ်ပုံ တဖျပ်ဖျပ်ရိုက်လေတော့၏။

ထို့နောက် ဝတ်ရုံကို ဝတ်ကာ ခုံပေါ် စတိုင်ကျကျ ထိုင်လိုက်၏။ ဖျောက် ဆိပ်သည် လက်ကျန်ကို မော့ရင်း ဂျာအေးတို့ အချက်ပေးလိုက်၏။

"ဂျာအေး"

"ဗျာ"

ကိုယ်တွေ့ကြုံမှ ဖွချင်တဲ့ ဆရာဖွကို အသာမ ပေးလိုက်တော့ဟေ့"

"ကောင်းပါပြီဗျာ၊ ကဲ စပြီဗျို့"

"ဝိုင်း ဒိုင်း ဂုံး ဝလွှမ်း"

"အောင်မလေးဗျာ"

"ဒုန်း ဂွပ် ဒိန်း"

"သေ သေပါပြီ အူး"

"ဒိုင်း ကျိုင်း ကျိုင်း"

တစ်ကိုယ်လုံး နတ်ပူးသလို အရှိန်အဟုန်ပြင်းစွာနှင့် တုန်ခါလာသဖြင့် ကိုမောင်ဖွတစ်ယောက် မျက်ပြူးဆန်ပြာ ဖြစ်နေ၏။ လှုပ်လိုက်ခါလိုက်ဆည် မှာလည်း တစ်ကိုယ်လုံး ခြေဖျားမကျန် တုန်ခါယိမ်းထိုးနေ၏။

"ဟ ဟ နေကြဦး၊ ရပ် ရပ်စမ်း"

"ဗျာ၊ ဘာဖြစ်သလဲ"

"သေပြီလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဖွတော့ မောကြွဖြစ်ပြီထင်ပါ့"

"တိတ်စမ်းကွာ၊ ကဲ ခေါင်းကြီး သူကိုယ်ပေါ်က ခါးပတ်တွေ အမြန်ဖြုတ်"

"ဟုတ် ဟုတ်ကဲ့"

ခေါင်းကြီးနှင့် ဂျာအေးတို့နှစ်ဦး ဂျာနယ်လစ်ကြီးကို နတ်ဝတ်ရုံအောက်မှ အတင်း ဆွဲထုတ်လိုက်ရ၏။ ကိုမောင်ဖွခမျာ သတိလစ်နေသော်လည်း တစ်ကိုယ်လုံး အကြောတွေဆွဲကာ တွန့်ထိုးခါယမ်းနေပေ၏။ မြင်ကွင်းကြောင့် ဖျောက်ဆိပ် မျက်လုံးပြူးသွား၏။ အော်ကြီးဟစ်ကျယ်နှင့် သူတပည့်များကို အမိန့်ပေးလေတော့၏။

"ဟေ့ကောင်တွေ ခြေမတွေ လက်တွေ မြန်မြန်ဆွဲကြစမ်း"

"ဟုတ်ကဲ့"

"ဖြောက် ဂွပ် ဒုတ်"

"ဟင်း"

"ရပြီ ရပြီ၊ အသံထွက်လာပြီ"

"ဟေ့လူ ကိုဖွကြီး ကိုဖွကြီး"

"အင်၊ ကျွန်တော်"

"ဟုတ်တယ်၊ ခင်ဗျား သတိလစ်သွားလို့ဗျ"

"ဗျာ၊ အောင်မလေး အမေရေ"

"ဟာ၊ ဘာဖြစ်သတုံး"

"ကြောက် ကြောက်ပါပြီဗျာ။ ဟင် နတ်ဝတ်ရုံ အောင်မလေး ကြောက်လိုက်တာ။ လူ့ကိုယ် ဘီလူးသုံးကောင် ဝိုင်းကိုင်လိုက်သလိုပဲ တစ်ကိုယ်လုံး ပြာနှမ်း"

"ဟာဗျာ၊ ဒါ ဒီလောက်တော့ ရှိ"

"တော်ပါပြီ ဆရာကြီးရယ်။ ကြောက် ကြောက်ပါပြီဗျာ"

"ဘယ်လိုဖြစ်လို့တုံး၊ ခင်ဗျားပဲ အာတာနက်မှာ ချိတ်မလို့ဆို။ ချိတ်မှာ မဟုတ်လား"

"ဗျာ၊ ချိတ် ချိတ်ပါ့မယ်"

"ဟဲဟဲ ဘယ်လိုတုံး။ တစ်ကိုယ်လုံး ပေါ့မသွားဘူးလား"

"အင် တစ်ကိုယ်လုံး ဟုတ်လား"

"ဟုတ်တယ်လေ။ နတ်ဝတ်ရုံက ဓာတ်အစုံဖွင့်ပေးလိုက်ပြီဗျ"

"အောင်မလေးဗျာ။ ခင်ဗျားစက်ကြီးက ရှိသမျှ ဒွာရကိုးပေါက်ပါ ဖွင့်





လိုက်သလား မသိဘူး။ ဟင်း ဟင်း ဘုရား ဘုရား အောင်မလေး"

"လက်တွေ့အရသာက စာတွေ့ထက်ပိုပါတယ်"

"ဟာ ပို ပိုပါတယ်ဗျာ"

"ဒါဆို ဂျာနယ်မှာ ရေးလိုက်ပေတော့"

"ဗျာ ဟာ ရေးလိုက်ပါ့မယ်။ စာလုံးအကြီးကြီးနဲ့ကို ရေးပါ့မယ်"

"ဘာတွေရေးမှာလဲဗျာ။ ခံစားချက်ပြောပါဦး"

"ဟို၊ အဲဒီ ဝတ်ရုံခြုံရတာ ခေါင်းထဲ မသေမရှင် ဝင် . . ."

"ဘာဗျ။ ဒါ နတ်လူ့သတ္တဝါတွေကယ်မယ့် ဝတ်ရုံကြီး။ ခင်ဗျာ ဂျာနယ်ထဲမှာ ရေးစမ်း မဟုတ်တာတွေ ထည့်မရေးနဲ့နော်။ ရေးလို့ကတော့ ဝတ်ရုံကြီး ခင်ဗျားနောက် လိုက်လာမှာ"

"ဗျာ၊ ကြောက် ကြောက်ပါပြီဗျ။ ဟုတ်ကဲ့ သွားပါဦးမယ်"

"နေဦးလေဗျ။ ပါစကဓာတ်နဲ့ ချုပြီးရင် ပါစကနဲ့ ပြန်ပိတ်"

"ဟာ၊ ရပါပြီဆြာကြီးရယ်။ ပျောက် ပျောက်သွားပါပြီဗျ။ ဟင်း ဟင်း ဟီး အား"

ကိုမောင်ဖွတစ်ယောက် ဝတ်ရုံအရသာကို တိန်တိန်မြည်အောင် ခံစားသွားရသည်ဟု ဆိုရမလားပင်။ လှုပ်သမျှ ဆိုင်ထဲက ထွက်သည်အထိ ခေါင်းဘခါခါကိုယ်တခါခါ လှုပ်နေဆဲ။ ထိုအချိန်တွင် ဆြာကြီးဖျောက်ဆိပ်မှာ သူ့စက်အစွမ်းကို အကြီးအကျယ် ဘဝင်ခွေ့နေပေ၏။

"ဟား ဟား ငါကွ။ ဆရာဖွတော့ ဂျာနယ်ထဲ ထည့်တွယ်တော့မယ့်ကောင်းပဲကွာ"

"ဟာ၊ ကျုပ်မြင်တာတော့ ဆရာဖွကို ဆရာကြွဖြစ်တော့မလို့ လက်လေးသုံးပဲ လိုတော့တယ်ဗျာ"

"ဘာ၊ ဟေ့ကောင် ခေါင်းကြီး မင်းစကားပြင်ပြောစမ်း။ ဒါ နတ်လူ့သတ္တဝါတွေ ကယ်မယ့်စက်ကြီးကွ"

"ဗုဒ္ဓေါ၊ ဒီအလုပ်ဆက်လုပ်ရင် လက်ထိတ်ခတ်နဲ့ . . ."

"ဟာ ကြဲကြဲဖန်ဖန်ကွာ"

ခေါင်းကြီးတစ်ယောက် ဖျောက်ဆိပ် ပြောသမျှ ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့် ကြုံရတော့မည်မို့ ဇောချွေးတွေ ပြန်နေ၏။ ဂျာအေးကတော့ ဖျောက်ဆိပ်ကို အချွန်နှင့် မ,နေဆဲ။

"ဆရာ့စက်အစွမ်းကတော့ အမှောင်ထဲမှာ သိကြားမင်းကို မြင်လိုက်ရသလိုပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ဟုတ်လား၊ ဒါမှ ငါ့တပည့်ဂျာအေးကွ။ ဂျာအေး မင်းဟာ နတ်ဝတ်ရုံရဲ့ ဒုတိယ တီထွင်ရှင်ကြီးပဲကွ။ မှတ်ထား နတ်သိကြားကို တွေ့လိုက်ရသလို ခံစားကြည့်ချင်ရင် ငါ့ဝတ်ရုံကြီး ခြုံကြည့်"

"ဟုတ်ပဗျာ၊ အဲ ခုမှ သတိရသဗျာ"

"ဘာတုံး ဂျာအေးရ"

"ခင်ဗျားက အပုလေးကို အမြဲနှိပ်နယ်ပေးနေရတာ ကြာပြီပဲ။ ဒီတော့ ဝတ်ရုံဝတ်ပေးလိုက်ပါလားဗျ။ ဒါဆို မပုလေးလည်း နတ်သိကြားတွေ ဖူးရတာပေါ့"

"အေး၊ မင်းပြောမှ သတိရသဗျာ။ ဟုတ်ပကွာ။ ကိုယ်ဖော်တဲ့ဆေး ကိုယ်မသုံးမိတာ ခုမှ သတိရသကွာ။ ဟုတ်ပြီ အပုလေးက ညညဆို ခါးကိုက် ဇက်ကိုက်နဲ့ နှိပ်လို့ကို မပြီးတော့ဘူး။ ဟုတ်ပြီ ဒီကိစ္စ ခုပဲ အကောင်အထည် ဖော်မယ်ကွာ။ ဟော့ကောင် ခေါင်းကြီး အိမ်ပေါ်မှာ အပုလေး အိပ်နေတယ်။ သွားနှိုးစမ်းကွ"

"ဟာ ဖြစ် ဖြစ်ပါ့မလားဗျ။ ကျုပ် ကြီးတော် ကောင်းကောင်းနေတာ မကြည့်ချင် . . ."

"တိတ်စမ်းကွာ၊ ဒါ စေတနာနဲ့ ကုတာကွ။ သွားခေါ်စမ်း ငါပြောတာ ကြားလား"

သူ့စကားကို ခေါင်းကြီး မလွန်ဆန်သာ။ ထို့ကြောင့်လည်း အိမ်နောက်ဘက်ဝင်ကာ တခူးခူး အိပ်ပျော်နေသော ကြီးဒေါ်လုပ်သူ အပုလေးကို နှိုး၍ ခေါ်ချလာလေ၏။ အပုလေးမှာ ကြောင်စီစီနှင့် သူတို့ဆီ ရောက်လာရာ ဖျောက်ဆိပ်သည် ပြုံးဖြီးဖြီးနှင့် ပြောလိုက်၏။

"မိန်းမ ငါလည်း မေ့နေတာကွ"

"ဘာမေ့တာလဲ ကျုပ်ကိုလားဟင်။ တော်နော်"

"ဟာကွာ၊ ငါပြောတာ မင်းက အမြဲတမ်း ကိုက်ခဲနာကျင်တတ်တယ် မဟုတ်လား"

"ဟင် အဲဒါ ဘာဖြစ်သလဲ"

"ဘာဖြစ်ရမှာလဲ။ အဲဒီဒုက္ခဝေးသွားအောင် ကိုကိုဖျောက် ထွင်ထားတဲ့ နတ်ဝတ်ရုံကို ခြုံကြည့်ပါလား။ တစ်ကိုယ်လုံး ပြေသွားစေရမယ်"

"ရှင်၊ ဟို ဟို နတ်ဝတ်ရုံ"

"ကိုယ်စေတနာနဲ့ ပြောတာ မိန်းမရဲ့။ ဒါ ကိုယ်ဖော်တဲ့ နတ်ဆေးလေ





…းကြည့်ပါလား မိန်းမရာ။ တစ်ခါတည်း ဓာတ်ကြောတွေ ပွင့်သွားစေရမယ်"

"ဟို၊ ဖြစ် ဖြစ်ပါ့မလား ကိုကိုဖျောက်ရယ်"

"ဟာ မင်းလည်း သိသားပဲ အပုလေးရယ်။ ငါ့ရဲ့ နတ်ဝတ်ရုံကောင်းလွန်း… တစ်မြို့လုံး ဟိုးလေးတကျော်ကျော် ဖြစ်နေပြီပဲကွာ။ ကိုယ့်ရဲ့ပညာကို ယုံ…က်စမ်းပါ။ ပြောနေတာ ကြာပါတယ်ကွာ။ ကဲ ခေါင်းကြီး"

"ဗျာ"

"မင်းကြီးတော်ကို နတ်ဝတ်ရုံ ဝတ်ပေးလိုက်စမ်း"

"အင်၊ ပြဿနာတွေ မွှေပြီထင်ပ့ါ။ ကြည့်လည်းလုပ်ပါဦး ဆရာဖျောက်…၊ ကြီးပုလေးကိုတော့"

"အောင်မယ်၊ ကိုယ့်ကြီးတော်ကျတော့ စိုးရိမ်တတ်သားပဲ"

"အို၊ ကျုပ် တကယ် စိုးရိမ်လို့ ပြောတာပေါ့ ကြီးပုရဲ့"

"ဟဲ့၊ ကိုကိုဖျောက်ကြောင့် ငါ သောင်းချိရနေပြီလေ။ ဒီတော့ သူ့နတ်ဝတ်…ကြီးကို ဘာမှ မစိုးရိမ်တော့ဘူး"

အပုလေးက ခေါင်းကြီး၏ ဟန့်တားမှုကို ဂရုမစိုက်တော့။ ယောကျ်ား…ပ်သူ၏ အရည်သွေးကို တအား အထင်ကြီးနေပြီမို့ နတ်ဝတ်ရုံကြီးကို ကိုယ်…တ်ဆင်လိုက်ပြီး ထိုင်ခုံပေါ် ထိုင်ချလိုက်၏။ ဖျောက်ဆိပ်မှာ သူ့အစွမ်းအစ…ဖနီးသည် အထင်တကြီးရှိလာပြီမို့ လွန်စွာ တက်ကြွနေပေ၏။

ထို့ကြောင့်လည်း ဂျာအေးကို ခလုတ်ဖွင့်ရန် အချက်ပေးလိုက်၏။

"ဂျာအေး"

"ဗျာ"

"ကဲ စပေတော့ကွာ"

"ဟို အဲ ဖြစ်"

"ဟာကွာ၊ ငါက နတ်ဝတ်ရုံ ဖျောက်ဆိပ်ပါကွ။ နှိပ်ချလိုက်စမ်းကွာ"

"ဟုတ် ဟုတ်ကဲ့၊ နှိပ်ပြီဗျို့"

"ဒုန်း"

"ဂွမ်း၊ ဗုန်း ဂွီး ဒုန်း"

"အောင်မလေးတော့"

"ဒုန်း ဒုန်း ကျိုင်း"

"ဟာ၊ ရပ် ရပ် ရပ်စမ်း"

"ဒုန်း ဂျိန်း"



www.burmeseclassic.com

www.burmeseclassic.com



စက်သံကြီး ကျိုင်းခနဲ ထွက်သံက အပုလေး၏ တစ်ကိုယ်လုံးကို ဒရေ သောပါး လှုပ်ခါလေတော့၏။ အသွင်က သစ်ပင်ကြီး တစ်ပင်ကို ပင်စည်း ကိုင်၍ လှုပ်ပစ်လိုက်သို့နှယ်ပင်။ တအုန်းအုန်း တကျွန်းကျွန်းကြား အပုလေး ထွန့်လူးနေ၏။

ခေါင်းတွေခါ၊ ကိုယ်တွေခါနှင့် အော်ရင်းဟစ်ရင်း ခုံပေါ်မှာပင် သတိမေ့ သွားလေတော့ရာ ဖျောက်ဆိပ် မျက်လုံးကြီး ပြူးလာကာ စက်ကို အတင် ရပ်ခိုင်းလေတော့၏။

ဂျာအေးရော ခေါင်းကြီးပါ ဘာလုပ်လို့ဘာကိုင်ရမှန်း မသိ၊ ခလုတ်ပိတ် ရင်း ဟိုပြေးဒီလွှား ဖြစ်နေ၏။ ဖျောက်ဆိပ်ခမျာ ဇောချွေးတွေပြန်လာ အပုလေးကို ပြေးပွေ့လေ၏။ အပုလေး တစ်ကိုယ်လုံး ရေခဲတုံးကို အေးစ နေသဖြင့် ဖျောက်ဆိပ် ပျာယာခတ်နေ၏။

"ဟ လုပ် လုပ်ကြပါဦး"

"ဗျာ၊ ဘာ ဘာလုပ်"

"ဟို မြင်း မြင်း"

"ဘယ်က မြင်းလဲဗျ"

"ဟာ၊ အရေးထဲ ခေါင်းကြီး ငတုံး"

"ဗျာ"

"မြင်းလှည်းခေါ် မြန်မြန်ခေါ်။ အပုလေး ခေါ်မရတော့ဘူးကွ၊ ခေါ်ခေ"

"ဟုတ် ဟုတ်ကဲ့"

ခေါင်းကြီးလည်း ခေါင်းနားပန်းကြီးသွားကာ အိမ်ပေါ်မှ လွှားခနဲ ခုန် ကာ မြင်းကို အပြေးအလွှား ခေါ်လိုက်၏။ လှည်းရောက်လာသည်နှင့် မေ့ နေသော အပုလေးကို ဖျောက်ဆိပ်နှင့် ဂျာအေးတို့ ပွေ့ပိုက်ကာ ဆေးရုံသို့ ရလေတော့၏။

* * *



## အခန်း (၇)

အထူးကု ဆရာဝန်ကြီးများ၏ အပြင်းအထန် ကြိုးစားမှုကြောင့် နှလုံး သွေးရပ်လုမတတ် ဖြစ်နေသော အပုလေး သတိပြန်လည်လာလေ၏။ ပါးစပ် ကလည်း ပွစိပွစိလုပ်ကာ မွေ့ရာပေါ်တွင် တွန့်တွန့်ခါခါ ဖြစ်လာ၏။ ဖျောက်ဆိပ် ခမျာ အပုလေးဘေးနားမှ မခွာနိုင်။

ဂျာအေးနှင့် ခေါင်းကြီးတို့နှစ်ဦးမှာလည်း နာရီမလပ် စက္ကန့်မလပ် သမ္မာဒေ နှင့် နှစ်ပါးသွားနေရ၏။ ဖျောက်ဆိပ်ခမျာမှာလည်း ဘုရားတတတ ဖြစ်နေရှာ ၏။

ထိုစဉ် အပုလေး သတိလည်လာသဖြင့် သုံးဦးစလုံး ဝမ်းသာအားရ ဖြစ် နေပေ၏။

"အပုလေး အပုလေး"

"အင်"

"အပုလေး သတိရလာပြီလားကွယ်။ ဒါ ကိုဖျောက် ကိုဖျောက်ရဲ့အမှား"

"အင် ရှင် ရှင်"

"ဟုတ်တယ်လေ ကိုဖျောက်ပါ"

"ရှင် ရှင် လူသတ်သမား"

"ဗုဒ္ဓေါ၊ မဟုတ်တာကွယ်"

"ရှင် ရှင် ကျွန်မအနား မကပ်နဲ့နော်"

"ကိုဖျောက်လေ မိန်းမရဲ့"

"သွား ရှင် ရှင်ဟာ ကိုဖျောက်မဟုတ်ဘူး။ လူသတ်သမား"

"ဟာ၊ လုပ်ပြီကွာ။ ဟေ့ကောင် ခေါင်းကြီး မင်းအဒေါ်ကို ဝိုင်းပြောပေး



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါကွာ"

"ဗျာ၊ အင် ဟုိ အဲ"

"ဒုက္ခပါပဲ"

အပုလေးမှာ ဖျောက်ဆိပ်ကို မြင်လိုက်သည်နှင့် လက်ညှိုးတထိုးထိုးနှင့် လုပ်နေ၏။ ပါးစပ်ကလည်း လူသတ်သမားဟု အော်ဟစ်နေသဖြင့် ဖျောက်ဆိပ်ခမျာ တွန့်ခနဲ ဖြစ်သွား၏။ ဂျာအေးသည် ကြားထဲမှ ဖြေသိမ့်စကား ပြောလိုက်၏။

"မပုလေး သတိထားပါဦးဗျာ"

"ဟင် နင် နင်လည်း ဒုတိယ လူသတ်သမား"

"ဗျာ၊ မဟုတ်တာ"

"ဟုတ် ဟုတ်တယ် နင်လည်း ဒုတိယ လူသတ်သမား"

"တော်ပါတော့ဗျာ။ ဘေးလူတွေကြားလို့ ကျုပ်တို့ကို ဖမ်းတော့မှာပဲ"

"ဟုတ်ပ့ါကွာ"

ဖျောက်ဆိပ်ရော ဂျာအေးရော သွေးပျက်ကုန်၏။ အပုလေးလုပ်ပေါက်က သူတို့နှစ်ယောက် ချက်ချင်း အချုပ်ထဲရောက်မှာ ကျိန်းသေ၏။ အော်သံဟစ်သံကြောင့် ဘေးဘီခုတင်များကပါ ဝိုင်းကြည့်လာသဖြင့် အပုလေးနား မနေရဲကြတော့။ ထို့ကြောင့်လည်း အပုလေးခုတင်မှ နှစ်ယောက်သား ရှောင်ထွက်ခဲ့ကြလေ၏။

ခေါင်းကြီးမှာ ကြီးတော်လုပ်သူဘေးနား ထိုင်ချလိုက်၏။ အပုလေးမှာ သတိရလာပြီမို့ တဟီးဟီးနှင့် ငိုချလေတော့၏။

"ကြီးပု၊ ကြီးပု ငို အဲ မငိုပါနဲ့ဗျာ"

"ဟီး ဟီး အီး ရက်စက်တယ်။ ရက်စက်တယ် ဒင်းကြီး ငါ့ကို သေအောင်သတ် . . ."

"ဟာဗျာ၊ ဆရာဖျောက်က စေတနာ . . ."

"ဘာ စေတနာလဲ၊ အလကား ငါ့ကို ဒင်းမကြည့်ချင်လို့ သူ့နတ်ဝတ်ရုံနဲ့ လုပ်ကြံတာ"

"ဒီ ဒီလောက်တော့ မဟုတ်နိုင်ပါဘူး ကြီးတော်ရယ်။ ပြီးတော့ ကြီးတော်မှာ ဟို နှလုံး ဟုတ်တယ် နှလုံးရောဂါ ရှိုစပြုနေပြီလို့ ဆရာဝန်ကြီးက ပြောတယ်ဗျ။ ဒီတော့"

"တော်စမ်း ခေါင်းကြီး၊ ငါ့ယောက်ျားအကြောင်း ငါအသိဆုံးဟဲ့။ ငါ့ကို





ခိုင်ရတာကြာတော့ မကျေမနပ်ဖြစ်ပြီး ဟို လူသတ်စက်ကြီးနဲ့ အသေလုပ်တာ"

"မဟုတ်တာဗျာ၊ ဆရာဖျောက်ဟာ မပုလေးကို တအားချစ်တာပါဗျာ"

"မယုံဘူး။ ဒင်း နောက်တစ်ယောက်မြင်လို့ ငါ့ကို ခုလို အသေလုပ်ကြံတာပေါ့"

"ဟာ၊ ပြဿနာပါပဲ"

ခေါင်းကြီးမှာ ကြီးတော်လုပ်သူကို ဘယ်လိုမှ ပြောမရသဖြင့် ခေါင်းစားနေ၏။ ကြီးမားသော ခေါင်းကြီးကို တယမ်းယမ်းလုပ်ရင်း ထိုင်ရမလိုထရမလိုဖြစ်နေ၏။ ထိုစဉ် အပုလေးက မျက်ရည်တစမ်းစမ်းနှင့် ပြောလိုက်၏။

"ခေါင်းကြီး"

"ခင်ဗျာ ကြီးပု"

"ငါ ကိုဖျောက်ကို နာတယ်။ ဒင်းမျက်နှာကို ငါမကြည့်ချင်ဘူး။ ငါ့အနားကို မလာစေနဲ့။ လာတာနဲ့ ငါအော်မှာပဲ။ ပြီးတော့ ဆေးရုံကဆင်းရင် ရွာ ဒါရိုက်ပြန်မယ်"

"ဟာ၊ မဟုတ်တာဗျာ"

"ငါ ပြောတာကို နားထောင်"

"ဟင် ဒါဆို ဟို အဘိုးကြီး"

"အဘကို ရွာပြန်ခေါ်သွားမယ်"

"ဒုက္ခပါပဲဗျာ"

ခေါင်းကြီးတစ်ယောက် အပုလေး၏ ပေါက်ကွဲမှုကို ဘယ်လိုမှ ဖျောင်းဖျ၍ မရတော့။ ထို့ကြောင့်လည်း ခေါင်းညိတ်လိုက်ရ၏။ ထိုအချိန်တွင် ဖျောက်ဆိပ်ခမျာ ဝမ်းနည်းပက်လက် ခံစားနေရ၏။ ဆေးရုံအောက်မှ မခွာနိုင်ဘဲ ထိုင်စောင့်နေ၏။ အောက်သို့ဆင်းလာသော ခေါင်းကြီးကို အမောတကောနှင့် မေးမြန်းခဲ့၏။

ခေါင်းကြီးက ခေါင်းတခါခါနှင့် ပြောပြသောအခါ ဖျောက်ဆိပ် ပေါက်ကွဲသွားရှာလေ၏။

"သွားပြီကွာ။ ငါ့ကို အပုလေး မုန်းလိုက်ပြီတဲ့။ ငါ ဘာ ဘာဆက်လုပ်ရမလဲ ဂျာအေး"

"အင် အဲဒါ ပြဿနာပဲဗျ"

"ဒါ ဟို နတ်ဝတ်ရုံကြောင့်ပဲကွ။ အီး"

"မငိုစမ်းပါနဲ့ဗျာ။ ကိုကြီးဖျောက်မှာ အပြစ်မရှိပါဘူး။ ဒီပြဿနာရဲ့ အဖြေသည်ကို သိဖို့လိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ ကိုပါလေးလား"

"ဟုတ်ဘူးဗျာ"

"ဒါဆို ဘယ်သူလဲ၊ အီး ဟီး ပြောကွာ ဟို ဝတ်ရုံလုပ်ပေးတဲ့ ကုလားလား"

"ဟုတ်သေးဘူးဗျာ"

"ဟာ၊ အီး ဟီး မင်းကလည်း အရေးထဲ ပဟေဠိဝှက်နေပြန်ပြီ။ ဘယ်သူလဲ ပြောစမ်း"

"ဘယ်သူရမှာလဲဗျာ။ အဲဒီက ကိုကြီးဖျောက် ခုလို အနိုပ်သည်ဘဝ ရောက်အောင် ဘယ်သူတွန်းပို့ခဲ့တာလဲ"

"အင်၊ ဘယ်သူလဲ။ အီး ငါမသိဘူးကွ ဟီး. . ."

"ဘယ်သူကမှာလဲဗျာ။ ဟို ဥမ္မတ္တကောကြီးပေါ့ဗျာ"

"ဟေ"

"မဟုတ်ဘူးလား"

"အင် ဟုတ် ဟုတ်တာပေါ့ဟယ်။ ဒီဥမ္မတ္တကောကြီးကြောင့်ပဲ။ တောက် ငါဘာလုပ်ရမလဲ။ ဒီအဘိုးကြီးမှာ ပုရွက်ဆိတ်တစ်ကောင်ဆို ငါ့လက်ထဲ ဖျစ်ညှစ်ချေမွလိုက်မှာပဲ။ တောက် ဟုတ်တယ် ဒင်းကြီးလက်ချက်"

"အခုမှတော့ ပြောနေလို့ အပိုပေါ့ဗျာ။ အရေးကြီးတာ အပုလေးကို ခင်ဗျား ပြန်စည်းရုံးဖို့ပဲ"

"ဟာ၊ သူက ဆေးရုံဆင်းတာနဲ့ ရွာတန်းသွားမှာကွ။ ပြီးတော့ ဥမ္မတ္တကောကြီးပါ ခေါ်သွားမှာကွ။ ငါ ဘာလုပ်ရမလဲ ဂျာအေးရ။ ငါ့ဘဝ အတောင်ကျိုးတဲ့ ငှက်ကြီးကြာလို အမှိုးအကာမဲ့. . ."

"ဟာဗျာ၊ အရေးထဲ ကဗျာစပ်နေရသေးတယ်"

"အီး ဟီး ဟီး"

"ဟေ့လူကိုကြီးဖျောက်"

"ဟေ"

"တိုးတိုးငိုပါဗျာ၊ ကြားမကောင်းပါဘူး"

"ငါ ဘာလုပ်ရမလဲ ပြောပါဦးကွာ"

"အိုဗျာ၊ ဘာမှမတွေးနဲ့ အိမ်ပြန်မယ်။ ရမ်တစ်လုံးဝယ်၊ အမြည်းဝယ်ခင်ဗျားနဲ့ မိုးလင်းအထိ ထိုင်သောက်မယ် ဘယ်လိုလဲ"

"အီး ကောင်းတယ် သွားမယ်ကွာ"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး ဆေးရုံရှေ့မှ မြင်းလှည်းတစ်စီးငှားကာ





ဘယ်စရာရှိတာ ဝယ်၍ အိမ်သို့ ပြန်ရောက်ခဲ့လေ၏။ ထိုအချိန်တွင် ဦးတိမ်ပေါ်စံသည်း အိမ်မှာ မရှိပါချေ။ အိမ်ပြန်ရောက်သည်နှင့် နတ်ဝတ်ရုံကြီးကို ယူကာ နောက်ဖေးချောင်မှ တူကြီးနှင့် တဒုန်းဒုန်း တဒိုင်းဒိုင်းထုနှက် ချေမွလိုက်လေ၏။

ဂျာအေးမှာ ဘာမှ မပြောသာတော့။ ခွက်ထဲ အရက်သုံးပက်ခန့် ထည့်ကာ အမြည်းနှင့် အာသာဖြေလိုက်လေ၏။ ဖျောက်ဆိပ်တစ်ယောက် တစ်အိမ်လုံး ပြောင်းဆန်အောင် အော်ဟစ်လို့ဝမှ ဂျာအေးအနားသို့ ရောက်လာ၏။ ဘစ်ကိုယ်လုံးလည်း ဖိုးရိုးဖားရားဖြစ်နေ၏။

"ဘယ်လိုလဲ မောသွားပြီလား"

"ဟူး ငါသေချင်တ် ပြီကွာ"

"မသေစမ်းပါနဲ့ဗျာ၊ ဒါ စေတနာအမှားပဲ။ ဖြစ်ပြီးတာတွေ မေ့ပစ်လိုက်စမ်းပါ ကိုကြီးဖျောက်ရာ။ ရော့ ဟောဒီမှာ ဝေဒနာကို အဖြေရှာနိုင်တာ သောက်ချလိုက်"

"ပေးစမ်းကွာ"

"သောက်ဗျာ"

ဖျောက်ဆိပ်တစ်ယောက် အသည်းကွဲသမားကြီးဖြစ်ကာ ပွဲကြမ်းလေပြီဆိုရချေတော့မည်။ အရက်သောက်လိုက်၊ အသည်းကွဲသီချင်းတွေ ဆိုလိုက်၊ ငိုလာလျှင် အပုလေးအမည်တ,လိုက်နှင့် သွေးပျက်သွားလေသလားပင် ထင်ရချေ၏။

ဂျာအေးကတော့ တစ်ခွန်းတစ်ပါဒမှ ဝင်မပြော။ ဖျောက်ဆိပ် အော်ချင်ရာ အော်၊ ပြောချင်ရာပြော၊ ငိုချင်သလိုငို၊ ဘာတစ်ခွန်းမှ ဝင်မဟန့်။ နောက်ဆုံးဆရာတပည့်နှစ်ယောက် သောက်လိုက်မူးလိုက်၊ မူးလိုက်သောက်လိုက်နှင့် မိုးလင်းလုမှ ကွပ်ပျစ်ပေါ် အိပ်ပျော်သွားကြလေ၏။

ထိုသို့ ဖြစ်ချင်တိုင်း ဖြစ်နေကြစဉ် အပုလေးသည် အတော်လေး သက်သာလာပြီမို့ ဆေးရုံသို့ ရောက်ရှိလာသော ဦးတိမ်ပေါ်စံနှင့် ခေါင်းကြီးတို့နှစ်ဦးကို ခေါ်ကာ ရွာသို့ပြန်ရန် စီစဉ်လေတော့၏။ ခေါင်းကြီးမှာ အင်တင်တင် ဖြစ်နေ၏။ ဦးတိမ်ပေါ်စံကတော့ အပုလေးလုပ်သမျှ မှန်သည်ချည်း စွတ်ပြောနေ၏။

"တော်တော် ပက်စက်တာပဲ သမီးရဲ့။ ဒီကိစ္စ အဘလည်း မကျေနပ်ဘူး"

"ဟာဗျာ၊ ဥမ္မတ္တကောကြီးကလည်း ခင်ဗျားပဲ ကျုပ်ဆရာ ဝေဒင်ဟောတာကို အနိုပ်သည်ဖြစ်အောင် ဘဝပြောင်းခဲ့တာလေဗျ"

"ဟဲ့ကောင် ခေါင်းကြီး၊ နင်က ခေါင်းကြီးသလောက် ခေါင်းထဲဘာတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဦးနှောက်ရှိတာပေါ့ဗျာ။ ဘာလဲ ကျုပ်ခေါင်းထဲ ရတနာတွေ ရှိတယ်များ အောက်မေ့နေသလား"

"ထပ်သရီး၊ မင်းခေါင်းထဲ ချေးပဲရှိတယ်"

"အင်၊ ကျုပ်က ဆရာဖျောက် တပည့်နော်"

"မှတ်ထားကွ၊ ငါက သူ့ကို လက်နဲ့နှိပ်ခိုင်းတာ။ ဟို လူသတ်စက်ကြီးနဲ့ နှိပ်ခိုင်းတာ မဟုတ်ဘူးကွ"

"ဟုတ်တယ်၊ အဘပြောတာ ဟုတ်တယ်။ ခေါင်းကြီး၊ နင့်ဆရာဘက်ခေါ်နင်မနာနဲ့။ ဒင်းက မယားတောင် လုပ်ကြံရဲတာ ကြေနှ ဟိုမှင်စာမြှောက်ပေးတာဖြစ်ရမယ်"

"ဗျာ"

"ကဲ ပြန်မယ်၊ ရွာပဲ ပြန်မယ် အဘ၊ သမီးနဲ့ ရွာကို လိုက်ခဲ့ပေတော့"

"ဟာ၊ လိုက်မှာပေါ့ သမီးရယ်။ သမီးဟာ အဘရဲ့ ရင်သွေးပဲဟာ။ လိုက်ရမှာပေါ့"

"ဟဲ့ ခေါင်းကြီး"

"ဗျာ"

"သွား ခုချက်ချင်း မြင်းလှည်းငှား။ ကားဂိတ်ကို သွားမယ်။ တော်ကြာဟို သေနာကြီးလာနေဦးမယ် သွားလေ"

"ဒုက္ခပါပဲ၊ နှာခေါင်းသွေးလျှံပြီ"

"ဘာ၊ သွားဆိုသွား"

ခေါင်းကြီး ဘာပြောလို့ ပြောရမှန်းပင် မသိတော့ဘဲ ဆေးရုံရှေ့ ရပ်ထားသော မြင်းလှည်းတစ်စီးငှားကာ ပစ္စည်းပစ္စယများတင်၍ ကားဂိတ်သို့ ထွက်သွားကြလေ၏။

ထိုအချိန်တွင် တစ်အိမ်လုံးပြောင်းဆန်အောင် မိုင်းလင်းမိုးချုပ် သောက်စားနေကြသော ဆရာတပည့်နှစ်ဦးခမျာ အရက်နာကျနေကြ၏။ ဖျောက်ဆိတ်မှာ ညှောင်နာနာ ဖြစ်နေသော ဂျာအေးကိုကြည့်ရင်း မေးလိုက်၏။

"ဘယ်လိုလဲ ဂျာအေး"

"ဒီပုံနဲ့ဆို ကျုပ်တို့နှစ်ယောက် လုံးပါးပါးတော့မယ်ဗျ။ တစ်ခုခုတော့ ကြံဦးဗျ"

"ငါ ငါ အပုလေးဆီ သွားကြည့် . . ."

"သွားဗျာ၊ ကဲ လာ"





www.burmeseclassic.com

www.burmeseclassic.com



"အား တစ်ကိုယ်လုံး ရိုက်ထားသလိုပဲကွာ"

"အဲဒါ အချစ်နာပေါ့ဗျာ"

"တော်ပါကွာ"

နှစ်ဦးသား အိမ်ထဲ သုံးလေးရက်ခန့် အောင်းခဲ့ကြပြီး နောက်ဆုံး အပုလေးဆီသို့ ထွက်ခဲ့ကြလေ၏။ ဆေးရုံသို့အရောက်တွင် ခုတင်ပေါ်တွင် အပုလေးလည်း မရှိ ခေါင်းကြီးကိုလည်း မမြင်ရသဖြင့် ဘေးဘီသို့ မေးကြည့်ရာ ရွာသို့ပြန်သွားပြီဖြစ်ကြောင်း သိလိုက်ရသဖြင့် ဖျောက်ဆိပ်တစ်ယောက် ရင်ကွဲပက်သက် ခံစားရလေတော့၏။

"အောင်မလေးဗျာ ရက်စက်ပါဘိ အပုလေးရယ်။ မင်းငါ့ကို ပစ်သွားပြီ သွားကွယ်"

"ဟာ ကိုကြီးဖျောက်ကလည်း သတိထားပါဦးဗျာ"

"အင်၊ ငါ ငါ၀မ်းနည်းလွန်းလို့ပါကွာ"

"ခက်ပဗျာ။ ဒီနေရာမှာ အသည်းမဲလိုက်စမ်းပါ။ ဒီမှာ ကိုကြီးဖျောက်"

"အင် ဘာတုံးကွာ၊ မင်းကလည်း ငါ့ကို ပြူးပြူးကြီးကြည့်လို့ ကြောက်စရာကြီး"

"ဟာ အရေးထဲဗျာ။ သတ္တိရှိတယ်ဆိုတာ ဘာလဲသိလား"

"သတ္တိ၊ ဘာဆိုင်လို့လဲကွာ"

"ဆိုင်တာပေါ့ဗျာ၊ သတ္တိဆိုတာ သူများထက် ငါးမိနစ်ခံနိုင်ရည် ပိုရှိတဲ့ စိတ်ဓာတ်ဗျ"

"ဟေ၊ ဒါဆို ငါ ငါးမိနစ်အောင့်ခံ"

"ဟာ၊ သဘောပြောတာဗျ။ ဒီကိစ္စမှာ စေတနာနဲ့ မှားတာကို မပုလေးနားလည်ရမှာပေါ့ဗျာ။ ခုတော့ ခင်ဗျားကို မှိုချိုးမျှစ်ချိုးလုပ်သွားတယ်"

"ဟုတ်ပါ့ကွာ၊ ရှိသမျှ အကုန်ချိုးသွား"

"ဟာ ဘာတွေတုံးဗျ၊ ကျုပ်ပြောတာ မဖြစ်သင့်တာတော့ မဖြစ်စေချင်ဘူး။ ကဲ ပြော ခင်ဗျားဘာလုပ်ချင်သလဲ ပြော"

"အင် ငါလား"

"ဟုတ်တယ်၊ ခု ဘာလုပ်ချင်သလဲ"

"ဟိုကွာ၊ ငါ ဘာလုပ်ရမလဲ ဂျာအေးရာ"

"စိတ်ဓာတ်မကျစမ်းပါနဲ့ဗျာ။ လာ ပြန်ကြမယ်"

"ဟင် ဘယ်ကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လာစမ်းပါဗျာ"

ပြောပြောဆိုဆိုနှင့် ကျော်အေးသည် တအီးအီး တရှုတ်ရှုတ်ဖြစ်နေသော ဖျောက်ဆိပ်ကိုဆွဲကာ ဆေးရုံပေါ်မှ ဆင်းခဲ့ကြ၏။ အပြင်ရောက်သည်နှင့် နှစ်ယောက်သား ခြေဦးတည့်ရာ လျှောက်သွားခဲ့ကြရာ မကြာမီ ရွာသွားမည့် ကားဂိတ်သို့ ရောက်ရှိခဲ့ကြ၏။

ကျော်အေး ဘာမှ မစဉ်းစားတော့။ လင်းတအိုကြီးလို မှိုင်တွေ ငေးငိုင်နေသော ဖျောက်ဆိပ်ကို အတင်းဆွဲကာ ရွာပြန်မည့်ကားပေါ် တက်ခဲ့ကြလေ၏။ သူတို့နှစ်ဦး ကားပေါ်ရောက်သည်နှင့် ဦးဆုံး ရင်ဆိုင်လိုက်ရသည်မှာ ရွာလူကြီးဟောင်း ဦးရေခဲပင် ဖြစ်လေ၏။

ဖျောက်ဆိပ်၏ ညှိုးချာချာ အသွင်ကိုကြည့်ပြီး ဦးရေခဲ မျက်မှောင်ကုတ်သွား၏။

"ဟကောင် ဖျောက်ဆိပ်"

"ခင်ဗျာ"

"ဘာဖြစ်နေသတုံး၊ ကြေနွ ဓာတ်လျှောနေပြီထင်တယ်။ မျက်နှာကလည်း ချောင်စုတ်စုတ်"

"ဟုတ်တယ်၊ ဓာတ်လျှောတာမှ နိုင်ကိုမနိုင်ဘူးဗျ"

"ဟေ၊ ဒါ ဒါဆို ကာလနာ"

"ဟာ၊ ဘရေခဲကလည်း ဘာတွေပြောမှန်းမသိဘူးဗျာ"

"ဟဲ့ကောင် မှင်စာ၊ မင်း ဝင်မရှုပ်နဲ့ကွ။ မင်းက ပြဿနာကျော်အေး၊ ဖျောက်ဆိပ်က ပိုက်ဘော ဖျောက်ဆိပ်"

"အင်"

"အလကား၊ နှစ်ကောင်စလုံး ပရမ်းပတာတွေ ဓာတ်လျှောရင် ရွာမလိုက်နဲ့ ရွာနာတယ်"

"ဗျာ၊ ရွာနာတယ်"

"ဒါပေါ့ကွ။ မင်းရောဂါ တစ်ရွာလုံး ကူးကုန်မယ်"

"ဒုက္ခပါပဲ။ အရေးထဲ ကျန်းမာရေး အင်စပက်တာကြီးနဲ့မှ လာတိုးနေရတယ်။ တော်ပါတော့ ဦးလေးရေခဲရာ၊ ဒီမှာ စိတ်ညစ်လို့ ကိုယ့်ကိုယ်ကိုယ်တောင် သတ်သေချင်နေတာဗျ"

"ဟေ၊ မင်းတို့နှစ်ယောက်လုံး မသေခင်ကတည်းက တစ္ဆေသရဲရုပ်တွေ ပေါက်နေတာ။ သေရင် ဒါ့ထက်ဆိုးချက်ကွ"





"ဟ ပစ်လှချည်လား ဘရေခဲရယ်။ ဘရေခဲက ကျုပ်တို့ကို အသားလွတ်ကြီး တွယ်နေပါလားဗျ"

"ဟုတ်ပကွာ၊ လူတွေက ညစ်နေရတဲ့ကြားထဲ"

ဖျောက်ဆိပ်က ဦးရေခဲကိုကြည့်ရင်း တိုးဖွသော အသံနှင့် ပွစိပွစိ ပြောလိုက်ပြန်၏။

"ဘယ်လိုလဲ ဆြာကြီးဖျောက်ဆိပ်။ ခုတော့ ဂါထာတွေ မန္တန်တွေ ရွတ်နေပြီလား။ မှတ်ထားကွ လောကကြီးကို ဘယ်တော့မှ အရောင်မဆိုးလေနဲ့။ လောကကြီးမှာ ကိုယ်နဲ့အပ်စပ်တဲ့ အကျီပဲ ဝတ်စမ်းပါကွာ"

"အင်း ဘာတွေတုံး၊ ဒီအဘိုးကြီးက အကျီဆိုက်တွေဘာတွေတောင် ပြောနေပါလား ကျော်အေးရ။ ဧကန္တ ဒီအဘိုးကြီး အိမ်မှာ စက်ချုပ်ဆိုင် ဖွင့်ထားပြီထင်ပါ့"

"ဖြစ်နိုင်တယ် ကိုကြီးဖျောက်ရဲ့။ ဗျို့ ဘရေခဲ"

"ဘာတုံးကွ"

"ခင်ဗျား အိမ်မှာ စက်ချုပ်ဆိုင်ဖွင့်ထားသလား"

"ဟေ၊ ဘာတွေပြောသတုံး"

"ဟာ၊ ဘရေခဲပဲ ထင်ရာမြင်ရာ ပြောဆိုနေသကိုး။ ဟ နေပါဦးဗျ။ ဘရေခဲလက်ထဲက ကြက်ကြီးပါလား။ ဘာလုပ်တာတုံးဗျ"

"ဟဲဟဲ ငါလည်း ခေတ်မီလာပြီပေါ့ကွ"

"အင်၊ ကြက်မွေးရင် ခေတ်မီရောလားဗျ။ ဒါဆို ပိုပြီး ခေတ်ရှေ့ပြေးအောင် ကြက်ဆင်မွေးပါလားဗျ"

"ဟေ့ကောင် ကျော်အေး"

"ကျုပ်က အကောင်းပြောတာဗျ။ အင်း ဘရေခဲ ပြောသလိုဆို တစ်ရွာလုံး ကြက်တွေ မွေးကုန်ပြီထင်ပါ့"

"ဟာ၊ အဲဒါတော့ ဟုတ်သကွ။ မင်းတို့ ဟိုတစ်ခေါက် လာကြကတည်းက ရွာမှာ ကြက်ကို စပါယ်ရှယ်မွေးနေကြတာကွ။ ဟေ့ ဒီကြက်က ဗျာကြီးလေကွာ။ ပေမီဒေါက်မီကွ။ ရွာကျမှ စပ်မှာလေ။ ဟဲဟဲ ကြက်တစ်ကောင် သောင်းချီနေတာကွ"

"သြော်၊ ကောင်းသပါ့ဗျာ။ ကျုပ်ကတော့ ဒီတစ်ခါ ရွာပြန်ရင် ကြက်မမွေးဘူးဗျာ"

"အင်၊ မင်းက ဘာမွေးမှာတုံး ကျော်အေးရ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ မြွေတွေမွေးမယ်ဗျာ"

"ဗုဒ္ဓေါ ဟကောင် မြွေမွေးပြီး မင်းက . . ."

"ဟဲဟဲ၊ မြွေတစ်ကောင် ခြောက်ရာခုနစ်ရာဗျ။ ဒီတော့ ရွာရောက်ရင် မြွေရှာမယ်။ ခြံနဲ့မွေးတယ်ဗျာ။ နောက်ပြီး မြွေလမ္ဘာယ်ဆရာ လုပ်မယ်ဗျာ"

"ကြံကြံဖန်ဖန်ကွာ။ မင်းကတော့ ကိုယ့်သေတွင်း ကိုယ်တူးမယ့်ကောင်ပဲ။ ပြဿနာကို ဘယ်လိုရှာရမလဲ စဉ်းစားနေတဲ့ မှင်စာပဲ"

"ဟား ဟား ဟား ပြီးတော့ ရှိသေးတယ်ဗျ။ မြွေက ကြက်ချေးလည်း ကြိုက်တယ်။ ပြီးတော့ ကြက်ဥကြက်ပေါက်တွေလည်း စားတယ်ဗျ"

"ဘာကွ"

ဂျာအေး ထင်ရာမြင်ရာ စွတ်ပြောလိုက်သဖြင့် ဦးရေခဲမှာ သူ့ကြက်စီမံကိန်း အနှောင့်အယှက်ပေးရန် ကြံစည်နေသော ဂျာအေးကို မျက်စောင်းတခဲခဲ ဖြစ်နေ၏။ ဖျောက်ဆိပ်ခမျာ သူတို့နှစ်ဦးကြား ဘာမှဝင်မပြောသာ။ ကြက်ကြီးလည်လိမ်သလို ငူစင်းစင်း ဖြစ်နေ၏။

ကားပေါ်တွင်လည်း ဈေးပြန်ရွာသားများ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြ၏။

"ဟေ့ကောင် ဂျာအေး"

"ဟာ ဆိတ်ကုလား၊ မင်း မြို့လာသလားကွ"

"အေး၊ အဘနဲ့ ဈေးလာဝယ်တာလေ။ မင်းတို့ကလည်း ရွာတောင် တစ်ခေါက်ပြန်မလာကြဘူး။ ကိုကြီးဖျောက် ဘာဖြစ်တာလဲဗျ"

"ဟင် ဆိတ်ကုလားပါလား"

"ဟုတ်တယ်လေ၊ ဘာတုံး ခင်ဗျားကြီး မြို့ရောက်ပြီး သွေးကြီးသွားလေသလား"

"ဟာ မဟုတ်ရပါဘူးကွာ။ ဟို ရွာရွာမှာ အပုလေးတို့ ရှိလား"

"ရှိပါ့ဗျာ။ နေစမ်းပါဦး ခေါင်းကြီးနဲ့ ကျုပ် ဟိုတစ်လော တွေ့တယ်ဗျ။ ခင်ဗျားတို့လင်မယား ပြဿနာတွေ ဖြစ်လာတယ်ဆို"

"ဟုတ် ဟုတ်တယ်ကွ"

"ဟာ၊ မလွယ်ဘူးနော် အပုလေးက ခင်ဗျားလာရင် အသေပဲတောင် ကျိန်းထားတာဗျ။ ကြည့်လည်း လုပ်ပါဦးဗျာ။ ကျုပ်တို့အုပ်စု လုပ်လိုက်ရင် တစ်ရွာလုံး ကျော်မကောင်းကြားမကောင်းဗျ"

"အင် အပုလေး၊ အပုလေး ခုတော့လည်း သူ ငါ့ကို အပြစ်မြင်ပြီကိုး၊





ချစ်လုံးလုံး မုန်းလျှားလျှား ဆြော် ဘယ်လို ကြမ္မာကများ ငါ့ကို နှိပ်ကွပ်နေပါလိမ့်ကွာ"

"ဟေ့လူ ကိုကြီးဖျောက်"

"ဘာတုံးကွာ။ စိတ်ညစ်နေတဲ့အထဲ"

"ဟာ ခင်ဗျား ရွာပြန်လို့ ဖြစ်ပါ့မလား။ ခေါင်းကြီး ပြောတာတော့ ခင်ဗျားကို အပုလေးက ရေတ်ကျည်ပွေ့ကိုင်ပြီး ကြိုဆိုနေမယ်တဲ့ဗျ"

"ဗုဒ္ဓေါ၊ ငါ့ကို ရေတ်သီး ကြက်သွန်များ အောက်မေ့နေသလား မသိဘူး။ မိန်းမ မိန်းမ"

ဖျောက်ဆိပ်တစ်ယောက် ပို၍ပို၍ သွေးလေချောက်ချားသွားလေ၏။ အပုလေး သတင်းက သူ့အတွက် သွေးပျက်စရာပင်။ ဆိတ်ကုလား၏ စကားကို မယုံလို့မဖြစ်။ ထိုသတင်းကြောင့် ဂျာအေးမှာလည်း ဖျောက်ဆိပ်အတွက် တွေးပြီး စိုးရိမ်နေ၏။

ထိုစဉ် သူတို့ စကားကို နားစွင့်နေသော ဦးရေခဲမှာ ပြုံးစိစိ ဖြစ်နေ၏။ သူ့ကို အမျိုးမျိုး ပြဿနာလုပ်ခဲ့ကြသော မီးခဲအုပ်စု၊ ယခုတော့ အားလုံး ငူစင်းစင်း ဖြစ်နေကြသည်ကို ဝမ်းသာအားရ ဖြစ်နေပေ၏။ ထို့ကြောင့်လည်း တလိမ်လိမ်ဖြစ်နေသော ဖျောက်ဆိပ်ကို ရီသွဲ့သွဲ့ ပြောလိုက်လေ၏။

"ဘယ်လိုလဲ ငဖျောက်ရ။ မင်းပုံက လင်းတကြီး ခါတ်လျှောနေတဲ့ ပုံပါလား။ ဟား ဟား ဟား ဇကန္တ ခွေးသေကောင်ပုပ် ရှာမတွေ့လို့ထင်ပါ့"

"ဗျာ ဦးရေခဲ ခင်ဗျား ဘာတွေပြောသတုံးဗျ"

"အင်၊ ဒီအဘိုးကြီး ငါတို့ကို သွေးတိုးစမ်းနေပြီ ဆိတ်ကုလားရေ"

"မလုပ်ပါနဲ့ကွာ။ ဘော်ကြာ ငါတို့ကောင်တွေ ထိတ်တုံးစာမိနေပါဦးမယ်"

ဂျာအေးမှာ သူ့စကားကို ရီသွဲ့သွဲ့လုပ်နေသော ဦးရေခဲကို အံတကြိတ်ကြိတ် ဖြစ်နေ၏။ ဖျောက်ဆိပ်ကတော့ သူ့ကို ပြောလို့ပြောမှန်းပင် မသိတော့။ ဆိတ်ကုလားသည် ဂျာအေးစကားကြောင့် ရင်တထိတ်ထိတ်ဖြစ်နေ၏။

ထိုအချိန်တွင် ကားပေါ် လူစုံသွားပြီမို့ ဈေးကားကြီးသည် တဝေါဝေါနှင့် စက်နှိုးလေတော့၏။ ဖျောက်ဆိပ်ခမျာ ရွာပြန်တော့မည့်အရေး သမ္မုဒ္ဒေ တ၊ နေရှာ၏။ သူ့မျက်လုံးထဲ ရေတ်ကျည်ပွေ့ကိုင်ကာ ထိုင်စောင့်နေမည့် အပုလေး၏ ပုံရိပ်ကို မြင်ယောင်ကာ သွေးပျက်နေလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကားကြီးများ အနိမ့်အမြင့် ကုန်းတက်ကုန်းဆင်းပေါလှသော ကားလမ်းမကြီးအတိုင်း ကွေ့ကွေ့ကောက်ကောက် လှုပ်လီလှုပ်လဲ့နှင့် မောင်းလာ၏။ လူတွေ ကုန်တွေကလည်း ပြည့်ကျပ်နေပေ၏။ ခရီးသည်အချို့မှာ ကားအမိုးပေါ်မှ လိုက်ခဲ့ကြ၏။

ကျားအေးနှင့် ဆိတ်ကုလားတို့နှစ်ဦးမှာ ဦးရေခဲနှင့် မျက်နှာချင်းမဆိုင်လိုသဖြင့် ကားခေါင်မိုးပေါ်တက်၍ လိုက်ခဲ့ကြလေ၏။ လေကလည်း တဟူးဟူး ဘေးဘယ်ညာတွင်လည်း ထနောင်းပင်၊ မန်ကျည်းပင် ဖားဖားကြီးများ ဝေဆာပေါက်ရောက်နေပေ၏။

ကျားအေးသည် ဆိတ်ကုလားလက်ထဲမှ စာစောင်တစ်ခုကို ယူ၍ ဖတ်လိုက်၏။ လေက တဟူးဟူးမို့ စာစောင်က လေထဲလွင့်နေ၏။

"ဟေ့ကောင် ကျားအေး"

"ဘာတုံးကွ"

"ကိုဖျောက်နဲ့ အပုလေး တော်တော်ပွဲကြမ်းလာတယ်ထင်ပ။ ခေါင်းကြီး ပြောတာတော့ ကိုဖျောက်က အပုလေးကို အသေသတ်ဖို့ ကြံတာဆိုကွ"

"ဟာ၊ မဟုတ်ရပါဘူးကွာ။ ခေါင်းကြီးက တုံးကွ။ မှားတာမှန်တာ မသိဘူး။ သူကြီးတော် ထိရင် တယ်နာတဲ့ကောင်ကွ။ ပြောရရင် ကိုကြီးဖျောက်က အပုလေးကို တအားချစ်တာ မင်းလည်း အသိပဲကွာ။ အဲဒါ စေတနာပိုပြီး မှားမိတာ။ ဒါကို အပုလေးက အယူလွဲသွားတာကွ"

"ဟင် ဟုတ်လား။ နေပါဦး နောက်ပြီး ဟို သူတို့နဲ့ ဖြူဖြူခန့်ခန့်လူကြီးက ဘယ်သူလဲကွ။ သူ့ပုံစံက ဘိုးတော်လိုလို ဘာလိုလိုနဲ့ကွ"





"ဟာ၊ အဲဒါ ဥမ္မတ္တကောကြီးကွ၊ ခုပြဿနာဖြစ်တာ အဲဒီ ငတကြီးလက်ချက်ကွ"

"ဟေ"

ကျားအေး၏ စကားကြောင့် ဆိတ်ကုလား မျက်လုံးပြူးသွား၏။ ဥမ္မတ္တကော ဆိုသော စကားကို သူ မယုံချင်ယုံချင် ဖြစ်နေ၏။ ထိုအချိန် ကားနောက်ခန်းတွင် ထိုင်နေသော ဖျောက်ဆိပ်မှာ စိတ်ညစ်ညစ်နှင့် အိတ်ထဲမှ မြန်နင်းဆီ ဆေးပေါ့လိပ်ကြီးထုတ်ကာ မီးညှိ ဖွာရှိုက်လိုက်၏။ လေတဟူးဟူးမို့ မီးခိုးတွေ မီးဖွားတွေက တဖွားဖွားလွင့်နေ၏။ ဦးရေခဲမှ ဖျောက်ဆိပ် ပါးစောင်တွင် ခဲထားသော ဆေးပေါ့လိပ်ကို ကြည့်မရ ဖြစ်နေ၏။ သူ့ရင်ခွင်ထဲပိုက်ထားသော တိုက်ကြက်ဖကြီးမှာ မီးခိုးငွေ့ကြောင့် ခေါင်တခါခါ ဖြစ်နေ၏။

"ဟေ့ကောင် ဖျောက်ဆိပ်"

"ခင်ဗျာ"

"မင်းလက်ထဲက ဆေးပေါ့လိပ် မီးသတ်လိုက်စမ်းကွာ"

"ဟာဗျာ၊ ခင်ဗျားကြီးကလည်း ရာရာစစ လိုက်ပြောနေတယ်။ ကျုပ် ဘာသာကျုပ်သောက်တာ ဘာဖြစ်သလဲဗျ"

"အောင်မယ် မင်းကများ ငါ့ကို"

ဦးရေခဲမှာ ဖျောက်ဆိပ်စကားကြောင့် အံတကြိတ်ကြိတ် ဖြစ်နေ၏။ ဖျောက်ဆိပ်ကတော့ ဘာမှ မမှု။ ပြောမှ လက်ထဲက ဆေးပေါ့လိပ်ကို မီးရဲနေအောင် ဖွာရှိုက်လိုက်၏။ ထိုစဉ် တဟူးဟူး တိုက်ခတ်နေသော လေထုအရှိန်ကြောင့် ဆေးလိပ်မီးပွားများက တဖွားဖွား တလွင့်လွင့်။

"ဟဲ့ လုပ်ဦး မီးပွားတွေ"

"အောင်မယ်လေး ပူလိုက်တာ"

"ဟ ကြည့်သောက်ဗျို့"

ကားထဲ ဟိုကအော် ဒီကအော် ဖြစ်ကုန်၏။ ဖျောက်ဆိပ်ခမျာ ဘာကိုမှ မကြား၊ ဘာကိုမှလဲ မမြင်၊ ငူစင်းစင်းနှင့် ဆေးပေါ့လိပ်ကြီးကို နှင်းဖွာနေပေရာ ဘစ်ချိန်တွင် ဆေးပေါ့လိပ်မီးက ဒရိုင်ဘာ၏ နောက်စေ့ဆံပင်အုံထဲ ဝင်သွားလေတော့၏။

"ဟာ၊ ပူ ပူတယ်"

"ကျွို၊ ဝေါ ဒုန်း"

"အောင်မယ်လေးဗျ၊ သေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ဘုရားဘုရား"

"ဒုန်း ဂွမ်း အုန်း"

"သေပါပြီဗျ"

ဒရိုင်ဘာကြီးခမျာ နောက်စေ့ကပ်နေသော မီးပွားကြောင့် ကြောင်စီစီနှင့် ထအော်လေရာ ကားကြီးလည်း လမ်းဘေးကို ထိုးဆင်းသွားလေ၏။ ဆင်ရိုင်းကြီးပမာ ပတ်ကြားအက်နေသော ယာခင်းကြား ဟိုယိမ်းဒီခါနှင့် ဆင်းခုသွားလေရာ လူတစ်ရပ်စာမက မြင့်မားလှသော ကြံပင်များကြား ထိုးဝင်သွားလေ၏။

ခေါင်မိုးပေါ် စတိုင်ကျကျ ထိုင်နေသော ဂျာအေးနှင့် ဆိတ်ကုလားတို့နှစ်ဦးမှာလည်း ကြံခင်းများကြား ကျွမ်းပစ်သွားကြ၏။ လူတွေအားလုံး ဖရိုဖရဲ ဖျောက်ဆိပ်မှာလည်း ကားပေါ်မှာ ဘုတ်ခနဲ ပြုတ်ကျသွားသလို ဦးရေခဲမှာလည်း ကြံပင်များကြား ဒိုင်ဗင်ပစ်ဝင်သွားလေတော့၏။

နောက်ဆုံး ထနောင်းငုတ်ကြီးကို ဝင်တိုက်ကာ ကားကြီးထိုးရပ်သွားလေ၏။ ဦးရေခဲခမျာ ကြံပင်များကြားမှာ တအီးအီးတအားအားအော်ကာ ထလာ၏။

"ဖျောက်ဆိပ်၊ ဘယ်. . . အား ဘယ်မှာလဲကွ။ ဖျောက်ဆိပ်"

"အူး ကျွတ် ကျွတ် ဘာတုံးဗျ။ ဘာဖြစ်လို့ခေါ်တာလဲ"

"ဟေ့ကောင် ဖျောက်။ အား နာလိုက်တာကွာ"

"ဘာတုံး၊ ဆွဲထူပါဦးဗျာ"

ဖျောက်ဆိပ်ခမျာ ကြံပင်များကြား မှောက်ခုံကြီး ဖြစ်နေ၏။ ဦးရေခဲသည် သူ့အနားရောက်လာကာ အံတကြိတ်ကြိတ်နှင့် ပြောဆိုနေ၏။ ဂျာအေးနှင့် ဆိတ်ကုလားတို့နှစ်ဦးမှာလည်း ထော့နင်းထော့နင်းနှင့် ကြံပင်များကြားမှ ထွက်လာ၏။ ရှုံ့ရှုံ့မဲ့မဲ့နှင့် ဖျောက်ဆိပ်ကို ဆွဲထူနေရ၏။

ထိုစဉ် စီယာတိုင်နှင့် မျက်နှာဆောင့်မိသဖြင့် နှာခေါင်းကြီးရောင်ကိုင်းနေသော ဒရိုင်ဘာ ပွားစိန်တစ်ယောက် စူပွစူပွနှင့် ဖျောက်ဆိပ်နား ရောက်လာလေ၏။

"ဟေ့ကောင် ဖျောက်ဆိပ်၊ မင်း ဆေးလိပ်ပြဿနာက မိုးမီးနဲ့တက်ရှို့မယ့်ပုံပါလားကွ။ ကံကောင်းလို့ လူတွေ မသေတယ်ကွာ"

"အဲဒါ ပြောတာပေါ့ ငါက မသောက်ပါနဲ့ဆိုတာ။ အား. . . ဇက်များကျိုးသွားပြီလား မသိဘူး။ ဟာ ငါ့ကြက်ကြီး ဘယ်ရောက်သွားပါလိမ့်"





ဦးရေခဲသည် ပွားစိန်စကားကို ဝင်၍ ထောက်ခံပြောဆိုလိုက်ပြီး လွတ်သွားသော ကြက်ကြီးကို သတိရလာလေ၏။ သူ့စိတ်ထဲ ဖျောက်ဆိပ်ကြောင့် ယခုလို ပြဿနာများ ပေါ်ပေါက်လာသည်ဟုဆိုကာ သူ့ကြက်ကြီးကို ရှာနိုင်းလေ၏။ ဂျာအေးနှင့် ဆိတ်ကုလားတို့နှစ်ဦးမှာလည်း ဖျောက်ဆိပ်ကြောင့်ဟု သိလိုက်ရသဖြင့် လွတ်သွားသော ကြက်ကြီးကို ကြံခင်းထဲ လိုက်၍ ရှာဖွေရလေ၏။

"ဟာ ဟို ဟိုမှာကွ"

"ပြေး ပြေး လိုက်ကွ"

"ကဲကွာ၊ ဝုစ် ဖုန်း"

" ကော် ကော် ကတော်"

ကြံပင်များကြား ကြက်ကြီးကို တွေ့လိုက်ရသဖြင့် ဂျာအေးနှင့် ဆိတ်ကုလားတို့နှစ်ဦး ဒိုင်ဗင်ပစ်၍ ဖမ်းလိုက်ရာ ကြက်ကြီးခမျာ သူတို့နှစ်ယောက်အောက်တွင် ပြားနေ၏။

"ဟာ၊ သေပြီလားကွ"

"ကတော် ကတော်"

"ဟာ၊ ခြေထောက်တစ်ဖက် လည်သွားပြီကွ"

"ဗုဒ္ဓေါ ခြေဆစ်ပြုတ်သွားပြီကွ"

ကြက်ကြီးကို ဖမ်းမိလိုက်သော်လည်း ညာဘက်ခြေထောက်ကြီးက ဖလပ်ဖလပ် ဖြစ်နေ၏။ ဂျာအေးနှင့် ဆိတ်ကုလားတို့နှစ်ဦးမှာ ကြက်ကြီးကို ပိုက်ရင်း ခေါင်းခဲနေကြ၏။ ထိုအချိန်တွင် ဦးရေခဲတစ်ယောက် ကြံခင်းထဲ အူယားဖားယားနှင့် အပြေးဝင်လာ၏။ သူတို့ကိုမြင်တော့ ဆူဆူဆောင့်ဆောင့်နှင့် ပြောလိုက်၏။

"ဟာ၊ မင်းတို့ကလည်း ငါ့ကြက်ကြီး ပိုက်ပြီး ဘာကြံနေတာလဲကွ။ ဒါ သောင်းချီပေးပြီး ဝယ်ခဲ့ရတဲ့ ကြက်ကွ"

"ဗျာ၊ ဟို ကြက်"

"ပေး ပေး၊ မင်းတို့နှစ်ယောက်စလုံး စိတ်ချရတာ မဟုတ်ဘူး"

"ကတော် ကတော်"

"အင် ဘာဖြစ်တာလဲ"

"ဟာ ကြက်ကြီးခြေထောက် ဘုရား ဘုရား သွားပါပြီ။ ဟေ့ ဟေ့ကောင် ဂျာအေး"

"ဗျာ"

"မင်း မင်းတို့ ငါ့ကြက်ခြေထောက်ကို ချိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်တာဗျာ"

"အောင်မလေး သောင်းချီပေးခဲ့ရတဲ့ ကြက်ကြီးတော့၊ ဟော့ကောင် ဖျောက်ဆိပ် ကျာအေး မင်းတို့တော့လားကွာ"

ဦးရေခဲခမျာ ခြေဆစ်ပြုတ်သွားသော ကြက်ကြီးကိုကြည့်ရင်း ငိုရမလို ရယ်ရမလို ဖြစ်နေ၏။ ထိုအချိန်တွင် ကျာအေးတို့နှစ်ဦး ကားကြီးအနားသို့ ရောက်သွားကာ လူစုလူဝေးနှင့် ကားကို လမ်းမပေါ် အတင်းတွန်းတင်နေကြ၏။ ဦးရေခဲခမျာ ကြံပင်များကြားမှ မထွက်နိုင်။ ကြက်ကြီးကို ကိုင်ပြီး ခုန်ဆွ ခုန်ဆွနှင့် ပေါက်ကွဲနေ၏။

ထိုအချိန်တွင် ကားကြီးသည် လမ်းမပေါ် ပြန်လည် ရောက်ရှိသွားသဖြင့် ခရီးသည်များ ကားပေါ် ပြန်တက်ကြကုန်၏။

"ဦးရေခဲရော"

"ကြံပင်တွေကြားမှာဗျ"

"ဟေ၊ ဘာလုပ်နေသလဲ"

"မြွေဖမ်းနေတာ ဖြစ်မှာပေါ့"

"ဟာ မဟုတ်တာ၊ ရှာကြပါဦး"

ခရီးသည်တစ်ဦးက ဦးရေခဲကို မမြင်သဖြင့် မေးမြန်းလိုက်၏။ ကျာအေးကလည်း ထင်ရာပြောဆိုရင်း ကားပေါ် တက်မည်ကြံလိုက်၏။ ထိုအချိန်တွင် ကြံခင်းများကြားမှ ဦးရေခဲတစ်ယောက် ခုန်ခုန်ပေါက်ပေါက်နှင့် အပြေးထွက်လာ၏။ ပုဆိုးကို တစ်ဖက်က ဆွဲ၊ တစ်ဖက်ကလည်း ကြက်ကြီးကို ပိုက်၍ အော်ကာဟစ်ကာနှင့် ရောက်လာ၏။ ဦးရေခဲ၏ မျက်နှာမှာလည်း ဒေါသခိုးတွေနှင့် ရဲတွတ်နေပေ၏။

ဖျောက်ဆိပ်ကို မြင်တော့ လက်ညှိုး ငေါက်ငေါက်ထိုးကာ အကြီးအကျယ် ပြဿနာရှာလေတော့၏။

"ဟော့ကောင် ငဖျောက်"

"ဘာတုံးဗျ၊ ခင်ဗျားကြီးက ကျုပ်ပဲ ပြဿနာလိုက်ရှာနေတယ်။ ဘာလဲ ခင်ဗျား ကြက်ကြီးကို ရိုက်စားလိုက်ရမလား"

"ဘာကွ၊ မင်း မင်းလုပ်လို့ . . ."

"ကျုပ် ဘာလုပ်လို့လဲဗျာ။ မီးပွားလွင့်တာ ကံစီမံရာပေါ့ဗျ"

"ဟေ ကံစီမံရာ၊ အင် ဘယ်လို စကားတုံး။ ဒီမှာ ကြည့်စမ်း။ ငါ့ကြက်ကြီး ဘာဖြစ်သွားပြီလဲလို့"



"ဟာ၊ ကြက်ပဲ ကြက်ဖြစ်သွားမှာပေါ့ဗျာ"

"ဘာကွ၊ ဒီမှာကြည့်စမ်း ခြေထောက်"

"ဩော်၊ ကြက်ခြေထောက် အဲ အဲဒါသုပ်စားလိုက်ရင် ကောင်းတယ်ဗျ"

"ဘာလဲ ငါ ငါနော် သွားပါပြီ သောင်းချီပေးပြီး ဝယ်ခဲ့ရတဲ့ ကြက်ကြီးကွ"

"ဟင်၊ မိုက်ပ့ါဗျာ ကြက်ကို သောင်းချီပေးပြီး ဝယ်ရတယ်လို့။ ဘာလဲ ဦးရေခဲ ကြက်တိုက်စားတော့ မလို့လား။ ငရဲ မကြောက်ဘူးလားဗျ။ အသက်ကြီးမှ အဝီစိမှာ လူလုပ်ချင်ပြီထင်ပါ့"

"ဟာ၊ တော် တော်ကွာ။ ရော့ ဟောဒီ ကြက်ကြီးယူလိုက် ပေးစမ်း ငွေတစ်သောင်း"

"ဗျာ၊ ငွေတစ်သောင်း ဘာလုပ်ဖို့လဲ"

"မင်းလုပ်လို့ ငါ့ကြက်ကြီး ခြေကျိုးသွားပြီကွ။ ဒီတော့ ပြန်လျော်ပေး"

"ဟာ၊ ပြဿနာပါပဲ"

"ပေး ပေး၊ ကျုပ်ယူမယ်"

ကျာအေးသည် အငြင်းပွားနေသော သူတို့နှစ်ဦးကြား ဝင်လာကာ ကြက်ကြီးကို အတင်း လုယက်ယူလိုက်၏။ ဦးရေခဲကလည်း ကျာအေးကို ယောင်တီးယောင်တနှင့် လှမ်းပေးလိုက်၏။ ဆိတ်ကုလားနှင့် ကျာအေးသည် ကြက်ကြီးကိုင်ပြီး ခေါင်မိုးပေါ် တက်သွား၏။ ထိုစဉ် ကားစက်နှိုးသံ ပေါ်လာသဖြင့် ဦးရေခဲတစ်ယောက် ကားပေါ် အတင်း ခုန်၍ တက်လိုက်ရ၏။

ဖျောက်ဆိပ်နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်ကာ မျက်လုံးရဲရဲကြီးနှင့် ကြည့်လိုက်၏။ ဖျောက်ဆိပ်ကတော့ ဦးရေခဲကို ရှိတယ်တောင် မထင်ပါချေ။ ငူစင်းငေးကာ ကြည့်ကာ လိုက်ပါလာလေ၏။

ထို့နောက် သူတို့လူစု စီးနင်းလာသော ဈေးကားကြီးသည် ကံဖျားရွာကို ဖြတ်ကာ ဗဟိုရွာထိပ်သို့ ရောက်ရှိလာလေတော့သည်။ ကား ရွာထဲ ရောက်သည်နှင့် ကလေးတွေ အုပ်လိုက်ပြေးလာကြ၏။

အော်ကြဟစ်ကြ ဆဲကြဆိုကြနှင့် ဆူညံနေ၏။ ခေါင်မိုးပေါ်မှ ဝယ်ခြမ်းလာသည့် ပစ္စည်းပစ္စယများကိုလည်း အောက်သို့ အလုအယက် သယ်ကြပိုးကြပ်နေ၏။ ထိုစဉ် ကားအနီးသို့ ခေါင်းကြီး ရောက်ရှိလာ၏။

ခေါင်းကြီးကို မြင်တော့ ဖျောက်ဆိပ် ဝမ်းသာအားရ ဖြစ်သွား၏။

"ဟာ၊ ခေါင်းကြီး ခေါင်းကြီး"

"ဟိုက် ဆရာဖျောက် လိုက်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ဟို မင်း မင့်ကြီးတော်ရှိ ရှိသလားကွ"

"ဟာ၊ ပြဿနာပဲ"

"ဟေ၊ ဘာဖြစ်လို့တုံးကွ"

"ဘာဖြစ်ရမှာလဲဗျ။ ဟို ကြီးတော်က ခင်ဗျားတို့ ဧရာတ်ကျည်ပွေ့ကိုင်ပြီး စောင့်နေတာနော်"

"ဗုဒ္ဓေါ့ ဟုတ် ဟုတ်ရဲ့လားကွ"

"ဟုတ်ပါသကောဗျာ၊ အိမ်ကို ပြန်ဖို့တော့ မကြိုးစားနဲ့နော်။ ကြီးတော်က ဆရာဖျောက်ကို ဆော်ပလော်တီးမှာ သေချာတယ်ဗျာ"

"ဘုရား ဘုရား၊ ဒါဆို ငါ ငါ ဘယ်သွားနေရမလဲကွာ"

"မပူပါနဲ့ ကိုကြီးဖျောက်ရာ။ လောလောဆယ် ကျုပ်အိမ်လိုက်နေစမ်း ဗျာ။ ဟောဒီမှာ မြည်းဖို့လည်း အဆင်သင့်"

"အင်း ကောင်းသားပဲ"

ဂျာအေးက ပိုက်ထားသော ကြက်ကြီးကို မျက်စောင်းထိုးပြီး ပြောလို ၏။ သူ့စကားကြောင့် ဖျောက်ဆိပ် ရွှင်ရွှင်ပျပျ ဖြစ်လာ၏။ သို့သော် သူတို့ ဦးကို ဒေါသတကြီး စောင့်ကြည့်နေသော ဦးရေခဲတစ်ယောက် ဘာလုပ်ရ မသိ ဖြစ်နေ၏။ စိတ်ထဲ မချင့်မရဲ ခံစားနေရ၏။ ထို့ကြောင့်လည်း ဂျာအေး

ဂ. အတူ လိုက်ရန်ပြင်နေသော ဖျောက်ဆိပ်၏လက်ကို လှမ်းဆွဲလိုက်၏။

ကြဲ၊ "ဟေ့ကောင် ဖျောက်"

လာ၊ "ဘာတုံးဗျာ၊ တစ်လမ်းလုံးလည်း ခင်ဗျားပြောချင်ရာပြောခဲ့ပြီးပြီ၊ ကားသေးဘူးလားကွ။ ကျုပ်တော့ နားတွေကျိန်းလှပြီဗျ။ ဘာလဲ ဘာလုပ်ပေးရ ရဲ့တွင်ဗျာ"

"ငါ့ကို ဒီတစ်လအတွင်း ငွေတစ်သောင်းဆပ်နိုင်ရင် ဆပ်။ မဆပ်လို့ ပြဿနာ့ မင်းအိမ်ပေါ် ငါရောက်လာပြီသာ မှတ်ပေတော့"

"ဗျာ၊ ဘာလုပ်မလို့တုံး"

"ဘာ သတ်မလို့ကွ သတ်မလို့"

"ဟာဗျာ၊ ခင်ဗျားကြီး တယ်လည်း ဒေါသကြီးသကိုး။ ကျုပ်ကို သတ် ခင်ဗျားက ဘယ်လိုသတ်မှာတုံးဗျ"

"ဟေ၊ အဲ. . . ဟာ ဒါတော့ ပြောလို့ မဖြစ်ဘူးကွ။ ဟေ့ကောင် ဖျော မင်း ငါ့ကို ဘာပေါက်တီးပေါက်ရှာမေးနေသလဲကွ။ အေး ငါက ပြောတဲ့အ လုပ်တာနော်။ ရေခဲဆိုတဲ့အတိုင်း အသေအလဲ ကြမ်းမှာနော်။ ဟင်း ဒေါသတွေ ပွားလာပြီကွ"





"ဟာ၊ ဘရေခဲကလည်း အလကားနေရင်း ဒေါသကို ဆွနေတာကိုးဗျ။ ာဆိုတောင် ရှိသေးတယ်ဗျ။ ဒေါသကို မချုပ်လေနဲ့၊ အပူတွေကွယ်၊ သတိယှဉ်၊ က်သွေးလေး တငင်ငင်၊ သွေးနားထင် မှောက်မှား၊ ဒုက္ခကို ခါးပိုက်ဆောင်ထည့် ာပ၊ အမိုက်မှောင် ဦးတိုက်ရင်ဖြင့်၊ အရှုံးပိုက်ကာ အဝီစိအိုးမှာ ချိုးကပ်လိမ့် ား‌တဲ့ဗျ။ အဲဒီ လင်္ကာလေးကို ဘရေခဲ မှတ်သွားပါလား"

"ဘာကွ၊ ဂျာအေး မင်း မင်း"

"ဩော်၊ ပြောရင်းဆိုရင်း ဒေါသက တမျှဉ်းမျှဉ်းလုပ်နေသကိုး။ ဂျာအေး ာ ငယ်ပေမယ့် တရားသိပါတယ်။ ဘရေခဲရယ် လောကမှာ လောဘ၊ ဒေါသ၊ ာဟဆိုတဲ့ တရားဆိုးသုံးမျိုး ရှိသမျှ အဲဒီထဲမှာ ဒေါသစိတ်ဟာ ကြောက်စရာ ကောင်းဆုံးပေါ့ဗျာ။ ဒေါသဟာ ခင်ဗျားကြီးကို ဦးစွန်းဖုတ်ဆွဲပြီး အဝီစိခေါ် ာ:မှာဗျ"

"ဟေ၊ ဟေ့ကောင် တိတ်စမ်း၊ တရားတွေဘာတွေ ဟောမနေနဲ့။ ဟေ့ ကာင် ဖျောက် သိတယ်နော် ရေခဲတဲ့"

"ဟုတ် ဟုတ်၊ ဟို မြေထဲ ဝင်ဖို့နီး"

"ဘာ မင်း မင်း. . ."

"တော်ပြီဗျာ၊ ဒေါသ ဒီလောက်ကြီးရင် မသေခင်ကတည်းက အဝီစိ ာ်နံနေပြီ"

"ဘာကွ"

ဦးရေခဲတစ်ယောက် ခုန်ဆွခုန်ဆွ ပေါက်ကွဲနေစဉ် ဂျာအေးနှင့် ဆိတ်ကု ားတို့ နှစ်ဦးကို ခေါ်ကာ ရွာမြောက်ဘက်သို့ ထွက်သွားကြလေတော့၏။ အချိန်တွင် ခေါင်းကြီးတစ်ယောက် သူကြီးတော်ထံ သတင်းပေးလေ၏။ အပု း‌မှာ ဖျောက်ဆိပ်ဟု ကြားလိုက်သည်နှင့် ရင်တုန်ပန်းတုန် ဖြစ်လာလေသည်။ ာင်ဆွဲမြောက်ဆွဲနှင့် တစ်ယောက်တည်း ပေါက်ကွဲနေရာ အိမ်ဦးခန်းတွင် မ်းတမြုံမြုံ ဝါးနေသော ဦးတိမ်ပေါ်စံ အဖြေရှာမရ ဖြစ်လာလေ၏။

"ဘယ်လိုဖြစ်သတုံး သမီးရဲ့"

"ဟို သေချင်းဆိုး သေနာကြီး သေဘေးကြီး . . . "

"ဘာတွေတုံး၊ သေစော်တွေ မွှန်နေပါလား သမီးရဲ့"

"ဟို ဒင်းကြီး"

"ဟေ၊ ဘယ်က ဒင်းကြီးတုံး"

"ဘယ်သူရှိရမှာလဲ အဘရယ်၊ ဖျောက်ဆိပ်လေ ကျုပ်ကို ကိုသွားအောင် ပ်တဲ့ ဟာကြီးလေ"



www.burmeseclassic.com

www.burmeseclassic.com



“ဖျောက်ဆိပ်၊ သြော် ဟို ရှုံးကြောင်ကြောင်ကောင်။ ဟုတ်ပြီ ငါကလည်း မေ့တတ်ပ။ ပြောပါဦး နင့်ယောက်ျား ရွာကို လိုက်လာတယ်ပေါ့”

“ဟုတ်ပ အဘရယ်။ ကျုပ် ဒင်း ဒင်းမျက်နှာကို မကြည့်ချင်ဘူး”

“ဟာ၊ ကြီးပုကလည်း ဆရာဖျောက်ဟာ ကိုယ့်ယောက်ျားလေ။ လင် မယားဆိုတာ စလောင်းဖုံးနဲ့ ဒယ်အိုးလိုပဲပေါ့ဗျာ”

“ဟေ၊ ဘာတုံး မင်းစကားက ဆန်းလှချည်လား”

ဦးတိမ်ပေါ်စံသည် ခေါင်းကြီး၏ စကားကြောင့် ယောင်ချာချာ ဖြစ်သွား၏။ ဒေါသ တဖျစ်ဖျစ်ထွက်နေသော အပုလေးမှာလည်း ခေါင်းကြီး ဘာပြော လိုက်သည်ကို နားမလည်ဖြစ်နေ၏။ ခေါင်းကြီးကတော့ သူ့စကားကို ပညာရှိ ဖမ်း၍ အကျေနပ်ကြီး ကျေနပ်နေ၏။ ဦးတိမ်ပေါ်စံသည် ခေါင်းကြီးကိုလည်း ကြည့်မရ၊ ဖျောက်ဆိပ်ရှေ့က ကာဆီးကာဆီး လုပ်နေသည်မို့ စိတ်ထဲ မနှစ်မြို့ လှ။ ထို့ကြောင့်လည်း မှုန်ကုပ်ကုပ်နှင့် လှည့်မေးလိုက်၏။

“ပြောပါဦးကွာ”

“ဟာဗျာ၊ ဥမ္မတ္တကောကြီးကလည်း ဒုံးပဲ့ဗျာ။ စလောင်းဖုံးနဲ့ ဒယ်အိုး အမြဲ ဒွန်တွဲနေတယ်လေဗျာ။ စလောင်းဖုံးမရှိရင် ဒယ်အိုးလည်း ယင်တလောင်း လောင်းပဲဗျာ”

“ဟေ ယင်တလောင်းလောင်း၊ ဒါဆို အပုလေး. . .”

“ဟာ ဘာတွေတုံး၊ ကျုပ်ပြောတာ အတူရှိသင့်သဘောကို ပြောတာ ဟဲဟဲ ပညာရှိစကားဆိုတော့ နည်းနည်းတော့ နက်နဲတာပေါ့ဗျာ။ ကဲ ကြီး”

“ဘာတုံး၊ နင်က နင့်ဆရာကို သဗ္ဗာဒေဝကြီးများ အောက်မေ့နေသလား မှတ်ထား ကိုက်ဆိုက်က ဆရာကြီးကိုက်ဆိုက်၊ လုပ်တော့ ဘာမှ မဆင်မခြင် ထင်ရာလုပ်”

“သြော် လူပဲ ကြီးပုရယ်။ အန္ဓပုထုဇဉ်မှန်သမျှ မှားကြမှာချည်းပဲဗျ။ ဥမ္မတ္တ ကောကြီး မေးကြည့်”

“ဟေ ဘာတုံးကွ၊ လူကို ဘာဆွဲထည့်တာလဲ”

“သြော်၊ ခင်ဗျားကြီးလည်း မမှားဘူးလား။ ကျုပ်အထင်တော့ ကြီး မှားလေ။ အမှားများရင် အမှန်ထင်ပြီး ကြံပင်တောင် ဇောက်ထိုးစိုက်မယ့် လူ”

“ဘာကွ၊ တော်စမ်းကွာ သမီး နင့်ယောက်ျားဟာ မှောက်မှားလွယ်တာ ဖောက်ပြားလွယ်တယ်၊ ချောက်ချားလွယ်တယ်”

“အင်း အရေးထဲ နဘေထပ်နေရပြန်ပြီ”





“တိတ်စမ်း ခေါင်းကြီး ငါပြောတာ နားထောင်၊ ဒါကြောင့် သမီးယောက်ျား ဟာ ယောက်ျားနွယ်ကြီးကွ”

“ရှင်၊ ဒါဆို ဟိုခွေဒီပတ် . . .”

“အေးပေါ့ သမီးရဲ့၊ သူဟာ ခွေခွေပတ်ပတ်နဲ့ ဘဝကို နွယ်လို သွားချင် တာ၊ ခုလည်းကြည့် ငါ့သမီးကို ဒုက္ခပေးတာ ဘယ်အပင်မြင်လို့ ဘယ်ချုံမြင်လို့ လဲမှ မသိတာ။ ဒီတော့ လျှာနဲ့သွားဆိုပေမယ့် ငါ့အမြင်တော့ ဖျောက်ဆိပ်ဟာ အာနဲ့စားချင်တာ”

“ဒါဆို သူက ဗေဒင်ဆရာပဲ လုပ်သင့်တယ်လို့ အဘက ပြောတာလား”

“အင်း၊ ဒင်း အနှိပ်သည်လုပ်ရင် ဦးဆုံး ဒုက္ခတွေ့မှာ သမီးပဲ။ ဒီတော့ သူလုပ်ချင်တဲ့အလုပ်ကို လုပ်ပစေ။ သူက အာနဲ့ ကြီးပွားနိုင်ပုံပေါ်တယ်”

“ဖြစ်သွားပြန်ပြီ၊ ကေန္တ ဥမ္မတ္တကောကြီးက ကျုပ်ဆရာကို ကားများမှတ် ခနေလားဗျ။ ဟို ဂီယာထိုး ဒီဂီယာထိုးနဲ့”

“ဟဲဟဲ ဒါကတော့ ပက္ကတိတစ်ဦးရဲ့အမြင်ကိုးကွ”

“အို သမီးကတော့ စိတ်ရှုပ်တယ်။ ဒင်းကြီးကို ကျေကို မကျေနပ်နိုင်ဘူး ဟင်း ဟင်း၊ ကျုပ်ကတော့ အိမ်ဦးနတ်ဆိုပြီး မရတာ။ ဒင်းက ကျုပ်ကို ကြွ. .”

“တော်ပါတော့ ကြီးပုရာ။ ဒါဆို ဟိုညက အိပ်ရာထဲ ဘာဖြစ်လို့ ထပြီး ကိုဖျောက် ကိုဖျောက်နဲ့ ထငိုတာလဲဗျ”

“ဟဲ့ အဲဒါ အိပ်မက် မက်တာဟဲ့”

“သြော်၊ လူဆိုတာ အစွဲလမ်းကြီးလွန်းတော့ အိပ်မက်ထဲတောင် ထည့် မက်တယ်တဲ့ဗျ။ ကိုယ့်ကိုယ်ကိုယ် မညာချင်စမ်းပါနဲ့ဗျာ”

ခေါင်းကြီး၏ စကားကြောင့် အပုလေး ငိုင်ဆင်းသွား၏။ ထိုအချိန်တွင် ခေါင်းကြီးသည် နွားစာအတွက် ကောက်ရိုးလေးငါးထုံးစဉ်းလိုက်ပြီး ရွာထဲသို့ ထွက်ခဲ့လေတော့၏။

ထိုအချိန်တွင် ဖျောက်ဆိပ်နှင့် ဂျာအေးတို့နှစ်ဦးမှာ တူညီသော ခံစားချက် နှင့် မရိုးမရွ ဖြစ်နေ၏။ ဖျောက်ဆိပ်ခမျာ ဇနီးသည် အပုလေး၏ မျက်နှာကို လွန်အမင်း တွေ့ချင်နေ၏။ သူ့နည်းတူပင် ဂျာအေးခမျာမှာလည်း ရွာပြန်ရောက် ည်နှင့် ပန်းညိုကို သတိတရရ ဖြစ်နေ၏။ ထို့ကြောင့်လည်း ဖခင်လုပ်သူ ဦး ကျောက်ဖား ချက်ထားသည့် အမဲသားနှပ်ကိုပင် မြိန်ရေရှက်ရေစားဖို့ မေ့နေ၏

ဦးကျောက်ဖားမှာ ဂျာအေး၏ အမူအကျင့် ပြောင်းလဲနေပုံကို ကြည့် စိတ်ထဲ စနောင့်စနင်း ဖြစ်နေ၏။ ထို့ကြောင့်လည်း သူတို့သုံးဦး အမိုင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ကွပ်ပျစ်ပေါ် ထိုင်နေစဉ် ကောက်ကာငင်ကာ မေးလိုက်လေ၏။

"ဘယ်လိုလဲ လူလေးရဲ့၊ ဒီတစ်ခါ အဘချက်တဲ့အမဲသားနှပ်ကို ဟုတ်တိပတ်တိလည်း မစားပါလားကွ"

"ဒီလို မဟုတ်ပါဘူး အဘရယ်။ အဘလက်ရာရဲ့ ကောင်းချက်ကတော့ ပြောစရာ မလိုပါဘူးဗျာ။ ဒါပေမယ့် ရွာပြန်ရောက်ရင်လည်း စိတ်ထဲ တစ်မျိုးကြီးဗျ"

"အလို ဘယ်လိုတစ်မျိုးကြီးလဲ လူလေးရဲ့"

"အင်း၊ ဟိုဗျာ ထောင့်ငါးရာကီလေသာ တယ်ဆိုးသကိုး အဘရဲ့"

"ဟေ၊ ဘယ်လို စကားတွေတုံး လူလေးရာ။ ဧကန္တ ကီလေသာ အမိုက်မှောင်က ရုန်းထွက်ချင်ပြီ ထင်ပ။ ဒါဆိုလည်း ရွာဦးဆရာတော်ကြီးဆီ လျှောက်ကြည့်ပါလား လူကလေးရဲ့။ ကောင်းပါတယ် ဘုန်းကြီးရဟန်းဘဝဆိုတာ ရမဲ့ပါဘိကွ"

"ဗုဒ္ဓေါ၊ အဘက ကျုပ်ကို ဘုန်းကြီးဝတ်ခိုင်းနေသကိုး"

"ဂလိုမဟုတ်ဘူးလား"

"ဟာဗျာ"

ဂျာအေးတစ်ယောက် ဖခင်ဖြစ်သူ၏ စကားကြောင့် စိတ်ထဲ ရှုံ့တီးရှုံ့ဖွဲ့ခံစားလိုက်ရ၏။ ဦးကျောက်ဖားကတော့ ဘာရယ်မဟုတ်၊ ပြောချင်ရာ စွတ်ပြောကာ ဖက်ဆေးလိပ်ကြီးဖွာ၍ နွားတင်းကုပ်ဘက် ဝင်သွား၏။ ထိုအချိန်တွင် လင်းထအိုကြီးလို မှိုင်နေသော ဖျောက်ဆိပ်ကို ကြည့်ပြီး ဂျာအေး မကျေမနပ်ဖြစ်နေ၏။

"ကိုကြီးဖျောက် ဘယ်လိုဖြစ်သတုံးဗျာ၊ ဒီလောက် မှိုင်လွန်းရင် ရွာနာသဗျ"

"အင် မင်းကတော့ လုပ်ပြီ"

"အမှန်ပြောတာဗျ။ ဘာလုပ်လုပ် အမြဲတမ်း ဖျတ်ဖျတ်လတ်လတ် နေခြင်းဟာ မင်္ဂလာရှိသတဲ့ဗျ။ ပြုံးလိုက် ရယ်လိုက်စမ်းပါဗျာ။ ကဲ ပြော ခင်ဗျား ဘာလုပ်ချင်သလဲ"

"ငါလား"

"ဟုတ်တယ်၊ စိတ်ကို ဘယ်တော့မှ ညှစ်မထားနဲ့ဗျ။ စိတ်ညှစ်တော့ စိတ်နာသဗျ။ စိတ်နာရင် လူနာရော။ အဲ လူနာရင် ဆေးရုံရောက် ဆေးရုံရောက်ရင် ခေါင်းပါ မှာပေတော့"

"ဟာကွာ၊ မင်းကလည်း ငါ့ကို အားပေးသလားမှတ်တယ် ခေါင်းမှာခိုင်းနေသကိုး။ ရက်စက်ပါ့ကွာ။ ခုချိန်မှာ ငါအလုပ်ချင်ဆုံးကတော့ အပုလေးရဲ့ မျက်နှာဝင်းဝင်းကြီးကို ဖျတ်ခနဲ ဖျတ်ခနဲ ကြည့်ချင်သပကွာ"





"အင်း၊ ခင်ဗျားနဲ့ကျုပ်က ဝေဒနာချင်း ဆင်နေပြီဗျ"

"မင်းကရော ဘာလုပ်ချင်သလဲ"

"ကျုပ်လည်း ဟိုလေ. . . ကျုပ်က ပန်းညိုလေးကို မြင်ချင်လှသဗျာ။ ကျုပ် သူလေးကို မမြင်ရတာ ကြာပြီဗျ။ အင်း ကျုပ်အချစ်က ရေမျောကမ်းတင် ဆန်ပဲ့ဗျာ။ ဒီလိုနဲ့ အချိန်တွေကုန် လူလည်းနွမ်း။ နောက်ဆုံး ဇရာဖက်ပြီး မြေကြီးထဲ ယက်ဝင်ရမယ့်ပုံဗျ"

"ဟာကွာ၊ မင်းစကားကလည်း ယောက်ျားမဟုတ်တဲ့ အတိုင်းပဲ။ ယောက်ျားဆိုတာ ကောင်းကင်တမွတ် ကြယ်ကိုဆွတ်မှာကွ။ စိတ်မပျက်စမ်းပါနဲ့ကွာ။ မင်းကလည်း ပျော့ဖပ်ဖပ်၊ ငါကလည်း ညှိုးချပ်ချပ်နဲ့ နှစ်ယောက်စလုံး ကုန်ခြောက်ပုံ ပေါက်နေပြီကွ"

"ဟုတ်ပါ့ဗျာ၊ ဒီလိုလုပ်ဗျာ"

"ဘယ်လိုလုပ်ကြမလဲ၊ ပြဿနာရှာတော့မလား။ ဟဲဟဲ ငါကတော့ ခေါင်းခံဖို့ အသင့်ပဲ ဂျာအေးရာ။ ပိုက်ဘောဖျောက်ဆိပ်ဘွဲ့က မင်းရှိမှ အဓိပ္ပာယ်ရှိသကွာ"

"တော်ပါတော့ဗျာ။ လောလောဆယ် နွားတင်းကုပ်မှာ ကြိုးနဲ့ချည်ထားတဲ့ ကြက်ကြီးကို ကြည့်စမ်း"

"ဘာတုံး ဘာလုပ်ရမလဲ"

"ဟာဗျာ၊ ဆိတ်ကုလားတို့ ကျောက်ကြီးတို့ ခေါ်မယ်ဗျာ။ ဒီညကျုပ်တို့ နှစ်ယောက်ရဲ့ ဂန္ထဝင်ည ဖြစ်စေရမယ် ဘယ်လိုလဲ"

"အေးကွ၊ ဒါမှ အေးနေတဲ့သွေးတွေ ပူလာမှာ။ လုပ်စမ်းကွာ၊ ပြဿနာကို မီးခွက်ထွန်းမရှာနဲ့၊ မီးစက်မောင်းပြီး ရှာစမ်းကွာ။ အချစ်ကလေး ပုပုရေ မောင်ကြီးတော့ မိုက်ပြီကွ"

"ဗျာ"

ဖျောက်ဆိပ်တစ်ယောက် ထင်ရာမြင်ရာ စွတ်အော်နေသဖြင့် ဂျာအေးလည်း ခေါင်းစားသွား၏။ နောက်ဆုံး သူတို့နှစ်ဦး ဦးရေခဲ၏ တိုက်ကြက်ကြီးကို ကြိုးဖြေကာ ရွာတောင်ပိုင်းသို့ ထွက်ခဲ့ကြ၏။ သူတို့နှစ်ဦး ရွာထဲ ထွက်လာကြစဉ် အချိန်အခါမှာ နွားရိုင်းသွင်းချိန်ဖြစ်၍ ပေါင်းတိုး ပဲနုတ်လိုက်သွားကြသော ယာသမားများ ပြန်ချိန်ဖြစ်လေ၏။

ထို့ကြောင့်လည်း နွားအုပ်ကြီးများ တစ်အုပ်ပြီးတစ်အုပ် ရွာလယ်လမ်းမကြီးအတိုင်း ဝင်လာကြသလို ပုဆိုးကြမ်းခြုံကာ တူးရွင်းများ၊ ပေါက်ပြား၊ ပေါက်ချွန်းများကိုင်ကာ ရွာသားအချို့လည်း ပြန်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာသူတချို့လည်း အနောက်ဘက် ချောင်းဆီသို့ ရေအိုးကိုယ်စီနှင့် ရေခပ်သွားကြပြီ ဖြစ်လေ၏။ အမှောင်ထုကလည်း ရိုးတိုးရိပ်တိပ်။ ရွာဦးကျောင်းမှာ တုံးခေါက်သံပင် ကြားလိုက်ရပြီ ဖြစ်လေ၏။ နှစ်ဦးသား ရွာတောင်ပိုင်းအရောက်တွင် နွားစာစဉ်းနေသော ဆိတ်ကုလားကို ခေါ်လိုက်၏။

သူတို့သုံးဦး စုမိသောအခါ အရှေ့တောင်ဘက်ရှိ ထန်းတောထဲ ချီတက်ခဲ့ကြလေ၏။ ထန်းတဲကလေးမှာ ထန်းလက်များနှင့် ကာရံထားသော တဲကလေးဖြစ်ပြီး ထန်းသမားကို ကြင်ကြီးတို့ လင်မယားနေထိုင်လေ၏။ သူတို့ လင်မယားတွင် ကလေးငါးယောက်ရှိပြီး ပါးရှား ဆင်းရဲလွန်းလှသဖြင့် ထန်းတက်၊ ထန်းလျက်ချက် အလုပ်ကို လုပ်ကိုင်ကြရပေ၏။

သူတို့နှစ်ဦး ထန်းတဲရှေ့အရောက်တွင် မည်းချိတ်ပေကျံနေသော ကိုကြင်ကြီး ထွက်လာ၏။ ကိုယ်ပေါ်တွင် အကျီမကပ်၊ ဆံပင်နီကြောင်ကြောင်ကလည်း ကွေးကောက် ရှုပ်လိမ်နေပေ၏။

"ဟာ ကိုဖျောက်ကြီးတို့ပါလား။ မြို့က လာကြသလား"

"ဟုတ်ပ ကိုကျင်ကြီးရာ"

"ကဲ ပြော ဘယ်နှစ်လုံးယူမလဲ"

"တစ်လုံးပေးဗျာ၊ ဘာအမြည်းရှိလဲ"

"ကြွက်ကြော်ရှိတယ်၊ ပြီးတော့ မနက်က ချောင်းထဲ ဆင်းဖမ်းထားတဲ့ ငါးပနော် ငရုတ်သီးချက်ရှိတယ်"

"ဟုတ်လား၊ ဒါဆို ချစမ်းဗျာ။ ကျုပ်တို့နှစ်ယောက် ဒီည ဂန္ထဝင်ဆန်ဆန် လွမ်းမယ်"

"ဟိုက် လုပ်ပြီ၊ ဒါဆို တစ်ရွာလုံး မီးလှန့်သံချောင်း ခေါက်ထားရမယ့်ပုံပဲ"

"တော်စမ်းဗျာ၊ စိတ်တွေ ပေါက်ကွဲနေပြီဗျာ"

"ကဲ ကဲ ထိုင် ထိုင်"

ပြောပြောဆိုဆိုနှင့် တဲရှေ့တန်းလျားပေါ်တွင် ဝင်၍ ထိုင်လိုက်ကြ၏၊ တစ်အောင့်အကြာတွင် အညီတက်နေသော စားပွဲပေါ်သို့ ချက်အရက်နှင့် အမြည်းများ၊ ဖန်ခွက် ဝါကြန့်ကြန့်များ ရောက်ရှိလာလေတော့၏။ ထိုအခါ ဖျောက်ဆိပ်နှင့် ဂျာအေးတို့နှစ်ဦး ဂန္ထဝင်ညကို ဖန်တီးရန် တာစူလိုက်ကြပေတော့၏။

* * *



## အခန်း (၉)

ညဦးပိုင်းကာလဖြစ်၍ ဗယ်ရွာကလေးမှာ မှောင်မိုက်နေပေ၏။ လရောင်တ မလင်းတစ်လှည့် လင်းတစ်လှည့်၊ တဲကလေးတချို့မှ မီးရောင်ကလေးများကလည်း လင်းလိုက်မှိန်လိုက် ရှိနေ၏။ ထိုအချိန်တွင် ဂျာအေးနှင့် ဆိတ်ကုလားတို့မှာ ဖျောက်ဆိပ်ကို မူးမူးနှင့် အတင်း တွန်းလွှတ်နေကြ၏။

"ကဲ၊ အချိန်တော့ ရနေပြီဗျ"

"အေး ဟုတ်တယ်၊ အချိန်ရပြီကွ။ ဒီညဟာ ငါတို့ရဲ့ ဂန္ထဝင်ညဖြစ်စေရမယ် ဂျာအေးရေ"

"ဟုတ်ပ ကိုကြီးဖျောက်ရာ၊ လောကကြီးဟာ တစ်ခါ တစ်ခါမှာ ကျုပ်တို့အတွက် ဖြစ်သင့်တာပေါ့ဗျာ။ ကဲ ဦးဆုံး ကျုပ်တို့ မပုလေးအိမ်ကို ချီတက်ကြမယ်"

"ဟေ ဖြစ် ဖြစ်ပါ့မလား"

"ဟာ၊ ခင်ဗျားပဲ ရွှေမျက်နှာလေး ဖူးချင်တယ်ဆို"

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့် ငါက အပုလေးကို ကြောက် ကြောက်သကွာ"

"ဟာဗျာ၊ ကြောက်တာ ဘာဆန်းသလဲဗျ။ အရင်ကလည်း ကြောက်တာပဲဟာ။ ဒါပေမယ့် အဲဒီ အကြောက်တရားက အေး ဟို ဟိုဗျာ ချစ်လို့၊ အချစ်ကြောင့်"

"ဟေ အချစ်ကြောင့်၊ ဟုတ်တယ် ငါ အပုလေးကို ချစ်လွန်းလို့ ကြောက်သကွ"

"ဒါပေါ့ဗျာ၊ ရှိသေကြောက်ချစ် မယားပစ်တဲ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဆိတ်ကုလား မင့်ဘာစကားပြောတာလဲ"

"သြော်၊ ကျုပ်ပြောတာ ဒီလိုဗျာ။ အမှန်တော့ ကိုယ့်မိန်းမကိုယ် ကြောက်တာ မကောင်းဘူးဗျ။ အဲဒီလို ကြောက်ရင် ကိုယ့်စွမ်းကိုယ်စ ပျောက်သဗျ ပြောရရင် ကိုယ်က အိမ်ဦးနတ်လေ။ ဒီတော့ ကိုယ်က နတ်ဖြစ်ပြီး မိန်းမ ကြောက်ရတာ တစ်မျိုးကြီးဗျ"

"အေ မင်းပြောတာ စဉ်းစားစရာပဲကွ။ နေပါဦး နတ်တွေက မိန်းမကြောက်တယ်လို့ ဘယ်ရာဇဝင်မှာ ရှိသလဲ"

"ဟာ သဘောပြောတာဗျ။ နတ်တွေက မိန်းမကြောက်တယ်၊ လူတွေ ယောက်ျားမ ကြောက်တယ်။ ဘီလူးတွေက ယောက်ဖ . . . ."

"ဘာတွေတုံးကွာ၊ ဆိတ်ကုလား လုပ်တာ လိုင်းတွေ ပူးကုန်ပြီကွာ"

"ဟုတ်ပါ့ဗျာ။ ကဲ အချိန်မရှိဘူး။ ထ ထ ရွာထဲသွားကြစို့"

"သွားမယ်ကွာ"

သူတို့သုံးဦး ရွာထဲသို့ ချီတက်ခဲ့ကြ၏။ ထိုအချိန်တွင် အရပ်လူကြီး အောင်မောင်း၊ ဦးရေခဲတို့လူသိုက် လက်နှိပ်ဓာတ်မီး တဝင်းဝင်းနှင့် ကင်းလှည့်လာ ချိန် ဖြစ်၏။

ကျားအေးတို့လူသိုက်သည် အပုလေးတို့နေထိုင်ရာ အိမ်ဝိုင်းနံဘေး အရောက် ဖျောက်ဆိပ်ကို လက်တို့ပြောလိုက်၏။

"အခြေအနေ ဘယ်လိုလဲ"

"အိပ်ပြီထင်ပါရဲ့ကွာ"

"ဟော ဟိုမှာ ခေါင်းကြီးကွ။ မအိပ်ဘဲ ကွပ်ပျစ်ပေါ်ထိုင်ပြီး သီချင်း နေတယ်ကွ"

"ဟာ ဟုတ်တယ်၊ နွားချေးခဲနဲ့ပစ်ကွာ"

"ဆိတ်ကုလား ပစ်စမ်းကွ"

"ရပါတယ်ဗျာ ဒီကိစ္စ ဆိတ်ကုလားက ပိုင်ပြီးသား၊ ကဲ လာလေရောကွာ"

"ဒုတ်"

"အောင်မလေးဗျာ၊ ဘယ်ကောင်ပစ်တာလဲကွ"

"ရှူး ရှူး"

"ဟာ မြွေတွန်တာလား"

ခေါင်းကို လာမှန်သော နွားချေးခဲကြောင့် ခေါင်းကြီးထိုင်ရာမှ ဖျတ်ခနဲ ထရပ်လိုက်၏။ ပါးစပ်ကလည်း ပွစိပွစိ၊ ထိုစဉ် တရှူးရှူးနှင့် အချက်ပေးသံ





ခေါင်းကြီးက မြွေတွန်သံ ထင်နေ၏။ ထို့ကြောင့်လည်း ကြောက်တီးကြောက်တောက် ဖြစ်နေ၏။ ဟိုဟိုဒီဒီ ရှာကြည့်ရင်း အသံပေးလိုက်၏။

ဆိတ်ကုလားသည် ဒုံပေပေနိုင်လှသော ခေါင်းကြီးကို မြင်ပြင်းကတ်သွားသဖြင့် နွားချေးခဲနှင့် ထပ်ပေါက်လိုက်၏။

"အောင်မလေးဗျ"

"ဟဲ့ဟဲ့ ဘာဖြစ်သတုံး ခေါင်းကြီး"

"ပြောတတ်ဘူး ကြီးပုရဲ့၊ ကျုပ် နွားချေးခဲနဲ့ ဘယ်သူပေါက်တာလဲ မသိဘူး"

"ယော၊ သရဲတစ္ဆေများလား"

"ဗျာ"

အိမ်ပြင်သို့ ထွက်လာသော အပုလေးစကားကြောင့် ခေါင်းကြီးလန့်ဖျပ်သွား၏။ ထိုစဉ် အပုလေး၏ မျက်နှာဝင်းစိုစိုကို မြင်လိုက်ရသော ဖျောက်ဆိပ်မျှော ဝမ်းသာလုံးစို့နေ၏။

"ဟာ၊ အပုလေး အပုလေး"

"ဟော့လူ တိုးတိုးဗျ"

"အိုကွာ၊ ဒါ ငါ့အချစ်ကွ အပု . . . "

"အင် ဘယ်သူတုံး"

"အပု . . . "

ဖျောက်ဆိပ်တစ်ယောက် အပုလေးကို မြင်လိုက်ရသည်နှင့် တင်းကျပ်စီးလာသော သံယောဇဉ်၏ အတွင်းအားကို ခံနိုင်ရည်မရှိတော့။ ထို့ကြောင့်လည်း အပုလေး၏ နာမည်ကို တီးတိုးခေါ်လိုက်မိ၏။ သူ့အသံက ညှောင်ညက်ညက်၊ ထို့ကြောင့်လည်း အိမ်ပြင်သို့ ထွက်လာသော အပုလေးခမျာ အိမ်ဝိုင်းရှေ့ ပွစိပွစိပေါ်လာသည့် အသံဗလံကို နားစွင့်ရင်း စိတ်ထဲ သက်မကောင်းဖြစ်မိ၏။

သူမ၏ စိတ်အထင်ဝယ် အိမ်ဝိုင်းနား သူခိုးကပ်ပြီဟု ထင်မိသဖြင့် ကြောက်အားလန့်အားနှင့် အော်ဟစ်လေတော့၏။

"အောင်မလေး သူခိုး သူခိုးရှင့်"

"ဟာ"

"ပြေး ပြေး ပြေးပေတော့"

"ဘုရား"

"ပြေးလေ ကိုကြီးဖျောက်"



www.burmeseclassic.com

www.burmeseclassic.com



"လာဗျာ၊ ပြေးကြစို့"

သူခိုး သူခိုးနှင့် အော်ဟစ်လိုက်သည့်အသံက တစ်ရွာလုံး ပွက်လောညံသွားပေရာ ကျာအေးတို့လူသိုက်ခမျာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ အခြေအနေက အကျဉ်းအကျပ်။ မပြေးလို့ ဘယ်နည်းနဲ့မှ မဖြစ်တော့။

ဖျောက်ဆိပ်မှာလည်း သူကို သူခိုးဟုထင်ကာ အော်ဟစ်လိုက်သော အသံလေးကို နာကြည်းသွား၏။ ထို့ကြောင့်လည်း သူတို့လူစု ပုန်းအောင်းနေရာ အနောက်ဘက် လမ်းမအတိုင်း တစ်ချိုးတည်း ပြေးခဲ့ကြလေ၏။

"ဟာ၊ သူခိုးတဲ့ကွ"

"လိုက် လိုက်ကြစမ်း"

"ဟေ့ကောင် သံချောင်းခေါက်စမ်း"

"ဒေါင် ဒေါင်"

"ဓားပြ ဓားပြဗျို့"

"ဟာ၊ သူခိုးပါကွ ကျောက်ဖြူးရ"

"ပြောတတ်ဘူးလေ၊ ဓားပြနဲ့ သူခိုးနဲ့ အတူတူပဲဟာ"

"ဟာ ပြဿနာပဲ"

"အော်ကွာ၊ တစ်ရွာလုံး တပ်လှန့်အောင် အော်စမ်း"

ဦးရေခဲတို့လူစုမှာ အပုလေး၏ အော်သံကြောင့် အော်သူ အော်၊ ဟစ်သူ ဟစ်၊ လိုက်သူ လိုက်၊ သံချောင်းခေါက်သူ ခေါက်နှင့် ဝရုန်းသုန်းကား ဖြစ်တော့ကြ၏။ ဓားပြဟု စွတ်အော်လိုက်သော ကျောက်ဖြူး၏ အသံကြောင့် တစ်ရွာလုံး ချောက်ချားကုန်ကြ၏။

ထိုအချိန်တွင် ကျာအေးတို့လူစုမှာလည်း လက်နှိပ်ဓာတ်မီး တဝင်းဝင်း မြင်လိုက်ရသဖြင့် ကြုံရာ အိမ်ဝိုင်းထဲ တိုးဝင်ခဲ့ကြ၏။ သူတို့ အရမ်းကာရော ဝင်ခဲ့ကြသည်မှာ ဒေါ်တလုတ်မတို့ သားအမိနေထိုင်ရာ ခြေတံရှည်အိမ်ကြီးပင် ဖြစ်လေ၏။

သူတို့သုံးဦး ဘာမှ မစဉ်းစားတော့။ ခြေတံရှည်အိမ်အောက်ထဲ အတင်း တိုးဝင်ခဲ့ကာ ပုံထားသော ပဲအိတ်များ၊ ပုတ်ကြီးများကြား ခိုဝင် ပုန်းအောင်းနေ ကြလေ၏။

"ဟာ၊ ဟိုအိမ်ဝိုင်းထဲ ဝင်သွားပြီဗျ"

"လိုက် လိုက်"

"ဓားပြတွေဟေ့"





"ဒုန်း ဒုန်း"

"နောင် နောင်"

တစ်ရွာလုံး သောသောညံကုန်၏။ ရွာသားများသည် ဓားလှံတုတ်တွေ ကိုင်ကာ ဦးရေခဲတို့နောက် ရောက်ရှိလာ၏။

"ဟကောင် ကျောက်ဖြူး ဘယ်ခြံလဲကွ"

"ရိုးတလုတ်မတို့ အိမ်ဝိုင်းထဲဗျ"

"ဒါဆို ဝင်ကြကွာ"

ပြောပြောဆိုဆိုနှင့် အိမ်ဝိုင်းတံခါးဖွင့်၍ ဝင်လာကြ၏။ အော်ဟစ်နေကြသော အသံဗလံများကြောင့် ဦးဆုံးနိုးလာသူမှာ ကြိုကြာရိုး၊ ထို့နောက် ဒေါ်တလုတ်မနှင့် ပန်းညိုတို့ပါ နိုးလာ၏။

ဓားပြဆိုသော အသံကြောင့် ဒေါ်တလုတ်မနှင့် ပန်းညိုတို့မှာ အကြီးအကျယ် ချောက်ချားနေ၏။ ကြာရိုးသည် ထရံတွင် ချိတ်ထားသော ဓားအိမ်ပါသည့် ငှက်ကြီးတောင်ကို ဖျတ်ခနဲ ဆွဲယူကာ ဓားကို ဆွဲထုတ်လိုက်ပြီး အောက်သို့ တုန်တုန်လှုပ်လှုပ်နှင့် ဆင်းခဲ့လေ၏။

ထိုအချိန်တွင် ဦးရေခဲတို့ လူသိုက် အိမ်ဝင်းထဲသို့ ရောက်ရှိလာကြပေရာ လက်နှိပ်ဓာတ်မီး တဝင်းဝင်းနှင့် ဟိုထိုးဒီထိုး လုပ်နေကြ၏။ မီးရောင်တဝင်း ဝင်းကြောင့် နွားတင်းကုပ်ထဲရှိ နွားကြီးများလည်း တရှူးရှူး တဖူးဖူးနှင့် နှာမှုတ်သံကြီးများပေးကာ လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေ၏။

မီးရောင်တဝင်းဝင်းနှင့် ပြောသံဆိုသံ အော်သံဟစ်သံများကြောင့် ကျာအေး တို့လူစုမှာ ပုတ်ကြီးများကြား ကုန်းကုန်းကွကွနှင့် ချွေးပြန်နေကြ၏။ အသံကို စိုးစိမ့် မထွက်ရဲ၊ ဖျောက်ဆိပ်တို့ခမျာ ဘုရားတတတဖြစ်နေကြ၏။ သို့သော် ကံကြမ္မာက ဆိုးဝါးလှသည်ဟု ဆိုရမလားပင်။

ဦးရေခဲတို့လူစုက မီးရောင်တဝင်းဝင်းထိုးရင်း သူတို့ ပုန်းအောင်းနေသော ပုတ်ကြီးများဆီသို့ ရောက်ရှိလာကြ၏။ ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ ကာလသားခေါင်း ကျောက်ဖြူး။ လက်နှိပ်ဓာတ်မီးတဝင်းဝင်း ထိုးရင်း ပုတ်ကြီးနား ရောက်လာလေရာ ကုန်းကုန်းကွကွကြီး လုပ်နေသော ဖျောက်ဆိပ်ကို မြင်သွား၏။ ခေါင်းလည်း မမြင်၊ ကိုယ်ကြီးပဲ ဖြစ်နေ၍ ရုတ်တရက်မို့ ကျောက်ဖြူးနောက်သို့ တွန့်ခနဲ ဆုတ်သွား၏။

"အောင်မလေး ဘာကြီးလဲဗျ"

"ဘာ ဘာမြင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ဒီမှာ ကိုယ်ကြီးဗျ၊ ခေါင်းမပါဘူး"

"ဟော၊ ဒါဆို ချေးစားစုန်းများလား"

"ဟာ ဟုတ်ဘူးဗျ"

ပုဆိုးအကွက်နှင့် ကုန်းကုန်းကြီးလုပ်နေသော ဖျောက်ဆိပ်ခေါင်းကို ပုတ်ကြီးထဲသို့ စိုက်ထားသဖြင့် ဖင်ပူးထောင်း ထောင်ချသလို ဖြစ်နေ၏။ ထိုစဉ် ကျောက်ဖြူးအနားသို့ ဦးရေခဲ ရောက်လာ၏။ သူလက်ထဲတွင် ပါလာသော ဝါးချွန်နှင့် ကုန်းကုန်းကြီးလုပ်နေသော ဖျောက်ဆိပ်ကို ထိုးကြည့်လိုက်၏။

"အောင်မလေးဗျ။ မ မလုပ်ပါနဲ့"

"ဟာ၊ အော်တယ်ဟ။ ဘယ်သူတုံး"

"အားလုံး အသင့်ပြင်ထားကြဟေ့"

"ထွက်ခဲ့စမ်း၊ တွေ့ပြီပေါ့ကွာ။ ဗပျိုကို မစမ်းနဲ့ လွမ်းသွားရမယ်ကွ ဟင်းဟင်း"

"ထွက် ခုထွက်ခဲ့ကြစမ်း"

"ကြောက် ကြောက်ပါပြီဗျ။ ကျုပ်တို့ လူ လူကောင်းတွေပါ"

"ဟင်၊ ဖျောက်ဆိပ်"

"ဟာ ဂျာအေးနဲ့ ဆိတ်ကုလားတို့ပါလား"

"ဟုတ် ဟုတ်ပါတယ်ဗျာ။ လူမှားပါ့မယ်ဗျာ"

"ဩော် ဘယ်သူများလဲလို့ လက်စသတ်တော့ ပြဿနာပေါင်းစုံ ကန့်ထရိုက်ယူထားတဲ့ ဩကြီးဖျောက်ဆိပ်နဲ့ ဂျာအေးတို့ လူစုကိုး။ ကိုင်း ထွက်ခဲ့ကြစမ်း"

"ဘရေခဲ၊ ကျုပ် ဂျာအေးလေဗျာ။ ဟဲဟဲ အချင်းချင်းတွေပဲဗျာ"

"ဘာကွ၊ မင်းတို့ မှောင်ကြီးမည်းကြီးထဲ ဘာလုပ်ကြတာတုံး။ ကဲ နောက်မှ မေးမယ် အားလုံးကို ကြိုးတုပ်လိုက်စမ်း"

"ဟုတ်ကဲ့"

"ဟာ၊ လုပ်ရက်ပါ့ကွာ"

"လုပ်ရမယ်ကွ။ မင်းတို့သုံးယောက်ပေါင်းမိတာနဲ့ ရွာမှာ မီးလှန့်သံချောင်းခေါက်ရမယ့်ပုံကွ။ ကဲ ကြာတယ်ကွ ခေါ်ခဲ့ကြတော့"

"ဟယ် ဓားပြခေါင်းက ဖျောက်ဆိပ်"

"ဟုတ်ပါ့မလား"

"ကိုကြာရိုး"





"ဟာ့ ဂျာအေး"

"ဟုတ်တယ်ဗျာ၊ ကြီးတလုတ်မ ကျုပ် ဂျာအေးပါဗျ။ ဓားပြမဟုတ်ပါဘူးဗျာ။ ပြောပေးစမ်းပါဦး"

"တိတ်စမ်း"

ဂျာအေးခမျာ ဒေါ်တလုတ်မကို ပြောလိုက်၊ အူကြောင်ကြောင်ရပ်နေသော ကြာရိုးကို ငိုမဲ့မဲ့ပြောလိုက်သော်လည်း ဦးရေခဲတစ်ယောက် အခြေအနေ သူ့ဘက်ရောက်လာပြီမို့ အပီကိုင်တော့မည့်အသွင်နှင့် ဂျာအေးတို့လူစုကို ခြံဝိုင်းထဲမှ ခေါ်ထုတ်သွားလေ၏။ တစ်ရွာလုံးမှာလည်း ဓားပြခေါင်းဆောင် ဖျောက်ဆိပ်ဆိုတာ သိလိုက်ကြသဖြင့် မယုံတစ်ဝက်ယုံတစ်ဝက် ဖြစ်နေကြ၏။

သို့နှင့် သူတို့သုံးဦး ရွာသူကြီး အောင်မောင်း၏ အိမ်ဝိုင်းရှေ့သို့ ရောက်ရှိလာ၏။ အောက်လင်းဓာတ်မီး ထွန်းထားသဖြင့် တစ်ဝိုင်းလုံး လင်းထိန်နေပေ၏။

ဖျောက်ဆိပ်တို့သုံးဦးမှာ မြေပြင်ပေါ်တွင် ဆောင့်ကြောင့်လေး ထိုင်နေကြ၏။ သူတို့ရှေ့တွင် ဦးရေခဲ၊ ဦးအောင်မောင်း၊ ကျောက်ဖြူး၊ ဗလကြီးတို့က ...င်းထား၏။ ဦးရေခဲ၏ အသွင်က မင်းတုန်းမင်းကြီးလိုလို ဘာလိုလို ဟန်လုပ် ...၏။

"ကိုင်း ငဖျောက် ပြောစမ်း၊ မင်း ဘယ်အိမ်ကို ဓားပြတိုက်မလို့လဲ"

"ခင်ဗျားကြီးအိမ် အဲ . . ."

"နေပါဦး ကျုပ်တို့ မှန်တာဖြေရင်ကော ခင်ဗျားကြီးက လွှတ်မှာလားဗျ"

"ဘာကွ"

"ဟုတ်တယ်လေ၊ ကျုပ်တို့သုံးယောက်စလုံး ဒီရွာသားတွေပဲဟာကို ဘယ်...လာ ဓားပြဖြစ်ရမှာလဲဗျ။ ခင်ဗျားကြီး လူကြီးလုပ်ပြီး ဒီလောက် မစဉ်းစားဘူးလား"

"ဟော"

"ခင်ဗျားကြီးက ကျုပ်တို့ကို မဲနေတာဆိုတော့ ခုချိန်မှာ ခင်ဗျားအပိုင်ချည်...က်လို့ရတဲ့အချိန်ပဲ။ ဒီတော့ ကျုပ်မှန်တာ ဖြေဖြေ၊ မှားတာ ဖြေဖြေ ခင်ဗျား...ကြီး ခွင့်လွှတ်မှာ ဟုတ်ဘူးဗျ"

"အလို ငဖျောက် တယ်စွာပါလားကွ"

ဖျောက်ဆိပ်တစ်ယောက် အရှိန်ကလည်းရနေပြီမို့ စွတ်ပြောလေတော့...၊ ချက်နှင့်လက်နှင့် ပြောလိုက်သည်မို့ ဦးရေခဲ နင်နေ၏။ ဂျာအေးနှင့် ဆိတ်...လားတို့ကပါ ဘေးက ဘေးထိုးလာလေတော့၏။

"ဟုတ်တယ်၊ ဘရေခဲက ကျုပ်တို့ကို ငြိုးနေမှတော့ ဘာပြောပြော အ...ကားပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဟုတ်တယ်၊ ဒီကိစ္စမှာ လွန်တာ ဘရေခဲ၊ ကဲ ပြောပဦး ဒီပြဿနာကို တမင် အကွက်ထွင်တာ ဘရေခဲ မဟုတ်လား"

"ဟော၊ ဟာ နေ နေကြပါဦးကွ။ ခုချိန်မှာ မင်းတို့မေးတာ ငါကဖြေရမှာ လားကွ"

"ပြောတတ်ဘူးလေဗျာ။ မရိုးသားမှုကို ဖုံးထားလို့ မရပါဘူးဗျာ"

"ဟုတ်တယ် မရိုးသားရင် အရှိုးစားရလိမ့်မယ်"

"ဒါပေါ့ကွ၊ အရိုးမစားရဘဲ ချိုးပဲစားရင် စားရမှာ"

"ဟဲ့ ဟ နေကြဝါဦးကွ။ ခုချိန်မှာ မင်းတို့အားလုံး ငါ့လက်ခုပ်ထဲက ရေတွေကွ"

"ဒါဆိုလည်း သောက်ချလိုက်ဗျာ"

"အေး၊ အဲ ဟော့ကောင် ဂျာအေး မင်းစကားပြောတာ ကြည့်ပြော၊ ထဲ ပြောကြစမ်း မင်းတို့သုံးယောက် ဘယ်အိမ်ဓားပြတိုက် . . ."

"ဟာ လွန်ပြန်ပြီဗျာ။ ကဲ ပြော ခင်ဗျားကြီး ဘယ်အိမ်ကို တိုက်စေချင်သ တုံး"

"ဘာ"

ဦးရေခဲမှာ ဖျောက်ဆိပ်၊ ဂျာအေး၊ ဆိတ်ကုလားတို့ သုံးဦးကြား သူခံနေ ရဘဲ သူချည်း ပြောနေရသည်မို့ ချာလည်ချာလည်ဖြစ်နေ၏။ ဦးအောင်မောင်း မှာ ဖျောက်ဆိပ်တို့ကိုကြည့်ပြီး ခေါင်းတခါခါ လုပ်နေပေ၏။

"ဟုတ်သေးဘူး ကိုရေခဲရ၊ ဖျောက်ဆိပ်တို့ဟာ ဘယ်နည်းနဲ့မှ ဓားပြမဖြစ် နိုင်ဘူးဗျ"

"အဲဒါ ပြောတာပေါ့ အရပ်လူကြီးရယ်။ ခုဥစ္စာ တမင်အကွက်ဆင်တာဗျ"

"ဟေ ဟို အဲ . . ."

"ကဲ ကြိုးဖြေလိုက်ကြပါကွာ"

ဦးအောင်မောင်းစကားကြောင့် ဗလကြီးနှင့် ကျောက်ဖြုးတို့နှစ်ဦးသ ဖျောက်ဆိပ်တို့ လူစုကို ကြိုးများဖြေပေးလိုက်၏။ ဦးရေခဲမှာ သူဆင်ထားသည့် အကွက် မအောင်မြင်ဖြစ်သွား၍ ရှုံ့တွနေ၏။ ထို့ကြောင့်လည်း အသံသြ ကြီးနှင့် မချိတင်ကဲ မေးလိုက်ပြန်၏။

"ဒါဆို မင်းတို့ ဟိုပြေးဒီပြေးနဲ့ ဘာဖြစ်နေကြတာလဲ"

"ဩော်၊ ခင်ဗျားတို့က ဓားပြလို့ အော်တာကိုးဗျ"

"ဟေ ဟို အဲဒါ ကျောက်ဖြုးအော်တာကွ"





"ဟာ၊ ဘရေခဲကလည်း ဓားပြနဲ့ သူခိုးက အတူတူပဲလေ"

"အင်၊ ဒီကိစ္စ တစ်ယောက်ယောက်မှားတာပဲ ဖြစ်ရမယ်။ ကျုပ်က ကျုပ် မိန်းမခေါ်ဖို့ လာတာဗျ။ ဒါကို ဘယ်သူက အော်လိုက်တာလဲဗျ"

"ပြောတတ်ဘူးလေ"

"တောက်၊ လူကို ခွေးပြေးဝက်ပြေး ပြေးလိုက်ရတာ။ အမောကို ဆို့လို့။ ကဲ ကျုပ်တို့ ပြန်မယ် အရပ်လူကြီးရယ်။ ခုဥစ္စာ ဦးရေခဲ ဆင်ကွက်ထွင်တာဗျာ သွားမယ်ဗျာ"

"သွားကြလေ၊ သိပ်လည်း ဟိုဟိုဒီဒီ လျှောက်မသွားကြပါနဲ့"

"စိတ်ချပါဗျာ"

ဦးအောင်မောင်းကို ပြောဆိုပြီး ဖျောက်ဆိပ်တို့သုံးယောက် အိမ်ဝိုင်းထဲမှ ရင်တကော့ကော့နှင့် ထွက်ခဲ့ကြလေတော့၏။ ဦးရေခဲမှာတော့ အံတကြိတ်ကြိတ် ဖျောက်ဆိပ်တို့လူစုကို ထိပ်တုံးမခတ်လိုက်ရသဖြင့် အပေါက်ကွဲကြီး ပေါက်ကွဲ နေပေ၏။ ထိုအချိန်တွင် ဦးရေခဲနည်းတူ ပေါက်ကွဲနေရသူမှာ ဖျောက်ဆိပ် ဖြစ် ပေ၏။

အမှန်မတော့ အပုလေးနှင့် ငြိမ်းချမ်းရေးယူဖို့ ကြိုးစားခဲ့ခြင်း ဖြစ်ရာ ဦးရေခဲ တို့လက်ချက်ကြောင့် ခွေးပြေးဝက်ပြေးဖြစ်ခဲ့ရသည်ကို မကျေမချမ်း ဖြစ်နေရ ပေ၏။ နောက်ဆုံး သူတို့သုံးဦး ဂန္ထဝင်ည တည်ဆောက်မည့် အစီအစဉ်ကို ဖျက် သိမ်းရတော့မည့်ပုံ ပေါက်နေ၏။ ထို အချိန်တွင် သူတို့လူစုအနားသို့ ခေါင်းကြီး ရောက်လာရာ ဖျောက်ဆိပ် ဝမ်းသာအားရ ဖြစ်နေ၏။

"ဟာ၊ ခေါင်းကြီး ဝမ်းသာလိုက်တာကွ။ ဟို မင်းကြီးတော် ငါလာတာ သူ သိသလားကွ၊ ပြောပါဦး"

"သိတာပေါ့ဗျာ"

"ဟေ သိတယ်ဟုတ်လား။ ဝမ်းသာလိုက်တာကွာ၊ ဒါဆို ငါ့ကို သူဘယ် လို သဘောထားသေးလဲ"

"ခုထိတော့ ကြိုးပုက ပေါက်ကွဲနေတုန်းပဲဗျ။ ပြီးတော့ ဟို ဥမ္မတ္တကော ကြီးက မလွယ်ဘူးဗျ၊ ဧဘားက မီးထိုးပေးနေတယ်။ ခင်ဗျားကို ဖောက်ပြားလွယ် တဲ့ ယောကျ်ားနွယ်တဲ့ဗျ"

"ဘာ၊ သူကများ ယောကျ်ားနွယ် ဟုတ်လား။ ထပ်သရီး ဒင်းကြီးကမှ ယောကျ်ားနွယ်ကြီးတောင် မဟုတ်ဘူး မြွေကြီးကွ မြွေကြီး"

"ဗျာ မြွေ မြွေဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ငါပြောတာ သူများအိမ် အခန့်သားတက်ပြီး သူ့ကိုယ်သူ အိမ်ရှင်လုပ်တဲ့ လူကြီးကွ။ အလကားဟာကြီး။ ဒီအဘိုးကြီးကို ဘယ်လိုမောင်းထုတ်ရမလဲ မသိဘူးကွာ။ ကြံကြစမ်းပါဦး"

"အင်း ခက်တော့တာပဲ။ ရှင်းနေတဲ့ပြဿနာကို ရှုပ်အောင်လုပ် ရှုပ်နေတာကိုမွှေ မွှေပြီးတော့ မွှေးပစ်တာ"

"ဘာတွေတုံးကွ။ မင်းဥစ္စာ ချည်ထွေးကြီးကျနေတယ်ပဲ ခေါင်းကြီးရာ။ ဒီလိုလုပ်ကွာ မင်းပဲ မင်းကြီးတော် ဖျန်ဖြေပေးစမ်းကွာ။ ဖြစ်နိုင်ရင် ငါနဲ့ပတ်သက်ပြီး ဇာတ်နာအောင် ပြောစမ်းကွာ"

"ဗျာ၊ ဇာတ်နာအောင် ပြောရမယ်၊ ဒါဆို ခင်ဗျားကိုယ်ခင်ဗျား ဇာတ်မင်းသားကြီးလို သဘောထားရမှာပေါ့ဗျာ"

"ဟကောင်ရ ငါပြောတာ ပမာပြောတာကွ။ ငါဟာ အပုလေးနဲ့ ပတ်သက်ပြီး ဘယ်လိုခံစားနေရတယ်၊ ဘယ်လိုကြေကွဲနာကျင်နေရတယ်တို့ ပြောကွာ၊ နောက်ဆုံး နေ့တိုင်းညတိုင်း ငိုနေရတယ်ပေါ့"

"ဟာဗျာ၊ ယောကျ်ားတန်မယ့် ငိုတယ်ဆိုတာတော့ ပျော့လွန်းသဗျာ။ တော်ကြာ ခင်ဗျားလို အိုကြာကွေးကို ရွံတယ်ပြောမှာဗျ"

"ဒုက္ခပါပဲ။ငါခိုင်းတဲ့အတိုင်းလုပ်ကွ။ မင့်ကို ပေဒင်သင်ရိုးကုန်အောင် သင်ပေးမယ်ကွ"

"ဗျာ၊ တကယ်လားဗျာ"

"တကယ်ပေါ့ကွာ၊ ပြီးတော့ ပြောလိုက်စမ်းပါကွာ။ မဂ်လာဦးညက အပုလေး ပန်းခဲ့တဲ့ ပန်းခြောက်ကို အမြဲတမ်းကြည့်ပြီး ငိုနေတယ်ပေါ့။ ပြီးတော့ အရက်တွေလည်း ဂါလံလိုက် သောက်နေပြီလို့ပေါ့ကွာ။ ဟဲ ဟဲ ဒါမှ ဇာတ်နာမှာကွ"

"အင်း မင်းသား လွမ်းခန်းကလည်း အရက်ဂါလံလိုက်သောက်တာဆိုတော့ တစ်ဖက်က အရက်သမားကြီးဆိုပြီး လှည့်မကြည့်ဆိုရင်ကောဗျာ၊ ဆြာဖျောက်ရဲ့ လွမ်းခန်းက ယုတ္တိမရှိပါဘူးဗျာ။ ဒီတော့ ဒီလိုလုပ်ဗျာ ခင်ဗျား မနက်ကျရင် ချောင်းနားမှာ စောင့်နေ။ ကြီးပု ရေလာခပ်တုန်း ချောင်းထဲခုန်ချဗျာ။ မင်းမချစ်ရင် ငါလည်း မနေချင်ဘူးဟေ့လို့ ပြောပေါ့ဗျာ။ ဒီတော့ ခင်ဗျားကို သနားချစ်နဲ့ချစ်"

"ဟာ၊ ခေါင်းကြီး စီစဉ်တဲ့ ဇာတ်က နာတာထက် ဖျာသွားနိုင်တယ်နော်။ ကြည့်လုပ်ပါ ကိုကြီးဖျောက်ရယ်"





"အိုကွာ၊ အပုလေးကြောင့် ပြာပြာဝါဝါကွာ လုပ်မယ်၊ အဲဒီအစီအစဉ် အကောင်းဆုံးပဲ"

"ဒုက္ခပါပဲ၊ လေ့လူးနဲ့ အရူးတွေလိုပါလား"

ကျာအေး ဘာမှ ဝင်မပြောနိုင်တော့။ ခေါင်းကြီးက သူ့ကိုယ်သူ ဒါရိုက်တာကြီးလို ဟိတ်ဟန်ထုတ်ကာ ဖျောက်ဆိပ်ကို သင်ကြားနေ၏။ အလွမ်းမင်းသား ဖျောက်ဆိပ်ခမျာ ခေါင်းလေးတညိတ်ညိတ်။

သို့နှင့် သူတို့လူစု၏ ဂန္ထဝင်ညမှာ မရေမရာ ပြီးဆုံးသွားခဲ့ရပြီး ဖျောက်ဆိတ်လည်း ကျာအေးတို့အိမ်တွင် မူးမူးနှင့် လိုက်အိပ်ရလေ၏။ နောက်တစ်နေ့ နံနက်စောစောအရောက်တွင် ဖျောက်ဆိပ်တစ်ယောက် ချောင်းစပ်တွင် ငေါင်စင်းစင်းနှင့် ထိုင်နေ၏။

ကျာအေးနှင့် ဆိတ်ကုလားတို့နှစ်ဦးမှာ ချောင်းအနောက်ဘက်ချုံတွင် ကွယ်၍ ထိုင်နေကြ၏။ ဆိတ်ကုလားမှာ ဖျောက်ဆိပ်ကမည့် ဇာတ်ကြီးကို အူလည်လည် ခံစားနေရ၏။

"ဖြစ်ပါ့မလား ကျာအေးရ။ ကိုကြီးဖျောက်က ရေမကူးတတ်ဘူး။ ပြီးတော့ ချောင်းက နက်လည်းနက်၊ ရေစီးကလည်း သန်ပါဘိကွာ။ တော်ကြာ မင်းသားက မကရဘဲ ရေနစ်မယ့်ကိန်းကွ"

"အဲဒါကြောင့်လည်း ငါတို့ လာစောင့်နေကြတာပေါ့ကွာ"

သူတို့နှစ်ဦး ပြောဆိုနေစဉ် အပုလေးတစ်ယောက် ရေအိုးလေးရွက်ကာ ချောင်းစပ်သို့ ရောက်လာ၏။ ထိုစဉ် ချောင်းစပ်ထိုင်ပြီး ငေါင်စင်းစင်းကြည့်နေသော ဖျောက်ဆိပ်ကို တွေ့လိုက်ရ၏။ သူ့စိတ်ထဲ ဖျောက်ဆိပ်ကို မြင်လိုက်သည်နှင့် ဒေါသစိတ်တွေ ရှစီထိုးလာသဖြင့် မမြင်ချင်ယောင်ဆောင်၍ ချောင်းထဲဆင်းဟန်ပြင်လိုက်၏။

ဖျောက်ဆိပ်ခမျာ သူ့ကို ပေယျာလကန် ပြုရက်သော အပုလေး၏ ကျောပြင်ကိုကြည့်၍ အလွမ်းစိတ်က ဆို့ကျပ်နာကျင်လာလေ၏။

"အပု အပုလေး၊ မင်း ငါ့ကို တကယ် ရက်စက်လိုက်ပြီလား မိန်းမရဲ့။ လင်နဲ့မယား လျှာနဲ့သွား မတော်တဆကိုက်မိလည်း ခွင့်လွှတ်ရမှာပေါ့ အပုလေးရယ်။ ကိုယ်ပြောတာ ကြား . . ."

"တော်နော်၊ ကျုပ်အနား မလာနဲ့"

"အင်၊ ဘယ်လိုဖြစ်လဲကွာ၊ မင်းကြောင့် ကိုယ် ဖားလည်းရိုက်တယ်၊ အနှိပ်သည်လည်း လုပ်ခဲ့တယ်လေကွာ။ မင်းပြောသမျှ ကိုယ် ခေါင်းညိတ်ခဲ့တာပဲ မိန်းမရာ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး၊ ကျုပ် ဘာသံမှ မကြားချင်ဘူး။ လောလောဆယ် ရှင် ကျုပ် အနား မကပ်နဲ့"

"ဒီလောက်တောင်ပဲလားကွာ။ အေးလေ ခုလို ငြင်းဆန် မုန်းတီးလာတော့လည်း ဒီဘဝ ကိုယ်အသက်ဆက်ရှင်လည်း အဓိပ္ပာယ်မရှိတော့ပါဘူးကွာ။ ငါ သေမယ်၊ ဒီချောင်းထဲ ခုန်ချမယ် ကဲကွာ ဖြစ်ချင်ရာဖြစ်ပစေတော့ မိန်းမရေ လာလေရော့"

"အင်"

"ဝုန်း ဗွမ်း"

"ဟာ ခုန်ချသွားပြီကွ"

"သတိထားနော်၊ ရေစီးသန်နေတယ်ကွ"

ဂျာအေးနှင့် ဆိတ်ကုလားတို့နှစ်ဦးမှာ ဖျောက်ဆိပ်ရေထဲ ခုန်ချသွားသည်ကို ကြည့်ပြီး ရင်တထိတ်ထိတ် ဖြစ်နေ၏။ အပုလေး ဘာဖြစ်လာမလဲ စောင့်ကြည့်ခဲ့၏။ သို့သော် အပုလေးက ရေအိုးလေး ခေါင်းပေါ်ရွက်ပြီး ချောင်းထဲမှ တက်ကာ ရွာဘက်သို့ အေးအေးလူလူ လျှောက်သွားသည်ကို မြင်လိုက်ရသဖြင့် ဂျာအေးတို့ နှစ်ဦး တောက်တခေါက်ခေါက် ဖြစ်နေကြ၏။

ထိုစဉ် ချောင်းထဲ ခုန်ချလိုက်သော ဖျောက်ဆိပ်ခမျာ အကျဉ်းအကျပ်တွေ့နေရပေ၏။ ရေက နက်လှသလို ရေစီးကလည်း သန်လှသဖြင့် ချောင်းထဲ မြုပ်လိုက်ပေါ်လိုက် အော်လိုက်ဟစ်လိုက် ဖြစ်နေရှာပေ၏။

"ဟာ ဟူး လုပ် လုပ် ကြ . . ."

"ဆိတ်ကုလား ကိုကြီးဖျောက် အခြေအနေ . . ."

"အေးကွ၊ ဒုက္ခပဲ ငါပြောသားပဲကွ"

"ဝူး ကယ် ကယ်ကြပါ"

"လုပ် လုပ်ကြပါဦးဗျ"

"ကိုကြီးဖျောက် ရေနစ်နေပြီ"

"ဆင်း ဆင်း ဝုန်း . . ."

အခြေအနေက သေလုမြောပါး အခြေအနေ။ ရေစီးထဲ ဖျောက်ဆိပ် တစ်ယောက် မျောနေ၏။ ဝုန်းခနဲ ပေါ်လာလိုက်၊ ပလုံခနဲ နစ်သွားလိုက်နှင့် ဖြစ်နေရာ ဂျာအေးနှင့် ဆိတ်ကုလားတို့နှစ်ဦး ချောင်းထဲ အလျှင်အမြန် ခုန်ချ လိုက်ရပေ၏။

"ဟာ ကယ် ကယ်ပါ"

"ကယ်ပြီဗျို့"





www.burmeseclassic.com

www.burmeseclassic.com



"လုပ် လုပ်ကြပါဦး ဝူး"

ရေမွှန်းလှသဖြင့် ဖျောက်ဆိပ်တစ်ယောက် ယက်ကန်ယက်ကန် ဖြစ်နေ၏။ ကျာအေးနှင့် ဆိတ်ကုလားတို့နှစ်ဦး ချောင်းထဲရောက်သည်နှင့် တဖူးဖူး အော်ဟစ်နေသော ဖျောက်ဆိပ်ကို မရမက ကယ်လိုက်ရလေ၏။

ကုန်းပေါ်ရောက်တော့ ဖျောက်ဆိပ်ခမျာ မြော့မြော့လေး ဖြစ်နေ၏။ ကျာအေးသည် ဖျောက်ဆိပ်ကို ပခုံးပေါ်ထမ်းကာ ချောင်းစပ်တွင် ခုန်ပေါက် ပြေးလွှားနေရ၏။ ထိုမြင်ကွင်းကို မြင်သွားသူမှာ ခေါင်းကြီးပင် ဖြစ်လေ၏။

"ဟာ၊ ဘာဖြစ်တာလဲ"

"ရေ ရေနစ်လို့"

"ဟာ၊ ဒုက္ခပါပဲ"

"မင်း ညွှန်ကြားလိုက်တာလေ ဒါရိုက်တာကြီးရဲ့"

"ဟာ၊ ငါက သဘောလောက်လုပ်ဖို့ ပြောတာကွ။ ခုတော့ ဆရာဖျောက်က အသေကြံတာပဲ"

"ဝေါ့ ဟူး အူး"

ဖျောက်ဆိပ်ပါးစပ်မှာ ရေတွေ တဝေါဝေါ ထိုးအန်လာ၏။ ခေါင်းကြီးနှင့် ဆိတ်ကုလားတို့မှာလည်း ပျာယာခတ်နေ၏။ မိနစ်အနည်းငယ်အကြာတွင် ဖျောက်ဆိပ် သတိရလာလေ၏။ မျက်လုံးမျက်ဆန်ပြူးကာ ကျာအေးကို ကြည့်ရင်း ၎င်းဝူးဝဲဝဲ ပြောလိုက်၏။

"ကယ် ကယ်ပါ ကယ်ကြပါ"

"ဟာ၊ ကျုပ်တို့ ကယ်လိုက်လို့ပေါ့ဗျာ။ မဟုတ်ရင် ခုဆို အသုဘတောင် ချနေရပြီဗျ"

"ဟုတ်ပ့ါကွာ၊ ဒါရိုက်တာခေါင်းကြီးရဲ့ ပြဇာတ်က အသုဘရိုက်ကွင်းကြီးပဲကွ"

"အင်၊ ဆိတ်ကုလားကလည်းကွာ ငါက စေတနာ. . ."

"တော်စမ်းပါကွာ။ ခုတော့ ဆရာဖျောက်ခမျာ ဇာတ်မနာဘဲ ဇာတ်ပျာ နိုက်လိုက်ရပြီလေ။ ပြီးတော့ လူကောင်းပကတိက ကယ်ပါကြီး ဖြစ်သွားပြီ"

"ဟာ၊ တော် တော်ကြပါတော့ကွာ။ ဟို အပု . . ."

"လုပ်ပြန်ပြီ။ ခင်ဗျား အပုက ခင်ဗျားကို လှည့်တောင်ကြည့်တာ မှုတ်ဘူး။ ဘောက် မိန်းမတွေများ နှလုံးသားကင်းပ"

"မပြောပါနဲ့တော့ ကျာအေးရာ။ အချစ်ဆိုတာ မင်း နားမလည်ပါဘူးကွ"

"အင်"



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဆိပ်တစ်ယောက် ရေမွန်းသည့်ဒဏ် ပြေသွားသဖြင့် ညောင်နာနာနှင့် ထထိုင်လိုက်ရင်း ဂျာအေးစကားကို ငြင်းဆန်လိုက်၏။ သူ့ရင်ထဲ အပုလေး၏ မကြင်နာမှုကို တစိမ့်စိမ့်ခံစားနေရဆဲ။ တစ်ကိုယ်လုံးလည်း ရေတွေ ရွှဲရွှဲစိုနေသဖြင့် နောက်ဆုံး သူတို့လူစု ရွာပြင်ဘက် ဇရပ်ကြီးဆီသို့ လျှောက်ခဲ့ကြလေ၏။ ဖျောက်ဆိပ်ခမျာ အချစ်ရှုံးသမားကြီးအသွင်နှင့် ခေါင်းငိုက်စိုက်ဖြစ်နေ၏။

သူ့ခံစားချက်ကို ကြားထဲက မကျေမချမ်းဖြစ်နေသူမှာ ဂျာအေးပင် ဖြစ်လေ၏။ အပုလေး ယခုလို စိတ်ကြီးဝင်သည်မှာ ဥမ္မတ္တကောကြီးကြောင့်ဟု ယူဆမိ၏။ ထို့ကြောင့်လည်း အပုလေးနှင့် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေ၏။

"ကိုကြီးဖျောက်"

"ဘာတုံးကွာ"

"ဒီကိစ္စကို ကျုပ်ဖြေရှင်းမယ်ဗျာ။ ကျုပ် မပုလေးနဲ့ သွားရင်ဆိုင်မယ်"

"အင် ဖြစ်ပါ့မလားကွာ"

"ဟို အရှုံးမရှိပါဘူးဗျာ"

"ကြည့်လုပ်ပါဦးကွ။ သူနဲ့ငါ့ကြားထဲမှာ ရှိနေတဲ့ သံယောဇဉ်က ပြတ်တိပြတ်တောင်းကွ"

"ကျုပ် ကြည့်လုပ်ပါ့မယ်ဗျာ"

ပြောပြောဆိုဆိုနှင့် သူတို့လူစုကိုထားကာ ရွာထဲဝင်သွား၏။ ခေါင်းကြီးထဂျာအေးကို စိတ်မချနိုင်။ ထို့ကြောင့်လည်း သူပါ ရွာထဲလိုက်ချသွားလေ၏။ ဂျာအေးခမျာ သူ့အချစ်ရေးကိစ္စကို ဘေးချိတ်ခဲ့ပြီး ဖျောက်ဆိပ်၏ အဆင်မပြေမှုကို အဆင်ပြေအောင် ကြိုးစားထားမည်ဟု ဆုံးဖြတ်လိုက်လေ၏။

စိုတိစိုဖတ် ဖြစ်နေသော အဝတ်အစားကို အိမ်ပြန်လဲလိုက်ပြီး အပုလေးတို့ အိမ်ဝိုင်းဆီ လျှောက်ခဲ့လေ၏။ ထိုအချိန်တွင် အပုလေးတစ်ယောက် ထင်းပေါက်များကို တဂျွမ်းဂျွမ်းနှင့် ခွဲနေ၏။ ဂျာအေးကို မြင်လိုက်သည်နှင့် အပုလေး၏ မျက်နှာ မာကျောခက်ထန်သွား၏။

"ဘာလာလုပ်တာလဲ ပြောစမ်း"

"ဟာ၊ မပုလေးကလည်း စိတ်ကြီးပဲဗျာ။ ဒေါသကို ရှေ့မထားပါနဲ့ဗျာ"

"ဘာ နင်ပြောစရာမလိုဘူး"

"ဒုက္ခပါပဲဗျာ"

အပုလေး၏ မကျေနပ်မှုက သံမဏိတုံးကြီးလို မာကျောကျစ်လျစ်နေဆဲ။ ဂျာအေးတစ်ယောက် ကွပ်ပျစ်ပေါ် စိတ်ပျက်လက်ပျက်နှင့် ဝင်ထိုင်လိုက်၏။





ထိုအချိန်တွင် လှသံသူသံ ကြားလိုက်ရသဖြင့် ဖိမ်နှင့် အိပ်ပျော်နေသော ဦးတိမ်ပေါ်စံ နိုးလာ၏။

ပြတင်းပေါက်မှ ခေါင်းပြူကြည့်လိုက်ရာ ဂျာအေးကို မြင်လိုက်သည်နှင့် အိမ်အောက်ထပ်သို့ ဆင်းလာလေ၏။ ဂျာအေးမှာ ဦးတိမ်ပေါ်စံကို မြင်လိုက်သည်နှင့် အံတကြိတ်ကြိတ် ဖြစ်နေ၏။ ထိုစဉ် ဦးတိမ်ပေါ်စံ အောင်နိုင်သူကြီး အပြုံးနှင့် မေးလိုက်။

"ဟော့ မှင်စာလေး၊ ဘာလာလုပ်တာလဲကွ။ မင်းက ငြိမ်းချမ်းရေး လာလုပ်ဘာလား။ ဟင်း ဟင်း မင်းဆရာ ဖျောက်ဆိပ်ဟာ လောကကြီးကို နှလုံးသားနဲ့ ဆက်ဆံတာ မဟုတ်ဘူးကွ"

"ဟာ အသားလွတ်ကြီးပါလားဗျ။ ခင်ဗျားကြီးကရော ဘယ်လိုဆက်ဆံသတုံး။ ဒီမှာ ဥမ္မတ္တကောကြီး"

"ဘာတုံးကွ၊ မင်းတို့လုပ်မှ ငါလည်း ဥမ္မတ္တကော ဖြစ်နေပြီ။ ကောင်းပါ့ဗျား ကဲပြောဦး"

"ခင်ဗျား လင်နဲ့မယား လျှာနဲ့သွားဆိုတာ ဘယ်လိုသဘောပေါက်လဲဗျ"

"ဟား ဟား ဟား လျှာနဲ့သွားပါဆိုမှ လျှာက အရသာခံတယ်ကွာ၊ သွားက ကိုက်စရာရှိရင် ကိုက်မယ်ကွာ။ အဲဒါ ဘာဖြစ်သလဲ။ ဟေ့ကောင်လေး မှတ်ထားကွ။ လျှာဟာ သွားလို ကိုက်မရသလို သွားဟာ လျှာလို အရသာခံစားတတ်ဘူးကွ။ ဒီတော့ သူတို့နှစ်ယောက်ဟာ ဘယ်တော့မှထပ်တူညီမှာ မဟုတ်ဘူး"

"ဗျာ"

"ဟဲဟဲ၊ ဘာပြောချင်သေးလဲ"

"အင်း ဥမ္မတ္တကောကြီးဟာ မလွယ်ပါလား။ ဒါဆို ခင်ဗျား အချစ်ဆိုတာ ကိုရော ဘယ်လို နားလည်သတုံး"

"ဟား ဟား ဟား၊ အချစ် မင်းက ဘယ်လောက် နားလည်သတုံးကွ။ ပြောစမ်းပါဦး"

"မှတ်ထားဗျ။ အချစ်ဆိုတာ နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်တဲ့ စွယ်တော်ရွက်လိုတဲ့"

"အင် စွယ်တော်ရွက် ဟုတ်လား၊ မှတ်ထားကွ အချစ်ဆိုတာ ချောက်ထဲ ဆင်းပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတာ အချစ်မဟုတ်ဘူးကွ။ ဒါ့ထက် ...က် ကိုယ့်မိန်းမကိုယ် မုဆိုးမဖြစ်အောင် လုပ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ၊ စကားက ဘယ်ရောက်သွားသတုံး။ ကဲ ခင်ဗျားကြီး အေးအေ နေစမ်းဗျာ ကျုပ် အပုလေးကို ပြောစရာရှိတယ်"

"ဘာတုံး၊ နင် ငါ့ကို မပြောနဲ့ ဖျောက်ဆိပ်ကို အရိပ်တောင် မကြည့်ချင်ဘူး"

"ကောင်းပြီ၊ ဒါဆို ကျုပ်တို့ ကိုကြီးဖျောက်ကို မိန်းမပေးစားပစ်မယ် ခင်ဗျား ကျုပ်တို့အစွမ်းအစကို သိတယ်မဟုတ်လား။ ကျုပ် အစ်မဝမ်းကွဲ ခင်မှုန် နဲ့ ပေးစားပစ်မယ်ဗျာ"

"အင် နင် နင် . . ."

"ဘာလဲ မယုံဘူးလား။ မယုံရင် ခု လိုက်ကြည့် ကိုကြီးဖျောက် ရေနစ်တာ ကျုပ်ကယ်ပြီး ခင်မှုန်တို့အိမ် ပို့ထားတယ်ဗျ"

"ဘာ နင် နင်တကယ်ပြော . . ."

"ဟာ၊ ခင်ဗျား ဘာမှ မမေးနဲ့။ ခုချိန်ကစပြီး ခင်ဗျားနဲ့ ကိုကြီးဖျော ဒီနေ့ကစပြီး သေခန်းပြတ်ပြီလို့ မှတ်ပေတော့။ ကျုပ်အစ်မခင်မှုန်က မိန်းမချော ဗျ။ ပြီးတော့ ခင်ဗျားထက်လည်း လှတယ်။ ဟဲဟဲ သွားမယ်ဗျ။ ဒါ အခု ရှင်းရှင် လင်းလင်း ဖြစ်အောင် ကျုပ်လာမေးတာ၊ ခင်ဗျားပြတ်ပြီဆိုတော့"

"ဟာ နေ နေဦးဟဲ့"

"ရည်းစားလူလု အနုကျွဲခတ်ဆိုသော စကားနှင့်အညီ အပုလေးတစ် ယောက် ဂျာအေးစကားကြောင့် မှင်သက်မိသွား၏။ ဂျာအေး၏ စကားလုံးများ က သူ့ရင်ထဲကို စက်သေနတ်အကာတ်လိုက် ပစ်သွင်းလိုက်သလိုပင်။ ဖုံးကွယ်နေ သော အချစ်မီးတောက်ကြီး နိုးရဲဆူပွက်လာပေတော့၏။

ဂျာအေးတစ်ယောက် သူခင်းလိုက်သည့် လမ်းကြောင်းထဲ အပုလေးဝင် လာပြီမို့ ဝမ်းသာအားရ ဖြစ်နေ၏။

"ဘာလဲဗျ"

"ဟို သူ သူ တကယ်ပဲ စိတ်ပြောင်းသွားပြီလား"

"ဟာ၊ စိတ်မပြောင်းသေးပါဘူးဗျာ။ ပြောင်းတာက ခင်ဗျားဗျ။ ခင်ဗျား ကြောင့် သူခမျာ အသက်တောင် အသေခံတော့မလို့ဗျ။ ခင်ဗျားကြီးက စွ အသည်းမာပြနေတာကိုးဗျ"

"ဟယ် ငါက မာချင်လို့ မဟုတ်ပါဘူး ဂျာအေးရယ်၊ ဒါပေမယ့် ဟိုတ လောက လုပ်တာ . . ."

"ဟာ၊ ဒါ သူ ခင်ဗျားကို သက်သက်လုပ်တာ မဟုတ်ဘူးဗျ။ စေတနာ လုပ်ခဲ့တာကို ခင်ဗျားက တလွဲထင်တာကိုး။ ကဲ အခု ခင်ဗျားဘာလုပ်မလဲပြော





"ဟင်၊ ဟို ငါ ငါ ဘာလုပ်ရမလဲ ဂျာအေးရယ်။ နင့်အစ်ကို ငါ့အပေါ် အတော့်ကို စိတ်နာနေပြီထင်တယ်။ လုပ်ပါဦးဟယ် ငါက ဟို ဟို . . ."

"တော်ပါတော့ဗျာ။ ခင်ဗျားက ကိုကြီးဖျောက်ပေါ် တအားနိုင်တာကိုးဗျ။ သူက ခင်ဗျားကြီးကို ဆေးမိသလို ဖြစ်နေပြီဗျ။ ဒါကို ကျုပ်မကြည့်ရက်လို့ နောက်ထပ် မိန်းမ . . ."

"တိတ်စမ်း ဂျာအေး၊ ကိုဖျောက်ရင်ထဲမှာ ငါ့အပြင် ဘယ်သူမှ မရှိစေရ ဘူးဟဲ့"

"ကောင်းပြီ ခင်ဗျား စကားတည်ပါစေနော်။ ခုချိန်ကစပြီး ကိုကြီးဖျောက် ကို ခင်ဗျား အနိုင်မကျင့်နဲ့တော့"

"အေးပါဟယ်၊ ငါ့ယောက်ျားကြီးကလွဲလို့ ငါဘယ်သူမှ မချစ်နိုင်ပါဘူး ဟယ်"

"အိုကေ၊ ဒါဆို ကျုပ်သွားမယ်"

ဂျာအေးတစ်ယောက် သူထင်ရာမြင်ရာ ခင်းလိုက်သော ဇာတ်ကြီးက ပေါက်မြောက်အောင်မြင်သွားသဖြင့် ဝမ်းအသာကြီးသာနေ၏။ ထိုအချိန်တွင် ရှုံ့မဲ့မဲ့နှင့် ပွစိပွစိဖြစ်၍ ကျန်ခဲ့သူမှာတော့ အခြားမဟုတ်ပါချေ၊ ဥမ္မတ္တကောကြီး ပင် ဖြစ်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဦးတိမ်ပေါ်စံကြီးတစ်ယောက် တိမ်ဂေဟာကြီးမှ ပျောက်ဆုံးသွားကတည်းက ကျန်ရစ်ခဲ့သည့် သားသမီးအားလုံး ဟှာယာခတ်နေကြ၏။ တိမ်မြမြနှင့် တိမ်လှလှတို့နှစ်ဦးမှာ ဖခင်ကြီးအတွက် သောကရောက်နေကြ၏။ သူတို့အမှားကိုလည်း သူတို့ သိနေကြ၏။

ထိုအချိန်တွင် တိမ်မြင့်စံနှင့် တိမ်ထွန်းစံတို့နှစ်ဦးမှာ အိမ်ကြီးပေါ်သို့ ဇနီးသည်များခေါ်၍ နေ့စဉ် ရောက်ရှိလာတတ်ကြပေ၏။ တိမ်မြင့်စံ၏ ဇနီးသည်နှင့် တိမ်ထွန်းစံတို့၏ ဇနီးသည်နှစ်ဦးမှာ အိမ်ကြီးစည်းစိမ်ဥစ္စာ ပိုင်ဆိုင်ရေးနှင့် ပတ်သက်ပြီး တအုံနွေးနွေး ဖြစ်နေကြ၏။

တိမ်မြင့်စံမှာ အစ်ကိုကြီးဖြစ်သော်လည်း ဇနီးသည်ကို ကြောက်နေရသဖြင့် ဇနီးသည် ညွှန်ကြားချက်နှင့် ပြောဆိုလုပ်ကိုင်နေရပေ၏။ ယခုလည်း အိမ်ကြီးပေါ် အရောက်တွင် ညီမများခေါ်၍ ပြောဆိုစရာရှိသည်များကို ရှေ့မျက်နှာနောက်ထား၍ ပြောလိုက်ရ၏။

"အိမ်း၊ ဒယ်ဒီလည်းဘယ်ရောက်လို့ ရောက်မှန်းမသိ။ ဝယ်မယ့်လူက ရှိနေပြီကွ။ သိန်းငါးထောင်ပေးမှာနော်"

"ဟင် သိန်းငါးထောင်"

"ဟုတ်ပ၊ အိမ်ဈေးကောင်းတုန်း ရောင်းပစ်လိုက်ချင်တာ"

"အို၊ ကိုကိုကြီးတာလည်း ဒါဆို ဒယ်ဒီပြန်လာရင် ဘယ်မှာနေမလဲ"

"ဟာ ငါ့အိမ်က အကျယ်ကြီးပါကွာ၊ သူကြိုက်သလောက် နေ့စမ်း ဝ မလား ခုန်မလားပြော"

"ဟုတ်တယ်၊ ကိုကိုမြင့် ပြောတာ အမှန်ပဲ။ မမတို့ဆီမှာ ဒယ်ဒီကြီး





ကင်းမြီးကောက်ထောင်လို့တောင် ရတယ်။ ခုဥစ္စာ အိမ်ဈေးကောင်းနေတုန်း ရောင်းပစ်လိုက်ကြပေါ့။ အသက်တွေလည်း ကြီးလာပြီလေ၊ အလှူအတန်းလေး လုပ်ပြီး ငြိမ်းငြိမ်းချမ်းချမ်း နေကြတာ အကောင်းဆုံး။ ခုရှင်းတာ နောင်မရှုပ်ဘူးပေါ့ကွယ်"

"ရှင်"

အငယ်ဆုံး တိမ်မြမြတစ်ယောက် ယောက်မလုပ်သူ၏ စကားကြောင့် တအံ့တသြဖြစ်သွား၏။ ပြောသွားသည့်စကား ဘယ်သူမှ ဂရုမစိုက်သည့် အသွင်။ သူ့စကားကြောင့် တိမ်မြမြ ပေါက်ကွဲသွား၏။

"အို ဘယ်လို ပြောလိုက်တာလဲ။ မြမြတို့ လှလှတို့ ဘယ်မှာ သွားနေကြမလဲ။ ပြောစမ်းပါဦး လွယ်လွယ်တော့ မပြောသင့်ဘူး"

"ဟာ၊ ညီမလေးကလည်း ဒီတော့ ညီမလေးလည်း ကိုယ်ပိုင်အိမ်ကလေး တစ်လုံး ဝယ်ပေါ့ကွယ်။ ဒီကိစ္စ အစ်ကိုကြီးအဖရာဆိုတော့ စီစဉ်ပေးရမှာပေါ့ကွယ်"

"အို ဒယ်ဒီရှိသေးတာ၊ ဘယ့်နှယ် ဒယ်ဒီ့နေရာ ဝင်လုပ်နေရတာလဲ ကိုကိုကြီးရဲ့"

ညီမအငယ်ဆုံး စကားကြောင့် တိမ်မြင့်စံတစ်ယောက် တွေခနဲ ဖြစ်သွား၏။ ဇနီးလုပ်သူကတော့ မျက်နှာရိပ် မျက်နှာကဲလုပ်ပြီး ဆက်မောင်းလိုက်ပြန်၏။ ထိုအခါ ပါရဂူဆိုသော ဂုဏ်ပုဒ်ကိုပင် မငဲ့အားတော့သည့် ဒေါက်တာ တိမ်မြင့်စံတစ်ယောက် စကားကို လှည့်ပတ်ပြောဆိုလေတော့၏။

"ဒီလိုရှိတယ်လေ မြမြရယ်၊ ခုဥစ္စာ ဒယ်ဒီဘာကြောင့် ပျောက်သွားသလဲ စဉ်းစားကြည့်၊ ဒယ်ဒီ့ပုံက မန်တယ်ပုံ၊ ပြောရရင် စကီဇိုပုံပဲကွ။ သူဖြစ်ချင်တာ မဖြစ်ရတော့ စိတ်တွေ ဖရိုဖရဲဖြစ်ပြီး ရူးသွားပုံပဲ။ အဲဒီလို ကြောင်စီစီ ဖြစ်သွားတဲ့ စိတ်နဲ့ ဒီမိသားစုကို ဦးစီးဦးဆောင်ပြုမယ်ဆိုရင် ဘာဖြစ်သွားမလဲ"

"ဟုတ်တယ်၊ အားလုံး အရူးတွေ ဖြစ်ကုန်မှာပေါ့"

တိမ်ထွန်းစံက ဝင်ပင့်ပေးလိုက်သဖြင့် ဒေါက်တာ တိမ်မြင့်စံမှာ ကြွတတ ဖြစ်လာ၏။ ထို့ကြောင့်လည်း သူ့စကားကို ဆက်ပြောလိုက်၏။

"ဒါကြောင့် အစ်ကိုကြီးအဖရာ ယူရတာပေါ့ကွယ်။ တကယ်လို့ ဒယ်ဒီ့ကို ပြန်တွေ့တယ်ပဲ ထားဦး၊ ဒယ်ဒီက ဦးနှောက်ဟာပ်ဗ္ဗိုင်ဖြစ်နေပြီလေ။ ဒီတော့ ဘယ်လိုမှ စီစဉ်တတ်မှာ မဟုတ်ဘူး။ ပြီးတော့ အိမ်ပြန်လာရင်လည်း ငါ့ညီမ တွေ သူနဲ့ ဘယ်လို ဆက်နေကြမလဲ။ ရူးသွားပြီဆိုကတည်းက သမီးတွေ သားတွေ



www.burmeseclassic.com

www.burmeseclassic.com



သိတော့မှာ မဟုတ်ဘူး။ မတော်လို့ ထပြီး လည်ပင်းညှစ်ရင် ဘယ်လိုလုပ်ကြမလဲ"

"ရှင်"

"ဘုရား ဘုရား"

ဒေါက်တာ တိမ်မြင့်စံ၏ ပြောင်မြောက်လှသော ဆင်လုံးကြောင့် တိမ်မြမြ ဆိမ်လှလှပါ လန့်ထိတ်ကုန်၏။ သူတို့အသွင်ကို ကြည့်ပြီး ယောက်မနှစ်ယောက်စလုံး ကျိတ်ဝမ်းသာနေ၏။ ထိုစဉ် တိမ်ထွန်းစံ၏ စကားသံ ပေါ်လာပြန်၏။

"ဟုတ်မယ်၊ ကိုကြီးပြောတဲ့ စကားက အမှန်ပဲ။ ရူးသွားတဲ့လူနဲ့ အတူနေတာ သေမင်းကို လက်ယပ်ခေါ်နေသလိုပဲကွ။ အမှန်ဆို ဒယ်ဒီဟာ အစ်ကိုကြီးရဲ့ မကွဲမကွာနေပြီး ဆေးထိုးဆေးစား လုပ်သင့်တာပေါ့။ ဒါကြောင့် ကိုကြီး အကြံအစည် ကောင်းတယ်"

"ဘယ်လိုလဲ ညီမတို့"

ချည်ပြီးတုပ်ပြီး ပြောဆိုလာသဖြင့် တိမ်မြမြတို့ ညီအစ်မနှစ်ယောက် ငေါင်စင်းစင်း ဖြစ်သွားကြ၏။ တိမ့်မြင့်စံမှာ ညီမငယ်နှစ်ဦး၏ အသွင်အပြင်ကို ကြည့်ကာ အားရပီတိ ဖြစ်နေပေ၏။ ထိုစဉ် တိမ်ထွန်းစံက ဆက်ပြောလိုက်ပြန်၏။

"နောက်ပြီး ညီမတို့နှစ်ယောက်ကလည်း မကြာခင် တစ်အိုးတစ်အိမ် ထူထောင်ကြတော့မှာလေ။ ဒီတော့ကာ ခုလို ပူးကပ်ပြီး မနေသင့်ကြတော့ဘူးကွ။ ဘာမဆို ပြင်ဆင်ထားတာ အကောင်းဆုံးပဲလေ"

"ဒါပေါ့ ညီလေးပြောတာ အမှန်ပဲ။ ကဲ ပြောကြစမ်းပါဦး"

ညီအစ်မနှစ်ယောက်စလုံး ဘာတစ်ခွန်းမှ နှုတ်လှန်မပြောနိုင်ကြတော့။ အခြေအနေကလည်း တိမ်မြင့်စံပြောသလိုပင်။ စိတ်မမှန်တော့သည့် ဖခင်ကြီးကို အိမ်ဦးခန်းထား၍ မလွယ်ချေတော့။ စိတ်မထင် မထင်သလို လုပ်ကိုင်မည့် အခြေအနေရှိသည်မို့ အန္တရာယ်တစ်စုံတစ်ရာနှင့် ကြုံလျှင် မလွယ်ပါချေ။

ထို့ကြောင့်လည်း သူတို့နှစ်ဦးစလုံး အစ်ကိုကြီးအဖရာ အလုပ်ကြီးလုပ်ချင်နေသော ဒေါက်တာတိမ်မြင့်စံထံ အိမ်ကြီးစည်းစိမ်မှန်သမျှ ခန့်ခွဲစီမံရန် လွှဲအပ်လိုက်လေတော့၏။ ထိုအခါ တိမ်မြင့်စံသည် တိမ်ဂေဟာကြီးကို ထုခွဲရောင်းချရန် ဦးဆုံး စီစဉ်လေ၏။

ဝယ်မည့်သူကလည်း သိန်းငါးထောင် ပက်ခနဲ ပေးမည်ဆိုသဖြင့် လောဘဇောကြောင့် ဆေးထိုးအပ်ပင် မကိုင်နိုင်တော့။ ဖွင့်ထားသည့် ဆေးခန်းကို ပိတ်ကာ အံမွေကိစ္စအတွက် လိုက်လံ စီစဉ်ရလေ၏။ ထိုအခါ ဦးဆုံး ထိပ်တိုက်ရင်ဆိုင်သူမှာ ရှေ့နေကြီး ထိပ်တင်ဇမ္ဗူပင် ဖြစ်လေ၏။





ထိပ်တင်ဇမ္ဗူ၏ အရှိန်အဝါက တစ်မြို့လုံး မသိသူမရှိ။ ဇမ်းပကားလည်းကြီးလှသလို အစစအရာရာ ပြီးပြည့်စုံလှသဖြင့် အမှုအခင်းများကို ကိုင်တွယ်ရာတွင် သမာသမတ်ကျလှသည်ဟု နာမည်ကြီးလှပေ၏။ တိမ်မြင့်စံမှာ နိုင်ငံကျော် ပါရဂူကြီးတစ်ဦး ဖြစ်သော်လည်း အမွေကိစ္စကြောင့် ရှေ့နေကြီး ထိပ်တင်ဇမ္ဗူရှေ့အရောက်တွင် ကုပ်ချောင်းချောင်း ဖြစ်နေပေ၏။ သူရောက်ရှိသွားချိန်တွင် ရှေ့နေကြီးသည် အိမ်အပေါ်ထပ် ဧည့်ခန်းထဲထိုင်ကာ ထူထဲသော အင်္ဂလိပ်စာအုပ်ကြီးတစ်အုပ်ကို ဖတ်နေသည့်အချိန်အခါ ဖြစ်၏။ သူ့ကို မြင်သော် တည်ငြိမ်သောအသွင်အပြင်နှင့် ဧည့်ခံလိုက်လေ၏။

"အလို ဆရာဝန်ကြီးပါလား ထိုင်ပါကွယ်"

"ဟုတ်ပါတယ် အန်ကယ်"

ပြောပြောဆိုဆိုနှင့် ဆိုဖာကြီးတစ်လုံးပေါ်တွင် ဝင်၍ ထိုင်လိုက်၏။ ရှေ့နေကြီး ဦးထိပ်တင်ဇမ္ဗူသည် မီးငြိမ်းနေသော ဆေးတံကြီးကို မီးညှိဖွာရှိုက်ရင်း တိမ်မြင့်စံကို ကြည့်ကာ လာသည့်ကိစ္စကို မေးမြန်းလိုက်လေ၏။

"ကဲ ဆိုပါဦး ဆရာဝန်ကြီးရဲ့ ဘာကိစ္စများတုံး။ ဧကန္တ ဦးတိမ်ပေါ်စံ သတင်းများလားကွယ့်"

"ဒယ်ဒီ့ကို ခုထိ ရှာမတွေ့သေးဘူးဗျ"

"ဟုတ်လား၊ ဘယ်များသျှောက်သွားနေပါလိမ့်။ အင်း ဦးတိမ်ပေါ်စံအဖြစ်က အံ့ဩစရာပါလားကွယ်"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ဒီကိစ္စပြောချင်လို့ပါ"

"ဘာများတုံးကွယ့်၊ ပွင့်ပွင့်လင်းလင်းသာ ပြောပါ"

ဒေါက်တာ တိမ်မြင့်စံမှာ ရှေ့ဆက်ပြောရမည့်စကားကို တွန့်နေ၏။ သို့သော် မပြောမပြီး မတီးမမြည်ဆိုသည့် စကားနှင့် လျော်ညီစွာ ပြောလိုက်ရလေ၏။

"ကျွန်တော့်အမြင်ပြောရရင် ဒယ်ဒီဟာ စကီဇိုဖရီးနီးယား ဝေဒနာကြောင့် ခုလို ဖြစ်သွားပုံရတယ် အန်ကယ်"

"ဟေ ကြောက်စရာကြီးပါလား၊ ဒါဆို စိတ်တွေမမှန်တော့ဘူးပေါ့ ဘုရား ဘုရား"

"အဲဒါကြောင့် ကျွန်တော်တို့ မောင်နှမတွေ ရှာမတွေ့နိုင် ဖြစ်နေတာပေါ့ အန်ကယ်ရယ်။ ပြီးတော့ အဲဒီဝေဒနာရှင်ဟာ ကိုယ့်အိုးကိုယ့်အိမ်မပြောနဲ့ သားသမီးတောင် မှတ်မိတာ မဟုတ်ဘူးလေ"

"ဟုတ်ပကွယ်၊ ရောဂါလက္ခဏာ မှန်ရင်တော့ အတော့်ကို ကြောက်စရာပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဒီတော့ကာ ဒယ်ဒီ့ကိုတွေ့ရင်တောင် အိမ်ကြီးမှာ မြမြတို့ လှလှတို့နဲ့ အတူထားလို့ မဖြစ်တော့ဘူး အန်ကယ်။ အချိန်မရွေး လည်ပင်းထ ညှစ်နိုင်တယ်ဗျ"

"ဘုရား ဘုရား၊ ကြောက်စရာကြီးကွယ်"

"အဲဒါကြောင့် ကျွန်တော် ခုလို စီစဉ်ချင်ပါတယ် အန်ကယ်"

"ဘာများပါလိမ့် ပြောပါဦး"

"ဒီလိုပါ အန်ကယ်"

ဒေါက်တာ တိမ်မြင့်စံသည် တိမ်ဂေဟာကြီး ထုခွဲရောင်းချရန်အတွက် စီစဉ်ထားသည့် အခြေအနေကို ပြောပြလိုက်၏။

ဦးထိပ်တင်ဇမ္ဗူမှာ တိမ်ဂေဟာကြီး ရောင်းချပစ်မည်ဆိုသဖြင့် အနှမြော ကြီး နှမြောနေ၏။ အမှန်အတိုင်း ပြောရလျှင် တိမ်ဂေဟာကြီး၏ ပိုင်ဆိုင်မှုကို ဖခင်ရှေ့နေလက်ထက်မှ ထိန်းသိမ်းခဲ့ခြင်း ဖြစ်လေ၏။

ဦးတိမ်ပေါ်စံလက်ထက် အရောက်တွင်လည်း စာချုပ်စာတမ်းအရ သူပင် ထိန်းသိမ်းထားရလေခြင်းဖြစ်ရာ ရောင်းချပစ်တော့မည်ဆိုသဖြင့် စိတ်မကောင်း ဖြစ်နေရလေ၏။ သို့သော် ဒေါက်တာ တိမ်မြင့်စံက တိမ်ဂေဟာ၏ အိမ်ရှေ့မင်း သား။ သူ ဘယ်လိုမှ တား၍ရမည်မဟုတ်မှန်း သိလိုက်၏။ သို့သော်. . .

"အိမ်း ဒီအရောင်းအဝယ်ကိစ္စကို အန်ကယ့်အနေနဲ့ ဘာမှတော့ မပြော ချင်ပါဘူးကွယ်။ ဒါပေမယ့် ဒီဂေဟာကြီး ရောင်းတော့မယ်ဆိုရင် ဦးတိမ်ပေါ်စံ ကို အရင်တွေ့အောင်ရှာရမှာပဲကွယ့်"

"ဗျာ၊ ဟို ဒယ်ဒီက ရှူး . . ."

"အို၊ ဆရာဝန်ကြီးကလည်း ကိုယ့်အဖေကိုယ် အတင်းရှူးခိုင်းနေသကို။ ကျုပ်က မရူးပါဘူးနဲ့ ငြင်းတာ မဟုတ်ပါဘူးကွယ်၊ အရေးကြီးတာက ဒီဂေဟာ ကြီးရဲ့ နာမည်ပေါက်စာရင်းက ဦးတိမ်ပေါ်စံလေ။ ဒီတော့ ဦးတိမ်ပေါ်စံက ဆရာဝန်ကြီးကို ထုခွဲရောင်းချဖို့ နာမည်တရားဝင် လွှဲပေးမှ ဥပဒေနဲ့ညီမှာပေါ့ ကွယ်"

"ဟာ ဒုက္ခပါပဲ၊ ကျွန်တော့် ဒယ်ဒီက ဘယ်ဆီဘယ်ဝယ်မှန်း မသိတော့ ခက်တယ်"

"ဒါကတော့ ဆရာဝန်ကြီးတို့ ဆောင်ရွက်ရမယ့် ကိစ္စပဲလေ။ ပြောရရင် ခြံကြီးက သိန်းထောင်ချီ ရနိုင်မယ့်ခြံကြီး။ အရောင်းအဝယ်လုပ်ရာမှာလည်း ဝယ်တဲ့လူက ပြီးပြီးရောဝယ်မယ်လို့ ကျုပ်မထင်ဘူး။ ဒါကြောင့် ဥပဒေနဲ့ လမ်း ကြောင်းမှန်မှန် ဒီကိစ္စကို ဆောင်ရွက်သင့်ပါတယ်"





"ဗျာ၊ ဒါဆို ကျွန်တော်တို့ ဒယ်ဒီ့ကို အရင်ရှာ"

"ဟုတ်ပ၊ ဒီကိစ္စ အခရာက ဦးတိမ်ပေါ်စံပဲ။ မောင်ရင်တို့ မတွေ့တွေ့ အောင် ရှာပါ။ တွေ့လို့ ရှိရင်လည်း သူဟာ ဝေဒနာဖြစ်နေတယ်ဆိုရင် ဝေဒနာ ကို ပျောက်အောင်ကုပြီးမှ ဒီကိစ္စကို ဆက်ပြောကြပါ"

"ဗျာ"

ပါရဂူကြီး ဦးတိမ်ပေါ်စံမှာ ထိပ်တင်ဇမ္ဗူ၏ ပိုင်နိုင်ခိုင်မာလှသော စကား အကိုးအကားများကြောင့် ရှေ့ဆက် ဘာပြောရမှန်းပင် မသိတော့။ အဖြစ်အ ပျက် အချက်အလက်ကလည်း မှန်နေသည်မို့ သူပြောမှာ ရှုံနေ၏။ နောက်ဆုံး ဆက်ပြောလျှင် သူ၏ လောဘစိတ်များကို တစ်ဖက်သားရိပ်မိတော့မည့်ပုံ ပေါ် လာသဖြင့် အားတုံ့အားနာနှင့် နှုတ်ဆက်ကာ အိမ်သို့ ပြန်ခဲ့လေ၏။

အိမ်ရောက်တော့ ဇနီးသည်လုပ်သူက ရွှင်ရွှင်ပျပျမရှိသော လင်တော် မောင့် အရိပ်အကဲကိုကြည့်ပြီး ဥဒ္ဒေသသားပါပါနှင့် မေးမြန်းလေရာ ဦးတိမ်မြင့် စံလည်း ကြားသိလာသည့် အခြင်းအရာတို့ကို ပြောပြခဲ့လေ၏။

သူ့စကားလည်းကြားရော ဇနီးသည်ခမျာ စွေ့စွေ့ခုန်နေ၏။ သိန်းထောင် ချီရတော့ အရေး ဖင့်နွှေးနွှေးဆိုင်းသွားရမည်ကို သူမ မလိုလား။

"ဒုက္ခပါပဲ။ ဆေးခန်းပိတ်ထားတာ ငါးရက်တောင် ရှိနေပြီ ကိုကိုရယ်။ တစ်နေ့ နှစ်သိန်းနဲ့ပဲတွက် ငါးရက်ဆို ဆယ်သိန်းတောင် ကုန်နေပြီလေ"

"ဟင်၊ မင်းပဲ ဆေးခန်းပိတ်ပြီး လိုက်ဆို"

"အို၊ ခုဟာက လွယ်တာမှ မဟုတ်တာ။ ခက်ပါတယ် ခုလထဲ ကုန်လိုက် တဲ့ ငွေကလည်း ဟောခနဲဟောခနဲ ဘယ်လိုလုပ်ကြမတုံးဟင်"

"အင်း၊ ပြဿနာက ဒယ်ဒီ့ကို အမြန်ဆုံး ရှာဖို့ပဲကွယ့်"

"အို၊ ဘယ်လိုရှာကြမတုံး ကိုကိုရဲ့"

"အိမ်း၊ မင်းပြောသလို ရှာလို့မလွယ်တဲ့ကိစ္စပဲ။ ဒါပေမယ့် အမြန်ရှာတွေ့ အောင် သတင်းစာနဲ့ ဂျာနယ်ထဲ ထည့်ကြည့်မယ်။ သတင်းပေးနိုင်လျှင် ငါးသိန်း ပေးမယ်ဆိုပြီး ဘယ်လိုလဲ"

"ဟင်၊ ငါးသိန်းတောင်ကုန်မှာ"

"ကြော်် မင်းကလည်းကွယ်၊ ထောင်မြင့်ရာစွန့်ရမှာပေါ့။ ဒယ်ဒီလာမှ ကိုယ် ဘာစ်မျိုးလုပ်ကြပြီး တိမ်ဂေဟာကို မရ ရအောင် ထုခွဲလိုက်မှာပေါ့။ ဒီကိစ္စကိုယ် ပိုင်ပါတယ်ကွာ"

"ဒါဆိုလည်း မြန်မြန်လုပ်ကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး၊ ငါ့သိန်းတန်ခိုးနဲ့ ဒယ်ဒီ အမြန်ဆုံးရောက်လာမယ်လို့ ငါထင်သကွာ"

တိမ်မြင့်စံတစ်ယောက် ဇနီးသည်နှင့် ပြောဆိုပြီးသောအခါ မောင်နှမအားလုံး ဆဲလ်ဖုန်းနှင့် ဆက်သွယ်ပြီး ရှင်းပြလိုက်လေ၏။ သူ၏ ပညာပါလှသော စည်းရုံးမှုကြောင့် မောင်နှမအားလုံး သူနှင့် သဘောတစ်ထပ်တည်း ဖြစ်ကုန်ကြ၏။

ထိုအခါ သတင်းစာနှင့် ဂျာနယ်များမှနေ၍ ဦးတိမ်ပေါ်စံ စာတ်ပုံနှင့် ငွေငါးသိန်း ချီးမြှင့်ပါမည်ဆိုသော သတင်းကို ထည့်လိုက်လေတော့သည်။

ထိုအချိန်တွင် ဗဟိုရွာတွင် အချိုသကာတွေ့နေသော ဦးတိမ်ပေါ်စံမှာ ဖျောက်ဆိပ်တို့ အိမ်ဦးခန်းထိုင်ကာ စားလိုက် အိပ်လိုက်နှင့် အကြီးအကျယ် စည်းစိမ်တွေ့နေပေ၏။ အပုလေးကလည်း ဦးတိမ်ပေါ်စံကို ဖခင်ရင်းပမာ ရိုသေစွာ ပြုစုစောင့်ရှောက်ခဲ့၏။ စားစရာရှိသည်က ဦးဦးဖျားဖျား ကျွေးမွေးခဲ့၏။

ပူပင်ကြောင့်ကြဖွယ် မရှိသောစိတ်နှင့် နေရသည်မို့ ဦးတိမ်ပေါ်စံတစ်ယောက် ဗဟိုရွာကလေးတွင် အပျော်ကြီးပျော်နေ၏။ ထိုအချိန်တွင် အချစ်အတွက် တစ်ဖန်ပြန်လည် ရှင်သန်လာခဲ့သော ဆြာကြီးဖျောက်ဆိပ်ခမျာ ကြားထဲက ကန်လန့်ကန့်လန့် ဖြစ်နေပေ၏။

အမှန်မတော့ သူကိုယ်သူ အိမ်ဦးနတ်ပမာ ခံစားခဲ့ကာ အပုလေး၏ အရှင်သခင်ကြီး လုပ်ခဲ့၏။ သို့သော် ဦးတိမ်ပေါ်စံ ရောက်လာသောအခါ အိမ်ဦးနတ်ဘဝမှ ရာထူးလျှော့ကာ အိမ်လည်နတ် ဖြစ်နေရပေ၏။ အရှင်းပြောရလျှင် ဦးတိမ်ပေါ်စံနှင့် သူ တစ်စက်ကလေး မျက်နှာချင်းဆိုင်၍ မရ။ မချိုမချဉ်နှင့် သူ့ကို ထေ့ငေါ့ရိသဲ့သည်ကို ဖျောက်ဆိပ် အမုန်းကြီး မုန်း၏။ သို့သော် ကြားက ဇနီးသည်ခံနေသဖြင့် ဘာမှ မပြောသာဘဲ နှုတ်ဆိတ်နေလိုက်ခြင်း ဖြစ်၏။ ထိုအခါ ဇနီးသည်နှင့်အတူ ပြန်ပေါင်းထုတ်ခဲ့ရသော်လည်း အိမ်မှာနေချင်စိတ် မရှိသဖြင့် ဟိုအိမ်လည် ဒီအိမ်လည်နှင့် အိမ်လည်နတ်ကြီး ဖြစ်နေရပေ၏။

ထိုအပြုအမူများကို ဇနီးသည် အပုလေးက မနှစ်သက်။ ပြန်လာတိုင်း ပွစိပွစိ ဖြစ်ရပေတော့၏။ တစ်ချိန်တွင် အိမ်လည်ရာမှ ပြန်လာသော ဖျောက်ဆိပ်ကို ကြည့်ပြီး ဇနီးသည်က ဆီးရန်တွေ့လေ၏။

"ဘယ်လိုဖြစ်တာတုံး ကိုကိုဖျောက်၊ အားအားရှိ အိမ်လည် အရက်သောက် အာသွားပန်း ဒါပဲလုပ်နေတော့မှာလား"

"ဟာ လာပြန်ပြီကွာ၊ အပုလေးရာ နောက်ထပ် ဓာတ်ပြားအသစ်ဖွင့်စရာ မရှိတော့ဘူးလားကွ"





"ဟုတ်ပ ဖျောက်ဆိပ်ရာ၊ မင်းမလည်း ဖျိုးဟစ်တဲ့မောင်ဖြေလို့ ဟိုအိမ်တက် ဒီအိမ်တက်နဲ့ကွာ"

"ဗျာ"

သူတို့နှစ်ဦး ပြောဆိုနေစဉ် ဥမ္မတ္တကောကြီး ဝင်လာသဖြင့် ဖျောက်ဆိပ်မှာ ဒေါသစိတ်တွေ တဖျဉ်းဖျဉ်း တက်လာလေ၏။ ထိုစဉ် ဥမ္မတ္တကောကြီးက ပက္ကိတဂိုက်ဖမ်းပြီး ပြောလိုက်ပြန်၏။

"အိမ်မခင်တော့ ထိန်ပင်နတ် ကျိန်ဆဲသကွ"

"အင် ဘယ်က စကားပုံလဲ၊ ကြားတောင်မကြားဖူးဘူး"

"ဟား ဟား ပညာကလည်း နုံနဲ့ပါကွာ။ မင်းက အိမ်အီး အဲလေ အိမ်ဦးနတ်လည်း လုပ်ချင်ရဲ့ နှုတ်ခမ်းမွေး နုတ်ခံရမှာလည်း ကြောက်နေတဲ့ပုံစံကွ"

"ဗျာ၊ နှုတ်ခမ်းမွေး. . . ဟာ ဥမ္မတ္တကောကြီးစကားတွေက ဘာတွေတုံးဗျ။ ခင်ဗျား ကြီးကြီးကျယ်ကျယ် တယ်ပြောသကိုးဗျ။ ကျုပ်ကိစ္စ ခင်ဗျား ဝင်မပြောနဲ့ဗျာ"

"ကိုကိုဖျောက်"

"ဟေ"

"ရှင် အဘကို မပြောနဲ့နော်"

"ဟာ ဒုက္ခပါပဲ၊ ကဲပြောပါဦး ဒီအိမ်မှာ ကိုကိုဖျောက်က အိမ်ဦးနတ်လား၊ အဲဒီ ဥမ္မတ္တကောကြီးက အိမ်ဦးနတ်လား။ ပြောစမ်း တစ်အိမ်မှာ နတ်နှစ်ပါးဆိုရင် အပ်ဖျားတက်ထိုင်သလိုပဲကွ"

"ရှင်"

"ဟား ဟား ဟုတ်တယ်၊ ဖျောက်ဆိပ် မင်းစကားက ကောင်းပါ့ကွာ။ ဒီတော့ ဒီလိုလုပ်ကွာ ငါက အိမ်ဦးနတ်လုပ်မယ်၊ မင်းက အိမ်နောက်နတ်လုပ်ကွာ၊ ဘယ်လိုလဲ မင်းနယ်နဲ့ ငါ့နယ်ကြားမှာ ခန်းဆီးကာထားမယ်လေ"

"အင်၊ ဟို. . . ဟာ ဘာတွေတုံးဗျ။ ခင်ဗျားကြီးနော် တော်ပြီကွာ ငါ ရွာထဲ သွားဦးမယ်"

ဥမ္မတ္တကောကြီးကို သူ ဘယ်လိုမှ ယှဉ်မပြောနိုင်ပါချေ။ ထို့ကြောင့်လည်း လက်မြှောက်အရှုံးပေးလိုက်ရပြီး ရွာထဲ သွားရန် ပြင်လိုက်၏။ ထိုအချိန်တွင် ဥမ္မတ္တကောကြီး၏ စကားသံ ပေါ်လာပြန်၏။

"မင်းကွာ အသက်လည်း ကြီးပါပြီ၊ ဘာအလုပ်မှလဲ မည်မည်ရရမလုပ်၊ ခုလည်း မိန်းမလာခေါ်တာတဲ့၊ ခေါ်ပြီး အငတ်ခံခိုင်းမလို့လား။ ပြောပါဦးကွ လူဆိုတာ အလုပ်လုပ်ရတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ကိုကိုဖျောက်ရယ်။ မြို့က ဆိုင်ကြီးလည်းပိတ်လို့ ဒီအတိုင်း ထိုင်စားလို့ ဖြစ်မလား"

"ဟင် လုပ်ပြီဟာ၊ ကဲပြော ကျုပ် ဘာလုပ်ရမလဲ"

"ဟာ ဒါနဲ့များ မင်းက အိမ်ဦးနတ်လုပ်မလို့လားကွ။ အိမ်ဦးနတ်ဆိုတာ ကိုယ်ဘာလုပ်ရမလဲ ဆိုတာကို သိသကွ"

"ဩော် ဒီလိုကိုး၊ ဒါဆို ဝင်ငွေများများရအောင် ဓားပြတိုက်မယ်ဗျာ"

"အလို"

"ရှင် ဘယ်လိုပြောလိုက်ပါလိမ့် ကိုကိုဖျောက်ရယ်"

"ဟုတ်တယ်၊ ငါ ဓားပြတိုက်မယ်ကွ"

"ဟာ၊ တယ်လည်း အကုသိုလ်စရိုက် ပျော်သကိုး။ မင်းက ဓားပြတိုက် လောက်အောင် သွေးကောရှိရဲ့လားကွ"

"ဘာ၊ သွေး ဘာသွေးလဲ၊ အိုသွေးလား။ ဘီသွေးလား"

"ဟာ၊ ငါပြောတာ သတ္တိကွ။ တုံးတိုက်တိုက် ကျားကိုက်ကိုက် သတ္တိကွ။ ဓားပြမတိုက်ခင် မင်းခြေသလုံး မင်းပြန်ကိုင်ကြည့်၊ ပြေးနိုင်ဖို့ တောင့်တင်းရဲ့လား လို့၊ ပြီးတော့ မင်းရင်ဘတ် မင်း ခဲနဲ့ထုကြည့်"

"ဟာ ဒုက္ခပါပဲကွာ၊ တိတ်စမ်းဗျာ"

"ဟား ဟား ဖျောက်ဆိပ် ဖျောက်ဆိပ်၊ ကိုယ့်ကိုယ်ကိုယ် မညာစမ်းပါနဲ့ ကွာ။ မင်း ဘာလုပ်တတ်သလဲ။ အဲဒါ အဓိကပဲကွာ"

"ဟုတ်ပတော်၊ ကိုကိုဖျောက်က ဖားရိုက် တအားတော်တာ အဘရဲ့"

"ဟေ ဟုတ်လား၊ ဒါဆို ဖားရိုက်ကွာ။ ရတဲ့ ဖားကိုကင်၊ ဆီပြား မဆလာ ထည့်ပြီးတော့ ကောင်းကောင်း ထုပ်ပိုးပြီးရင် မြို့တက်ရောင်းစမ်း ငယ်မယ့်လူ တစ်ပုံကြီးကွ"

"အဘပြောတာ နေရာကျသားပဲ"

"ဟင် ဟို ကျုပ် ဒီ . . ."

"ဖျောက်ဆိပ်ရာ ဘာလုပ်လုပ် ဉာဏ်နဲ့ယှဉ်ရသကွ။ မင်း ဖားကြီးတွေ ရိုက်ပြီးတော့ ဆီပြားနယ်၊ မီးကင်ပြီး ဒီလိုပဲ အထုပ်အပိုးမပါဘဲ ရောင်းကြည့် အရပ်သားတောင် မြင်ရုံနဲ့ အော်ဂလီဆန်မှာကွ။ ဒီတော့ ဖားကို ကြွပ်ရွနီရဲ အောင် ကင်၊ ပြီးတော့ ပလတ်စတစ်ဘူးနဲ့ ထည့်၊ အထဲမှာ ခရမ်းချဉ်သီးတို့ သခွားသီးတို့ စိတ်ထည့်ကွာ။ နောက်ပြီး နံနံပင် ငရုတ်သီးစိမ်းကလေးပါ လှအောင် ထည့်၊ အဲဒီလိုထည့်ပြီး ဟိုတယ်ကြီးတွေမှာ လိုက်သွင်းကြည့်၊ မင်းကွာ ရလိုက် မယ့် ငွေတွေ သောက်သောက်လဲကွ"





"ဟုတ်ပါတော်၊ အဘပြောတာ အားရစရာပဲ။ ဘယ်လိုလဲ ကိုကိုဖျောက်၊ ဖားပြန်ရိုက်ဖို့ မစဉ်းစားသေးဘူးလား"

"ဟာကွာ၊ မိန်းမရယ် ဒီအလုပ်ကြီး ငါမလုပ်ပါရစေနဲ့။ တခြားနည်းနဲ့ ငါ ရှာကျွေးပါ့မယ်ကွာ"

"အို တော်က ဘာလုပ်တတ်လို့လဲ"

"မပူပါနဲ့ကွာ၊ ငါ့လူတွေနဲ့ တိုင်ပင်ကြည့်ပါဦးမယ်"

"ဘယ်သူလဲ၊ ဟိုမှင်စာတွေပဲ မဟုတ်လား"

"တိတ်စမ်းကွာ၊ လူကို တယ်အထင်သေး၊ သွားမယ်ကွာ"

ဖျောက်ဆိပ်တစ်ယောက် စိတ်ပေါက်ပေါက်နှင့် အော်ဟစ်ကာ အိမ်ဝိုင်း ထဲမှ ထွက်ခဲ့၏။ သူ့ရင်ထဲ အဓိက မကျေမချမ်း ဖြစ်ရသည်မှာ ဥမ္မတ္တကောကြီးပင်။ ဘယ်နည်းဘယ်ပုံနှင့် အိမ်ပေါ်က ကလော်ချရမလဲသာ စဉ်းစားနေမိ၏။

သို့နှင့် သူတို့လူစု၏ စုရပ်ဖြစ်သော ထန်းရည်တဲရှေ့သို့ ခေါင်းငိုက်စိုက် နှင့် ရောက်လာလေ၏။ ထိုအချိန်တွင် ကျာအေးတစ်ယောက် ထန်းတဲပိုင်ရှင် ကိုကြီးကြွင်တို့နှင့်အတူ ထန်းလျက်ဝင်လုံးနေပေ၏။

"ဟာ၊ ကိုကြီးဖျောက် ဘယ်လိုဖြစ်လာသတုံး"

"ပြောချင်ပါဘူးကွာ၊ အိမ်ကဟာကြီးကြောင့် ငါအကြီးအကျယ် ပေါက်ကွဲ နေတယ်ကွ"

"အလို၊ ဥမ္မတ္တကောကြီးကိစ္စလား"

"ဟုတ်ပကွာ၊ ဒီအဘိုးကြီးက အိမ်ဦးထိုင်ပြီး ငါ့ကို မောင်းနေတာကွ"

"မပူစမ်းပါနဲ့ဗျာ၊ ကဲ လာ ဘာသောက်မလဲ။ ကျုပ် အားလုံး စီမံထားတယ်"

"ဟင်၊ ဘာတွေစီမံထားတာလဲကွ"

"အိုဗျာ၊ ခင်ဗျား ဥမ္မတ္တကောကြီးဟာ လက်စသတ်တော့ ငွေပုံကြီးဗျ။ ဟား ဟား ကျုပ်တို့တော့ ချမ်းသာချည်သေးရဲ့ဗျာ"

"ဟေ၊ ဘာတွေတုံးကွ"

"ထိုင်စမ်းပါဗျာ၊ ဒီကိစ္စ လူသိခံလို့ မဖြစ်ဘူးဗျ"

ကျာအေး၏ ထူးထူးဆန်းဆန်း စကားကြောင့် ဖျောက်ဆိပ် ပါးစပ်အဟောင်း သား ဖြစ်နေ၏။ ထိုစဉ် စားပွဲခုံပေါ်သို့ ချက်အရက်တစ်လုံးနှင့် အမြည်းများ ရောက်လာ၏။ ကျာအေးသည် မြနှင်းဆီ ဆေးပေါ့လိပ်ကို ဖွာရှိုက်ရင်း ထိုင်ခုံတွင် ခွင်၍ ထိုင်လိုက်၏။

"ကိုကြီးဖျောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေလကွာ"
"ကျုပ်တို့တော့ စားရက်ကြဲ့ မုတ်ဆိတ်ပျားစွဲပြီဗျ၊ ဟဲဟဲ"
"ဘာတုံးကွ၊ မင်း ဘာတွေပြောသလဲ၊ ငါတော့ နားမလည်ဘူးကွ"
"ဟာဗျာ၊ ဟောဒီမှာ ကြည့်စမ်း"
"ဟင့် ဘယ်က ဂျာနယ်အစုတ်ပလုတ်လဲကွ"
"ဟာဗျာ၊ ဒီဂျာနယ်က ငါးသိန်းတန် ဂျာနယ်ဗျ"
"ဗုဒ္ဓေါ ငါးသိန်း"
"ဟုတ်ပ့ါဗျာ၊ မယုံရင် ဟောဒီကြော်ငြာကို ဖတ်ကြည့်"
"ဟင်"

ဂျာအေးသည် ခါးကြားထိုးထားသော ဂျာနယ်ကို ဖျတ်ခနဲ ဆွဲထုတ်ကာ မင်နီနှင့် ဝိုင်းထားသော ကြော်ငြာကို ထောက်ပြလိုက်၏။ ဖျောက်ဆိပ်ခမျာ ဒုံးဝေးလွန်းလှသည်ဟု ဆိုရမည်ပင်၊ ဂျာအေးကို ကွက်ကြည့်ကွက်ကြည့် လုပ်ကာ ပြောလိုက်၏။

"ကြည့်ကြက်လည်း လုပ်ပါကွာ။ ပြဿနာတစ်ခု မပြီးသေးဘူး နောက် ပြဿနာဝင်လာရင် ငါလည်း မြေကြီးထဲ ကျွမ်းထိုးဝင်ဖို့ပဲ ရှိပ့ါကွာ"
"ဟာဗျာ၊ ဟောဒီပုံကိုကြည့် ဘယ်သူ့ပုံလဲလို့"
"ဟင်"

ဂျာအေး လက်ညှိုးထောက်ထားသည့် ဓာတ်ပုံကို ကြည့်လိုက်၏၊ စိတ် ကလည်း ဓာတ်ပုံအောက်မှ စာသားများကို ဖတ်လိုက်၏၊ ဓာတ်ပုံကို ထပ်တလဲလဲ ကြည့်ရင်း ဖျောက်ဆိပ် အံ့ဩသွား၏။

"ဟာ ဒါ ဒါ ဥမ္မတ္တကောကြီး"
"ဟုတ်ပဗျာ၊ သိပ်ဟုတ်တာပေ့ါ"
"ဟင်၊ ဒါဆို သူ့ရှိရာ သတင်းပေးနိုင်ရင် ငါးသိန်းဆိုတော့ အိမ်တိုင်ရာ ရောက် ပို့ပေးမယ်ဆိုရင်တောကွယ်"
"အေးဗျ၊ သတင်းပေးတာနဲ့ ငါးသိန်းဆိုရင် အိမ်အရောက်ဆို ဆယ်သိန်း လောက် ပေးမှာပဲဗျ"
"ဟုတ်ပ့ါကွာ၊ ဒါ ဒါဆို ငါတို့ ဘာလုပ်ကြမလဲ၊ ကြိုးနဲ့တုပ်ပြီး ပို့ပေးကြ မလား"
"ဟာဗျာ၊ ဒီလို ကြမ်းလို့ ဘယ်ဖြစ်မလဲဗျ။ စာထဲမှာ ရေးထားတာတော့ ဒီလူကြီးက စိတ်မနှံ့ဘူးတဲ့ဗျ။ တော်ကြာ စိတ်မထင် ကျုပ်တို့ကို ထပြီး လည်ညှစ်မှ ဟုတ်ပေ့ဖြစ်နေမယ်"





"အေး၊ ဟုတ်သားကွ"

ဖျောက်ဆိပ်ခမျာ ကြော်ငြာစာသားကို ဖတ်လိုက်ပြီးကတည်းက ဥမ္မတ္တ ကောကြီးအပေါ် မကျေမချမ်းဖြစ်နေသည့်စိတ်များ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားလေ၏။

မျက်လုံးထဲတွင် ငွေပုံကြီးပါလားဟုသာ မြင်ယောင်နေလေ၏။ သို့သော် ထိုငွေများကို သူ ဘယ်သို့ဘယ်ပုံ အရယူရမှန်းမသိ၊ ထို့ကြောင့်လည်း ဂျာအေး ကို ဆြာကြီးတင်ရလေတော့၏။

"မင်း ဘယ်လိုစိတ်ကူးထားသလဲ ဂျာအေးရ"
"အိမ်း၊ ဒီကိစ္စ ဘယ်သူ့မှ သိလို့မဖြစ်ဘူးဗျ။ ဘာဖြစ်လို့ဆိုတော့ လူတွေ ဟာ လောဘသားတွေချည်းပဲလေ"
"အေး ဟုတ်သားကွ၊ ဒီကိစ္စ မင်းနဲ့ငါပဲ သိထားသင့်တယ်"
"အဲဒါ ပြောတာပေ့ါဗျာ၊ နောက်ပြီး ဥမ္မတ္တကောကြီးက ရှုပေမယ့် အရှု ပါးကြီးဗျ။ ကျုပ်တို့ အရမ်းလုပ်လို့ မဖြစ်ဘူး"
"ဟုတ်ပကွာ"
"ဒါပေမယ့် ဒီအဘိုးကြီး ဘာကြိုက်သလဲ အဲဒါကို သိထားသင့်တယ်"
"အိမ်း၊ ဒီလူကြီးက စားတော်ပဲပြုတ်ဆီဆန်းကို ကြိုက်တာကွ"
"အိုဗျာ၊ ခင်ဗျားကလည်း ဒုံးဝေးပ့ါ၊ ထားဗျာ ဒီကိစ္စ ကျုပ်နဲ့ခင်ဗျား အသေ အချာ တိုင်ပင်မယ်၊ ချည်ပြီးတုပ်ပြီး လုပ်မယ် ဘယ်လိုလဲ"
"အေး ကောင်းသားကွ၊ တစ်ခုရှိတာ ဒီအဘိုးကြီး ငါ့အိမ်ပေါ်က မဆင်း ဖို့ဘဲကွ၊ ဒါပေမယ့် ဒီကိစ္စ အပုလေးကို အသိပေးလို့ မဖြစ်ဘူးကွ၊ သိတာနဲ့ ပြဿနာ တက်မှာပဲ"
"ဟုတ်တယ်၊ ကိုကြီးဖျောက် ကိုယ်ကကျူး ဒူးတောင်မယုံရဘူးတဲ့ဗျ"

သူတို့နှစ်ဦး ဥမ္မတ္တကောကြီးကိစ္စကို ဘယ်သို့ဘယ်ပုံ ဆောင်ရွက်ရမလဲ ဟု တွေးကာ အကြံအစည်ထုတ်ခဲ့ကြ၏။ ငွေငါးသိန်းဆိုသော အရှိန်ကြောင့် ဖျောက်ဆိပ် အရက်တောင် မစို့မပို့သောက်ပြီး အိမ်သို့ ပြန်ခဲ့၏။

သူ့အိမ်ပြန်ရောက်ချိန်တွင် ခေါင်းကြီးနှင့် အပုလေးတို့နှစ်ဦး ထမင်းစား နေကြ၏။ ဥမ္မတ္တကောကြီးကတော့ ထုံးစံအတိုင်း အိမ်ဦးခန်းတွင် မြိန့်မြိန့်ကြီး ထိုင်ကာ စီးကရက်တစ်လိပ် ဖွာရှိုက်နေပေ၏။

"ကိုဖျောက် ထမင်းဝင်စားလေ"
"စားမှာပေ့ါကွာ။ အဘရော ကျွေးပြီးပလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အဘ"

"အောင်မယ် မင်းအခေါ်အဝေါ်တွေ ပြောင်းလဲနေပါလားကွ။ ဧကန္တ ကိုယ့်လူ ဘဝကို နားလည်သွားပြီထင်ပ"

"ဟဲဟဲ အဘကလည်းဗျာ။ လူဆိုတာ အမှားအမှန်တော့ ရှိမှာပေါ့ဗျာ၊ ဒါဆို တျုပ်စားလိုက်ဦးမယ်"

ဖျောက်ဆိပ်၏ ပြောင်းလဲသွားသော အခေါ်အဝေါ်များကြောင့် မိန်းမ-လုပ်သူပင် တအံ့တသြဖြစ်နေ၏။ ခေါင်းကြီးမှာလည်း စဉ်းစားမရ။ ဖျောက်ဆိပ်ကတော့ သူ့အတွေးနှင့်သူပင်။ ထမင်းစားပွဲဘေး ဝင်ထိုင်ကာ အားပါးတရ တွယ်လေတော့၏။

ဟင်းက မည်မည်ရရ မဟုတ်။ ချဉ်ပေါင်နှင့် မျှစ်ရောကာ ပုစွန်ဆိတ်ကလေးများဖြင့် အရည်သောက်ချက်ထား၏။ ငါးသစ်တုံးကို မဆလာနှင့် ဆီပြန်အောင် ချက်ထားပြီး ငရုတ်သီးဆားထောင်း ထောင်းထား၏။ အတို့အမြုပ်တ တည်းသီး။

ချဉ်ငန်စပ်ကလေးမို့ ဖျောက်ဆိပ် ခေါင်းပင်မဖော်။ သို့နှင့် သုံးပန်းကန် မောက်မောက် စားသောက်ပြီးသောအခါ နားကြားမှ ဆေးလိပ်ကို ယူ၍ မီးညှိ ဖွာရှိုက်လိုက်ပြီး ဥမ္မတ္တကောကြီးဘေး ဝင်ထိုင်လိုက်၏။

"စားကောင်းရဲ့လား အဘ။ ကျုပ်တို့အိမ်မှာ နေရတာ ဟင်းထမင်းတော့ ညံ့လှသဗျာ"

ဖျောက်ဆိပ်၏ စကားသံက ရွှန်းရွှန်းဝေနေ၏။ ဦးတိမ်ပေါ်စံမှာ သူ့အပေါ် အမြဲတမ်း ထော်လော်ကန့်လန့် လုပ်လေ့လုပ်ထရှိသော ဖျောက်ဆိပ်တစ်ယောက် ချက်ချင်းကြီး အိုင်ဒီယာပြောင်းသွားသဖြင့် စိတ်ထဲ ဇဝေဇဝါ ဖြစ်နေ၏။

သို့သော် ကြားထဲက ပျော်နေသူမှာ အပုလေးပင်။ ခင်ပွန်းသည်နှင့် အဘကို တည့်စေချင်၏။ အဘကို ဖခင်ရင်းတစ်ယောက်လို ဆက်ဆံစေချင်၏။ သို့သော် ဖျောက်ဆိပ်၏ မနောက မကြည်မလင်မို့ ကြားထဲနေရသည်မှာ ခေါင်းရှုပ်လှပေ၏။ ယခုတော့ အဘနှင့် ဖျောက်ဆိပ်တို့နှစ်ဦး လေပေးဖြောင့်နေပြီမို့ အပုလေး ဝမ်းသာအားရ ဖြစ်နေ၏။

ထိုအချိန်တွင် အူကြောင်ကြောင် ထိုင်ကြည့်နေသူမှာ ခေါင်းကြီး။ သူ့ဆရာ၏ ပြောင်းလဲသွားသော အိုင်ဒီယာကို ခေါင်းကြီး နားမလည်ပါချေ။

"အဘ ဟို အချိုတည်းပြီးပြီလား။ ထန်းလျက်တွေ သိပ်မစားနဲ့နော်။ တော်ကြာ ချောင်းဆိုးပြီး အဲဆုတ်ပါ ပွဲသွားဦးမယ်"





"ဟာကွာ၊ မင်းကလည်း . . ."

"ဟဲ ဟဲ၊ နောက်တာပါ အဘရယ်။ အဘ . . ."

"ဟေလကွာ၊ မင်းကလည်း ငါ့ပဲ တစ်ခေါ်တည်း ခေါ်နေသကိုး။ ဘယ်လိုဖြစ်လာသတုံး။ ဧကန္တ တောထဲသွားရင်း အပများမှီလာလေသလား"

"မဟုတ်တာ အဘရယ်။ လူဆိုတာ ပေါင်းသင်း ဆက်ဆံရေးက အရေးကြီးဆုံးပဲဗျာ ဟုတ်ဘူးလား၊ အဲဒီလို ပေါင်းသင်းတဲ့နေရာမှာလည်း တစ်ယောက်သဘောကို တစ်ယောက် နားလည်ဖို့လိုသပေါ့ဗျာ။ ခုလည်း အဘသဘောကို နားလည်သွားပြီ။ ပြောရရင် တန်ဖိုးသိသွားပြီပေါ့ဗျာ"

"ဟေ ဘာတန်ဖိုးတုံးကွ"

"ငါးသိန်း အဲလေ ဟို ငါးသိန်းငါးသောင်းအထုရှိတဲ့ မဟာပထဝီ မြေကြီးကို တိုင်တည် . . ."

"ဟာ၊ ဘာတွေတုံးကွ"

ဖျောက်ဆိပ်စကားကို ခေါင်းတခါခါလုပ်နေသူမှာ ခေါင်းကြီးပင် ဖြစ်၏။ သူ့ဆရာ ယခုလို သဘောထား ပျော့ပျောင်းလာလိမ့်မည်ဟု ဘယ်တော့မှ မထင်ခဲ့။ အဘယ်ကြောင့် ဆရာဖျောက်ဆိပ် ပြောင်းလဲသွားရပါသနည်း။

ထိုမေးခွန်းသည် ခေါင်းကြီးရင်ထဲ မွှေနှောက်လျက်ရှိလေ၏။

"ဆရာဖျောက်"

"ဟေ ဘာတုံး ခေါင်းကြီး၊ မင်းလည်း အသက်ကြီးပြီကွ။ ငါ့လို လိမ္မာစမ်းပါကွာ။ လူကြီး လူကြီးမှန်း သိရမှာပေါ့။ လာ အဘ လှဲ လှဲ ကျုပ်နဲ့ ခေါင်းကြီး နှိပ်ပေးပါရစေ"

"ဗုဒ္ဓေါ သွားပြီ၊ ကျုပ် ဆရာတော့ ချောင်သွားပြီထင်ပ"

"ဟော့ကောင် လာလေကွာ"

"အင်း၊ ကြည့် ကြည့်လည်း လုပ်ပါဦး ဆရာဖျောက်ရယ်။ ဟို ပြဿနာ တစ်ခု မပြီးသေးဘူးနော်"

"လာစမ်းပါကွာ"

ဖျောက်ဆိပ်လုပ်ပုံက ဣန္ဒြေမရ ဖြစ်နေ၏။ ဦးတိမ်ပေါ်စံကို အတင်းလှဲအိပ်ခိုင်းကာ ခြေဆုပ်လက်နယ် ပြုနေပေ၏။ ခေါင်းကြီးခမျာမှာလည်း မတတ်သာတော့။ သူပါ ရောထိုင်ပြီး ဟိုနှိပ်သည်နှိပ် နှိပ်ပေးလိုက်ရလေ၏။

အဖြစ်အပျက်က အံ့သြလောက်ဖွယ် ပြောင်းသွားသည်မို့ ဦးတိမ်ပေါ်စံခမျာမှာလည်း နားဝေတိမ်တောင် ဖြစ်နေ၏။ ဖျောက်ဆိပ်ကမူ ခေါင်းကြီးကို ငုံ့ကာ တံတောင်နှင့် ကြိတ်လိုက်၊ လက်ဖနောင့်နှင့် ခြေလိုက်လုပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အား အီး"

"နာသလား အဘ၊ ဟောကောင် ခေါင်းကြီး ကြည့်နှိပ်နော်။ ငါ့အဘ နာတယ်လို့ နောက်တစ်ချက်အော်ရင် မင်း နားအုံပွင့်ပြီသာမှတ်ကွ"

"ဗျာ၊ ဇာတ်ပြောင်း ဇာတ်လွဲက မြန်ပါ့ဗျာ"

ဖျောက်ဆိပ်ကို ကြည့်ပြီး ခေါင်းကြီး ခေါင်းစားနေ၏။ ရနီးသည်ကတော့ ဝမ်းပန်းတသာ ဖြစ်နေ၏။

နောက်ဆုံး ဦးတိမ်ပေါ်စံ အိပ်သည့် ဖျာတွေ၊ ခြင်ထောင်တွေပင် ဖျောက်ဆိပ်ကိုယ်တိုင် စိမ်ခန့်ခွဲမလေတော့၏။ ခေါင်းကြီးလည်း ဖျောက်ဆိပ်ကို ဆရာတင်မိပေရာ နောက်တော်ပါ သံချောင်း လုပ်ခဲ့ရလေတော့၏။

* * *



## အခန်း (၁၁)

ဥမ္မတ္တကောကြီး အကြိုက်ကို ဂယနဏ သိထားသူမှာ ခေါင်းကြီးပင် ဖြစ်လေ၏။ ထိုအခြင်းအရာကို ဂျာအေးက နားလည်လာ၏။ ထို့ကြောင့်လည်း ခေါင်းကြီးကို နှုန်းနှုပ်နေရ၏။ ယခုလည်း ထန်းတောဘက် မျက်စိလည်လာသော ခေါင်းကြီးကို ဂျာအေး မြင်သွားပေရာ အတင်း လှမ်းခေါ်လိုက်၏။

"ဘာတုံးဗျ"

"ဘယ်သွားမလို့လဲ ခေါင်းကြီးရ"

"ငါ ဝီဒီယို ကြည့်မလို့လေ"

"ဝီဒီယိုကြည့်ရတာ ပျင်းစရာကြီးပါကွာ။ လာကွာ ငါနဲ့ အတူချရအောင်"

"ဟာ၊ ငါ မသောက်ရဲဘူးကွ၊ ကြီးပုဆူရင် ပြဿနာ"

"မူးအောင် မသောက်နဲ့ပေါ့ကွ။ ငါ တိုက်မှာပါကွာ။ ပြီးတော့ ကြွက်ကင် သည်း ရှိတယ်။ မင်းအကြိုက်လေ"

"ဟင် ဟုတ်လား၊ ဟို ငါ သုံးခွက်လောက်ပဲ သောက်မယ်ကွာ"

"ရပါတယ်ကွာ။ လာ ထိုင်"

ခေါင်းကြီးကို ကြွက်ကင်ပြလိုက်သည်နှင့် နှစ်ခါမခေါ်ရ။ ဂျာအေးစိတ်ထဲ ခေါင်းကြီးကို အရင်ဘဝက ကြောင်များဖြစ်ခဲ့လေသလားဟုပင် တွေးမိ၏။ ကြွက် င်မြင်လိုက်တော့ ခေါင်းကြီး တစ်ဖဝါးရွှေ့သူ မဟုတ်။ ယခုလည်း နီရဲ ကြွပ်မွ အောင် ကင်ထားသော ကြွက်ကြီးသုံးကောင် ပဲအစုံစားထားသဖြင့် အဆီ တဝင်းဝင်း တက်နေ၏။

ထိုမြင်ကွင်းကြောင့် ခေါင်းကြီး ကျွန်ုပ်ပင် မဆည်နိုင်၊ ထိုင်လိုက်သည်နှင့် ကြွက်ကင်တစ်ကောင်ကိုယူကာ ခေါင်းမှနေပြီး ကျိုးကျိုးဖျွပ်ဖျွပ် ဝါးပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျာအေးသည် ငှဲထားသော အရက်ခွက်ကို ခေါင်းကြီးအား လှမ်းပေးလိုက်၏။

"သောက်လိုက်စမ်းကွာ၊ ဒီလို စစ်မှန်တဲ့ ချက်အရက်ကို မြို့မှာ မရနိုင်ဘူးကွ။ ငါတို့က မကြာခင် မြို့ပြန်ရတော့မှာဆိုတော့ ရတုန်းသောက်ကွ"

"ပေးစမ်းကွာ"

ခေါင်းကြီးကို နည်းနည်း ချော့လိုက်သည်နှင့် ပျော့သွား၏။ နှစ်ခွက်နီးပါး ဝမ်းထဲရောက်သွားသောအခါ ခေါင်းကြီးအသွင်က ဖျတ်လတ်တက်ကြွလာလေ၏။ ထိုစဉ် အကွက်ချောင်းနေသော ဂျာအေးက ဥမ္မတ္တကောကြီး အကြောင်း အစ်လေတော့၏။

"ခေါင်းကြီး မင်း ဥမ္မတ္တကောကြီးအကြောင်း ဘယ်လောက်သိသလဲကွ"

"အင်း၊ ဒီအဘိုးကြီးက နတ်ရူးကြီးကွ"

"ဟေ၊ ဘာဖြစ်လို့တုံး"

"ဟာ၊ သူကိုယ်သူ အိမ်ဦးနတ်တဲ့ကွာ။ ဟား ဟား ဟား အဲဒါကြောင့် ကိုကြီးဖျောက်နဲ့ နတ်နေရာ ယှဉ်လုရင်း ပြဿနာဖြစ်ကြတာပေါ့ကွာ"

"ဟုတ်လား၊ ဒီအဘိုးကြီးက ရူးချင်ယောင်ဆောင်နေတာလား မသိဘူးကွ"

"ဖြစ်နိုင်တယ်၊ တစ်ခါတစ်ခါ ဘိုလိုပြောတတ်သကွ။ နောက်ပြီး ဒီအဘိုးကြီးက ကောင်မလေးချောချောလေး မြင်ရင် တအားငမ်းတာကွ။ ရွာထဲက ကောင်မလေးတွေဆို အမြဲတမ်း မျက်စိစားပွဲထိုင်နေတာကွ"

"ဟုင် ဒါဆို ပန်းညို"

"ဟာ အဲဒီပန်းညိုဆို သူက အသေအလဲပိုးတာကွ။ အိမ်သွားလည်ရတာလည်း အမော်ကွ"

"ဘာ ဒါ ဒါ တကယ်ပဲလား"

"ဩော်၊ မင်းကလည်း ကျားကိုက်ပါတယ်ဆို နာသလား မေးနေပြန်ပြီ"

"ဟင် ဆို ဆိုစမ်းပါဦး"

"အေး၊ ဒီအဘိုးကြီး သဘောအကျဆုံးက ပန်းညိုတဲ့ကွ။ ကြီးတလုတ်ငယ် သွားကပ်နေတာ ကြာပြီ။ ပြီးတော့ ပန်းညိုလေးကို အမွှန်းတင်ရတာလည်း အမောပဲကွ"

"ဟုတ်လား၊ ဒါဆို ပန်းညိုကရော"

"အဲဒါတော့ မသိဘူးလေ။ ဒါပေမယ့် အဘိုးကြီးပုံက မင်းကုသထုံး မှတာ

"ဘုရား ဘုရား၊ ဥမ္မတ္တကောကြီးက ကိုင်မယ့်ကိုင်တော့လည်း ထိ တက်တိုင်တာကိုး"





"အဲဒါပြောတာပေါ့ ဂျာအေးရ။ ဥမ္မတ္တကောကြီးကို လျှော့မတွက်နဲ့နော်။ သူက ဘာပြောတယ်မှတ်သလဲ။ ဖွဲတစ်ဆုပ်နိုင်ရင် ပွဲရှုပ်နိုင်တယ်တဲ့ကွ။ ဘာပြောမှန်းတော့ မသိဘူး။ ပြီးတော့လည်း ပန်းညိုကလေးသာ ငါ့ကို ပြန်ချစ်မယ်ဆိုရင် ဟောဒီဗပျိုရွာမှာ မိဖုရားမြှောက်မတဲ့ကွ"

"ဘာ၊ အကြံကြီးလှချည်လား"

"အကြံကတော့ ကြီးပေါ့ကွ။ သူကိုယ်သူ မင်းတရားကြီး အောက်မေ့နေသကွ။ ပန်းညိုကို တောင်ညာစံ မိဖုရားကြီး ခန့်မတဲ့။ ဟိုဗျာမ သိလား"

"ဘယ်သူတုံး"

"ဟိုကွာ၊ ခင်ဝိုင်းလေ"

"လုပ်ပါဦး ဘာဖြစ်သလဲ"

"အဲဒီ ခင်ဝိုင်းကို မြောက်နန်းစံထားမယ်။ ပြီးတော့ ဟို လုံးကြီးပေါက်လှ ရွှေပိုက်ကိုတော့ ကိုယ်လုပ်တော်ခန့်မတဲ့"

"အားလားလား၊ လုပ်လှချည်လား"

"ပြောရရင် တစ်ရွာလုံးက အပျိုတွေကို သူက သိမ်းပိုက်ချင်သကွ။ ဒါကြောင့် သူကိုယ်သူ စတိုင်ထုတ်နေတာပေါ့ကွာ"

"ဩော်၊ ဒီလူကြီးကြိုက်တဲ့အစာက ဒါကိုး"

ဂျာအေးတစ်ယောက် ဥမ္မတ္တကောကြီး၏ အာသီသကို သိရှိသွားသောအခါ အကြီးအကျယ် ချောက်ချားရလေ၏။ အကြောင်းမှာ တခြားမဟုတ်။ သူ အချစ်ကြီး ချစ်လှပါသော ပန်းညိုလေးကို ဥမ္မတ္တကောကြီးက အသေအလဲ ပိုးပန်းနေသည့်အချက်ပင် ဖြစ်လေ၏။

ထိုသတင်းကြောင့် ဂျာအေးတစ်ယောက် စိတ်အတွေးများ ကယောက်ကယက်ဆန်ခဲ့ရ၏။ ခေါင်းကြီးဆီမှ ဥမ္မတ္တကောကြီး၏ ကျင့်စဉ်ကို သိရှိလိုက်ရသောအခါ စိတ်ထဲ အပူကြီး ပူလာမိ၏။

ထို့ကြောင့်လည်း ညနေစောင်းသည်နှင့် ပန်းညိုတို့အိမ်နား ရစ်သီရစ်သီ လုပ်နေမိ၏။ သူ့အပြုအမူကို သက်သေမကင်းဖြစ်နေသူမှာ ရေနံချောင်းဘက်မှ မကြာသေးမီက ရောက်လာသော ကြာရိုးပင် ဖြစ်လေ၏။

အိမ်ဝိုင်းဘေး ဟိုရပ်သည်ရပ် လုပ်နေသော ဂျာအေးကို မှုန်ကုပ်ကုပ် ကြည့်ရင်း စိတ်ထဲ စနိုးစနောင့်ဖြစ်လာ၏။ ထို့ကြောင့်လည်း ဝိုင်းထဲမှ ထွက်လာပြီး ဂျာအေးနှင့် မျက်နှာချင်းဆိုင်လိုက်၏။

"ဟေ့ကောင် ဂျာအေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကိုကြာရိုး"

"မင်းက ဒီမှာလာပြီး ဘာကုပ်ချောင်းကုပ်ချောင်း လုပ်နေတာလဲ"

"ဟို မြွေ မြွေ"

"ဟေ မြွေ. . . ဗုဒ္ဓေါ"

မြွေဆိုသော စကားကြောင့် ကြာရိုး ဆတ်ခနဲ တွန့်သွား၏။ ဂျာအေးက သူ့ကို ပြုံးစေ့စေ့ကြည့်ရင်း ပြောလိုက်၏။

"မြွေဆိုတာနဲ့ ကြောက်လိုက်တာဗျာ"

"ဟာ ငါက မြွေတော့ ကြောက်သကွ"

"အလကားပြောတာပါဗျာ"

"ဒါဆို မင်း ဘာရစ်သီရစ်သီ လုပ်နေတာလဲ။ ဒေါ်တလုတ်မကို ချောင်းတာလား"

"ကြံကြီးစီရာဗျာ၊ ဟို ပန်း ပန်း . . ."

"ဩော် ပန်းညိုလား၊ မချောင်းနဲ့ ဂျာအေးရေ့ အိမ်မှာ ဦးတိမ်ပေါ်စံကြီး ရောက်နေပြီကွ။ ဒီအဘိုးကြီးကြည့်ရတာ လက်မြန်ခြေမြန်ရှိတဲ့ပုံပဲကွ"

"ဗျာ"

ကြာရိုးထံမှ စကားကြောင့် ငိုင်ကျသွား၏။ သူထက် ခြေလှမ်းအသွက်ကြီးသွက်နေသော ဥမ္မတ္တကောကြီး ဘယ်သို့ဘယ်ပုံ တုံ့ပြန်ရမှန်း မသိ။ ရင်ထဲက နှလုံးသည်းပွတ်ကို ဓားတုံးတုံးနှင့် တင်အလှီးခံလိုက်ရသည့်ပမာ ခံစားရခက်လှသော်လည်း မနည်းကြီး ထိန်းချုပ်လိုက်ရ၏။

"ကိုကြာရိုး"

"ဘာတုံးကွ"

"ခင်ဗျားတို့ ဒီအဘိုးကြီး လက်ခံမိတာ ပြဿနာပဲဗျာ"

"ဟေ၊ ဘာဖြစ်လို့တုံးကွ"

"ဟာ ဒီအဘိုးကြီးက အရှူးကြီးဗျ။ ပြီးတော့ ဝက်ရူးပြန်ရောဂါရော ခွေးရူးပြန်ရောဂါရော ရှိတယ်ဗျ"

"ဟေ မင်းဥစ္စာ ရောဂါပေါင်းစုံပါလား"

"အဲဒါ ပြောတာပေါ့ဗျာ၊ ခင်ဗျားတို့ အိမ်ပေါ်မှာ ဝက်ရူးပြန်ရောဂါပိုးတွေ ခွေးရူးပြန် ရောဂါပိုးတွေ ပျံ့ကုန်ပြီ ထင်တယ်"

"ဗုဒ္ဓေါ၊ ကြောက်စရာကြီးပါလားကွာ။ မင်း မင်း ပြောမှ ငါလည်း သိတယ်။ နေဦးကွ အိမ်ပေါ်ရောက်ရင် ခဏခဏ ချေတယ်။ နောက်ပြီး ဒူတအား နှန့်တတ်တယ်ကွ"





"ဟာ၊ အဲဒါ ရောဂါလက္ခဏာဗျ"

"ဒါဆို ဝက်ရော ခွေးရော ရောနေတာဆိုတော့ ဝက်ခွေးပြန် ရောဂါပေါ့ ဟုတ်ဘူးလား"

"ဟုတ်တယ်၊ အဲဒီလို ခေါ်လို့ရတယ်ဗျ။ ဝက်ပိုးနဲ့ ခွေးပိုး ပေါင်းစပ်ပြီး လင်းဆွဲ ပိုးတွေ ဖြစ်လာလိမ့်မယ်။ အဲဒီ ပိုးကိုက်ရင် လူကိုယ် ခွေးလို ဝက်လိုလို ဖြစ်နိုင်တယ်ဗျာ"

"ဟာ၊ ပြောလေ ကြောက်စရာကြီးပါလား။ ဟုတ်ပြီ ဒါကြောင့် အနားကပ်ရင် ညှီစို့စို့ အနံ့ကြီးရတာကိုး။ ဒါ ဒါဆို ဘာလုပ်ရမလဲကွ။ ရောဂါဖြစ်လာရင် ပြဿနာပဲ"

"အဲ့ပါဗျာ၊ ကြီးတလုတ်မကိုလည်း အဲဒီ့အကြောင်း တိုးတိုးလေး ပြောလိုက်ပေါ့ကွာ"

"အေး၊ ဟုတ်ပြီကွ။ ဒီကိစ္စ အမြန်ပြောမှပဲ"

"ကဲ၊ ကျုပ်သွားမယ်"

ဂျာအေး ထိုးနှက်ခဲ့သော စကားက .ထိရောက်လှပါဘိ။, ကြာရိုးတစ်ယောက် ဒေါ်တလုတ်မကို ချက်ချင်း ပြန်ပြောပြလိုက်ရာ ဒေါ်တလုတ်မ ကြောက်အားလန့်အား ဖြစ်နေ၏။ ရင်တဖိုဖိုနှင့် ကြာရိုးကို မေးနေပြန်၏။

"ဟုတ်၊ ဟုတ်ရဲ့လား ကြာရိုးရယ်"

"ဟာ၊ ကျုပ်က လိမ်ပြောပါ့မလားဗျာ။ ဒီကိစ္စ အားလုံး ဒုက္ခရောက်မယ့် ကိန်းဗျ။ ဝက်ခွေးပြန်ရောဂါဟာ နောက်ဆုံးပေါ် ရောဂါတဲ့ဗျ။ ပြီးတော့ အဲဒီ နှစ်မျိုး ပေါင်းစပ်လိုက်ရင် လင်းဆွဲပိုး ပြန်လာရောတဲ့ဗျ"

"ဗုဒ္ဓေါ"

"အဲဒီပိုးကိုက်ရင် မြွေပွေးဆယ်ကောင် ဝိုင်းကိုက်သလိုပဲတဲ့"

"ဘုရား ဘုရား၊ တော်ပြီ ဒီဟာကြီး အိမ်ပေါ်က ဆင်းအောင် အမြန် ကောင်းချမှ"

"ကောင်းတာပေါ့ဗျာ"

ကြာဆီမှ ကြားလိုက်ရပြီးနောက် ဒေါ်တလုတ်မခမျာ အိမ်ပေါ်တွင် ခန့်သားကြီး ထိုင်နေသော ဦးတိမ်ပေါ်စံကို ကြည့်ကာ သူ့မျက်စိထဲ ရုတ်ခြည်း လင်းဆွဲကြီးနှင့် တူသလိုပင်။

"ဟူး ဟူး ဟား ဟီး ဟူ အဟတ် ပန်းညိုလေးရယ်၊ ဘဘကြီးက အသက်ကြီးပေမယ့် မပျက်စီးသေးပါဘူးကွယ်။ အဟတ် အဟတ်"



www.burmeseclassic.com

www.burmeseclassic.com



"အလိုတော် ရှင်ကြီးက ဘယ်လိုရယ်သတုံး"

"အင်၊ ဒီအာ ဖြစ်လို့လဲ မတလုတ်မရယ် ကျုပ်က လူငယ်တစ်ယောက်လို ရယ်တတ်မောတတ်တာဗျ"

"အိုတော်၊ ရှင့် ရယ်သံကြီးက လင်းဆွဲအော်သံလိုလို ဘာလိုလိုနဲ့"

"ဟာ မတလုတ်မကလည်း အဟုတ် အဟုတ် ကျုပ်က လင်းဆွဲကင်ဆို တအားကြိုက်တာဗျ။ ဟို ပန်းနာလည်း ကောင်းသလို ဟို လူကြီးရောဂါလည်း သက်သာတယ်တဲ့"

"ရှင်၊ ဒါဆို ရှင် လင်းဆွဲကင်တွေပဲ စားနေသလား"

"ဟဲဟဲ အဟုတ်ဟုတ် တစ်ခါတစ်ခါတော့ ဖျောက်ဆိပ်ကို ရိုက်ခိုင်းပြီး ကင်စားဖူးတယ်"

"အော့ ရွံစရာကြီးရှင်၊ သမီး ဟိုဘက်တိုး"

"ရှင်"

"ကိုအတ္တာ"

"ဘာတုံးဗျာ၊ မတလုတ်မကလည်း လူကိုကြည့်တာ ပြူးပြူးပြဲပြဲနဲ့"

"အို၊ တော်ကြီးရုပ်က လင်းဆွဲကြီးနဲ့ တူလာသလိုပဲ"

"ဗျာ"

ဟို ရှင်ဟာ ဝက်ခွေးပြန်"

"ဟာ ဘာတွေတုံး"

"ရှင်၊ ဒီကို နေ့တိုင်း မလာနဲ့။ ရှင်ပြန်ဖို့သင့်ပြီ"

"ဟာ၊ ချက်ချင်းကြီးပါလား ကျောင်းအမရယ်"

"အို၊ ဘာမှ မမေးနဲ့။ ရှင် ဒီနေ့ကစပြီး အသွားအလာကို ဆင်ခြင်ပါ ဖြစ်နိုင်ရင် ကျုပ်တို့ဆီ လာမယ်ဆို ကိုယ့်ကိုယ်ကိုယ် အရက်ပြန် လောင်းပြီး လာခဲ့"

"ဗုဒ္ဓေါ"

ဦးတိမ်ပေါ်စံတစ်ယောက် ချက်ချင်းကြီး ပြောင်းလဲသွားသော ဒေါ်တလုတ်၏ အခြေအနေကို နားမလည်အောင် ဖြစ်ရ၏။ သူ့ကို မျက်ထောက်နီကြီးနှင့် ကြည့်နေသည်မို့ ဦးတိမ်ပေါ်စံတစ်ယောက် အိမ်ပေါ် ကြာကြာ မနေဝံ့တော့ ဟို့ကြောင့်လည်း ချက်ချင်း အိမ်ပေါ်မှ ဆင်းခဲ့ရာ အိမ်ဝိုင်းထဲ ထရံနား နေသော ကြာရိုးနှင့် တွေ့လိုက်ရလေ၏။

"ဟာ၊ မောင်ကြာရိုး"





www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဝက်ခွေးပြန်"

"ဘာ မင်း ငါ့ ငါ့ကို ဘာပြောတာလဲ"

"ဟို ဝက်ခွေးပြန်"

"ဘာတုံးကွ၊ ဟိုတစ်ယောက်လည်း ငါ့ကို ဝက်ခွေးပြန်တဲ့။ ပြီးတော့ လင်းဆွဲနဲ့ တူသတဲ့။ ဘယ်လိုဟာတွေတုံးကွာ။ တော်ပြီ"

ဦးတိမ်ပေါ်စံတစ်ယောက် ခေါင်းရှုပ်ရှုပ်နှင့် ခြံထဲမှ ထွက်သွားလေ၏။ သို့သော် ဝက်ခွေးပြန်ရောဂါ ရနေပြီဆိုသော ဦးတိမ်ပေါ်စံသတင်းက တစ်ရွာလုံး တစ်မုဟုတ်ချင်း ပျံ့နှံ့သွားလေ၏။

ထိုသတင်းကို ကြားမိသော ဖျောက်ဆိပ်ခမျာ အူချာချာဖြစ်နေ၏။ မိန်းမလုပ်သူကို တီးတိုးပြောပြသောအခါ အပုလေးမှာလည်း လည်နေ၏။

"ဝက်ခွေးပြန်ရောဂါ ကြားဖူးပေါင်တော်"

"ဟာ၊ ကိုယ်ကြားတာတော့ အမှန်ပဲကွ။ ဒီစကားကို ဒေါ်တလုတ်မက ပြောလိုက်တာ"

"ဟင် ဒေါ်တလုတ်မက ပြောတာ"

"ဟုတ်ပ"

"ဘုရား ဘုရား၊ အဘတော့ အဲဒီရောဂါရရင် ဒီတောင်က ကျော်နိုင်ပါ့မလားရှင်"

"သတိလည်းထားဦး မိန်းမရဲ့။ မင်းပါ ဝက်ခွေးပြန်ရောဂါ ကူးနေဦးမယ်"

"ရှင်"

ဖျောက်ဆိပ်၏ စကားကြောင့် အပုလေးပင် ဦးတိမ်ပေါ်စံနား ရဲရဲမကပ်ရဲတော့ချေ။ ထိုသတင်းကို ခေါင်းကြီး ကြားရသောအခါ ပို၍ ရှုပ်ကုန်လေ၏။

"ဟုတ်ပါ့မလား ဆြာဖျောက်ရယ်"

"ဟာ အဲဒါ အသေအချာပဲကွာ"

"အင်း၊ ဒီကိစ္စက ဖြစ်တော့ဖြစ်နိုင်တယ်ဗျ။ ဝက်ကလည်း မစင်စားတယ်၊ ခွေးကလည်း မစင်စားတယ်။ ဒီတော့ မစင်စားရင်း ဝက်နဲ့ခွေး မိတ်ဆွေဖြစ်ရာက ဒီရောဂါ ပေါက်ဖွားလာတာ ဖြစ်ရလိမ့်မယ်"

"အဲ အဲဒီလို ဖြစ်နိုင်တယ်ကွ"

သတင်းက တစ်ရွာလုံး လှိုင်နေပေရာ ဦးတိမ်ပေါ်စံ အိမ်ပေါ်က ဆင်းလာသည်နှင့် ရွာသားအချို့မှာ ရှောင်ရှားသွားကုန်ကြ၏။ ဦးတိမ်ပေါ်စံမှာ တစ်ယောက်တည်း နားမလည်နိုင်အောင် ဖြစ်နေ၏။ အဆိုးဆုံးက ရွာလူကြီးပေါင်းနှင့်ရေခဲပင် ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက် ဦးရေခဲ အိမ်ဝိုင်းထဲ အဝင်တွင် ဦးရေခဲက ပြုံးပြုံးပြုံးပြုံး အော်ဟစ်လေ၏။

"ဟာ၊ ဟေ့လူကြီး"

"ဘာတုံး ကိုရေခဲရဲ့"

"ခင်ဗျား ဝက်ခွေးပြန်ကြီး"

"ဟာဗျာ"

"မလာနဲ့ ကျုပ်ဝိုင်းထဲ မဝင်နဲ့။ ကျုပ်က ကြောက်လွန်းလို့ဗျာ၊ ခင်ဗျားက ဝက်ခွေးပြန်ဆို . . ."

"အလို ဘာတွေတုံး၊ ရှုပ်ကုန်ပြီ"

"သွားတော့ဗျာ၊ ကျုပ်ရင်တွေပန်းတွေ တုန်လွန်းလို့ပါဗျာ"

"ဗုဒ္ဓေါ၊ ဘာတွေဖြစ်ကုန်ပြီလဲ။ ကျုပ်တော့ နားမလည်တော့ဘူးဗျာ"

ဦးတိမ်ပေါ်စံခမျာ ရှာလယ်လမ်းမကြီးပေါ် ယောင်ချာချာ ဖြစ်ရင်း နောက်ဆုံးမတော့ အိမ်ဘက်သို့ ပြန်ခဲ့ရလေတော့၏။ ထိုအခြေအနေကို တစ်နေရာမှ စောင့်ကြည့်နေသူမှာ ဂျာအေးပင် ဖြစ်လေ၏။

ဂျာအေးတစ်ယောက် ဦးတိမ်ပေါ်စံ၏ မြင်ကွင်းကိုကြည့်ကာ ကျိတ်ပြုံးဝမ်းသာနေ၏။ တစ်ရက်တွင် သူနှင့် ဖျောက်ဆိပ်တို့နှစ်ဦး ယာတဲထဲတွင် ကြုံခဲ့ကြလေ၏။

"ဟာ၊ ကိုကြီးဖျောက်"

"ဟာ ဂျာအေး"

"ဘယ်လိုတုံးဗျ၊ ကျုပ်တို့ကိစ္စ ဘယ်တော့ အကောင်အထည် ဖော်ရမှာလဲဗျ"

"အေးကွ၊ ဒီကိစ္စ အမြန်ဆုံး စီစဉ်မှ ဖြစ်မယ်ကွ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ငါနဲ့ မင်း ရန်ကုန်သွားမယ်ကွာ။ အဲဒီ တိမ်မြင့်စံဆိုတဲ့ ဒေါက်တာကြီးဆီ သွားရအောင်ကွာ"

"ဟာ သတင်းပေးရင် ငါးသိန်းပဲရမှာဗျ"

"ဟိုကျမှ ကြည့် စီစဉ်ကြတာပေါ့ကွာ"

"ဘယ်တော့ သွားကြမလဲ"

"တစ်ရက် ရက်ပေါ့ကွာ။ ငါတို့က ပိုက်ဆံလေးဘာလေး ဖန်တီးရဦးမှာဗျ"

"ဟုတ်တယ်၊ စရိတ်တော့ ရှာမှ"

"အင်း ဒီကိစ္စ အောင်မြင်ရင် မင်းနဲ့ငါ တစ်ယောက်တစ်ဝက်ပေါ့ကွာ"





"ဘယ်သူမှတော့ မသိစေချင်ဘူး"

"စိတ်ချပါကွာ"

သူတို့နှစ်ဦးမှာ ဦးတိမ်ပေါ်စံကို ခုတုံးလုပ်ရလာမည့် ငွေကြေးပမာဏကို စိတ်ကူးနှင့် တွေးကာ အပျော်ကြီး ပျော်နေကြလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဖျောက်ဆိပ်နှင့် ဂျာအေးတို့နှစ်ဦး ခရီးစရိတ်ကြဲဖန်ရှာကာ မကွေးသွားဦးမည်ဟု လိမ်ညာပြောဆို၍ ရန်ကုန်သို့ အဝေးပြေးကားကြီးနှင့် ထွက်ခွာခဲ့ကြလေ၏။ အဝေးပြေးကားကြီးမှာ တစ်ညအိပ်ခရီး မောင်းနှင်ခဲ့ပြီး နောက်တစ်နေ့ ဆယ်နာရီခွဲခန့်တွင် ရန်ကုန်အဝေးပြေးကားဂိတ်သို့ ဆိုက်ရောက်လာလေ၏၊

နှစ်ဦးသား ကားပေါ်မှ ဆင်းခဲ့ကြပြီး လိုင်းကားစီးကာ မြို့ထဲသို့ လိုက်ခဲ့ကြ၏။ လမ်းတစ်လျှောက်လုံး ဟိုမေးဒီမေး မေးလာခဲ့ကြရာ မကြာမီ မြို့လယ်ကောင်သို့ ရောက်ရှိခဲ့ကြလေ၏။

လမ်းပေါ်တွင် ဥဒဟို သွားလာနေကြသော လူအုပ်ကြီးများ၊ တစီစီတဝေါဝေါ မောင်းနှင်နေသောကြသော ကားကြီးကားငယ်များ၊ မြင့်မား မတ်စောက်လှသော တိုက်တာ အဆောက်အအုံနှင့် ဟိုတယ်ကြီးများကို ကြည့်ကာ နှစ်ဦးသား ပါးစပ်အဟောင်းသား ဖြစ်နေကြ၏။

အထဝ်ပေါင်း ရာချီရှိသော ဟိုတယ်ကြီးနားအရောက်တွင် နှစ်ဦးသားတမော့မော့ လုပ်နေကြသဖြင့် သွားလာနေကြသူများကလည်း သူတို့နည်းတူမော့ကြည့်ကြကုန်၏။

"ဟာ ဘာတွေတုံး"

"ဘာမြင်လို့လဲကွ"

"ပြောတတ်ဘူးလေ၊ ပြောတာတော့ ဂြိုဟ်တုတဲ့"

"ဟာ ဟုတ်လား"

"ဘယ်မှာလဲ၊ မြင်လည်း မမြင်ရဘူး"

"ဟိုနှစ်ယောက်ကြည့်နေတာ"





"ဟင်"

လမ်းသွားလမ်းလာများမှာလည်း ကြောင်စီစီနှင့် ကြည့်ကြပေရာ ပလက်ဖောင်းပေါ်တွင် လူတွေ စုဝေးလာ၏။ ထို မြင်ကွင်းကို မော်တော်ပီကယ်ကြီး မြင်သွားလေရာ အူကြောင်ကြောင်နှင့် ဂျာအေးတို့အနား ရောက်လာ၏။

"ဟေ့လူတွေ ဘာ ဘာကြည့်နေတာလဲဗျ"

"ဟင် ဟို ဟိုဗျာ"

"ဗျာ၊ ဘာတုံး ဂြိုဟ်တုလား၊ ပန်းကန်ပြားပျံလား"

"အဲ ဟုတ်ဘူးဗျာ၊ တိုက်ကြီးက မြင့်လွန်းသဗျာ"

"ဟူး မြဲသနာပဲ"

"ဗျို့ ပီကယ်ကြီး"

"ဟင် ကျုပ်ကို ပြောတာလား"

"ဟိုဗျာ၊ ကျုပ်ကို ပြောစမ်းပါ။ အဲဒီ ဟိုးထိပ်ဆုံးထပ်မှာ လူတွေနေတာလား၊ နတ်တွေနေတာလားဗျာ"

"အင်၊ ဟာ ဒီငကြောင်နှစ်ယောက် မလွယ်ဘူး"

"ဟေ၊ ဟို ပီကယ်ကြီး ပြော ပြောပါဦး"

"သိဘူးဗျာ၊ အဲဒီမှာ နတ်တွေရော နတ်သမီးတွေရော ရှိတယ်။ ပြီးတော့ သိကြားမင်းတောင် ရှိတယ်"

"ဟာ ဟုတ်လား"

မော်တော်ပီကယ်ကြီးသည် အူချာချာလုပ်နေသော သူတို့နှစ်ဦးကို ပြောချင်ရာ ပြော၍ ထွက်သွားလေတော့၏။ ထိုအခါ လမ်းပေါ်တွင် ရပ်ပြီး မော့ကြည့်နေသော လမ်းသွားလမ်းလာများလည်း သူတို့နှစ်ယောက်ကို ပေါကြောင်ကြောင်တွေပါလားဟု ထင်ကာ ကိုယ့်ခရီးကိုယ် ဆက်လျှောက်ကြကုန်လေ၏။

"အံ့ဩစရာပဲဗျာ"

"ကဲ လာပါကွာ၊ ငါတို့ သွားရမယ့် ခရီးက ကျန်သေးတယ်ကွ"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး ဟိုမေးဒီမေးနှင့် ဟိုငေးဒီငေး လျှောက်ခဲ့ကြရာ မကြာမီ မြို့လယ်ကောင် လူစည်ကားလှသော လမ်းမကြီးပေါ်မှ ဆိုင်းဘုတ်ကြီးကို မြင်လိုက်ရလေ၏။

"ဟာ၊ ဟိုမှာ မေတ္တာရှင်တဲ့ဗျ"

"ဟုတ်ပ၊ အောက်မှာ ရေးထားတယ်၊ ဒေါက်တာ တိမ်မြင့်စံတဲ့ အထူးကုပါရဂူကြီးတဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"သေချာပြီဗျ"

"လာကွာ၊ ဟင်း ဟင်း ဝမ်းသာလိုက်တာကွာ"

နှစ်ဦးသား ဝမ်းသာအားရနှင့် မေတ္တာရှင်ဆေးခန်းထဲ ဝင်ခဲ့ကြရာ လူနာစောင့်သည့် ထိုင်ခုံတွင် ထိုင်လိုက်ကြ၏။ လူနာတွေကလည်း သူတို့ကို ကွက်ကြည့် ကွက်ကြည့် လုပ်နေ၏။ ထဘီအနီရောင် ဝတ်ထားသော နက်(စ်)မ ဝဝကြီးတစ်ဦး သူတို့အနားသို့ ရောက်လာကာ ဖျောက်ဆိပ်၏ လက်မောင်းကို ဆတ်ခနဲ ဆွဲယူလိုက်၏။

"ဗျာ၊ ဘာ ဘာလုပ်တာလဲဗျ"

"သွေးဖောက်မလို့လေ"

"ဟာ၊ မလုပ် မလုပ်နဲ့"

"ဘာ ခုမှ ကြောက်နေတာလဲ။ ရှင့်ဘာသာရှင် သောင်းကျန်းချင်တိုင်း သောင်းကျန်းခဲ့ပြီး ခုမှ အသေကြောက်နေသလား လာခဲ့"

"ဗျာ ဟို ဟို မလုပ်"

"အောင်မလေးဗျ"

"ဒုက္ခော၊ ပြဿနာပဲ"

"လုပ် လုပ်ကြပါဦး ဂျာအေးရာ။ ငါတို့တော့ ကိုယ်ကျိုးနည်းပြီကွ"

"ဆ ဆရာမ ကျုပ်တို့ လူနာတွေ မဟုတ်ဘူးဗျ"

"ရှင်၊ ဒါဆို ရှင်တို့ ဘယ်သူတွေလဲ။ ဓားပြတွေလား"

"ဟုတ်ကဲ့၊ အဲလေ . . ."

"ရှင် ဘယ်လိုဟာတွေတုံး"

"ဟို ကျုပ် ကျုပ်တို့ ဒီကိုလာတာ ဟိုလေ ကိုအတ္တနဲ့ တွေ့ချင်လို့"

"ဘယ်က ကိုအတ္တလဲ။ ရှင်တို့ အရူးတွေများလား"

"ဗုဒ္ဓေါ"

ဆရာမဝဝကြီးက သူတို့နှစ်ဦးကို ပယ်ပယ်နယ်နယ် ပြောဆိုနေပေရာ နှစ်ယောက်စလုံး အထိတ်တလန့် ဖြစ်နေကြ၏။ နောက်ဆုံး ဂျာအေးက ရဲဆေးတင်၍ ပြောလိုက်လေ၏။

"ကျုပ်တို့ ဟို ဒေါက်တို အဲလေ ပါဂဂူကြီး . . ."

"ဟာ၊ ပါရဂူပါကွ"

"အဲ ဟုတ်တယ်၊ အဲဒီ ပါရဂူကြီးနဲ့ တွေ့ဖို့ပါ"

"ပါရဂူနဲ့ ဘာလုပ်ဖို့ တွေ့မှာလဲ။ ဧကန္တ ရှင်တို့ လူဆိုးတွေ"





"ဟာ ဟုတ်ပါဘူးဗျာ ကိစ္စရှိလို့ပါ။ ကျုပ်တို့ကို အဲဒီအခန်းထဲက ပါဂဂူကြီးနဲ့ တွေ့ . . ."

"ပါရဂူပါရှင့်။ ကဲ ပြော ရှင်တို့ နာမည်တွေ . . ."

"ဟို ဖျောက်ဆိပ်၊ သူက ဂျာအေး"

"အလို၊ နာမည်တွေက လူပြက်နာမည်တွေပါလား ဘာကိစ္စတုံး"

"ဟို ဟိုဗျာ၊ ကြော်ငြာကိစ္စပါ"

"ဪ ဒီလိုကိုး။ ဒါဆို ခဏစောင့်"

တစ်အောင့်အကြာတွင် အခန်းထဲမှ နှစ်(စ်)မကြီး ပြန်ထွက်လာကာ ဂျာအေးတို့နှစ်ဦးကို ဝင်ခွင့်ပြုလိုက်၏။ အရပ်မြင့်မြင့်၊ မျက်နှာရှည်မျော့မျော့၊ ဝတ်စားထားသည်မှာလည်း လွန်စွာ ကျက်သရေရှိလွန်းလှသော ပါရဂူကြီး ဦးတိမ်မြင့်စံ၊ သူတို့နှစ်ဦး ဝင်လာသည်ကို မြင်သည်နှင့် ကြည်လင်ရွှင်းသန့်သော အပြုံးနှင့် နှုတ်ဆက်လိုက်ပေ၏။

"ဟော၊ လာကြ လာကြ"

ဟုတ်ကဲ့၊ ပါဂဂူကြီး အဲလေ ဟို ပါရဂူကြီး"

"ဟဲဟဲ ရပါတယ်ဗျာ။ ခင်ဗျားတို့က . . ."

"ဟုတ်ကဲ့၊ ကျုပ်တို့က အညာကပါ။ ကျုပ်က ဖျောက်ဆိပ်ပါ၊ သူကတော့ ဂျာအေးတဲ့"

"ဟုတ်လား၊ လူပြက်အဖွဲ့ကလား"

"ဟာ၊ မဟုတ်တာ ဆရာကြီးရယ်"

"ခင်ဗျားတို့က ကျုပ်ဒယ်ဒီကို တွေ့ထားတယ်ဆို"

"ဗျာ၊ ဒယ် ဒယ်ဒီ ဘာတုံးဗျ။ ဟို အင်္ဂလိပ်ကြီးလား။ ဟဲ ဟဲ ဒါဆို လွဲနေ"

"ဟာ၊ ဒယ်ဒီဆိုတာ အဖေကို ပြောတာ ကိုဖျောက်ဆိပ်ရဲ့၊ ကဲ ပြောပါဦး"

ဦးတိမ်မြင့်စံက သူတို့နှစ်ဦးကို ဖော်ရွေစွာ ဆက်ဆံလိုက်သဖြင့် နှစ်ဦးသား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ မျက်နှာရိပ်မျက်နှာကဲ ပြုလိုက်ကြ၏။

ထိုအခါ ဖျောက်ဆိပ်က လည်ချောင်းရှင်းပြီး ပြောလိုက်လေ၏။

"ဒီလိုရှိပါတယ် ဆရာကြီး၊ ခု ဥစ္စာ သတင်းပေးရင် ငွေငါးသိန်း ဆ[illegible]မြင့်မှာနော်"

"ဟာ ဟုတ်တယ်လေ၊ ဒီသတင်းကို ကျုပ် ထည့်လိုက်တာပဲ၊ ဒယ်ဒီက မလွယ်ဘူးဗျ။ ကြီးမှ သူငယ်ပြန်နေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ သူငယ်ပြန်တာ ကြီးမှ မဟုတ်လို့ ငယ်တုန်းပြန်တတ်သလား ဆရာ"

"ဩော်၊ ဆောရီးဗျာ၊ ဟဲဟဲ ဒယ်ဒီ ခေါင်းမမှန်ချင်ဘူးဗျ။ ခုလည်း မပြောမဆိုနဲ့ ထွက်သွားတော့ ကျွန်တော်တို့ မောင်နှမတွေ တအားစိတ်ပူကြတာပေါ့ဗျာ။ ဒါကြောင့် ခုလို သတင်းထည့်လိုက်တာပေါ့"

"ဩော် ဒီလိုကိုး၊ ဒါဆို ဆြာကြီးရယ် ဟို သတင်းလည်း ပေးမယ်၊ လူပါအရောက်ခေါ်လာမယ်ဆိုရင် ငါးသိန်းအပြင် လူပါအရောက်ခေါ်လာတဲ့အတွက် နောက်ထပ် ဘယ်လောက် ချီးမြှင့်ဦးမှာလဲဗျ"

"ဗျာ၊ နောက်ထပ် ဟုတ်လား"

"ဟုတ်ကဲ့၊ ခုဥစ္စာ ကျုပ်တို့ သတင်းလာပေးတာဆိုတော့ ငွေငါးသိန်းယုံသွားမယ်ဗျာ။ နောက် လူလာပို့ဆိုရင် ဟဲဟဲ နောက်ထပ် ငါးသိန်းများ ထပ်ပေးမလားလို့"

"ဟင် ကြမ်းလှချည်လားဗျ"

"ဩော်၊ ကျုပ်တို့ ခုလို မလာရင် ဆြာကြီးတို့ အဖေနဲ့ ရှင်ကွဲ ကွဲနေမှာပေါ့ဗျ"

"ဟုတ်တယ်၊ ဆြာကြီး ဒီကိစ္စကို အသေအချာ စဉ်းစားဖို့ လိုတယ်။ ငွေဆယ်သိန်းဆိုတာ ဆြာကြီးတို့အနေနဲ့ ကလေးမုန့်ဖိုးလောက်ပဲ ရှိပါတယ်"

"ဆယ်သိန်း၊ ကလေးမုန့်ဖိုး ဟုတ်လား"

"ဟုတ် ဟုတ်ပါတယ်"

ပါရဂူကြီး ဦးတိမ်မြင့်စံမှာ ငွေဆယ်သိန်းဆိုသော ပိုက်ဆံကြောင့် မျက်လုံးမျက်ဆန် ပြူးသွားရ၏။ ငွေငါးသိန်းတောင် ဇနီးသည်နှင့် အတိုက်အခံလုပ်ပြီး ပေးရန်ဖြစ်ရာ ဆယ်သိန်းဆိုလျှင်တော့ ဘယ်နည်းနဲ့မှ မလွယ်ဟု တွေးမိ၏။ သို့သော် သိန်းထောင်ချီရမည့်ကိစ္စအတွက် ငွေဆယ်သိန်းကို ကြည့်ရမည်လားဆိုတော့လည်း စိတ်ထဲ ဇဝေဇဝါ။

မဆုံးဖြတ်ရဲ၊ သည်ကိစ္စနှင့် ပတ်သက်ပြီး ဇနီးသည်၏ တစ်ဩဇာ တစ်အာဏာသာ ရှိ၏။ ထို့ကြောင့်လည်း ဖျောက်ဆိပ်တို့ ကြည့်ပြီး ထစ်ထစ်ငေါ့ငေါ့နှင့် ပြောလိုက်၏။

" ဒီ ဒီလိုဆိုလည်း ကျုပ်မိန်းမနဲ့ တိုင် တိုင်ပင်ရဦးမယ်ဗျ"

"ဗျာ၊ မိန်းမနဲ့ တိုင်ပင်ရဦးမယ် ဟုတ်လား"

"ဟုတ်တယ်၊ ဒီကိစ္စ ဆုံးဖြတ်ချက်ပေးနိုင်တာ ကျုပ်မိန်းမပဲဗျ။ ဒီတော့ ဒီလိုလုပ်ကြဗျာ ညနေဆေးခန်းပိတ်ချိန် တစ်ခေါက်ပြန်လာခဲ့ကြ။ ကျုပ်တို့ အားလုံး ဆိုင်တစ်ဆိုင်မှာ အေးအေးဆေးဆေး ထိုင်ပြီး ညှိနှိုင်းကြရင် မကောင်းဘူးလား"





"အင်း၊ ဒါ ဒါဆိုလည်း ကျုပ်တို့ ဘယ်သွားရမှန်းတောင် မသိ . . ."

"ဩော် ဟုတ်သားပဲ၊ ခင်ဗျားတို့ တည်းဖို့ခိုဖို့ လိုသေးသကိုး။ ကဲ ဒီလိုလုပ်ဗျာ ကျုပ်ကားနဲ့ ကျုပ်ခြံထဲမှာ စောင့်နေကြဗျာ။အလုပ်ပြီးတာနဲ့ လာခဲ့မယ်၊ စားဖို့သောက်ဖို့လည်း မပူနဲ့။ ကျွန်တော် ဖုန်းဆက်လိုက်ပါ့မယ်"

"ကောင်းပါပြီ၊ ဆြာကြီး ဒီအစီအစဉ်ဟာ အတိုင်းထက်အလွန်ပေါ့"

"ကဲ ဒါဆို ခဏစောင့်၊ ကျုပ် ဒရိုင်ဘာကို ခေါ်လိုက်ဦးမယ်"

ဒေါက်တာ တိမ်မြင့်စံသည် ဟမ်းဖုန်းနှင့် ဒရိုင်ဘာကိုရွှေတိုးကို လှမ်းခေါ်လိုက်လေ၏။ ဖျောက်ဆိပ်နှင့် ဂျာအေးတို့နှစ်ဦးသည် ဆေးခန်းထဲတွင် ကုပ်ချောင်းကုပ်ချောင်းနှင့် ထိုင်နေပေ၏။

ငါးမိနစ်ခန့်အကြာတွင် ဒရိုင်ဘာရွှေတိုး ရောက်လာ၏။ အနောက်တိုင်းဝတ်စုံကို သပ်ယပ်စွာ ဝတ်ဆင်ထားသော ရွှေတိုး၊ နှုတ်ခမ်းမွေးစစနှင့် အသွင်ကခံ့ညားလှသော်လည်း မျက်လုံးတစ်ဖက် စွေနေ၏။

သူတို့နှစ်ဦးကို ရှုံရှာဖွယ်သတ္တဝါကြီးတွေအလား ကြည့်ကာ မေးလိုက်၏။

"ခင်ဗျားတို့က အညာသားတွေလား"

"ဟုတ်ပ၊ အညာသားစစ်တွေ ကျုပ်က ဂျာအေး၊ ဒီဆရာက ဖျောက်ဆိပ်"

"ဟုတ်လား၊ ကဲ ဒါဆို ထ ထသွားမယ်၊ ဟိုရောက်ရင် ကျေနွေရရတော့နေကြနော်။ ဆရာဝန်ကြီးကတော်က အားကြီး လက်သံပြောင်တာဗျ။ ရှုပ်ရှုပ်ယှက်ယှက် လုပ်ရင် ထရိုက်တတ်တယ်ဗျ"

"ဗျာ၊ ကြမ်းလှချည်လားဗျ"

"ဟဲဟဲ ဒါ ယဉ်ကျေးမှုတစ်ရပ်လေဗျာ"

"ဩော်၊ ယဉ်ကျေးမှုဆိုပါလား ကိုကြီးဖျောက်ရဲ့"

"ရှိစေတော့ကွာ၊ ကိုင်း သွားကြရအောင်"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး ဒရိုင်ဘာ ရွှေတိုးနှင့်အတူ ကားဆီသို့လိုက်ခဲ့ကြ၏။ ကားက သိန်းသုံးလေးငါးရာ တန်ကြေးရှိသော ဌက်ခါးရောင်ပရာဒိုကားကြီး ဖြစ်၏။

ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦး ကားတံခါးဖွင့်၍ နောက်ခန်းတွင် ဝင်၍ ထိုင်လိုက်လေ၏။

"ဟာ၊ နတ်ရထားကြီး ကျနေတာပဲ"

"ဟုတ်ပကွာ၊ လူကို အေးသွားတာပဲ။ ဇကန္တ ဒီကားကြီးက ရေခဲတုံးတွေနဲ့ လုပ်ထားတာလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟာဗျာ၊ အဲယားကွန်းဗျ။ မှတ်ထား ငတုံးတွေရဲ့"

"အင် အော်ကွန်းကားကြီးကိုး ဟဲဟဲ ဟီးဟီး"

"ဘာရယ်တာတုံး၊ ဒီကားက သိန်းငါးရာတန်ကြေးရှိတယ်။ ကောင်းကောင်း စီးကြ။ ဟိုကိုင်ဒီကိုင် ဟိုဆွဲဒီဆွဲမလုပ်နဲ့"

"ဟာ ကျုပ်တို့ မျောက်တွေမှ မဟုတ်တာ"

ရွှေတိုး စကားကြောင့် ဂျာအေး အောင့်သီးအောင့်သက် ဖြစ်သွားကာ ပြန်ပက်လိုက်၏။ ရွှေတိုးရှေ့ဆက်မပြောတော့ဘဲ ကားစက်နှိုးလိုက်၏။ စက်သံက ဝူးခနဲ ဝေါခနဲ ပေါ်မလာသဖြင့် ဖျောက်ဆိပ်တို့ အံ့သြနေ၏။

"အားပါး တကယ့်နတ်ရထားကြီးပါပဲ"

"ဟဲဟဲ ကျုပ်တို့လည်း နတ်တွေမှတ်လိုက်ပေါ့ ကိုကြီးဖျောက်ရယ်။ ဗျို့ ဒရိုင်ဘာ ကိုနတ်ကြီး"

"အင် ဘာတုံး"

"ဟို နတ်သမီးတွေရောဗျ"

"ဗျာ၊ ဟာ ခင်ဗျားတို့ ဘာတွေတုံး"

"ဟာ၊ ကျုပ်တို့က နတ်ရထားကြီး စီးတဲ့ နတ်သားတွေလေ ဟဲဟဲ"

"ဟုတ်ပကွာ၊ ခုချိန် နတ်သမီး . ."

"ဟော့လူတွေ အလကား အရူးတွေ"

"အင်၊ လူကိုများ အရူးတဲ့။ မှတ်ထား ကိုယ့်လူရဲ့ လူမှန်သမျှ အရူးကြီး ရယ်မို့ ထူးပြီး ခေါင်းမပြုလိုက်လေနဲ့ အကြောင်းထူး စရိုက်မျိုးရယ်မို့ ချိုကျိုးနဲ့ နားရွက်ပဲ့တဲ့ဗျ"

"ဘာ တောက် ငါ ဘာတွေခေါ်တင်မိပါလိမ့်ကွာ"

"ဟဲဟဲ နတ်တွေလေ"

"တော်ပါတော့"

ရွှေတိုးတစ်ယောက် စိတ်အကြီးအကျယ် ကုန်သွား၏။ ထို့ကြောင့်လည်း စကားတစ်လုံးမှ မဟတော့ဘဲ ကားကို အရှိန်မြှင့်မောင်းနှင်ခဲ့ရာ မကြာမီ တိမ်မြင့်စံဟု အမည်ပေးထားသော ခြံကြီးထဲသို့ ရောက်ရှိလာလေ၏။

ကားရပ်လိုက်သည်နှင့် ဒရိုင်ဘာ ရွှေတိုးက သူတို့ကို ရှုံ့ရှုံ့မဲ့မဲ့နှင့် အတင်း ဆင်းခိုင်းရလေ၏။

"အင်း လောက လောက တယ်လည်း ဇိမ်ရှိပါလား"

"ဟုတ်ပဗျာ"





"ဟော့လူတွေ"

"ဘာတုံး ရွှေချိုးရ"

"ဟာ ရွှေတိုးဗျ"

"အဲ ကိုရွှေတိုးရဲ့"

"ခင်ဗျားတို့ အိမ်ကြီးပေါ် မတက်ကြနဲ့"

"ဗျာ ဘာဖြစ်လို့တုံး"

"ဒါ မမကြီးအမိန့်၊ အိမ်ပေါ်တက်ရင် လူခြေရာတွေ ထင်တယ်တဲ့။ ဒီတော့ ဟောဟိုက ဧည့်ဆောင်မှာ ထိုင်နေကြ"

"ဗုဒ္ဓေါ လူခြေရာမထင်လို့ နတ်ခြေရာ . . ."

"တိတ်စမ်းဗျာ၊ ကဲ သွား သွား"

နှစ်ယောက်သား ကုပ်ချောင်းကုပ်ချောင်းနှင့် အိမ်ကြီးအရှေ့ဘက်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်ဧည့်ဆောင်ထဲ ဝင်ခဲ့၏။ ဧည့်ခန်းဆောင် ဆိုသော်လည်း ကြမ်းခင်းကအစ ကတ္တီပါခင်းထားသည်မို့ ဖျောက်ဆိပ်နှင့် ဂျာအေး တို့နှစ်ဦး တအံ့တသြ ဖြစ်နေကြ၏။

"ဟာ ရှုယ် ရှယ်တွေကြီးပဲကွ။ လောကကြီးမှာ ဒီလိုရှယ်ဂေဟာတွေ ရှိသေးသကိုး"

"ထိုင်ကွာ"

နှစ်ဦးသား တစ်တောင်လောက်ရှိသည့် ဆိုဖာကြီးပေါ် ဝင်၍ ထိုင်လိုက်ကြ၏။ စားပွဲပေါ်တွင် အသီးအနှံ လတ်လတ်ဆတ်ဆတ်ကို ငွေလင်ပန်းနှင့် ထည့်ကာ တင်ထား၏။

"ဟာ ပန်းသီးတွေကွ။ ဆာနေတာနဲ့ အတော်ပဲ"

"ဝါးကွာ"

နှစ်ဦးသား ဘာမှ မမေးမြန်းတော့။ အိမ်ရှင်အလာကိုလည်း မစောင့်နိုင်ကြတော့ဘဲ လင်ပန်းထဲမှ ပန်းသီးနီကြင်ကြင်ကြီးများကို ယူ၍ တဂွပ်ဂွပ်နှင့် ဝါးစားလိုက်ကြ၏။

"အောင်မလေးတော်၊ ရှင် ရှင်တို့"

"ဗျာ၊ ဘာ ဘာဖြစ်လို့လဲဗျ။ ဟိုပန်းသီးက ချို . . ."

"တော်ကြစမ်း၊ ထစမ်း ရှင် ရှင်တို့ မျောက်တွေလား ပြောစမ်း"

"ဗျာ၊ ကျုပ်တို့ ဟာ အမြီးမရှိဘူးဗျ။ နေပါဦး ခင်ဗျား တစ်ကိုယ်လုံးလည်း ရွှေတွေချည်းပါလား။ ကေန္တ လူကလည်း ဝကစ်ကစ်ဆိုတော့ ရွှေလုံး



www.burmeseclassic.com

www.burmeseclassic.com

"ဘာ ရှင် ရှင်တို့ အရှူးတွေ သွား သွား"

"ဗျာ၊ ဘယ်ကို သွားရမှာတုံးဗျ။ ကျုပ်တို့က အထူးဧည့်သည်တော်တွေလေ။ ဟဲဟဲ ဟို ခြာကြီးတိမ်မြှင့်စံရဲ့ ဧည့်သည်"

"အလိုတော်"

ကြားလိုက်ရသည့် စကားကြောင့် ဦးတိမ်မြှင့်စံ၏ ကတော်ခမျာ မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် မှင်သက်နေမိ၏။ ဖျောက်ဆိပ်နှင့် ဂျာအေးတို့ နှစ်ဦးကတော့ ထိုင်ရာမှ မထ။ ပန်းသီးကို နောက်ထပ် ယူ၍ပင် တဂွမ်းဂွမ်းနှင့် စားလိုက်ကြသေး၏။

"ဘုရားရေ ဒါ ကိုကို လွှတ်လိုက်တဲ့ ဟို ဖျောက်ဆိပ်နဲ့ ဂျာအေး"

"ဟာ ဟုတ်ပါတယ်ဗျာ။ ခင်ဗျားက ဆရာဝန်ကြီးကတော် ထင်ပါရဲ့။ လှတယ်ဗျာ ရွှေတွေကလည်း အိလို့။ လူကလည်း ပဒုမ္မာကြာပွင့်ကြီးအလားပဲ ဟဲဟဲ"

"ရှင်၊ ဟို ဟို ရှင်တို့က သတင်းပေးတွေကိုး"

"ဒါပေါ့ဗျာ၊ အဲဒီကိစ္စနဲ့ ဒီမှာ လာစောင့်နေတာဗျ။ အဲဒါ ဆာဆာနဲ့ ခုလိုတီးလိုက်ကြတာပါ"

"ဩော် ဟော်ဟော်၊ ဒါဆို ခဏစောင့် ကျွန်မ အိမ်ဖော်တွေကို စားစရာသောက်စရာလေးတွေ ယူခိုင်းလိုက်ပါ့မယ်"

"ဗျာ"

"ရပါတယ် မောင်လေးတို့ရယ်။ စားစား မမကြီး နောက်ထပ် ဝယ်လိုက်မှာပေါ့လို့"

"ဩော် ဒီလိုကိုး"

ဦးတိမ်ပေါ်စံ သတင်းပေးများဆိုသည်နှင့် ဆရာဝန်ကတော်ကြီးမှာ မျက်နှာပေါ် သကာပုံးကြီး ပြုတ်ကျသလို ချိုမြနေပေ၏။

ထို့နောက် ချက်ချင်းပင် စားကောင်းသောက်ဖွယ်များယူ၍ ဧည့်ခံလေတော့၏။

"ဟာ ရှယ်တွေပါလား"

"ဟုတ်ပ့ါကွာ၊ ဟိုဟာ နတ်သုဒ္ဓါလား"

"ပြောတတ်ဘူးလေ၊ မေးမနေနဲ့ ရှိတာ အကုန်စား"

"စားမယ်ဗျာ"

သူတို့နှစ်ဦးကို စားသောက်ဖွယ်ရာများနှင့် ဧည့်ခံပြီးနောက် ဆရာဝန်





ကတော်ကြီး ပြန်ထွက်သွား၏။ ဖျောက်ဆိပ်နှင့် ဂျာအေးတို့မှာ လမ်းတစ်လျှောက်လုံး ကားဆောင့်သည့်ဒဏ်ခံခဲ့ရသည်မို့ ဝမ်းထဲ ဟာတာတာ ဖြစ်နေကြပေရာ ချသမျှ အကုန်စားလိုက်ကြလေ၏။ သူတို့နှစ်ဦး ဘီလူးသဘက်ဆန်စွာ စားသောက်နေမှုကို အိမ်ဖော်မလေး ရွှေမိနှင့် ဒရိုင်ဘာရွှေတိုးတို့က ချောင်းမြောင်းကြည့်ကာ အံ့သြနေကြ၏။

"ကြောက်စရာကြီးတွေပါလား"

"ဟုတ်တယ် ရွှေမိရာ။ ဟို ဖျောက်ဆိပ်ဆိုတဲ့လူက ဘီလူးကြီးနဲ့တူတယ်။ အဲ ဟို စုတ်ချွန်းချွန်းနဲ့ကောင်က မှင်စာနဲ့တူတယ်။ စားတာမှ ဝေသာလီပြည် ဘီလူးဝင်သလိုပဲဟ"

"ဟုတ်ပတော်၊ တော်လည်း တော်ပ့ါ"

အစားကြီးလှသည်ဆိုသော ရွှေမိပင် သူတို့နှစ်ဦးကို လက်မြှောက်အရှုံးပေးရ၏။ ဆရာဝန်ကတော်ကြီးက သူတို့နှစ်ဦး၏ အစားကြူးပုံ မြင်တွေ့သော်လည်း အပြုံးမပျက်၊ ပြောင်သလင်းခါနေသော ပန်းကန်တွေကိုကြည့်ကာ နောက်ထပ်ပင် ချခိုင်းလိုက်သေး၏။

"အင်း၊ ဒီသတ္တဝါနှစ်ကောင် အိမ်မှာ ရှိသမျှ အကုန်စားမယ့်ဝါးမယ့်ပုံပဲ"

ရွှေမိခမျာ ကြည့်ရင်းကြည့်ရင်း ကြက်သီးတဖြန်းဖြန်း ထနေပေ၏။ ထိုစဉ် ဆရာဝန်ကတော်ကြီး ရောက်လာပြန်၏။

"မောင်လေးတို့က ဘယ်ဇာတိလဲကွယ့်"

"ဟုတ်ကဲ့၊ မကွေးကပါ"

"ဩော်၊ ဘယ်ရွာကတုံး"

"ဟာ ဒီလောက် အတိအကျတော့ မပြောပါရစေနဲ့ဗျာ။ လက်ထဲ ငွေငါးသိန်း ရောက်မှ လိပ်စာအတိအကျ ပြောပါရစေ"

"အယ်၊ တစ်မျိုးကြီးပါလား"

ဂျာအေးစကားကြောင့် ဆရာဝန်ကတော်ကြီးခမျာ စဉ်းစားရကျပ်သွား၏။ သူတို့လုပ်ပုံက သတင်းပေးနှင့် မတူ။ ပြန်ပေးဆွဲသမားတွေနှင့် တူလှသည်ဟု ထင်မိ၏။ သို့သော် စိတ်ထဲ ဖြစ်ပေါ်လာသော သဘောကို မျိုသိပ်၍ ပြုံးပြုံးရွှင်ရွှင်နှင့် ပြောလိုက်ပြန်၏။

"ဟို ဒယ်ဒီပေါ်ရော နေကောင်းလား"

"ဗျာ၊ ဒယ်ဒီပေါ်၊ ဘာတုံးဗျ"

"ဟာ ခင်ဗျားကလည်း ဒယ်ဒီဆိုတာ အဖေဗျာ။ ပေါ်တယ်ဆိုတာ သတ်တာ၊ ဟာ ဒါဆို အဖေတသတ်"


www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

"ဟာ မဟုတ်တာ ဂျာအေးရာ"

"ဟုတ်ပါ့ရှင် မမကြီးတို့အဖေ ဦးတိမ်ပေါ် ကျန်းမာရဲ့လား"

"ဟာ မာ့ပါ့ဗျာ။ ရွာမှာ အပျိုတွေနဲ့ နပန်းတောင်ချနေတာဗျ"

"ရှင် နပန်းချတယ်၊ ဘာ ဘာဖြစ်လို့ပါလိမ့်"

"ဩော် ဒါလိုဗျ၊ အဲဒီ ဦးတိမ်ပေါ်က အနုအရွအလှအပ တအားကြိုက်တာဗျ။ ဒီတော့ သူ့အနားမှာ အပျိုလေးတွေ တရုန်းရုန်းပဲ"

"ဩော် ဟီးဟီး ရယ်ရတယ်နော်"

"ဩော်၊ သူ ပြောတာတော့ ဒါ အသက်ရှည်တယ်၊ လေနိုင်တယ်၊ ဘဝငြိမ်းတယ်တဲ့ဗျ"

"ရှင်၊ ဘာတွေကုံး"

"ဟာ၊ ဂျာအေးကလည်း စွတ်ပြောနေပြန်ပြီ"

"ဟော ကိုကိုလာပြီ"

"ဟင်"

သူတို့သုံးဦး ......းစမြည် ပြောဆိုနေကြစဉ် ခြံထဲသို့ မာစီဒီး အဖြူရောင်ကြီး ဝေါခနဲ ထိုးဝင်လာကာ ကားပေါ်မှ ပါရဂူကြီး တိမ်မြင့်စံ ဆင်းလာလေ၏၊ သူတို့ကိုမြင်တော့ ပြုံးစိစိ......ကာ ဝင်လာ၏။

"ဘယ်လိုလဲ စောင့်ရတာ ကြာပြီလား"

"ရပါတယ် ဆြာကြီးရယ်"

ဦးတိမ်မြင့်စံသည် ထိုင်ခုံတွင် ဝင်ထိုင်ရင်း ဖိုက်ဖိုက်ဖိုက် စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိ ဖွာရှိုက်လိုက်၏။ ရှမ်းသည်ကလည်း သူ့မျက်နှာရိပ်မျက်နှာကဲကို ကြည့်နေ၏။ ထိုစဉ် ဆရာဝန်ကြီးက ဖျောက်ဆိပ်နှင့် ဂျာအေးတို့၏ တောင်းဆိုမှုကို ရှမ်းသည်အား လေသံအေးအေးနှင့် ရှင်းပြလိုက်လေ၏။

"ရှင်၊ ဆယ်သိန်းတောင် ပေးရမယ်"

"ဟုတ်တယ် ဒါလင်ရဲ့၊ အဲဒါ ကိုယ်လည်း မဆုံးဖြတ်ရဲလို့ ဒါလင်နဲ့ ဆုံးဖြတ်လိုက်တာပေါ့"

"ဘုရား ဘုရား ဆယ်သိန်း"

"အို ကျောင်းအမကလည်း ဆယ်သိန်းဆိုတာ ကျောင်းအမနားဆွဲတစ်ဖက်စာ မရှိပါဘူးဗျ"

"အို၊ ရှင်တို့လုပ်တာ မလွန်လွန်းဘူးလား။ ကျွန်မတို့က သတင်းပေးရုံ



www.burmeseclassic.com

www.burmeseclassic.com



သက်သက် ပြောတာ၊ လူခေါ်လာဖို့ပြောတာ မဟုတ်ဘူး"

"ဗျာ ဒါဆို ကျုပ်တို့ အဲဒီ ဦးတိမ်ပေါ်စံကို တစ်နေရာရာ ခေါ်သွားရင် ဘယ်လိုလုပ်ကြမလဲ"

"ရှင်၊ ဒါ ဒါဆို ရှင်တို့ ပြန်ပေးဆွဲတာပဲ"

"ဟုတ်တယ်၊ ခင်ဗျားတို့ပြောပုံက ပြန်ပေးဆွဲထားတဲ့သဘောပဲဗျ။ ဒါလင် ဒီလူနှစ်ယောက်ကို မသင်္ကာဘူး"

"ဒါလင်လည်း မသင်္ကာဘူး၊ ဟဲ့ ရွှေတိုးတို့ ယန်းကနားတို့ ရွှေမိတို့ လာကြစမ်း"

"ဗျာ ဘာ ဘာလုပ်ကြတာလဲဗျ"

"ရှင်တို့ ဒီနေရာက မထနဲ့နော်။ ဒါလင် ပုလိပ်ကို ဖုန်းဆက်"

"ကောင်းတယ်"

အခြေအနေက ချက်ချင်း ကပြောင်းကပြန် ဖြစ်သွား၏။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦးမှာ ထိုင်ရမလိုထရမလို ဖြစ်နေ၏။ ထိုစဉ် ရွှေတိုးတို့လူစု တုတ်တွေ၊ ဓားတွေ ကိုင်ဆောင်ကာ သူတို့ကို ဝိုင်းလိုက်ကြ၏။ ထိုအချိန်တွင် ဆရာဝန်ကြီး တိမ်မြင့်စံက ရဲစခန်းသို့ ဖုန်းဆက်လိုက်ရာ မကြာမီ ရဲများရောက်ရှိလာကြလေ၏။ သူတို့နှစ်ဦးကို ချက်ချင်း လက်ထိတ်ခတ်လိုက်လေ၏။

"ဟာ၊ ဘာ ဘာလုပ်ကြတာလဲဗျ"

"လူပြန်ပေးဆွဲမှုနဲ့ ဖမ်းလိုက်တာလေ"

"ဗျာ၊ မမဟုတ် မဟုတ်ဘူး"

"စကား မများနဲ့ ခင်ဗျားတို့နှစ်ယောက်စလုံး စခန်းလိုက်ခဲ့ကြ"

"ဗျာ၊ ဒုက္ခပါပဲ ကယ် ကယ်ကြပါဦး"

နှစ်ယောက်သား မျက်လုံးလေး ကလယ်ကလယ်နှင့် ရဲစခန်းသို့ လိုက်ခဲ့ကြပြီး လောလောဆယ် အချုပ်ထဲ သွင်းလိုက်လေတော့၏။ ဖျောက်ဆိပ်ခမျာ ဂျာအေးကို ညောင်နာနာနှင့် ကြည့်ရင်း လေသံပျော့ပျော့နှင့် ပြောလိုက်၏။

"ဆြာကြီး ကိုရွှေဂျာအေး"

"ဗျာ"

"ပြဿနာက မွှေမယ့်မွှေတော့ အချုပ်ထဲ ဒါရိုက်ပါလားကွ။ မင်းပြောတော့ ငါးသိန်း ခုတော့ ဘယ်လိုလဲကွ။ ငါ ငါ ဘာလုပ်ရတော့မလဲ"

"ဟုတ်လား သွေးတိုးစမ်းကြည့်တာ ခုတော့ အောင်မယေးမှ အီး ဟီး ဟီး အပုလေးရေ။ ကိုကိုဖျောက် မှားပါပြီ။ အီးအီး"



www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့ဗျာ။ ခင်ဗျား ငိုတော့ အီး ကျုပ် ကျွပ်လည်း ငို အီး အဘာရေ ကယ်ပါဦးဗျ"

နှစ်ယောက်သား အချုပ်ခန်းထဲ ငိုချင်းချနေကြလေ၏။ ထိုအချိန်တွင် အချုပ်သားအချို့မှာ သူတို့နှစ်ဦးကိုကြည့်ရင်း ကြောင်စီစီ ဖြစ်နေကြ၏။

"ဘယ်လိုဖြစ်တာတုံး"

"ငိုလှချည်လားကွ။ ဧကန္တ ဇာတ်မင်းသားတွေလား မသိဘူး"

"တော်တော် ငိုနိုင်ကြတာပဲ"

"တိတ်စမ်း၊ မင်းတို့ ပါးစပ်တွေပိတ်"

"ဟင် ဘာ ဘာဖြစ်တာလဲ"

"ရူးသွားပြီထင်တယ်"

ဂျာအေးက ထပေါက်လေရာ အချုပ်သားအချို့မှာ ဂျာအေးကိုကြည့်ပြီး ပြုံးစိစိ ဖြစ်နေ၏။ ထိုအချိန်တွင် အလွမ်းမင်းသားကြီး ဖျောက်ဆိပ်ကတော့ ငိုလိုက်သမှ နှပ်ချေးပင် ထွက်လုမတတ်၊ မျက်ရည်လျှံလုမတတ်။

ထိုသို့ သူတို့နှစ်ဦးအချုပ်ခန်းထဲ အလွမ်းမင်းသားများ ဖြစ်နေစဉ် ဇယ်ရွာတွင် အထီးတည်းဆန်လှသော ဥမ္မတကောအမည်ရှိ ဦးတိမ်ပေါ်စံမှာမူလည်း ဂျာအေးနှောက်ခဲ့သည့် ဝက်ခွေးပြန်ရောဂါကို စဉ်းစားမရနိုင်ဘဲ သူ့ခမျာ ရွာအပယ်ခံဘဝသို့ ရောက်ခဲ့သဖြင့် လူတွေကို စိတ်အနာနာကြီး နာကာ တစ်ရွာလုံးကို စကားမပြောတော့ဘဲ တစ်ယောက်တည်း နေရင်း ကြောင်စီစီ ဖြစ်လာလေ၏။ နောက်ဆုံး ပတ်ဝန်းကျင်ကို ရွံရှာဖွယ် တီထွေးကြီးတစ်ထွေးပါလားဟု မြင်ကာ တံတွေးတပျစ်ပျစ် ထွေးလိုက်၊ ပါးစပ်က ထင်ရာမြင်ရာပြောလိုက်နှင့် ဦးနှောက်ပျက်ကာ နောက်ဆုံး အရူးကြီးတစ်ပိုင်းဘဝသို့ အမှန် ရောက်ရှိသွားလေတော့သည်။

ပေါ်ကျာရှ်



www.burmeseclassic.com